ၑ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၀)၊ အမှတ်(၄၄) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက် ၊ ကြာသပတေး၊ (ဇန်နဝါရီ ၁၉ ၊ ၂၀၁၂)



ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသော ကိုမင်းကိုနိုင်ကို ကြိုဆိုရန် သရက်တစ်ဖက်ကမ်း အောင်လံဆိပ်ကမ်း၌ စောင့်ဆိုင်းနေကြသူများကို ဇန်နဝါရီ ၁၃ရက်က တွေ့ရစဉ်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



ငြိမ်းချမ်းရေးယူမယ်၊ အပစ်အခတ်ရပ်စဲမယ်ဆိုတာ လက်နက်ကိုင်တဲ့တိုင်းရင်းသားတွေအားလုံးအတွက်ဖြစ်ရမယ်
ဦးခွန်ထွန်းဦး



ကျွန်တော်တို့အားလုံး ရင့်ကျက်ဖို့ အရေးကြီးတယ်လို့ ယူဆပါတယ်။ အဲဒီတော့ ဘယ်သူ့ကိုမဆို တန်ရာတန်ရာတုံ့ပြန်ဖို့ လိုပါတယ်။
ကိုမင်းကိုနိုင်



ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုပ်ရပ်တွေကို ထောက်ခံပါတယ်။ သူလျှောက်နေတဲ့ လမ်းကိုလည်း ယုံကြည်မိပါတယ်။
ကိုမြအေး



နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ အဓိကအတိုက်အခံတွေကိုလွှတ်ပေးတယ်ဆိုတာ ကောင်းမွန်တဲ့ခြေလှမ်းလို့ပဲ မြင်ရပါတယ်
ကိုဌေးကြွယ်



ပုံသဏ္ဍာန်(နိုင်ငံရေး)ပြောင်းလဲလာတာတော့ သတိထားမိပါတယ်။ အရင်ဆုံး လေဆိပ်ထဲမှာကြုံခဲ့ရတဲ့မြင်ကွင်းက မီဒီယာပွင့်လင်းလာမှုပါ
ကိုကိုကြီး

# အားလုံးပျော်တဲ့နေ့

**အားမာန်**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဇန်နဝါရီ ၁၂ ရက်တွင် သမိုင်းဝင် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့ပြန်သည်။ မြန်မာ့နိုင်ငံရေးတွင် အချိန်ကာလကြာမြင့်စွာ တည်ရှိခဲ့သော အစိုင်အခဲတစ်ခုကို အကောင်းဆုံးချေဖျက်၍ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အရေးပါသောခြေလှမ်းတစ်လှမ်းထပ်တိုးနိုင်ခဲ့သည်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ၃၀၂ဦးအပါအဝင် ထောက်လှမ်းရေးအရာရှိဟောင်း၁၀၀ကျော်နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ဖမ်းဆီးထားသူ ၁၀၀ကျော်ကို လွှတ်ပေးခဲ့သည်။

အချပ်ပို (J) သို့




ဒေါင်းအလံနှင့်အတူ ပြန်လာသူ
အချပ်ပို(A)သို့

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူ ၃၀၂ဦးလွတ်မြောက်
အချပ်ပို(A)သို့

လွတ်မြောက်လာသူများနှင့် တွေ့ဆုံမေးမြန်းမှုများ
အချပ်ပိုစာမျက်နှာများတွင်ရှု

ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့်၏ ပထမဆုံးပြောစကားများ
အချပ်ပို(C)သို့

အစိုးရနှင့် KNU အပစ်အခတ်ရပ်စဲရေး သဘောတူ
အချပ်ပို(E)သို့




Exclusive Interview

## မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ်နှင့် သီးသန့်တွေ့ဆုံမေးမြန်းခြင်း

**ရဲမိုး**

ပြည်တွင်းနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် အမေရိကန်ပြည်ထောင်စု၏မူဝါဒ အပြောင်းအလဲ အရှိန်တက်နေချိန်တွင် အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံကိုယ်စားလှယ်နှင့်မူဝါဒရေးရာညှိနှိုင်းရေးမှူးမစ္စတာဒဲရက်မစ်ချယ်ကို ဇန်နဝါရီလ ခရီးစဉ်အတွင်း ဆောင်းပါးရှင်ရဲနိုင်မိုးက 7Day News ဂျာနယ်ကိုယ်စားပြု၍ ဇန်နဝါရီ ၁၂ ရက်က တစ်ဦးချင်း တွေ့ဆုံ မေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။

စာ(၂၈)သို့




CNC
JACKET
men's wear
ENVIRONMENT FRIENDLY
www.cncmenwear.com
photo : Naing Naing (R-2) : design : nyein thu


"လက်မှုလယ်ယာမှ စက်မှုလယ်ယာ ပြောင်းလဲဖို့ NEW HOLLAND ထွန်စက်ကိုသုံးကြစို့"
ကမ္ဘာ့ နံပါတ် (၁) လယ်ထွန်စက်ကုမ္ပဏီမှ ထုတ်လုပ်သည်
NEW HOLLAND
AGRICULTURE
Your success - Our specialty
TT Series
More Power / More Profit
TD,TDD Series
Choose the best!
T5000 Series
35hp ~ 75hp
60hp ~ 100hp
76hp ~ 115hp
နယ်ကိုယ်စားလှယ် ယူလိုသူများအား ကြိုဆိုပါသည်။
SALES
SERVICE
SPARE PARTS
INTERNATIONAL WARRANTY
NEW HOLLAND လယ်ထွန်စက်ကုမ္ပဏီ၏ မြန်မာပြည် ကိုယ်စားလှယ်ရုံးလိုင်စာ
တောင်သူကြီး လယ်ထွန်စက် ကုမ္ပဏီ
ရန်ကုန်
cvp@myanmar.com.mm
zintun.kyaw@gmail.com
မန္တလေး

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.44 · JANUARY 19, 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တရုတ်နိုင်ငံမှ ဝင်လာသော လေအေးများကြောင့် အအေးပိုလာ

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၆**

မြန်မာနိုင်ငံအတွင်းရှိဒေသအချို့တွင် ညအပူချိန် လျော့နည်းပြီး အအေးပိုလာခြင်းမှာ တရုတ်နိုင်ငံမြောက်ပိုင်းမှ ဝင်လာသောလေအေးများကြောင့်ဖြစ်ပြီး ယင်းရာသီဥတုဖြစ်စဉ်သည် နှစ်ရက်ဝန်းကျင်ခန့် ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင် ဦးထွန်းလွင်ကပြောသည်။

တရုတ်နိုင်ငံမြောက်ပိုင်းမှ ဝင်လာသောလေအေးများမှာထိုင်းနိုင်ငံသို့ စတင်ဝင်ရောက်ခဲ့သည်။ ယင်းလေအေးများသည် ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံမြောက်ပိုင်း ရှမ်းပြည်နယ်သို့ စတင်ဝင်ရောက်ခဲ့ကြောင်း၊ ယင်းလေအေးစတင်ရွေ့လာရာ ဒေသမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့အထိ ပျံ့နှံ့ဝင်ရောက်ခဲ့ကြောင်း မိုးလေဝသပညာရှင် ဦးထွန်းလွင်ကပြောသည်။

"ထိုင်းနိုင်ငံတောင်ပိုင်း ပင်လယ်ကွေ့အထိ ရောက်တယ်။ မြောက်ပိုင်းမှာမိုးတောင်ရွာတယ်။



ဓာတ်ပုံ - ဇေယျာအောင်ဖေ(ဧရာဝတီ)

*သရက်မြို့၏ဆောင်းနံနက်ခင်းကို ဇန်နဝါရီ ၁၃ ရက်ကတွေ့ရစဉ်*

ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ နောက် သုံးကြိမ်လောက် အဲလိုဖြစ်ဦးမယ်။ ဖေဖော်ဝါရီလမှာဖြစ်မလား၊ ဇန်နဝါရီလမှာဖြစ်မလား ကြည့်ရမယ်။ လာနီညာဖြစ်နေလို့ ဆောင်းကုန်ဦးမှာမဟုတ်ဘူး။ ဆောင်းလေကတော့ တိုက်ဦးမယ်။ မြန်မာနိုင်ငံမှာဆိုရင် ပင်လောင်းက အအေးဆုံးပဲ။ နှစ်ရက်တော့ အေးနေဦးမယ်"ဟု ဦးထွန်းလွင်ကပြောကြားသည်။

ထို့ကြောင့် စစ်တိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် လျော့နည်းပြီး ကျန်ပြည်နယ်တို့၌ ပျမ်းမျှခန့်ရှိမည်ဟု ခန့်မှန်းထားသည်။

"လေဖိအားနည်းရပ်ဝန်းကြောင့် အေးရတာပါ။ ဒီနေ့ညနဲ့ မနက်ဖြန် အေးဦးမယ်"ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ကျော်ကပြောသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဇန်နဝါရီ ဒုတိယ ၁၀ ရက် (၈ ရက်မှ ၁၈ ရက်) ခန့်မှန်းချက်တွင် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်မည်ဟု သတင်းထုတ်ပြန်ထားသည်။

# ၂၀၁၄ တွင် တစ်နိုင်ငံလုံး သန်းခေါင်စာရင်းကောက်မည်

**အောင်သူရ**

**ဘားအံ၊ ဇန်နဝါရီ - ၁၂**

နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် တစ်နိုင်ငံလုံး သန်းခေါင်စာရင်းကောက်ခံရန် ပြင်ဆင်မှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီက ပြောသည်။

"၂၀၁၄ မှာ ကောက်မယ်။ အခု ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့ပြီးပြီ။ ၁၉၈၃ ခုနှစ် နောက်ပိုင်းကစပြီး တစ်နိုင်ငံလုံး သန်းခေါင်စာရင်းမကောက်ဖူးဘူး"ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။ ထိုကဲ့သို့ သန်းခေါင်စာရင်းကောက်ရန်အတွက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) အပါအဝင် ပြည်တွင်းပြည်ပမှအဖွဲ့အစည်းမြောက်မြားစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ပြီးခဲ့သည့် အောက်တိုဘာလက ထုတ်ပြန်ခဲ့သော စာရင်းအရ မြန်မာနိုင်ငံလူဦးရေမှာ ၆၀ ဒသမ ၃၈ သန်းရှိပြီး ထိုအရေအတွက်မှာ မြို့နယ် ၂၄ မြို့နယ်အားစံယူ၍ ကောက်ယူထားခြင်းဖြစ်သည်။

"၁၉၉၈ ကနေ ၂၀၀၆ အထိ က လူဦးရေတိုးနှုန်းကို ၂ ဒသမ ၀၂ နဲ့ တွက်ခဲ့တယ်။ အခု အောက်တိုဘာမှာတော့ ၁ ဒသမ ၀၁ တိုးနဲ့တွက်တယ်။ အပျိုကြီး၊ လူပျိုကြီးများလာလို့"ဟု ပြည်ထောင်စုဝန်ကြီးကပြောသည်။ လက်ရှိ သန်းခေါင်စာရင်းအရ အိမ်ထောင်ကျသူအများစုမှာ နှစ်ဖက်သောမိသားစုစာရင်း၌ ရှိနေကြပြီး အချို့မှာ သန်းခေါင်စာရင်းပင် မရှိကြချေ။

မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းအား ၁၉၈၃ ခုနှစ်က နောက်ဆုံးအကြိမ် ကောက်ခံခဲ့သည်။



7 DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012

## CRIME CORNER

### ရန်ကုန်-မန္တလေးလမ်းတွင် အိမ်စီးကားမှောက် နှစ်ဦးသေ သုံးဦးဒဏ်ရာရ

ညီညီဇော်

**မန္တလေး၊ ဇန်နဝါရီ-၁၂**

မိတ္ထီလာမြို့နယ်၊ သီးကုန်းရဲစခန်းအပိုင် ရန်ကုန်-မန္တလေးလမ်းမကြီးတွင် ဒီဇင်ဘာ ၂၉ရက်ညက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး အခင်းဖြစ်ပွားရာနေရာတွင်ပင် သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

သီးကုန်းရဲစခန်းမှူး၊ ဒုတိယ ရဲအုပ်ဉာဏ်ထွန်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာတွင် ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်းရဲလင်းတင် အသက်(၄၁)နှစ် ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေသူက ၇ဂ/. . . . တိုက်ဂါး 4WD အဖြူရောင်ကားပေါ်တွင် မန္တလေးမြို့နေ အမျိုးသမီးသုံးဦးနှင့် အမျိုးသားတစ်ဦးတို့အား တင်ဆောင်မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၂၈၂/၇အနီး အရောက်အရှိန်လွန်ပြီးလမ်း၏ အနောက်ဘက် ယာဉ်ကြောအားကျော်လွန်ကာ လမ်း၏ဘေးသို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ယာဉ်တိမ်းမှောက်မှုကြောင့်ကားပေါ်ပါ ဇော်ဦး အသက်(၃၅) နှစ်နှင့် မလင်းလင်းကြည် အသက်(၂၃)နှစ်တို့မှာ နေရာတွင်ပင် သေဆုံးခဲ့ပြီး သုံးဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသဖြင့် သီးကုန်းရဲစခန်းမှ ယာဉ်မောင်းရဲလင်းတင်အား (ပ)၃/ ၂၀၁၁၊ ပုဒ်မ ၃၀၄(က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

## ဖားကန့်ဒေသသို့ စက်သုံးဆီတင်ပို့မှု ရပ်နားထား

ပြည်သိမ်း၊ အောင်သူရ

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

ကချင်ပြည်နယ်ဖားကန့်ဒေသသို့စက်သုံးဆီတင်ပို့မှုကို ဇန်နဝါရီလဆန်းပိုင်းမှစတင်၍ ရပ်နားထားကြောင်းစက်သုံးဆီတင်သွင်းရောင်းချသည့်လုပ်ငန်းရှင်များက ပြောသည်။ ဖားကန့်ဒေသသည် ကျောက်တူးဖော်ရာတွင် စက်ယန္တရားအများဆုံးအသုံးပြုသည့်ဒေသ ဖြစ်သည်။ အဆိုပါဒေသသို့ ပွင့်လင်းရာသီတွင် နှစ်စဉ်စက်သုံးဆီများစွာတင်ပို့ရသည်။ သို့သော် ယခုနှစ်ဆန်း၌ လုပ်ငန်းများရပ်နားထားရသည့်အတွက်စက်သုံးဆီဝယ်ယူမှုမရှိတော့ကြောင်း အဆိုပါလုပ်ငန်းများက ဆိုသည်။

"မှော်ထဲမှာရှိတဲ့ အလုပ်သမားတွေက ပြန်ကုန်ကြပြီ။ ဇန်နဝါရီလ ၄ရက်ကတည်းက လုပ်ငန်းအားလုံးရပ်နားခဲ့တာ"ဟု ဖားကန့်တွင်ကျောက်တူးဖော်ရေးလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ရှင်းပြသည်။ ထို့ကြောင့် ဖားကန့်ဒေသတွင် ကုန်ပစ္စည်းတန်ဖိုးဈေးမြင့်တက်ပြီး ဒေသအတွင်းရှိမိုင်းအလုပ်သမားများ၊ ရေမဆေးကုမ္ပဏီမှ အလုပ်သမားများမှာ မိမိတို့နေရပ်သို့ ပြန်နေကြကြောင်းကိုလည်း သိရသည်။

# မြေဈေးကောင်းမှုက ပြည်ပရင်းနှီးမြှုပ်နှံမှုကို အဟန့်အတားဖြစ်စေ

ပြည်သိမ်း

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

**မြေတန်ဖိုးများ မြင့်တက်နေမှုသည် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မှုကို အတားအဆီးတစ်ခုဖြစ်နေကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ပြောသည်။**

ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံလိုသူ လုပ်ငန်းရှင်များသည် အခြေခံအားဖြင့် မြေလွတ်ပေါများခြင်း၊ အလုပ်သမားခဈေးသက်သာခြင်းစသည့်အားသာချက်များကိုကြည့်၍ လာရောက်ဆွေးနွေးကြကြောင်း UMFCCI မှ လုပ်ငန်းရှင်ကြီးတစ်ဦးက ပြောသည်။

သို့သော် ပြည်ပလုပ်ငန်းရှင်အချို့မှာ လက်ရှိရန်ကုန်မြို့ဝန်းကျင်တွင်ဖြစ်နေသော မြေဈေးနှုန်းများကိုကြည့်၍ တအံ့တဩဖြစ်သူများပင် ရှိနေပြီဖြစ်သည်။

"ဒီက မြေတန်ဖိုးက သူ့နိုင်ငံမြေဈေးထက်များနေတယ်။ အလုပ်သမားခပဲသက်သာပြီး ကျန်တာတွေ ကုန်ကျစရိတ်များနေတော့ FDI က လာဖို့ခက်နေတယ်" ဟု လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီမှ ဥက္ကဋ္ဌဦးမြတ်သင်းအောင်ကဆိုသည်။

တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုထက်အိမ်ခြံမြေတန်ဖိုးမြင့်တက်မှုသည် တိုင်းပြည်ဖွံ့ဖြိုးမှုတွင် အတားအဆီးဖြစ်လာနေကြောင်း ပညာရှင်များက ပြောသည်။

"လုပ်ငန်းတိုးချဲ့ဖို့အတွက် မြေတစ်ကေလောက်ဝယ်ဖို့ ကြိုးစားနေတာ ခြောက်လလောက်ရှိပြီး လိုက်လေ ဝေးလေဖြစ်နေတယ်" ဟု လှိုင်သာယာစက်မှုဇုန်မှ ပြည်ပသွင်းကုန်အစားထိုးထုတ်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ထို့အပြင် မြို့ပြဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက်လည်း မြေတန်ဖိုးမြင့်မားခြင်းသည် ကြီးမားသည့် အတားအဆီးတစ်ခုဖြစ်နေသည်။ အိမ်ရာများ၏ တန်ဖိုးမှာလည်း မြင့်လာသည့်အတွက် အမှန်တကယ်နေထိုင်လိုသူများကို အခက်အခဲဖြစ်စေကြောင်း Three Friend ဆောက်လုပ်ရေးကုမ္ပဏီမှ အထွေထွေမန်နေဂျာဦးကိုကိုလေးက ပြောသည်။

"မြေတစ်ကွက်ရဖို့ အလုအယက်ဝယ်ရတယ်။ ဈေးပြိုင်ပေးပြီး ဝယ်ရတော့ ဈေးကြီးပြီး အဆောက်အအုံဆောက်ပြီး ပြန်ရောင်းတော့လည်းဝယ်သူအတွက် ဈေးမြင့်တော့ရောင်းရခက်တယ်" ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။ ယင်းကဲ့သို့ အိမ်ခြံမြေဈေးကွက် ကမောက်ကမ ဖြစ်ခဲ့ရခြင်းမှာ ဝင်ရောက်ဈေးကစားခဲ့သူများကြောင့်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ကြသည်။

စာ(၁၂)သို့



# အရက်၊ ဘီယာဆိုင်ဖွင့်ခွင့်လိုင်စင် ၂၀၁၂နှစ်ကုန်အထိ ခွင့်မပြု

ကျော်သီဟ

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

အရက်၊ ဘီယာဆိုင်ဖွင့်ခွင့် လိုင်စင် (ယစ်မျိုးလိုင်စင်)သစ်ချထားပေးခြင်းကို ၂၀၁၂ဒီဇင်ဘာ အထိ ဆက်လက်ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ယစ်မျိုးဌာနစိတ်မှ သတင်းရရှိသည်။

ပြည်တွင်းရှိ အရက်၊ ဘီယာဆိုင်သစ်ဖွင့်ခွင့် လိုင်စင်ကို ၂၀၁၁ ဇူလိုင်လမှ စတင်၍ ချထားပေးမှုခေတ္တရပ်နားထားခဲ့သည်။ ယခုအခါ ၂၀၁၂ဒီဇင်ဘာလအထိဆက်လက်ကန့်သတ်လိုက်ခြင်းဖြစ်သည်။

အဆိုပါ လိုင်စင်ခွင့်ပြုမှုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြတောင်းခံရခြင်းဖြစ်သည်။

အရက်၊ဘီယာဆိုင်များသည် ရန်ကုန်၊ မန္တလေးတို့တွင် အများဆုံးဖွင့်လှစ်ပြီး တစ်နိုင်ငံလုံးတွင် ဆိုင်ပေါင်းလေးသောင်းကျော်ရှိသည်။ ယခု ယစ်မျိုးလိုင်စင်ချထားပေးမှုရပ်ဆိုင်းထားခြင်းမှာ တစ်နိုင်ငံလုံးတွင် အကျုံးဝင်မည်ဖြစ်သည်။

ထို့အတူ အရက်၊ ဘီယာများကြော်ငြာခွင့်ကိုလည်း ပိတ်ပင်ထားခဲ့သည်။ အရက်၊ ဘီယာကြော်ငြာများကို ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် ဝန်းကျင်မှ စတင်၍ ကြော်ငြာခွင့်ကန့်သတ်ခဲ့ပြီး မြို့တွင်းရှိ ဘေလ်ဘုတ်ကြီးများ စိုက်ထူ ကြော်ငြာခွင့်ပါ ရပ်ဆိုင်းခဲ့သည်။ ထို့နောက်နှစ်ပိုင်းအတွင်း အားကစားပွဲစပွန်စာကြော်ငြာခွင့်တွင်လည်း အမှတ်တံဆိပ်အဖြစ်သာခွင့်ပြုခဲ့သည်။

"ယစ်မျိုးခွန်က ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးအဖွဲ့ရဲ့ အခွန်ဘဏ္ဍာအဖြစ် ထားတယ်" ဟု သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



# တာလီဘန်နှင့်ဆက်သွယ်သူ ၁၃ဦးကိုဖမ်းဆီးထားဟုဆို

သီဟ

နေပြည်တော်၊ ဇန်နဝါရီ – ၁၄

နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်း တစ်ခုဖြစ်သည့် တာလီဘန်များနှင့်ဆက်သွယ်မှုရှိသဖြင့် အရေးယူထားသူ ၁၃ဦးရှိသည်ဟုပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုကယနေ့ပြောကြားသည်။

အဆိုပါ တာလီဘန်အဖွဲ့များ မြန်မာနိုင်ငံသို့ ရခိုင်နယ်စပ်ဝင်ပေါက်ဖြစ်သည့် ဘူးသီးတောင်ဘက်မှ ဝင်ရောက်လာခြင်းဖြစ်သည်ဟုသိရသည်။

"ရခိုင်နယ်စပ်ကနေ ထိုးဖောက်ဝင်ရောက်လာတယ်၊စည်းရုံးတယ်၊သင်တန်းတွေပေးတယ်၊ ဖော်ထုတ်လို့ရတယ်၊ အရေးယူလိုက်ရတယ်၊ အဲဒီအဖွဲ့က အကုန်လုံးမမိလိုက်ဘူး။ ပြန်ထွက်ပြေးသွားတယ်၊ ပြည်တွင်းအထိ ထိုးဖောက်နိုင်တဲ့ အခြေအနေမရှိပါဘူး"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

တာလီဘန်အဖွဲ့များ မြန်မာနိုင်ငံအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာသည်မှာ တစ်နှစ်မျှသာရှိသေးပြီး အဆိုပါ တစ်နှစ်အတွင်း၌ပင် ဖမ်းဆီးရမိခြင်းဖြစ်သည်။၎င်းတို့အား အန္တရာယ်ပေးနိုင်သည့် အမှုကြီး ၁၀ မျိုးထဲတွင်ပါဝင်သည့် ပုဒ်မတစ်ခုဖြင့် အရေးယူထားကြောင်းသိရသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ နေပြည်တော်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားစဉ် ဓာတ်ပုံ – သီဟ

# အစိုးရနှင့် KNU ကြား ဆက်ဆံရေးရုံး ၁၁ ရုံး ဖွင့်လှစ်တော့မည်

အောင်သူရ

ဘားအံ၊

ဇန်နဝါရီ – ၁၂

၆၂ နှစ်ကြာ တိုက်ခိုက်ခဲ့သော KNU နှင့်ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲပြီးနောက် ဆက်ဆံရေးရုံး ၁၁ ရုံး ဖွင့်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်းပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဦးအောင်မင်းကပြောသည်။

ထို့အတူ ဗဟိုအဆင့် ဆက်ဆံရေးရုံးများကိုလည်း မြဝတီနှင့် ဘားအံမြို့တို့တွင် ဖွင့်လှစ်မည်ဖြစ်သည်။ အခြား ဆက်ဆံရေးရုံးဖွင့်လှစ်မည့် ဒေသများမှာ သထုံခရိုင်တွင် မင်းပြင်နှင့် မင်းလွင်၊ တောင်ငူခရိုင်တွင် နှစ်နေရာ၊ ညောင်လေးပင်မြို့နယ်တွင်ကျောက်ကြီး၊ဖာပွန်ခရိုင်တွင် ဘုရားသုံးဆူ၊ ကျိုက်ထို၊ ဘားအံခရိုင်တွင် ပိုင်ကျုံ၊ မြိတ်နှင့် ထားဝယ်ခရိုင်တွင် ထားဝယ်၊ ပလောနှင့် မြိတ်မြို့တို့ဖြစ်သည်။

ထို့အပြင် အပစ်အခတ်ရပ်စဲရေး သဘောတူခဲ့သော CNF အဖွဲ့နှင့် ဆက်ဆံရန် တီးတိန်၊ ထန်တလန်နှင့် မတူပီတို့တွင် ဖွင့်ခွင့်ပေးခဲ့ပြီး ရှမ်းဆက်အဖွဲ့နှင့် ဆက်ဆံရန် ဆက်ဆံရေးရုံးအား တာချီလိတ်၊ မိုင်းဆတ်နှင့်တောင်ကြီးမြို့တို့တွင် ဖွင့်ခွင့်ပြုခဲ့သည်။

# ကိုအောင်ကျော်ဦး ထောင်မှလွတ်လာသောနေ့တွင် မိခင်ကွယ်လွန်

ထောင်မှလွတ်လာသော
သားဖြစ်သူကို သွားရောက်ကြိုဆိုခဲ့ပြီး
သားအမိချင်း စကားမပြောရသေးခင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇန်နဝါရီ–၁၆

လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသော နိုင်ငံရေး အကျဉ်းသား ၃၀၂ဦးတွင်ပါဝင်သည့် အင်န်အယ်လ်ဒီပါတီဝင် ကိုအောင်ကျော်ဦး၏ မိခင်အသက် ၅၇ နှစ်အရွယ်ရှိ ဒေါ်ခင်မာကြည်သည် ကိုအောင်ကျော်ဦး လွတ်မြောက်လာသော ည၁၂နာရီ၁၀မိနစ်၌ပင် ကွယ်လွန်သွားခဲ့သည်။

"ကျွန်တော်တို့ စကားကို မပြောလိုက်ရဘူးဗျ"ဟု ကိုအောင်ကျော်ဦးက ၎င်းအိမ်ပြန်ရောက်ချိန်တွင် နေမကောင်း၍ အိပ်နေသော မိခင်ကို မနှိုးရက်၍ စကားမပြောလိုက်ရခြင်းကို ပြောပြသည်။

ကိုအောင်ကျော်ဦး၏ မိခင်မှာ နှလုံးရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါ အခံရှိသူဖြစ်သည်။ ၎င်း၏ မိခင်မှာ လွတ်မြောက်လာသော သားကိုကြိုရန် ထိုနေ့က ရန်ကုန်လေဆိပ်သို့ သွားရောက်ခဲ့သေးကြောင်း သိရသည်။

၎င်းထောင်မှ လွတ်သည့်နေ့တွင် မိခင်ဆုံးသွားသည့်အတွက် ကိုအောင်ကျော်ဦးက သူ၏ ထင်မြင်ချက်နှင့် ခံစားချက်ကို ယခုကဲ့သို့ ရင်ဖွင့်သည်။

"သူက တအားမျှော်လင့်ပြီး တအားဝမ်းသာနေတော့ ဝမ်းသာမှုက ဖြစ်တာလားတော့ မသိဘူး။ လွတ်ပေးတဲ့အတွက် မိသားစု ပျော်ပျော်ရွှင်ရွှင်နဲ့ ဆုံရမယ့်အချိန် ဒီလိုဖြစ်သွားတယ်ပေါ့။ ဒါကံတရား ရဲ့ လှောင်ပြောင်မှုလို့ပဲ ပြောရမလားတော့ မသိဘူး"ဟု ကိုအောင်ကျော်ဦးက ပြောကြားသည်။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.44 · JANUARY 19, 2012



# အမျိုးသားရင်ကြားစေ့ရေးနှင့် ဒီမိုကရေစီဖြစ်ထွန်းရေးမျှော်လင့်ချက် ပိုရှင်သန်လာ



ဓာတ်ပုံ-ဝေယံ

**အိဖြူလွင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၅**

မြန်မာနိုင်ငံတွင် တိုးတက်မှုအသစ်များ၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ဒီမိုကရေစီဖြစ်ထွန်းရေးများ၊ နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးများကို မျှော်လင့်နိုင်ပြီဟု ဒေါ်အောင်ဆန်းစုကြည်က ယနေ့ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံမှုအပြီးတွင် သတင်းထုတ်ပြန်ချက်ကို ဖတ်ကြားခဲ့သည်။

ထုတ်ပြန်ချက်များကို ဖတ်ကြားအပြီးပြင်သစ်သတင်းထောက်များ၏ မေးခွန်းကို ဖြေကြားရာတွင်လည်း ယခုအရေးကြီးဆုံးအချက်မှာ ပြည်တွင်းငြိမ်းချမ်းရေးပင်ဖြစ်ပြီး တိုင်းရင်းသားအားလုံးနှင့် ငြိမ်းချမ်းရေးရရှိရန်ဖြစ်သည်ဟု သူမက ပြောကြားခဲ့သည်။

အဓိက မျှော်လင့်နေသည်မှာ တိုင်းရင်းသားလူမျိုးများအချင်းချင်း တိုက်ခိုက်နေသည်ကို ရပ်တန့်စေပြီး နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်ဖြစ်ကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ သတင်းထောက်များသို့ ပြင်သစ်ဘာသာဖြင့် ထုတ်ပြန်ဖတ်ကြားချက်တွင်လည်း ယခုအချိန်သည် အရေးပါသောအချိန်ဟု ပြောနိုင်ပြီး အားလုံးသိသည့်အတိုင်း ၈၈ မျိုးဆက်ကျောင်းသားများနှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်လာပြီဟုလည်း ထည့်သွင်းပြောသွားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်မှာ ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ်ရိပ်သာလမ်းရှိ သူမ၏ နေအိမ်၌ ပြင်သစ်ဝန်ကြီးနှင့်တစ်နာရီကြာခန့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုတွေ့ဆုံဆွေးနွေးမှုအပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာတွင် ဒေါ်အောင်ဆန်းစုကြည်က သတင်းထုတ်ပြန်ချက်ကို ပြင်သစ်ဘာသာဖြင့် ဖတ်ကြားခဲ့ပြီး ဝန်ကြီးနှင့်လည်း ပြင်သစ်စကားဖြင့်နှုတ်ဆက်ပြောကြားခဲ့ကြောင်းကိုလည်းတွေ့ရသည်။ သတင်းစာရှင်းလင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်သည်သတင်းထောက်များ၏ မေးမြန်းမှုကိုမူ အင်္ဂလိပ်ဘာသာဖြင့် ဖြေကြားသွားခဲ့သည်။ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်မှာ သမိုင်းတစ်လျှောက်ပြင်သစ်နိုင်ငံမှ အဆင့်အမြင့်ဆုံး အဖွဲ့ဝင်တစ်ဦးပထမဆုံးအကြိမ်မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်ကြောင်း နိုင်ငံတကာ သတင်းဌာနများက သတင်းဖော်ပြကြသည်။

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများမှာ အထင်ကြီးလေးစားစရာကောင်းကြောင်း အမေရိကန်လွှတ်တော်အမတ် ပြောကြား

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၆**

မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်အထက်လွှတ်တော်အမတ်က မြန်မာအစိုးရသစ်၏ ပြုပြင်ပြောင်းလဲမှုများမှာ အထင်ကြီးလေးစားစရာကောင်းကြောင်း သတင်းထောက်များကိုပြောသည်။

အမေရိကန်အထက်လွှတ်တော်အမတ် Mr. Mc Connell သည် ဇန်နဝါရီ ၁၆ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တစ်နာရီခန့်တွေ့ဆုံပြီးနောက် သတင်းထောက်များအားပြောကြားခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ပြုပြင်ပြောင်းလဲမှုများကို ပိုမိုလုပ်ရန် လိုအပ်သေးကြောင်းလည်း ၎င်းကထပ်လောင်းပြောဆိုခဲ့သည်။ "အားလုံးသိတဲ့အတိုင်းပါ။ လုပ်စရာတွေ အများကြီးကျန်ပါသေးတယ်။ ကျွန်တော်ထင်တာက တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ဆက်ဆံရေးတိုးတက်ဖို့ပါ။ ဒီအချက်ဟာ အရေးကြီးပါတယ်" ဟု အထက်လွှတ်တော်အမတ်က ဆိုသည်။ မကြာသေးမီက KNU နှင့် အပစ်အခတ်ရပ်စဲရေး ခြေလှမ်းသည် အရေးကြီးပြီး အခြားသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်း ထိုအခြေအနေမျိုးရရှိစေလိုကြောင်းပြောသည်။

အမေရိကန် အထက်လွှတ်တော်အမတ်ခရီးစဉ်သည် အမေရိကန်ကပြုလုပ်ထားသော စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းရေးအတွက် အရေးပါပြီး အင်္ဂါနေ့တွင် နေပြည်တော်၌ သမ္မတဦးသိန်းစိန်နှင့်တွေ့ရန်ရှိသည်ဟု သတင်းရရှိသည်။

# ဘာသာလေးမျိုးမှ ဆရာတော်များ ငြိမ်းချမ်းရေးဆုတောင်းပွဲ ကျင်းပ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁၆**

ဘာသာလေးဘာသာမှ ဆရာတော်များ ပူးပေါင်း၍ငြိမ်းချမ်းရေးဆုတောင်းပွဲကို ဇန်နဝါရီ ၁၆ ရက်တွင်သိမ်ဖြူလမ်းရှိ လူသရင်ဗက်သလ်ဟင်းမ်ကျောင်း၌ ကျင်းပခဲ့သည်။

"လူသားအချင်းချင်း မေတ္တာတရား ဖော်ဆောင်နိုင်မှသာ ကမ္ဘာကြီး ငြိမ်းချမ်းမယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်ခြင်းမေတ္တာတရားနဲ့ ဘာသာတရားမခွဲခြားဘဲ ပေါင်းစပ်ပြီး ချစ်ကြည်မှုရမှ ငြိမ်းချမ်းရေးရရှိမယ်။ လူမျိုးဘာသာမခွဲခြားဘဲ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးငြိမ်းချမ်းရေးရအောင် လုပ်တာပါ" ဟု အဆိုပါပွဲ ဖြစ်မြောက်ရေးတာဝန်ခံ တစ်ဦးဖြစ်သော ကိုမင်းမင်းကပြောသည်။

အဆိုပါပွဲတွင် မေတ္တာတရားဒေသနာချီးမြှင့်ခြင်း အစီအစဉ်၌ မြဝတီကျောင်းတိုက်ဆရာတော် အရှင် ဦးအရိယဝံသာ ဘိဝံသ၊ ခရစ်စယာန်ဘာသာမှဆရာတော် Rev-fr-Cecil Bernart၊ ဟိန္ဒူဘာသာမှ ဆရာတော်ဦးမောင်မြင့်(ခ) U.V.P. Parma Sivan နှင့် အစ္စလာမ်ဘာသာမှ ဆရာတော်မိုဟာမက်စတင်(ခ)ဦးဆန်းအောင်နှင့် ကဗျာဆရာကြီး ဒဂုန်တာရာတို့က ပြောကြားခဲ့သည်။

ဆုတောင်းခြင်း အစီအစဉ်တွင်ဆရာတော်ဦးပါမောက္ခ(မကွေးပရိယတ္တိစာသင်တိုက်)၊ခရစ်ယာန်ဆရာတော် Rev-fr-Saw Sar Say၊ ဆရာတော်ဦးသန်းတင်(ခ)သျှရီရာမူနှင့် ဆရာတော်မိုဟာမက်(ခ) ဦးသန်းအောင်တို့က ပြောကြားခဲ့သည်။ အဆိုပါပွဲတွင် 'ဘာသာပေါင်းစုံ ချစ်ကြည်ရေးမှသည် ပြည်ထောင်စုငြိမ်းချမ်းရေးဆီ'ဆိုသော ဆောင်ပုဒ်ကိုလည်း ရေးသားဖော်ပြထားသည်။



7DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012

## ၂၀၁၂ ဇန်နဝါရီ ၁၈ မှ ၂၄ ရက်ထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းမှာ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ တိမ်အနည်းငယ်သာဖြစ်ထွန်းနိုင်ပါတယ်။ ခန့်မှန်းကာလအတွင်း အနောက်လေစီးကြောင်းများအတွင်း မျောပါလာတဲ့ လေဖိအားနည်းချိုင့်ဝှမ်းဖြတ်သန်းမှုကြောင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနဲ့အလယ်ပိုင်းတို့မှာ တိမ်ဆွယ်တန်းများ တစ်ကြိမ်ခန့်ဖြတ်သန်းသွားဖွယ်ရာရှိပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

တနင်္သာရီတောင်ပိုင်းစွန်းကမ်းရိုးတန်းတစ်လျှောက်နဲ့ကမ်းလွန်ပင်လယ်ပြင်တွေမှာ တစ်ခါတစ်ရံ အရှေ့လေပြင်းများကျရောက်နိုင်ပြီး လှိုင်းအသင့်အတင့်ရှိနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၂၅မိုင်မှ ၃၀မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်သာရှိနိုင်ပါတယ်။ အများဆုံးဖြစ်ပေါ်နိုင်တဲ့ လှိုင်းအမြင့်ဟာ ၄ ပေမှ ၅ ပေခန့်သာရှိနိုင်ပြီး ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းမြန်မာ့ပင်လယ်ပြင်အစွန်းအစပ်လောက်မှာပဲဖြစ်နိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ ဇန်နဝါရီလ ဇန်နဝါရီလ(၆)ရက်မှ(၁၂)ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ အနောက်လေစီးကြောင်းများအတွင်း မျောပါလာတဲ့ လေဖိအားနည်းချိုင့်ဝှမ်းတစ်ခုဖြတ်သန်းသွားမှုကြောင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသတွေမှာ မိုးအနည်းငယ်ရွာသွန်းခဲ့ခြင်းနဲ့အတူ နှင်းမိုးများရွာသွန်းခဲ့မှုကြောင့် မိုးရေချိန် ၀. ၂လက်မမှ ၀. ၈ လက်မအထိ ရွာသွန်းခဲ့သော ဒေသများမှာ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စသည်တို့ဖြစ်ကြပြီး အရှေ့လေပွေလှိုင်းတစ်ခုဖြတ်သန်းသွားမှုကြောင့် မိုးရေချိန် ၀. ၂လက်မ မှ ၀. ၈ လက်မအထိ မိုးအနည်းငယ်ရွာသွန်းခဲ့သောဒေသများမှာ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းအစပ်ဒေသများမှာ ဖြစ်ကြပါတယ်။ ကျန်ဒေသတွေမှာတော့ သာယာနေခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

လာမယ့်ရက်သတ္တတစ်ပတ်အတွင်းမြန်မာနိုင်ငံမြောက်ပိုင်းစွန်းမှာ အနောက်လေစီးကြောင်းများအတွင်းမှာ မျောပါလာမယ့် လေဖိအားနည်းချိုင့်ဝှမ်းတစ်ခုကြောင့် နှင်းမိုးများနဲ့အတူမိုးအနည်းငယ်တစ်ကြိမ်ရွာသွန်းနိုင်ပြီး တောင်ပိုင်းစွန်းဒေသများမှာတော့ အရှေ့လေပွေလှိုင်းများကြောင့် မိုးအနည်းငယ် (၂) ရက်မှ(၃) ရက်ခန့်နေရာကွက်ကျားရွာ သွန်းနိုင်တာကလွဲရင် တစ်ပြည်လုံးမှာ အများအားဖြင့် သာယာပါ့မယ်။

**ညအပူချိန်များ**

တရုတ်နိုင်ငံပြည်မကြီးအတွင်းမှ အရှေ့မြောက်လေအေးများ တိုးဝင်လာမှုနဲ့အနောက်လေစီးကြောင်းများအတွင်းမှ လေအေးများဖြတ်သန်းသွားမှုတို့ကြောင့် ညအပူချိန်များအနေနဲ့ ကတော့ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှာဖြစ်မြဲအောက်လျော့ပြီး အအေးပိုနိုင်ပါတယ်။ အထူးသဖြင့် ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်ကုန်းမြင့်ဒေသများမှာ ညအပူချိန်များ သိသိသာသာကျဆင်းနိုင်ပါတယ်။ ရခိုင်ပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတောင်ပိုင်းတို့မှာ ညအပူချိန်များဟာ ဖြစ်မြဲခန့်သာ ရှိနိုင်ပါတယ်။ မြေလတ်ပိုင်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနဲ့တောင်ပိုင်း ဒေသများမှာတော့ ဖြစ်မြဲထက်ပိုပြီး အအေးပေါ့နိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက် ကျဆင်းနေပြီးမြန်မာနိုင်ငံမြောက်ပိုင်း ဒေသများမှ ၁မိုးရွာသွန်းမှုလျော့နည်း နေတဲ့အတွက် နောက်ပိုင်းရက်များမှာ ချင်းတွင်းမြစ်နဲ့ဧရာဝတီမြစ်တို့မှာ ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို သတိထားဖို့လိုလာပါလိမ့်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းဖြစ်ရန်အခြေအနေမရှိသဖြင့် အရှေ့လေပွေလှိုင်းကြောင့် မိုးရွာသွန်းမှုရှိမည်မဟုတ်ပါ။

**ဒေါက်တာထွန်းလွင်**

# ကူးတို့ဆိပ် မီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူတစ်ဦး ထပ်တိုး

**အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၄**

မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ် မီးလောင်ပေါက်ကွဲမှုကြောင့် ၁၇ဦးသေဆုံးခဲ့ပြီးနောက် ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ်ကုသမှုခံယူနေသော ဒဏ်ရာရအမျိုးသားတစ်ဦး ဇန်နဝါရီ၉ ရက်တွင် ထပ်မံ၍သေဆုံးသွားကြောင်း မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခု သေဆုံးသူ ဦးစိုးမိုးအပါအဝင် အဆိုပါမီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေမှာ ၁၈ဦးရှိသွားပြီဖြစ်သည်။ ထပ်မံရရှိသောသတင်းအရ မီးလောင်ပေါက်ကွဲမှုကြောင့် ဦးနှောက်နှင့် အာရုံကြောအထူးကြပ်မတ်ကုသဆောင်တွင် ကုသ လျက်ရှိသော ကိုဇော်မင်းဦးမှာ ယခုအချိန်ထိ သတိပြန်မရသေး သော်လည်း မီးသတ်တပ်ဖွဲ့ဝင် ဒုတိယတပ်ကြပ် ကိုသီဟမျိုးမှာ ကျန်းမာရေးသိသိသာသာပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။

“ကိုဇော်မင်းဦးအခြေအနေ က အဲဒီလိုပဲ တိုးတက်မှုနည်းနည်းနေးသေးတယ်။ သတိလည်း သိပ် မလည်သေးဘူး။ ကိုသီဟမျိုးကတော့ ဆေးရုံက ဆင်းဖို့လိုသေးတယ်။ ဒါပေမဲ့ ခေါင်းထိထားတဲ့လူဆိုတော့ တစ်ချက်တစ်ချက်မေ့တေ့တေ့ဖြစ်နေသေးတယ်။ မပြင်းထန်တော့ဘူး။ ထမင်းတောင်စားနေပြီ”ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

# ပုသိမ်တွင် ပြည်တွင်းပြည်ပ ကုမ္ပဏီ ၃ နှစ်ခု ပူးပေါင်း၍ အထူးစီးပွားရေးဇုန်ဖော်ထုတ်မည်



**နေလင်းထွန်း**

**ရန်ကုန်၊**
**ဇန်နဝါရီ - ၁၂**

နိုင်ငံရပ်ခြားကုမ္ပဏီလေးခုနှင့် ပြည်တွင်းကုမ္ပဏီကြီးသုံးခုတို့ ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီးတွင် Myanmar Super Axis အမည်ရှိ အထူးစီးပွားရေးဇုန်စီမံကိန်းကို အမေရိကန်ဒေါ်လာ သန်း၅၅၀၀ ခန့် ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်သွားရန် စီစဉ်နေကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်ကပြောသည်။

စက်မှုဇုန်များ၊ ရေနက်ဆိပ်ကမ်းနှင့် မြစ်ကူးတံတား၊ ကားလမ်း၊ ရထားလမ်းများ ပါဝင်သောစီမံကိန်းတွင် ရန်ကုန်မှ မအူပင်-ရွှေတောင်မော်-ဝါးခယ်မ-မြောင်းမြ-ပုသိမ်နှင့် ရေနက်ဆိပ်ကမ်းသို့ ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်သည် မြေဧက ၇,၅၀၀ ကျယ်ဝန်းမည်ဖြစ်ပြီး ထိုင်းနိုင်ငံမှ ကုမ္ပဏီနှစ်ခု၊ ဟောင်ကောင်မှ ကုမ္ပဏီတစ်ခုနှင့် အင်ဒိုနီးရှားမှ ကုမ္ပဏီတစ်ခုတို့ပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်သည်။

ထို့အပြင် စီမံကိန်းတွင်ပြည်တွင်းကုမ္ပဏီများဖြစ်သော ရွှေသံလွင်ကုမ္ပဏီ၊ ထူးထရေးဒင်းကုမ္ပဏီနှင့် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များ အစုအဖွဲ့ကုမ္ပဏီ(IGD)တို့ပါဝင်လုပ်ကိုင်သွားမည်ဖြစ်ကြောင်းသိရသည်။

“ဒီပရောဂျက်က ဧရာဝတီတိုင်းဒေသကြီးအတွက် အလွန်ကြီးမားတဲ့စီမံကိန်းဖြစ်ပါတယ်။ ဒီလိုပရောဂျက်မျိုး တစ်နိုင်ငံလုံးမှာ မရှိသေးပါဘူး။ ဒီမှာ ရေနက်ဆိပ်ကမ်းတစ်ခုပါပါတယ်။ ရေနက်ဆိပ်ကမ်းနဲ့ ဆက်စပ်ပြီးတော့ အထူးစီးပွားရေးဇုန်တစ်ခုပါပါတယ်။ ပြီးရင် အီကိုတိုးရစ်ဇင်ပါပါတယ်။ ပြီးရင် စက်မှုဇုန်သုံးဇုန်ပါပါတယ်။ မအူပင်ဒေသမှာ စက်မှုဇုန်တစ်ခု၊ ဝါးခယ်မှ မြောက်ဘက်ဒေသမှာ စက်မှုဇုန်တစ်ခုနဲ့ ပုသိမ်မှာ စက်မှုဇုန်တစ်ခု အကြမ်းဖျင်းလျာထားပါတယ်။ ရန်ကုန်ကနေ ပုသိမ်ကိုဖြတ်ပြီး မြေပြန့်ဒေသထိ မီးရထားလမ်း၊ ကားလမ်းတွေပါပါတယ်။ သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံချက်တွေ၊ မြစ်ကြောင်းဖွံ့ဖြိုးရေးလုပ်ငန်းတွေလည်း ပါဝင်ပါတယ်။ အင်မတန် ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်ပါတယ်။ ဆွေးနွေးပွဲမှတ်တမ်းတွေ တရားဝင်လက်မှတ် ရေးထိုးပြီးပါပြီ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုလည်း တင်ပြထားပါပြီ။ နိုင်ငံတော်သမ္မတကိုလည်း ဒီပရောဂျက်ကို ပြသပြီးပါပြီ။ နိုင်ငံတော် သမ္မတကိုယ်တိုင်လည်း သဘောတူညီထားပြီးပါပြီ။ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ထားပြီဖြစ်ပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်ကပြောသည်။

အဆိုပါစီမံကိန်း၏ ပထမအဆင့်လုပ်ငန်းများကို ၂၀၁၃ခုနှစ်တွင်စတင်ဆောင်ရွက်သွားရန် စီစဉ်ထားပြီး စီမံကိန်းအားလုံးအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ပြီးစီးအောင်မြင်ရန်ခန့်မှန်းထားကြောင်း သိရသည်။

# ပူပြင်းခြောက်သွေ့ဇုန် စိမ်းလန်းရေးအကောင်အထည်ဖော်ရန် UNDP ကန်ဒေါ်လာရှစ်သန်းရ

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၆**

ပူပြင်းခြောက်သွေ့ဇုန် ပြန်လည်စိမ်းလန်းစိုပြေစေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်ရန် Adaptation Fund Board မှပေးအပ်သော အမေရိကန်ဒေါ်လာ ရှစ်သန်းရရှိကြောင်း UNDP မှစီမံကိန်းတာဝန်ခံ ဦးမင်းထွန်းယဉ်ကပြောသည်။

Adaptation Fund Board အဖွဲ့သို့ ပူပြင်းခြောက်သွေ့ဇုန် ထိန်းသိမ်းရေးစီမံကိန်းကို မည်သို့လုပ်ဆောင်မည်ဆိုသော အစီရင်ခံစာတင်ပြီး လုပ်ဆောင်ရမည့်လုပ်ငန်းများအား အောက်တိုဘာလနှင့်ဒီဇင်ဘာလကြားတွင်စတင်အကောင်ထည်ဖော်မည်ဟု အဆိုပါပုဂ္ဂိုလ်ကပြောသည်။

ပူပြင်းခြောက်သွေ့ဇုန်အတွင်းရှိ မုံရွာ၊ ရွှေဘို၊ ညောင်ဦး၊ မြင်းခြံ၊ ချောက်မြို့နယ်တို့တွင် ထို စီမံကိန်းဆောင်ရွက်မည်ဖြစ်သည်။ ထိုမြို့နယ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အပူဒဏ်ခံပျိုးပင်များဖြန့်ဝေခြင်း၊ အသိပညာပေးလုပ်ငန်းများ၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်း ကာကွယ်ရေးနည်းလမ်းများကိုဖြန့်ဝေပေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယင်းစီမံကိန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် UNDP မှ ဦးစီးဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသည် UNREE အစီအစဉ်၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၁၊ ဒီဇင်ဘာလတွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။

UNDP မှာ အင်းလေးကန်ထိန်းသိမ်းရေးလုပ်ဆောင်ရန်အတွက်လည်း ဒေါ်လာနှစ်သန်းရရှိထားသည်။ အပူပိုင်းဇုန်ပြန်လည်စိမ်းလန်းစိုပြေရေးစီမံကိန်းကို ၂၀၁၁ နှစ်စပိုင်းတွင် အဆိုပြုလွှာတင်ခြင်းဖြစ်ပြီး ၂၀၁၁၊ ဒီဇင်ဘာ ၈ရက်နေ့ ရန်ပုံငွေ ရရှိခြင်းဖြစ်သည်။

ရာသီဥတုပြောင်းလဲခြင်းကို လျော့နည်းအောင်ပြုလုပ်မည့် အစီအစဉ်များအရ Adaptation Fund Board ရန်ပုံငွေများကို UNFCCC ၏ ကျိုတိုသဘောတူညီချက်တွင် လက်မှတ်ရေးထိုးထားသော ဖွံ့ဖြိုးဆဲနိုင်ငံများက ရန်ပုံငွေလျှောက်ထားနိုင်သည်။

Life 7DAY NEWS JOURNAL

Vol.10, No.44 · JANUARY 19, 2012

# ယာဉ်လုပ်သားထုတ်ပယ်ခံရမှု လျော့ကျလာ

**အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ- ၁၃**

စည်းကမ်းဖောက်ဖျက်သည့် ယာဉ်လုပ်သားများအား ၂၀၁၁ ခုနှစ်တွင် ထုတ်ပယ်ခဲ့ရမှုမှာ ယမန်နှစ်ကထက် လျော့ကျသွားကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီမှတာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၁၀ ခုနှစ်တွင်း ယာဉ်လိုင်းမှ ထုတ်ပယ်ခံရသူ ယာဉ်လုပ်သား ၃၈၉ဦးအနက် ယာဉ်မောင်း ၂၁၆ဦး၊ ယာဉ်နောက်လိုက် ၁၇၃ ဦးပါဝင်ခဲ့သည်။ ၂၀၁၁ခုနှစ်တွင်မူ ယာဉ်မောင်း ၁၅၁ ဦး၊ ယာဉ်နောက်လိုက် ၈၂ ဦး စုစုပေါင်း ၂၃၃ ဦးရှိကာ ယခင်နှစ်ကထက် ၁၅၆ဦး လျော့သွားသည်။

ယခုကဲ့သို့ ထုတ်ပယ်ခံရသူ ယာဉ်လုပ်သားအများစုတွင် ယာဉ်တိုက်မှုဖြစ်၍ ထွက်ပြေးသူ အများဆုံးဖြစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များကို မလိုက်နာသည့်ယာဉ်လုပ်သားများလည်းပါဝင်ကြောင်း သတင်းရရှိသည်။

"ထုတ်ပယ်ခံရတဲ့ယာဉ်လုပ်သားတွေကိုနောက်ယာဉ်လိုင်းမှာ လုပ်ခွင့်မရှိဘူး။ အပြီးထုတ်ပစ်တာ။ အဲဒါကြောင့်တခြားယာဉ်လိုင်းတွေမှာ မမောင်းရအောင်စစ်ဆေးကြပါလို့၊ ဒီမှာဒီလိုဖြစ်လို့နောက်ယာဉ်လိုင်းမှာ သွားလုပ်ရင် နောက်ယာဉ်လိုင်းမှာလည်း အဲဒီလိုပဲတိုက်မှာပဲ။ သူတို့က မောင်းဖို့ကို မသင့်တော်တဲ့သူမို့လို့ ထုတ်ပစ်လိုက်တာ"ဟု မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



**ခရီးသည်တင်ယာဉ်ပေါ်သို့ ခရီးသည်များ တက်ရောက်နေစဉ်**



# ကျွန်တော့်မြေးလေး လွတ်လပ်ခေတ်

**သင်းရီ**

၆၄နှစ်မြောက်လွတ်လပ်ရေးနေ့နံနက်၇နာရီနှင့်၂မိနစ်တွင်၇ပေါင်နှင့် ၁၄အောင်စရှိသော ကျွန်တော်၏ စတုတ္တမြောက်မြေးလေးကို ရန်ကုန်မြို့ ဆာကူရာ အထူးကုဆေးရုံ အခန်းနံပါတ် ၄၀၉တွင် ကျန်းမာသန်စွမ်းစွာမွေးဖွားခဲ့သည်။ ကလေးကခန္ဓာကိုယ် သန်စွမ်းကျန်းမာသလောက်အသံကလည်း အောင်လွန်းသဖြင့် သူနာပြုဆရာမလေးတွေက "အာဇာနည်"ကွဟု အမှတ်သညာပြုကြသည်။ဆရာမလေးတွေသညာပြုသည့်အာဇာနည်ဆိုသည်က အသံအားရောအဆိုအားပါအလွန်ကောင်းသည့် ကျွန်တော်သဘောကျသော အဆိုတော် Rဇာနည်ကိုညွှန်းခြင်းဖြစ်သော်လည်း အဘိုးဖြစ်သူကျွန်တော်ကမူထိုအခိုက်အတန့်၌ဖြစ်ပေါ်လာသောစိတ်ထဲတွင်"အာဇာနည်"ဟုသာ စွဲမှတ်လိုက်မိသည်။ မြေးကလေးကို အာဇာနည်အဖြစ် ပို၍နှစ်လိုလိုက်မိသည်။

သို့သော် ကလေး၏ အဖေနှင့်အမေဖြစ်သည့် ကျွန်တော့်သမီးနှင့်သားမက်တို့ကမူ သူတို့၏ သားဦးလေးကို မမွေးမီအစောကြီးကတည်းကပင် နာမည်ပေးထားခဲ့ကြပြီးဖြစ်သည်။ အာထရာဆောင်းတွင် အထီးလေးလား အမလေးလားမကွဲခင်ကတည်းကပင် ကြို၍ ပေးထားခဲ့သည့်နာမည်ဖြစ်၏။ ဘာလေးပဲမွေးမွေး သည်နာမည်ကိုပဲပေးမည်ဟုသန္နိဋ္ဌာန် ချထားပြီးနှင့်ကြသည်လည်းဖြစ်၏။ နာမည်ကခပ်ဆန်းဆန်းဖြစ်သည်။သို့သော်အသစ်တော့မဟုတ်။ "လွတ်လပ်ခေတ်" တဲ့။

မွေးသည်က သားယောကျ်ားလေးဖြစ်နေသဖြင့် ထိုအမည်ကပို၍ပင် လိုက်ဖက်သွားသည်လားကျွန်တော်တွေးမိသေးသည်။

"မောင်လွတ်လပ်ခေတ်"ပေါ့။

တကယ်တော့ မွေးလာသည့် သားသမီးလေးများကို မိဘများက အမည်နာမပေးကြရာ၌ ကလေးနှင့်လိုက်ဖက်ခြင်း၊ မလိုက်ဖက်ခြင်းဆိုသည်ထက်မျှော်လင့်ခြင်းစေတနာဖြင့် အတိတ်နိမိတ်ဆောင်ယူခြင်းဘက်သို့သာ အလေးသာကြသည်ထင်၏။ လူနှင့်နာမည် ထပ်တူထပ်မျှရှိပါစေ၊ အနွတ္ထသညာဖြစ်ပါစေဆိုသည့်စေတနာဖြင့် အမည်ပေးတတ်ကြလေသည်။ထို့ကြောင့်ပင် သားလေး၊ သမီးလေးတွေ မွေးလာ၍ သားယောကျ်ားလေးများဆိုလျှင် "မောင်သန်းကြွယ်"၊"မောင်သိန်းထိုက်"၊"မောင်အောင်နိုင်"၊"မောင်စိုးမိုးကျော်"၊ "မောင်မျိုးတင့်ခိုင်". . စသည်ဖြင့် ထွန်းပေါက်အောင်မြင်ကြပါစေတော့ဟုမေတ္တာရည်လျက် မိဘများက အမည်ပေးမှည့်ခေါ်တတ်ကြသလိုသမီးမိန်းကလေးများဆိုလျှင်တော့လည်း"ကလျာ"၊"ဥမ္မာ"၊ "သီရိ"၊ "ပပရွှေရည်"၊ "မြတ်ပွင့်ဖူးဝေ"၊ "စိုးသီရိမွန်"၊ "သင်းမြတ်စန္ဒီ". . . စသည်ဖြင့်လှစေချောစေတင့်တယ်စေဟု ရည်လျက် အမည်ပေးတတ်ကြသည်။

ကျွန်တော့်သား အကြီးဆုံးကလည်း ၂၀၁၁ ခု ဩဂုတ်လ ၂၆ ရက်နေ့တွင်မွေးသည့်သူ၏ ဒုတိယမြောက်သမီးလေးကို "စိုးရတနာ" ဟု အမည်ပေးထားသည်။ရတနာများကိုပိုင်စိုးပါစေတော့ဟု စေတနာဖြင့်ပေးသည်ထင်၏။

ဘယ်လိုမိဘပဲဖြစ်ဖြစ် "ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ မတ်ပေါင်းရံလျက်. . . "ဆိုသည့် မိဘမျိုးပဲဖြစ်ဖြစ်. . .။

"လူ့ဘုံခန်းဝါ လူ့ပြည် ရွာမှ ဝမ်းစာခဲခက်မုရင်းထမင်း ချဉ်ပေါင်ဟင်းနှင့်ဆန်တွင်းက နက်လွန်းလို့ အသက်ရှိစဉ်မသေခင်ကိုကောက်လျှင်ကြီးဆန်နီတာလန်နှင့်ငါးသန်သေးနုပ်ရေလုံပြုတ်များကို တစ်လုတ်ကယ်ဝဝစားလိုက်ရလျှင်ဖြင့် အာဂပါးစပ် လူဖြစ်ကျိုးနပ်လေငဲ့ . . . " ဆိုသည့် ဦးပုည၏ ရေသည်ပြဇာတ်ထဲမှ သူဆင်းရဲမိသားစုမျိုးပင်ဖြစ်ဖြစ်သားသမီးကို နာမည်ပေးကြပြီဆိုလျှင်တော့ အညွန့်အတက်နှင့် မျှော်လင့်ချက်စေတနာများပါသည့် အမည်များကိုသာ ပေးတတ်ကြသည်မှာ သဘာဝပင်ဖြစ်လေသည်။ ပေးကြသည့်အမည်တိုင်းတွင် ပြည့်ဝပါစေ၊ ထွန်းပေါက်ပါစေ၊ တင့်တယ်ပါစေ. . . ဆိုသည့် မိဘတို့၏ စေတနာကို အထင်းသား မြင်နေရတတ်သည်။

မိဘများကိုယ်တိုင်က ပြေးပြေးလွှားလွှား လက်လှုပ်လက်-စား နွမ်းနွမ်းပါးပါးတွေဖြစ်နေကြသည့်တိုင် သားလေးသမီးလေးတွေ ဘဝတွင်တော့ဆင်းရဲတွင်းမှ တက်နိုင်ကြပါစေတော့ဟုရည်ရွယ်လျက် ရွှေအိုး၊ ချမ်းသာ၊ စိန်ဝေလျှံ၊ မိငွေပုံ၊ စိန်ထွန်းအောင်. . . စသည်ဖြင့် မျှော်လင့်ခြင်းများစွာထားလျက် နာမည်ပေးတတ်ကြလေ၏။

ဦးပုည၏ ရေသည်ပြဇာတ်ထဲမှသူဆင်းရဲရေသည်ယောကျ်ားနှင့် ရေသည်မိန်းမတို့ ပေါင်းဖက်သကာလ ကလေးများရခဲ့ကြလျှင် မည်သို့များအမည်ပေးကြလေလိမ့်မည်. . ဟု တွေးကြည့်မိသည်။

"ကောက်လျှင်ကြီးဆန်၊ နီတာလန်နှင့်၊ ငါးသန်သေးနုပ်၊ ရေလုံပြုတ်များကို၊ တစ်လုတ်ကယ်ဝဝ၊ စားလိုက်ရလျှင်ဖြင့်၊အာဂပါးစပ်၊ လူဖြစ်ကျိုးနပ်လေငဲ့. . "ဟု ပင်ပြောယူရသည်ထိ ဆင်းရဲရှာသောလင်မယားပေမို့သူတို့မှမွေးသည့်သားဦးလေးကို "သုသိဂီမောင်မောင်"ဟုများ အမည်ပေးကြလေမည်လားမသိ။"မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ရွှေကိုယ်တော်လေး"ပေါ့။

စာ(၁၁)သို့


## ဂျူးမြစ်သုပ်

ဒီတစ်ပတ် ဟင်းလျာကိုတော့ ဂျူးမြစ်ကိုရှမ်းသုပ်လိုအရသာမျိုးဖြစ်အောင်သုပ်မှာပါ။ ဂျူးမြစ်သုပ်ဆိုပေမယ့် ဂျူးမြစ်နဲ့အတူ မုန်ညင်းရွက်တွေကိုလည်းထည့်ပါမယ်။ ရှမ်းနံ့လေးသင်းသွားအောင် ပဲပုပ်ပြားလေးတွေလည်းထည့်ထားတဲ့ ရှမ်းအစားအစာအရသာအပြည့်အဝရစေမယ့် အသုပ်တစ်မျိုးပါပဲ။

ဂျူးမြစ်သုပ်အတွက် အသုပ်တစ်ပွဲစာ ဂျူးမြစ်အနည်းငယ်၊ မုန်ညင်းစိမ်း အနည်းငယ်၊ ပဲပုပ်ပြားတစ်ပြားနဲ့နှမ်းလှော်နဲ့သံပရာသီးတို့ပဲလိုပါတယ်။ မုန်ညင်းစိမ်းကိုတော့နူးအောင်ဆယ်မိနစ်လောက်ပြုတ်ပါ။ ဂျူးမြစ်ကတော့ ရေနွေးဖြောရုံပဲလိုပါတယ်။ နောက်တစ်ခုကတော့ ပဲပုပ်ပြားနှစ်ပြားလောက်ကိုလည်း မီးကင်ပါ။ ကြက်သွန်ဖြူ ချင်း၊ ငရုတ်သီးစိမ်းတို့ကို ညက်အောင်ထောင်းပြီးကင်ပြီးသားပဲပုပ်ကိုပါရောထည့်ထောင်း







ပါမယ်။ ပဲပုပ်ထောင်းပြီးသွားပြီဆိုရင်တော့ အမယ်အားလုံးကိုရောထည့်ပြီး အရသာအတွက်ငံပြာရည်နဲ့ ကြက်သားမှုန့်အနည်းငယ်ထည့်ကာသံပရာရည်ညှစ်ပြီး နယ်ဖတ်ကာ သုံးဆောင်နိုင်ပါတယ်။ ဒါဆိုရင်တော့ ဆီလည်းမပါ၊ အသီးအရွက်တွေပဲသီးသန့်သုပ်ထားတဲ့ ဒီဂျူးမြစ်သုပ်က ကျန်းမာရေးနဲ့ညီစေသလို တိုင်းရင်းသားလက်သုပ်စာတစ်မျိုးအဖြစ် မြည်းစမ်းနိုင်ကြမှာဖြစ်ပါတယ်။



7DAY NEWS JOURNAL
Vol.10, No.44 · JANUARY 19, 2012




# ရယ်စရာ ရသစုံမဂဇင်း ပြန်လည်ထွက်ရှိမည်

ဉက္ကာကိုကို

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

ဟာသစာပေလိုင်းတွင် တစ်ခေတ်ထင်ရှားအောင်မြင်ခဲ့သော ရယ်စရာရသစုံ မဂ္ဂဇင်းအား စတင်တည်ထောင်သူနှစ်ဦးက အသစ်ပြန်လည်မွမ်းမံထုတ်ဝေသွားမည်ဖြစ်ကာမကြာမီဈေးကွက်အတွင်း ရောက်ရှိလာတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရယ်စရာမဂ္ဂဇင်း၏ မူလအမည်မှာ သောင်းပြောင်းထွေလာ ရယ်စရာဖြစ်ပြီး နောက်ပိုင်းတွင် သောင်းပြောင်းထွေလာရယ်စရာနှင့် ရယ်စရာရသစုံဟူ၍ နှစ်အုပ်ခွဲကာထွက်ရှိခဲ့သည်။

အယ်ဒီတာအဖွဲ့ အဆက်ဆက်ပြောင်းလဲခဲ့သည့် ရယ်စရာရသစုံကို မကြာသေးမီက ပြုံးစရာဟူသည့်အမည်သစ်ဖြင့် စတင်ထုတ်ဝေခဲ့ပြီး ယခုအခါ မူလစတင်တည်ထောင်သူများဖြစ်သော ဆရာမာလတ်နှင့် ကဗျာဆရာကောက်နွယ်ကနောင်တို့က ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

အသစ်ထွက်ရှိလာမည့်ရယ်စရာမဂ္ဂဇင်းတွင် ရယ်စရာကဏ္ဍများနှင့်အတူ နာမည်ကျော်ဟာသစာရေးဆရာများ၊ ထိပ်တန်းကာတွန်းဆရာများ၊ လူငယ်ကဗျာဆရာ၊ ကာတွန်းဆရာများပါဝင်ရေးသားသွားကြမည်ဟုသိရသည်။

ရယ်စရာရသစုံမဂ္ဂဇင်းကို Quality မဂ္ဂဇင်းအဖြစ်ထုတ်ဝေသွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ စာပေဝါသနာရှင်များ၊ ဟာသစာပေမြတ်နိုးသူများသည် အမှတ် ၁၉၇၊ ၃၂ လမ်းအထက်၊ ပန်းရွက်ဝေစာပေ၊ ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက် သွယ်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။






7 DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012



## စာ-၉၊ ကျွန်တော့်မြေးလေး လွတ်လပ်ခေတ် မှ

ဒါသည်ပင် သူတို့ဘဝ၌ မပြည့်စုံခဲ့သော အရာကို ကိုရေ သည်၊ မရေသည်တို့၏မျှော်လင့်ချက်ဖြစ်မည်ထင်သည်။

အတွေးကရပ်မနေဘဲ ဆက်လာသည်။ သမီးတို့လင်မယားက သူတို့မှမွေးလာမည့် သားဦးလေးကို "လွတ်လပ်ခေတ်" ဟု နာမည်ပေးရန် မည်သည့်စေတသိက်ကများစေ့ဆော်လာပါလိမ့်။

မေးခွန်းမဆုံးမီပင် အဖြေက အလိုလိုရောက်လာသည်။ သူတို့၏ရင်သွေးလေးကို လွတ်လပ်သော၊ ပျော်ရွှင်စွာနေချင့်စဖွယ်ဖြစ်သော၊ အနှောင်အဖွဲ့သံကွန်ချာများကင်းမဲ့သည့်ဘဝများကို တည်ဆောက်နိုင်တည်ဆောက်ခွင့်ရှိသော ခေတ်မျိုးကို ရရှိပိုင်ဆိုင်စေလိုသဖြင့် ထိုနာမည်ကိုပေးခြင်းဖြစ်ပေလိမ့်မည်။ ထိုကဲ့သို့သော ခေတ်သို့ရောက်တော့အံ့ဟုထင်မြင်ယုံကြည်သဖြင့်လည်း "လွတ်လပ်ခေတ်" ဆိုသည့်အမည်ကိုပေးခြင်းဖြစ်တန်ရာသည်ဟုတွေးမိသည်။

လွတ်လပ်ခြင်း. . တဲ့၊ လွတ်လပ်ရေး. . . တဲ့။ ကျွန်တော်၏အတွေးကကြွက်မြီးတန်းနေပြန်သည်။ ကျွန်တော်တို့၏ အမိမြန်မာနိုင်ငံတော်ကြီးနယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝမှလွတ်မြောက်တော့မည်ဆိုသည့်အခါလွတ်လပ်ပြီး မြန်မာနိုင်ငံတော်အတွက် နိုင်ငံတော်သီချင်းကို ဂီတပညာရှင်စာပေပညာရှင်ကြီးများက စေတနာမေတ္တာ အနန္တဖြင့် ရေးဖွဲ့ပေးခဲ့ကြသည်။ ထို့ကြောင့်လည်း သီချင်း၏ ခြေဆင်းအစ၌ပင် သီချင်းတစ်ပုဒ်လုံး၏အနှစ်သာရကို ကြက်သီးမွေးညင်းထမျှပီတိသောမနသဖြင့် ခံစားရသည်။

"တရားမျှတလွတ်လပ်ခြင်းနှင့်မသွေ. . . ဒို့ပြည်. . . ဒို့မြေ၊ များလူခပ်သိမ်းငြိမ်းချမ်းစေဖို့ခွင့်တူညီမျှ ဝါဒ ဖြူစင်တဲ့ပြည်. . . ဒို့ပြည်၊ဒို့မြေ. . . ပြည်ထောင်စု အမွေ အမြဲတည်တံ့စေ အဓိဋ္ဌာန်ပြုမလေ. . . ထိန်းသိမ်းစို့လေ. . ."

လွတ်လပ်ပြီး မြန်မာနိုင်ငံတော်အတွက် ပညာရှင်ကြီးများ ရေးသားစပ်ဆိုပေးခဲ့သည့် နိုင်ငံတော်သီချင်းက ခက်ဆစ်မပါ၊အဓိပ္ပာယ်ဖွင့်ချက်မလိုသည့် အလွန်ရိုးရှင်းမြင်သိလွယ်သော ဖွဲ့ဆိုမှုဖြစ်လေ၏။

သို့သော် လွတ်လပ်ရေးခေါင်းဆောင်ကြီးများပညာရှင်ကြီးများ စေတနာကြီးစွာမျှော်လင့်ခဲ့သလို ဖြစ်မလာခဲ့။

လွတ်လပ်ရေး ရအပြီး ၃ လ နီးပါးမျှအကြာတွင်ပင် လွတ်လပ်ရေးအတွက် အတူလက်တွဲ တိုက်ပွဲဝင်ခဲ့ကြသည့် ကွန်မြူနစ်ပါတီက လက်နက်ကိုင်တောခိုသည်။ မကြာမတင်သောကာလတွင်ပင်ပြည်သူ့ရဲဘော်ကလည်း လက်နက်ကိုင်၍ တောခိုပြန်သည်။ အလားတူပင် ကရင်အမျိုးသားအစည်းအရုံးကလည်းလက်နက်ကိုင်၍ဖဆပလ အစိုးရကို တိုက်ခိုက်ပြန်သည်။ ဒုတိယကမ္ဘာစစ်၏ ယမ်းနံ့တွေမပြယ်ချင်သေးခင်မှာပင်ကျွန်တော်တို့၏မြန်မာနိုင်ငံအတွင်း အချင်းချင်းတိုက်သည့် သေနတ်သံတွေဆူလာခဲ့သည်။

ထိုသေနတ်သံများနှင့် အတူ နိုင်ငံတော်၏ တည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်းတို့လည်း ဆိတ်သုဉ်းခဲ့ရသည်။ တည်ငြိမ်ခြင်း ငြိမ်းချမ်းခြင်းတို့ ကင်းမဲ့လာသည့်အခါ ပွင့်လင်းလွတ်လပ်မှုတို့ပါပျောက်ကွယ်သွားကြတော့သည်။ တိုင်းသူပြည်သားတို့မှာ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့ကြလင့်ကစား ကိုယ်ချင်းအချင်းများနေကြသည့်စစ်တလင်းထဲတွင် မြေဇာပင်ဖြစ်ခဲ့ကြရသည်။ လွတ်လပ်ရေး၏အရသာကို ငန်ပျပျမျှပင် ခံစားခွင့်မရနိုင်ခဲ့ကြတော့။ ထိုအထဲတွင်ကျွန်တော်လည်းပါလေသည်။

ကျွန်တော်က တစ်ပါးကျွန်ဘဝတွင် လူမဖြစ်ခဲ့ရသော်လည်း လွတ်လပ်ရေးခေတ်ဦးဖြစ်သော ၁၉၄၉ ခုနှစ်တွင် မွေးဖွားခဲ့သဖြင့် လူဖြစ်ဖြစ်ချင်းပင် ကိုယ့်အချင်းချင်းပစ်ကြသတ်ကြသည့်သေနတ်သံတွေနှင့် ပက်ပင်းတိုးခဲ့ရသည်။ သေနတ်သံတွေ တဒိန်းဒိန်းတဒိုင်းဒိုင်းဖြင့်နားပြားအောင်မအိပ်ခဲ့ရသော ညပေါင်းများစွာကို ဖြတ်သန်းခဲ့ရဖူးသည်။ ကျွန်တော့်အမေကကျွန်တော့်ကိုပွေ့ချီကာ ကျည်လွတ်ရာပုန်းကျင်းထဲသို့ ညကြီးသန်းခေါင် ပြေးဆင်းရသည်ကိုလည်း အကြိမ်ကြိမ်ကြုံခဲ့ရဖူးသည်။ ထို့ကြောင့် ထိုသေနတ်သံတွေကို လူမှန်းသိတတ်စကတည်းကပင် ကြောက်ရွံ့မုန်းတီးနေခဲ့ဖူးသည်။

ထိုသို့သော စိတ်လှုပ်ရှားဖွယ်အနိဋ္ဌာရုံခံစားမှုများကို ကျွန်တော်၏ သားသမီးလေးများအား အိပ်ရာဝင်ပုံပြင်သဖွယ် ပြောပြသည့်အခါ သားတို့သမီးတို့က အလွန်စိတ်ဝင်စားကြသည်။ သူတို့စိတ်အဝင်စားဆုံးမှာမူ သူတို့၏အဘိုးဖြစ်သော ကျွန်တော့်ဖခင်သေတွင်းမှလက်မတင်လေးလွတ်မြောက်လာခဲ့သည့်အကြောင်းဖြစ်လေသည်။ ထိုအကြောင်းကိုပြောတိုင်း "စစ်ဆိုတာဖြစ်လာခဲ့ပြီဆိုရင် အပြစ်မဲ့တဲ့တိုင်းသူပြည်သားတွေဟာစစ်ရဲ့သားကောင် ဖြစ်သွားကြတော့တာ. . ."ဟု ကျွန်တော်က အမြဲလိုလိုနိဒါန်းပျိုးမိသည်။ ထိုသို့နိဒါန်းပျိုးမိရခြင်းမှာ လုံးဝအဖြူထည်သက်သက်ဖြစ်သော ကျွန်တော့်အဖေ၏သေမင်းခံတွင်းဝအတွေ့အကြုံကြောင့်ဖြစ်လေ၏။

"ကံကောင်းထောက်မတယ်လို့ပဲဆိုရမှာပေ့ါသားရယ်. .၊လက်ပြန်ကြိုးတုပ်ထားတဲ့ အဖေ့ကို မြှုပ်မယ့်မြေတွင်းနှုတ်ခမ်းမှာ ဒူးထောက်ခိုင်းထားပြီးပြီ၊ ပစ်ချလိုက်ဖို့ပဲရှိတော့တာ၊ အဲ့ဒီအချိန်လေး ကျကာမှ အဖေ့ကိုသိနေတဲ့ ကွန်မြူနစ် ဗိုလ်တစ်ယောက် ရောက်လာပြီးတော့ ဟေ့ဟေ့ မလုပ်နဲ့ မလုပ်နဲ့ အဲ့ဒီလူက လူကောင်းကွ ဘယ်ဘက်ကိုမှပါတဲ့လူမဟုတ်ဘူး၊သူ့ဘာသာသူရပ်ရေးရွာရေးပဲလုပ်နေတဲ့ လူလို့ပြောမှ လက်ပြန်ကြိုးပြန်ဖြေပေးတာ၊ ကံသီလို့အသတ်မခံရတာပေ့ါသားရယ်။ ဒီတုန်းက မင်းက ဘာရှိဦးမှာတုန်း တစ်နှစ်ခွဲ၊ နှစ်နှစ်သားလေးပေ့ါ"

အဖေက ကျွန်တော် လူမှန်းမသိတတ်ခင်အရွယ်က ဖြစ်ပျက်ခဲ့သည့်ထိုအကြောင်းကို မကြာခဏဆိုသလိုပြန်ပြောပြတတ်သည်။

ထိုစဉ်ကကျွန်တော့်မွေးဇာတိ သဲကုန်းမြို့လေးသည် သဲကုန်းမြို့သား ဗိုလ်ကွန်းဇော် ဦးဆောင်သည့် ပြည်သူ့ရဲဘော်တွေ အားကောင်းသော မြို့လေးဖြစ်၏။ တောခိုသည့် ပြည်သူ့ရဲဘော် အများစုမှာ သဲကုန်းသားတွေဖြစ်ကြသည်။ သည်တော့ သဲကုန်းသားဖြစ်သည့် ကျွန်တော့်အဖေနှင့် သံသယဇဉ်မကင်းကြ။ သို့သော် အဖေက လူမှုရေးနှင့်ဘာသာရေးကိုသာ စိုက်လိုက်မတ်တတ်ဆောင်ရွက်တတ်လျက် နိုင်ငံရေးကိုမူဝါသနာ မရှိလှ။ ထို့ကြောင့် အဖေသည် ကွန်မြူနစ်လည်းမဟုတ်ခဲ့ ရဲဘော်ဖြူဟုခေါ်သော ပြည်သူ့ရဲဘော်လည်းမဟုတ်ခဲ့။ သို့သော် လက်နက်ကိုင်၍ တောခိုကြသူအချင်းချင်း ကွန်မြူနစ်နှင့်ရဲဘော်ဖြူတို့ မသင့်မြတ်ကြသည့်အခါ ကျွန်တော့် အဖေက အလိုလိုမြေဇာပင်ဖြစ်ရသည်။

"အိမ်ကို သေနတ်နဲ့ လေးငါးချက်ပစ်ပြီးမှသားရဲ့အဖေကိုဝင်ဖမ်းပြီးလက်ပြန်ကြိုးတုပ်ခေါ်သွားကြတာ။ ရဲဘော်ဖြူရဲ့လူ ဆိုပြီးတော့။ အမေတို့မှာတော့ မျက်ရည်နဲ့မျက်ခွက်ဖြစ်ရုံကလွဲလို့ဘာမှမတတ်နိုင်ခဲ့ပါဘူးသားရယ်. . သူတို့လက်ထဲမှာ သေနတ်ရှိနေတာကိုး. . ဒါပေမဲ့ကံကောင်းထောက်မလို့ အမေ့သားလေး ဖတဆိုးမဖြစ်ခဲ့တာပေ့ါ. . ."

အဖေ့စကားကိုဝင်ဖြည့်ပေးသည့်အမေ့စကားကလည်း ကျွန်တော့်အာရုံထဲမှာ အနိဋ္ဌာရုံရုပ်ရှင်ပြကွက်တစ်ခုလိုဖြစ်ခဲ့သည်။ ထို့ကြောင့်ထိုအကြောင်းအရာများကို ကျွန်တော်မမေ့နိုင်ခဲ့။ နောက်နောင်လည်းထိုကဲ့သို့သော အဖြစ်များကိုမကြုံတွေ့လိုခဲ့။ သို့သော် သမိုင်းတစ်ကွေ့မှ ဘဝအတွေ့အကြုံများအဖြစ် ကျွန်တော်၏ သားလေးသမီးလေးများကိုအမှတ်တရပင် ကျွန်တော်က လက်ဆင့်ကမ်းပြောပြနေမိတတ်သည်။ ထိုအခါတွင် ကျွန်တော့်သားသမီးလေးတွေ၏ အာရုံထဲ၌ မြေတွင်းနှုတ်ခမ်းတွင် လက်ပြန်ကြိုးတုပ်လျက်သားဒူးထောက်ခိုင်းထားခြင်းခံရသည့် သူတို့အဘိုးကို မြင်ယောင်နေမိကြမှာသေချာသည်။ လွတ်လပ်ပြီဆိုသော်လည်း မလွတ်လပ်မတည်ငြိမ်သည့်ခေတ်ကြီးပါလားဟုတွေးမိကြမည်လည်း သေချာလေသည်။

ကျွန်တော့်ဖခင်၏ နက်ရှိုင်းပြင်းပြသောလူမှုရေး စိတ်ဓာတ်အမွေကြောင့်ပင်လား။ သို့တည်းမဟုတ် ကျွန်တော်ငယ်စဉ်ကတည်းကပင် အမြဲလိုလိုကြားသိနေခဲ့ရသည့် ကျွန်တော့်ဖခင်၏ပရိဝုဏ်မှ တိုင်းရေးပြည်ရာစကားတွေကြောင့်ပင်လားဟု ခွဲခြားပြောဆိုရန်ခက်သော်လည်း လူလားမြောက်လာသည့် ကျွန်တော့်စိတ်ထဲသို့ မိမိမှီခိုနေထိုင်ရာတိုင်းပြည်ကြီးကိုလွတ်လပ်ပွင့်လင်း တည်ငြိမ်အေးချမ်း တိုးတက်သော နိုင်ငံတော်ကြီးတစ်ခုအဖြစ် ရှုမြင်ခံစားလိုသောစိတ်များပေါက်ဖွားပြင်းထန်လာခဲ့သည်။

သို့နှင့်ပင် သမိုင်းက မိမိပခုံးပေါ်သို့ချထားပေးအပ်လာသောတာဝန်ကိုမိမိ၏အသက်အရှုယ်အရထမ်းဆောင်အပ်သည်ဟု ခံစားမိလာသည့် ကျွန်တော်သည် စာရေးဆရာတစ်ပိုင်း နိုင်ငံရေးသမားတစ်ပိုင်းဘဝသို့ ၁၉၈၈ ခုနှစ်မှ စတင်၍ နှစ်လိုစွာခံယူမိတော့သည်။

ထိုအချိန်တွင် ကျွန်တော့်သားအကြီးဆုံးက ၁၅ နှစ်သား။ သူ့အောက်မှ သမီးကြီးက ၁၁ နှစ်သမီး။ ယခု မြေးလေး"လွတ်လပ်ခေတ်"ကိုမွေးမည့် နို့ညှာသမီးက ၇ နှစ်သမီး။ အငယ်ဆုံးသားလေးက ၃ နှစ်သား။ ပုစုခရုလေးတွေနှင့်။ သို့သော် ကျွန်တော့်ပခုံးပေါ်ကျလာသည့်သမိုင်းပေးတာဝန်ကို ကျေပွန်နိုင်ဖို့ ကျွန်တော်တတ်စွမ်းသမျှကြိုးစားထမ်းဆောင်ခဲ့သည်။ ဒီမိုကရေစီခေတ်သစ်ကို မျှော်လင့် ကြိုးပမ်းကြသည့်ကာလများ. . .။

လုပ်ရင်းကိုင်ရင်းနှင့်ပင် ၁၉၉၀ တွင် ကျွန်တော့်ကို ပုဒ်မ ၅(ည) ဖြင့် အရေးယူဖမ်းဆီးခြင်းခံရသည့်အခါဥမမည်စာမမြောက်သေးသည့် ကျွန်တော့် သားသမီးလေးတွေက ကျွန်တော့်ကို ခေါ်ဆောင်သွားသည့် မော်တော်ကားကိုငေးကြည့်မျက်ရည်ဝေ့ရင်းကျန်ခဲ့ကြသည်။ တစ်သက်တစ်ကျွန်းနှင့်ညီမျှသော ထောင်ဒဏ် ၂၅နှစ်ကျခံစေဟု အမိန့်ချမှတ်ခံရသည့် ကျွန်တော့်ထံသို့လည်း သူတို့၏မိခင်နှင့်အတူ ထောင်ဝင်စာပို့ရင်း အခေါက်ခေါက် အခါခါရောက်ခဲ့ကြဖူးသည်။ ထောင်ဝင်စာအခန်းထဲတွင် သူတို့နှင့်ကျွန်တော့်အကြား သံဆန်ခါ နှစ်ထပ်ခြားထားသည်ကိုလည်း ကျွန်တော့်သားသမီးလေးတွေခံစားခဲ့ကြရဖူးသည်။

ယခုတော့ထိုစဉ်က၇နှစ်သမီးလေးသာရှိသေးသော နို့ညှာသမီးက သူကမွေးသည့် သူ့သားလေးကို "လွတ်လပ်ခေတ်"ဟု အမည်ပေးလေသည်။

ထိုအမည်ကိုဘာကြောင့်ပေးလေသနည်းတွေးမိသည့်အခါ. . "ငါးသန်သေးနုပ်ရေလုံပြုတ်များကို တစ်လုတ်ကယ်ဝဝစားလိုက်ရလျှင်ဖြင့် အာကပါးစပ်လူဖြစ်ကျိုးနပ်လေငဲ့" ဆိုသည့် ရေသည်၏စကားက မဆီမဆိုင်ဘဲလားမသိဘဲ ကျွန်တော့်ရင်ထဲသို့ ကဆုန်စိုင်း၍ ဝင်ရောက်လာသည်။

မည်သို့ဆိုစေ မြေးလေး၏ "လွတ်လပ်ခေတ်"ဟူသောအမည်သည် လူနှင့်အမည်ထပ်တူဖြစ်သော အနွတ္ထသညာ ဖြစ်ပါစေဟုသာ. . .။





## ဘယ်လမ်းကနေ ဘယ်ဘဝ ကို သွားမှာလဲ

လက်ရှိ လူဖြစ်လာတဲ့ဘဝ၊ နတ်ဖြစ်တဲ့ဘဝတွေဟာ တော်ပါသေးတယ်လို့ဆိုရမယ်။ ဘဝငါးမျိုးရှိတဲ့အနက် လူ့ဘဝ၊ နတ်ဘဝတွေဟာ ကောင်းရာသုဂတိတွေပါ။ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ၊ ငရဲဘဝဟာ ဒုဂ္ဂတိဘဝတွေဖြစ်တယ်။ လူတစ်ယောက်ဟာ ကောင်းတဲ့ဘဝနေရာကိုရောက်သွားနိုင်သလို မကောင်းတဲ့ဘဝနေရာကိုလည်းပဲ ရောက်သွားနိုင်ပါတယ်။ သေပြီးရင် နတ်ပြည်ပဲသွားချင်တယ်ဆိုပေမယ့် ကုသိုလ်ရှိမှသွားလို့ရတယ်။ တခြားဘယ်ဘဝမှ မသွားချင်ဘူး၊ ဘာမှလည်း မဖြစ်ချင်ဘူး။ လူပဲပြန်ဖြစ်ချင်တယ်ဆိုလို့လည်း လက်တွေ့မှာမလွယ်ဘူး။ တရားမမြင်သေး မသိသေးတဲ့လူသားတစ်ယောက်ဟာ ဘဝ(ဂတိ)ငါးမျိုးမှာ လှည့်ပတ်ကျင်လည်နေရတယ်။ တရားသိမြင်ပြီးသူတွေအတွက် သေချာတာ တစ်ခုကတော့ ဒုဂ္ဂတိဘဝတွေကိုမရောက်နိုင်ဘူး။ ပုထုဇဉ်အဆင့်ကနေ တစ်ဆင့်မြင့်သွားတဲ့သူက သောတာပန်ပုဂ္ဂိုလ်ဖြစ်တယ်။ အရိယာထဲမှာ အနိမ့်ဆုံးအဆင့်ပေမယ့် ပုထုဇဉ်တွေထက် တစ်ဆင့်မြင့်တဲ့ဘဝတစ်ခုဖြစ်တယ်။ သောတာပန်ပုဂ္ဂိုလ်ရဲ့ အားသာချက်က ဒုဂ္ဂတိဘဝက လွတ်မြောက်သွားခြင်းပဲ။ တရားအားထုတ်လိုက်လို့ သောတာပန်ဖြစ်သွားပြီ ဆိုရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝတွေမရောက်တော့ဘူး။

တရားမကျင့်၊ တရားအားမထုတ်ဘဲ ပုထုဇဉ်ဘဝနဲ့နေမယ်ဆိုရင် ငရဲလည်းကျနိုင်တယ်။ ပြိတ္တာလည်း ဖြစ်နိုင်တယ်။ တိရစ္ဆာန်လည်းဖြစ်နိုင်တယ်။ ဒါကြောင့် အဲဒီဘဝတွေမရောက်ချင်ရင်ပုထုဇဉ်ဘဝက လွတ်အောင်ကြိုးစားရမယ်။ တရားကျင့်ရမယ်။ သံသရာဝဋ်ဆင်းရဲက လွတ် မြောက်ဖို့ တကယ့်အားကိုးရာဖြစ်တဲ့ တရားဓမ္မ၊ ကိုယ့်ရဲ့ အားကိုးအား ထားဖြစ်တဲ့ တရားဓမ္မကို မပျင်းမရိနဲ့ကြိုးစားရှာရမှာဖြစ်တယ်။ ဘယ်လမ်းကနေ ဘယ်ဘဝကိုသွားမယ်ဆိုတာ သင့်ဆုံးဖြတ်ချက်ပဲဖြစ်တယ်။



ရည်ညွှန်း-'ဓမ္မလမ်းပေါ်မှာ' ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ

## ဂျပန်ရသစာပေဘာသာပြန်ပြိုင်ပွဲ ရန်ကုန်၊ မန္တလေးတွင် ကျင်းပမည်

ရန်ကုန်၊ ဇန်နဝါရီ-၅

ဂျပန်သံရုံးမှဦးစီး၍ဂျပန်ရသစာပေ ဘာသာပြန်ပြိုင်ပွဲကို လာမည့်ဖေဖော်ဝါရီလတွင် ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ကျင်းပမည်ဖြစ်ကြောင်း ဂျပန်သံရုံးကသတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်ရုံး၌လည်းကောင်း၊ မန္တလေးမြို့၊ လမ်း ၈၀နှင့် ၁၂လမ်းထောင့်ရှိ HITO စင်တာတို့တွင်တစ်ပြိုင်နက်ပြုလုပ်မည်ဖြစ်သည်။ ဂျပန်ရသစာပေဘာသာပြန် ပြိုင်ပွဲကို JLPT စာမေးပွဲ N3၊ N2 နှင့်အထက်အဆင့်ရှိသည့် မြန်မာနိုင်ငံသားတိုင်းယှဉ်ပြိုင်နိုင်ပြီး ယခုလ ၁၆ ရက်မှ ၃၁ ရက်အတွင်း ဂျပန်သံရုံးနှင့် HITO စင်တာသို့ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ကာ ယှဉ်ပြိုင်ရမည့်အကြောင်းအရာကို ပြိုင်ပွဲနေ့မှသာထုတ်ပြန်မည်ဖြစ်ကြောင်းသိရသည်။

ရသစာပေဘာသာပြန်ပြိုင်ပွဲကို ၂၀၀၆ ခုနှစ်မှစတင်ကျင်းပခဲ့ရာ ယခုအခါသတ္တမကြိမ်မြောက်ရှိပြီဖြစ်သည်။

# Health

7 DAY NEWS JOURNAL

Vol.10, No.44 · JANUARY 19, 2012


## တရုတ်တွင်ကြက်ငှက်တုပ်ကွေးရောဂါဖြင့်လူတစ်ဦးသေဆုံးပြီးနောက်နယ်စပ်ဂိတ်များတွင်ရောဂါမကူးစက်ရန်အထူးကြပ်မတ်

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ-၈**

တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် လူတစ်ဦးစတင်သေဆုံးသွားသောကြောင့်နယ်စပ်စစ်ဆေးရေးဂိတ်များတွင် အထူးကြပ်မတ်စွာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့ဌာနကလည်း တိရစ္ဆာန်ကျန်းမာရေးနယ်စပ်စစ်ဆေးရေးဂိတ်တွေမှာ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ကြပ်ကြပ်မတ်မတ်ဆောင်ရွက်နေပါတယ်" ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ဇန်နဝါရီ ၈ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာတွင် တရားဝင်ရေးသားထားသည်။

ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး $H_5N_1$ သည်မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ စတင်ကာ ခြောက်နှစ်တာကာလအတွင်း ငါးကြိမ်ဖြစ်ပွားခဲ့သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး ခုနစ်ခုတွင် မြို့နယ် ၃၄မြို့နယ်အတွင်းရှိ မွေးမြူရေးခြံ ၈၄၇ ခြံမှ ကြက်ကောင်ရေကိုးသိန်းကျော် သေဆုံးခဲ့သည်။ အဆိုပါကြက်များနှင့် ကြက်စာ၊ ကြက်ဥ၊ ကြက်ခြံများကို ဖျက်ဆီးခဲ့ရသောကြောင့် ငွေကျပ်သိန်း ၂၀,၀၀၀ ခန့်ဆုံးရှုံးခဲ့ရသည်။

"၂၀၀၇ ခုနှစ် ကျိုင်းတုံမှာဖြစ်တုန်းက ခုနစ်နှစ် သမီးလေးတစ်ယောက် ကြက်ငှက်တုပ်ကွေး ရောဂါကူးစက်တဲ့လက္ခဏာတွေ့ သေးတယ်။ ဒါပေမဲ့ ကျန်းမာရေးဌာနက စနစ်တကျပြုစုစောင့်ရှောက်တာကြောင့် အသက်ဆုံးရှုံးတာ မဖြစ်ပါဘူး" ဟု အထက် ပါအရာရှိကြီးကပြောသည်။

မြန်မာနိုင်ငံသို့ ယခုနှစ်တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရခြင်းမရှိသေးသော်လည်း အိမ်နီးချင်း တရုတ်နိုင်ငံတောင်ပိုင်းရှိ ဟောင်ကောင်ဒေသနှင့် ထိစပ်နေသည့် ဂွမ်ဒေါင်းပြည်နယ်၊ ရှန်ဇန်းမြို့တွင် အသက် (၃၉)နှစ်အရွယ် ဘတ်စ်ကားယာဉ်မောင်းတစ်ဦးသည် ၂၀၁၁ ခုနှစ် နှစ်ကုန် ဒီဇင်ဘာ၃၁ ရက်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

ယခုအခါ ကြက်ငှက်တုပ်ကွေးရောဂါသည် မျိုးဗီဇပြောင်းလဲလာကာ လူများအတွင်း တစ်ဦးမှ အခြားတစ်ဦးထံသို့ ကူးစက်လာနိုင်သည်ဆိုသော သုတေသနပြုလေ့လာတွေ့ရှိချက်များကြောင့် အလွန်စိုးရိမ်ပူပန်မိကြောင်း ဒီဇင်ဘာ ၃၁ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က ကြေညာထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ကြေညာချက်အရ ၂၀၀၃ ခုနှစ်မှစ၍ ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်ခံရသူ ၅၇၃ ဦးရှိပြီး ၃၃၆ ဦးသေဆုံးခဲ့သောကြောင့်သေဆုံးမှုမှာ ၆၀ ရာခိုင်နှုန်း ရှိကြောင်း သတင်းရရှိသည်။

### အင်ဒိုနီးရှားတွင် ငှက်တုပ်ကွေးကြောင့် လူတစ်ဦးသေဆုံး

**ဂျကာတာ၊ ဇန်နဝါရီ - ၁၀**


အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာတွင် အသက် ၂၄နှစ်အရွယ် အမျိုးသားတစ်ဦးသည် ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးခဲ့ရကြောင်း နိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုလိုက်သည်။ ထို့ကြောင့်စာရင်းအရသုံးလအတွင်း ယင်းရောဂါကြောင့် သေဆုံးသူသုံးဦးခန့်ရှိသွားပြီဖြစ်သည်။

အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာန၏ ကူးစက်ရောဂါတိုက်ဖျက်ရေးဌာန အကြီးအကဲ ဂျန်ဒရာယိုဂါကလည်း "သေဆုံးကြောင်း အတည်ပြုခဲ့တဲ့ အမျိုးသားဆီက ထွက်ပေါ်လာတဲ့ စမ်းသပ်မှုရလဒ်တွေအရ သူဟာ ငှက်တုပ်ကွေးကြောင့် ဆုံးခဲ့ရတာပါ။ သူ့အိမ်အနီးက ငှက်တွေဆီကလည်း ဆေးစစ်မှုနမူနာတွေရယူထားပြီ။ အဲဒီငှက်တွေမှာ ဗိုင်းရပ်စ်ကူးစက်မှုရှိမရှိဓာတ်ခွဲခန်းစမ်းသပ်မှုတွေ ထွက်လာမှာကိုစောင့်နေပါတယ်"ဟုပြောသည်။

ဂျကာတာပို့စ်သတင်းစာ၏ အဆိုအရ ကွယ်လွန်သူ အထက်ပါအမျိုးသားသည် ငှက်တုပ်ကွေးရောဂါကို ဆေးရုံတက်ကုသရန် ငြင်းဆန်ခဲ့ပြီးနောက် သေဆုံးခဲ့ကြောင်း နှစ်သစ်ကူးချိန်ကာလကလည်း အစာအိမ်ရောဂါနှင့် ငှက်ဖျားရောဂါကြောင့် ဆေးရုံနှစ်ကြိမ် တက်ကုသခဲ့ရကြောင်းသိရသည်။ အင်ဒိုနီးရှားနိုင်ငံသည်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုအများဆုံးနိုင်ငံဖြစ်ပြီး ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့၏ အဆိုအရ ၂၀၀၃ မှ ၂၀၁၁ အထိ ရှစ်နှစ်တာကာလအတွင်း ငှက်တုပ်ကွေးကြောင့်သေဆုံးသူ ၁၅၀ခန့်ရှိခဲ့ကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ်က အင်ဒိုနီးရှားနိုင်ငံတွင်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကြောင့် ဘာလီကျွန်းမှ ကလေးနှစ်ဦးအပါအဝင် စုစုပေါင်း လူကိုးဦး သေဆုံးခဲ့ရသည်။ —Ref: CNA

## ကျန်းမာရေးအတွက် ငွေဘယ်လောက်သုံးမလဲ?

**သီဟ**



မကြာမီတွင်ပြန်လည်ကျင်းပမည့် လွှတ်တော် အစည်းအဝေးများ၌ လာမည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် အစိုးရဘတ်ဂျက်ဖြစ်သည့် ရသုံးမှန်းခြေငွေစာရင်းအား အတည်ပြု ပြဋ္ဌာန်းတော့မည်ဖြစ်သည်။

ရသုံးမှန်းချေငွေစာရင်းအား နိုင်ငံသို့တင်ပြအသိပေးခြင်းမရှိခဲ့သည်မှာလည်း နှစ်ပေါင်းအတော်ကြာခဲ့ပြီဖြစ်သဖြင့် အချို့နိုင်ငံသားများသည်ပင်လျှင် ရသုံးမှန်းခြေငွေစာရင်းသည် မိမိတို့နှင့် သက်ဆိုင်သည့်နိုင်ငံတော်၏ အခန်းကဏ္ဍတစ်ခုဖြစ်သည်ကို မသိကြတော့ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများကလည်း ဆိုကြသည်။

သို့သော်မည်သို့ပင်ဆိုစေ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီးနောက်ပိုင်းကျင်းပခဲ့သည့် ရွေးကောက်ပွဲ၏ ရလဒ်အရ တက်ရောက်လာသည့် အစိုးရသစ်တာဝန်ယူပြီးသည့်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံသည်လည်း ဒီမိုကရေစီလမ်းကြောင်းပေါ်သို့စတင်လျှောက်လှမ်းလာခဲ့ပြီဖြစ်သည်။ ထိုသို့လျှောက်လှမ်းလာခဲ့သည်ကိုလည်းယခင်ကမြန်မာနိုင်ငံအပေါ် အမြင်မကြည်လင်ခဲ့သည့် ကမ္ဘာ့နိုင်ငံအတော်များများပင် လက်ခံလာခဲ့ပြီဖြစ်သည်။

ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းလာသည့် နည်းတူ ဒီမိုကရေစီကျင့်စဉ်များကိုလည်း တစ်စထက်တစ်စကျင့်သုံးလာကြပြီဖြစ်သည်။ ယခုကဲ့သို့နိုင်ငံတော်၏ ဘတ်ဂျက်ဖြစ်သော ရသုံးမှန်းခြေငွေစာရင်းအား လွှတ်တော်သို့ တင်ပြအတည်ပြုခြင်းသည်လည်း ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် မဖြစ်မနေလုပ်ဆောင်ရသည့်ဝတ္တရားတစ်ခုပင်ဖြစ်သည်။

သို့သော်ယခင့်ယခင်ဘဏ္ဍာနှစ်များအတွင်းက အစိုးရ၏ ဘတ်ဂျက်အား ခွဲဝေသုံးစွဲရာတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အတည်ပြုချက်ရယူခြင်း မရှိခဲ့သည့်အတွက် ဘတ်ဂျက်၏ အားနည်းချက်များအား ထောက်ပြပြောဆိုနိုင်မည့်သူ မရှိဖြစ်ခဲ့သည်။

ယခုဘဏ္ဍာနှစ်အတွက်ဘတ်ဂျက်ခွဲဝေသုံးစွဲမှုကိုမူ လွှတ်တော်၏ အတည်ပြုမှုကို ရယူမည်ဖြစ်သည့် အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစိုးရဘတ်ဂျက်၏ အားနည်းချက်အားသာချက်များအား ထောက်ပြဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။

ယခုလွှတ်တော်တွင် တင်သွင်းလာမည့် ဘတ်ဂျက် အဆိုတွင် ကျန်းမာရေး၊ ပညာရေးနှင့်ဆိုင်သည့် ဘတ်ဂျက်အား ယခင်ထက်ပို၍ရရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များက တောင်းဆိုသွားဖွယ်ရှိသည်ဟုသိရသည်။

"သာမန် ဖျားနာလို့ ဆေးခန်းသွားတာတောင်မဟုတ်ဘူး၊ ကွမ်းယာဆိုင် စပ်ဆေးလေးတစ်ခွက် နှစ်ခွက်သောက်ရင်တောင်သုံးလေးငါးရာဖြစ်နေတာ"ဟု ကမာရွတ်မြို့နယ်နေပြည်သူတစ်ဦးကပြောသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ကျန်းမာရေးဆိုင်ရာအသုံးစရိတ်များတွင် နှစ်စဉ်နည်းပါးနေသည့် အတွက် အားမလိုအားမရဖြစ်နေရကြောင်း သိရသည်။

"လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့လည်းပြည်သူတွေအပေါ်မှာ တာဝန်ကျေချင်ကြတယ်၊ ဘတ်ဂျက်နဲ့ပတ်သက်ပြီး ဆွေးနွေးတဲ့အခါမှာလည်း ကျန်းမာရေးနဲ့ပတ်သက်ပြီး ဘတ်ဂျက်မှာ ပိုထည့်ပေးဖို့အားလုံးနီးပါး ထောက်ခံကြတယ်"ဟု အလုံမြို့နယ်မဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က ပြောသည်။

နိုင်ငံ၏ဖွံ့ဖြိုးမှု နိမ့်ကျခြင်းသည် နိုင်ငံသားများ၏ကျန်းမာရေးအဆင့်အတန်းကိုလည်း နိမ့်ကျစေပြီး


စာ(၁၄)သို့





# လုပ်ငန်းလိုင်စင်မရှိသည့်ကြို/ပို့ယာဉ်များကို အရေးယူမည်ဟုဆို

**စိုင်းသာအောင်**

**မန္တလေး၊ ဇန်နဝါရီ-၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်အသီးသီးသို့ ကျောင်းသား/ကျောင်းသူများအားကြို/ပို့ယာဉ်အဖြစ် ဆောင်ရွက်ခွင့်ရရှိသော လိုက်ထရပ်များသည် လုပ်ငန်းလိုင်စင် (ဃ-လိုင်စင်)မရှိဘဲ ပြေးဆွဲနေမှုများရှိသဖြင့် စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါကြို/ပို့လိုက်ထရပ်ယာဉ်များအနက်အချို့သောယာဉ်များသည် လုပ်ငန်းလိုင်စင်မရယူဘဲ ယာဉ်နံပါတ်အနက်ပေါ်သို့ အနီရောင်စတစ်ကာများကပ်လျက်ပြေးဆွဲပြီး လုပ်ငန်းဆောင်ရွက်နေကြောင်း တိုင်ကြားစာများရရှိထားသည်ဟု မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းက ပြောသည်။

လိုင်စင်မရှိဘဲ တက္ကသိုလ်အသီးသီးတွင်ကြို/ပို့ယာဉ်အပြင် ဆောင်ရွက်နေကြသော လိုက်ထရပ်များ၊ အခြားတိုင်းဒေသကြီးများမှ မန္တလေးသို့ဝင်ရောက်ပြီး ကုန်များတင်ဆောင်ပြေးဆွဲနေသည့် လိုက်ထရပ်များကို ယာဉ်ထိန်းတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့တော်စည်ပင်၊ ပို့ဆောင်စီမံကိန်းဦးစီးဌာန၊ကုန်လမ်းပို့ဆောင်ရေးညွှန်ကြား ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီဒုတိယပတ်မှစတင်ပြီး စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ မန္တလေးမြို့တော်ဧရိယာတွင် ဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင် ပြုလုပ်၍ ကြို/ပို့ ပြေးဆွဲနေသောလိုက်ထရပ်ယာဉ် ၄၃၈ စီးရှိကြောင်း၊ ပို့/ဆက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ရန်ကုန်မြို့တစ်နေရာတွင် တပ်ဆင်ထားသော E-Policeမီးပွိုင့်တစ်ခု

# နေပြည်တော်ရှိ မီးပွိုင့်အချို့တွင် E-Police စနစ် တပ်ဆင်မည်

**ထူးသန့်**

**နေပြည်တော်၊ ဇန်နဝါရီ-၁၀**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ယာဉ်အသွားအလာထူထပ်သော မီးပွိုင့်အချို့တွင် အီလက်ထရွန်နစ်စနစ်ဖြင့် မှတ်သား အရေးယူနိုင်သော E-Police စနစ်တပ်ဆင်သွားရန်ရှိကြောင်း နေပြည်တော်ကောင်စီနှင့် ယင်းကိစ္စအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် အေးချမ်းမေတ္တာကုမ္ပဏီမှ သတင်းရရှိသည်။

ရန်ကုန်မြို့တော်ရှိ ယာဉ်ကြောရှုပ်ထွေးများပြားသောမီးပွိုင့်အချို့တွင်လည်း အဆိုပါစနစ်ကို တပ်ဆင်ဆောင်ရွက်ပေးနေသည့် အထက်ပါကုမ္ပဏီ၏ စီအီးအိုဦးဇော်ဝင်းက "ဒီစနစ်တပ်ထားခြင်းအားဖြင့် မီးပွိုင့်မှာ ယာဉ်ထိန်းတာဝန်ယူနေစရာမလိုတော့ဘူး။ ကင်မရာကနေ မီးနီဖြတ်ယာဉ်တွေ၊ အရှိန်လွန်တဲ့ယာဉ်တွေ၊လမ်းကြောင်းမှားတဲ့ ယာဉ်တွေစသဖြင့်ပေါ့။ အဲဒါကို မှတ်တမ်းရိုက်ကူးထားနိုင်မယ်။ ဒါကိုစတေရှင်ကနေစောင့်ကြည့်ဖမ်းယူနိုင်တယ်"ဟုပြောသည်။ အဆိုပါလုပ်ငန်းအတွက် ကုမ္ပဏီဘက်မှ BOT စနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကာနှစ်ကာလတစ်ခုအထိလုပ်ကိုင်ရမည်ဖြစ်ပြီး ရန်ကုန်မြို့တော်တွင်မူ ၁၁ နှစ်ခန့်လုပ်ကိုင်ခွင့်ရရှိကြောင်း၊ နေပြည်တော်တွင်လည်းခွင့်ပြုချက်ရပါက ရရှိသည့်မီးပွိုင့်ကို လေ့လာ၍ ဆောင်ရွက်သွားရန် အသင့်ရှိနေကြောင်း ၎င်းက ထပ်မံပြောကြားသည်။

မြို့ပြဧရိယာအပြန့်ကျယ်ပြီး လမ်းမကျယ်ကြီးများ အများအပြားတည်ရှိရာ နေပြည်တော်တွင် ယာဉ်ထိန်းများမျက်ကွယ်၌ စည်းကမ်းချိုးဖောက်မောင်းနှင်မှုများအား ဟန့်တားနိုင်ရန် ယခုစနစ်မှာ သင့်တော်ကြောင်း ယာဉ်စည်းကမ်းကော်မတီဝင်တစ်ဦးက မှတ်ချက်ပေးပြောဆိုသည်။ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအနေဖြင့်ကြပ်ကြပ်မတ်မတ်ဆောင်ရွက်လျက်ရှိသည့်ကြားကပင် တစ်နှစ်ထက်တစ်နှစ် ယာဉ်မတော်တဆမှုကြောင့်သေဆုံးသူမြင့်တက်နေပြီး ၂၀၀၉ ခုနှစ်က ၁၁၇ ဦး၊ ၂၀၁၀ ပြည့်နှစ်က ၁၇၈ဦးနှင့် ၂၀၁၁ ခုနှစ်တွင် ၂၁၂ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

# ရွှေဘိုဒေသထွက် စပါးသစ်အဝယ်သွက်

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ- ၁၁**

မြန်မာနိုင်ငံအထက်ပိုင်းစပါးကျီဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်အတွင်း စပါးစိုက်ခင်းများတွင် မိုးစပါးရိတ်သိမ်းခြွေလှေ့ချိန်တွင်သိုလှောင်ထားသောစပါးအဟောင်းထက် မိုးစပါးအသစ်များသိုလှောင်ရန် ဝယ်ယူသူ ပိုမိုများပြားသဖြင့်နှစ်စဉ်စပါးဈေးကျဆင်းခဲ့သော်လည်း ယခုနှစ်တွင် စပါးသစ်က ဈေးပိုရဖွယ် ရှိနေကြောင်း ရွှေဘိုခရိုင်ရေဦးမြို့ဒေသခံ မိုးစပါးစိုက်တောင်သူများက ပြောသည်။



ဓာတ်ပုံ-အားမာန်

*ရွှေဘိုမြို့နယ် ကျေးရွာတစ်ရွာတွင် မိုးစပါးရိတ်သိမ်းပြီး သယ်ယူခြွေလှေ့နေသော ဒေသခံများကိုတွေ့ရစဉ်*

"အခု မိုးစပါးကောက်ကြီးပေါ်ချိန်မှာ စပါးဈေးက သိသိသာသာမကျဘူး။ ပုံမှန်နှစ်တွေလို ဈေးမပြောင်းဘူးဆိုပေမယ့် ဈေးကွက်ဝယ်လိုအားက စပါးအသစ်ကိုဝယ်ပြီး စပါးအဟောင်းတွေမဝယ်ဘူး။ စပါးအသစ်နဲ့အဟောင်းကဈေးသိပ်မကွာတော့စပါးအသစ်ပိုဝယ်ကြတယ်။ မိုးစပါး အသစ်ပေါ်ချိန်မှာ စပါးအကြမ်း သက်နုစပါးကတစ်တင်းကို ၃,၃၀၀ ဈေးရှိတယ်။ ပေါ်ထွန်း(အကြား တစ်တင်း)၃,၅၀၀ ဈေးရှိတယ်။ စောရှုပ်က ၃,၈၀၀ ဈေးရှိတယ်။ ရွှေဘိုဘေးကြားက စပါးတင်းတစ်ရာကို ခုနစ်သိန်းဝန်းကျင်အထိ ဈေးကောင်းရနေတယ်။ ရွှေဘိုဘေးကြားက ဆန်အဟောင်းလှောင်လက်မရှိဘူး။ ဆန်အသစ်ပဲဈေးကွက်မှာ အရောင်းအဝယ်ဖြစ်နေတယ်"ဟု ရွှေဘိုခရိုင်ရေဦးမြို့ဒေသခံဆန်စပါးကုန်သည်တစ်ဦးက ပြောသည်။

"ဒီပဲယင်းမြို့နယ်မှာအစိုက်များတာကတော့ ဧရာမင်းဆန်ပိုများတယ်။ ပြီးခဲ့တဲ့ မိုးစပါး အဟောင်း ဧရာမင်းတင်းတစ်ရာကို ငါးသိန်းဝန်းကျင်ရှိတယ်။ စောရှုပ်ကလည်းတင်းတစ်ရာငါးသိန်းဝန်းကျင်ရှိတယ်။ အချို့ကဧရာမင်းဆိုပြီး ရောရောင်းတာလည်း ရှိတယ်။ ဈေးကွက်မှာအမြင့်ဆုံးဈေးလည်းရပြီးအဟောင်းလှောင်လက်လည်းမရှိတဲ့ရွှေဘိုဘေးကြားက တင်းတစ်ရာ ခုနစ်သိန်း ဝန်းကျင်ရှိတယ်။ ပြီးခဲ့တဲ့ မိုးစပါးပေါ်ချိန်မှာလည်း ရွှေဘိုဘေးကြားက တင်းတစ်ရာခြောက်သိန်းဝန်းကျင်နဲ့ ဈေးစဖွင့်ခဲ့တာ အခုစပါးသစ်ပေါ်ချိန်မှာ ခုနစ်သိန်းဈေးနဲ့ ဈေးစဖွင့်တယ်။ ရွှေဘိုဘေးကြားအရင်နှစ်တုန်းက တင်းတစ်ရာကို အမြင့်ဆုံးဈေး ကိုးသိန်းဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်ခဲ့တာ ဒီနှစ်တော့ ဆန်စပါးကုမ္ပဏီတွေ ဈေးကွက်ဝယ်လိုအားအရ ဆန်ဈေးတက်ရင် အမြင့်ဆုံးဈေးက ကျပ်ဆယ်သိန်းကျော်အထိဈေးတက်နိုင်ခြေရှိတယ်" ဟု ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၊ ပျော်ဘွယ်ကျေးရွာဒေသခံ ဆန်စပါး ကုန်သည်တစ်ဦးကပြောကြားသည်။

ရွှေဘိုခရိုင်အတွင်းစိုက်ပျိုးသောမိုးစပါးစိုက်ခင်းများကောက်ကြီးစပါးရိတ်သိမ်းချိန်တွင် ရွှေဘိုဘေးကြား ဆန်စပါးသည်ဈေးကွက်၌ အမြင့်ဆုံးမြင့်တက်ခဲ့ပြီး ဧရာမင်းဆန်သည်ဈေးကွက်တွင် အများဆုံး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

မုံရွာမြို့နယ်အတွင်းစိုက်ပျိုးသောမိုးစပါးစိုက်ခင်းများရိတ်သိမ်းချိန်တွင် ဧရာမင်းစပါးမှာ ဈေးကွက်တွင်ရောင်းချနိုင်ခြင်းမရှိဘဲ ဒေသတွင်းစားသုံးရန်သာစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

သက်နု စပါးမျိုးဖြစ်သည့် ဘီလ်အာရ်ရှိုင်းနှင့် ရွှေမြန်မာစပါးမှာတစ်တင်းလျှင်ကျပ် ၂,၅၀၀နှုန်းဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပြီးသက်ကြီးမနောသုခစပါးတစ်တင်းလျှင်ကျပ် ၃,၅၀၀ နှုန်းဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.44 · JANUARY 19, 2012

## မြန်မာ – ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သည်များပို့ကုန်ခွန် ဆက်လက်ကင်းလွတ်ခွင့်ပြုရန်လိုလား

မောင်ကံ

**မောင်တော၊ ဇန်နဝါရီ-၁၁**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မောင်တောဈေးကွက်တွင် တာကာငွေတန်ဖိုးများ ကျဈေးအတိုင်းရှိနေသည့်အတွက် ပြည်ပပို့ကုန်ပစ္စည်းများ၏ အခွန်ကင်းလွတ်ခွင့်ကို လက်ရှိအတိုင်းဆက်လက်ထားရှိရန် ကုန်သွယ်သူများက ပြောကြားသည်။

အမေရိကန် ဒေါ်လာငွေဈေးအပါအဝင် ကုန်သွယ်ဖက်နိုင်ငံများ၏ ငွေတန်ဖိုးများမှာကျဆင်းနေခဲ့သည့်အတွက် ပြည်ပပို့ကုန်ပစ္စည်းအချို့၏ ကုန်သွယ်လုပ်ငန်းခွင်ကိုစက်တင်ဘာလမှ ကင်းလွတ်ခွင့်ပြုခဲ့ရာ လာမည့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၄ရက်နေ့တွင် ကင်းလွတ်ခွင့်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် ကင်းလွတ်ခွင့်သက်တမ်းဆက်လက်တိုးမြင့်ပေးရန်လိုလားနေကြခြင်းဖြစ်ကြောင်း သိရသည်။



*ရခိုင်ပြည်နယ်မြောက်ပိုင်းတစ်နေရာတွင် ကုန်စည်များပို့ဆောင်ရန် ရေယာဉ်ပေါ်သို့အတင်အချပြုလုပ်နေသည်ကို တွေ့ရစဉ်*

ဓာတ်ပုံ – မောင်ကံ

"ကုန်သွယ်မှုကတော့ တာကာငွေတန်ဖိုးဆက်ကျနေတော့ ဒီအတိုင်းပါပဲ။ ကုန်သွယ်ခွန်လျှော့ထားလို့သာကုန်သွယ်သူတွေနည်းနည်းပါးပါး အဆင်ပြေနေတာပါ။ ကုန်သွယ်ခွန် ပြန်ကောက်မယ်ဆိုရင် ကုန်သွယ်မှုလုံးဝကျသွားနိုင်ပါတယ်"ဟုကုန်သည်တစ်ဦးက ပြောသည်။ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုထားသည့်အတွက် ကုန်သည်များသာမက ထုတ်လုပ်သူများ အကျိုးဖြစ်ထွန်းနိုင်ကြောင်း သိရှိရသည်။

## ပဲစင်းငုံများ ပိုးကျ၍ အထွက်လျော့

မိုးဇော်

**ကျောက်ပန်းတောင်း၊**
**ဇန်နဝါရီ- ၁၁**

ကျောက်ပန်းတောင်းမြို့နယ်တွင် ပဲစင်းငုံစိုက်ခင်းများပိုးကျသဖြင့် အထွက်လျော့ခဲ့ပြီး အပင်ကိုသာ ခုတ်သိမ်းရကာအစေ့လုံးဝမရသည်များရှိခဲ့ကြောင်း တောင်သူများထံမှ သိရသည်။

"မနှစ်က မိုးကောင်းတော့ အပွင့်ကလည်း အပင်က ကိုင်းတွေညွှတ်နေအောင်ပွင့်တာ ဒီနှစ်တော့ ပဲစင်းငုံအထွက်ပိုလိမ့်မယ်ထင်ခဲ့တာ။ မနှစ်က တင်းနှစ်ဆယ်ရတယ်။ ယခုတင်းငါးတင်းဝန်းကျင်ပဲသိမ်းရတယ်။ တစ်ခင်းကတော့ အပင်က အသီးလုံးဝမရှိဘူး။ လူငှားပြီးအပင်ကိုခုတ်မီးရှို့ရမယ်။ အရင်အထွက်နဲ့တွက်ရင် လေးငါးသိန်းခန့်အရနည်း ခဲ့ပါတယ်။ မသိမ်းရတဲ့ တောင်သူတွေအတွက် အခင်းရဲ့အကျယ်အဝန်းကိုမူတည်၍ ပိုပြီးရှုံးပါတယ်"ဟု အမြောင်ကံကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။

ပဲမာမျိုးစုံများတွင် ပဲစင်းငုံသီးနှံသည် ကျေးလက်နေ တောင်သူများ၏ မြေပဲနှင့် နှမ်းအပြင် တတိယမြောက်အားထားရာဖြစ်ပြီး ပဲစင်းငုံသည် တစ်နှစ်တစ်ရာသီတွင် အနည်းဆုံးကျပ်ငါးသိန်းမှ သိန်း ၄၀ ဝန်းကျင်ထိရကြ၍ စီးပွားဖြစ်စိုက်ပျိုးကြသည်။

"ပိုးသတ်ဆေးတွေကတော့ ဝယ်ဖျန်းပါတယ်။ ဒါပေမဲ့ ပိုးသေပေမယ့် အခြားစိုက်ခင်းတွေကပြန်ပြီးကူးတယ်။ ပိုးသတ်ဆေးသုံးရင် အခင်းတွေ တစ်ပြိုင်တည်းသုံးမှကောင်းတယ်"ဟုဒေသခံတောင်သူဦးသန်းအောင်က ပြောသည်။ ပဲစင်းငုံသည် အထွက်ညံ့သည့်အပြင် ဈေးကွက်တွင် ပိဿာ ၂၀ တစ်တင်းလျှင် ၁၄,၀၀၀ ကျပ် ဈေးရှိကြောင်း သိရသည်။






7 DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012

## ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်သူများတွင် အလုပ်လုပ်ကိုင်နိုင်သည့် ဦးရေ ၇၀ ရာခိုင်နှုန်းကျော်ပါဝင်

**ထူးသန့်**

**နေပြည်တော်၊ ဇန်နဝါရီ-၁၀**

နေပြည်တော်ကောင်စီနယ်မြေ၌ ၂၀၁၁ ခုနှစ်အတွင်းဖြစ်ပွားခဲ့သောယာဉ်မတော်တဆမှုများကို လေ့လာထားသည့် စစ်တမ်းအရ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်သူများတွင် နိုင်ငံအတွက် အလုပ်လုပ်ကိုင်နိုင်သည့်လူလတ်ပိုင်းများက ၇၇ ရာခိုင်နှုန်းခန့်ပါဝင်နေကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အဆိုပါလေ့လာမှုစစ်တမ်းကို ကျန်းမာရေးဝန်ကြီးဌာနက ပြုစုခဲ့ခြင်းဖြစ်ပြီး စစ်တမ်းအရ အသက် ၁၅နှစ်မှ ၄၄နှစ်အတွင်းရှိသူများ ပါဝင်နေမှုမှာ ၂၄၁၇ ဦး (၇၇ရာခိုင်နှုန်း)နှင့် လူကြီးနှင့် ကလေးအရွယ်များပါဝင်မှုက၇၂ဦး (၂၂ဒသမ၉ရာခိုင်နှုန်း)ရှိကာစုစုပေါင်းအရေအတွက် ၃၀၀၀ကျော်ပါဝင်ခဲ့ကြောင်း စစ်တမ်းတွင်ဖော်ပြထားသည်။

ယာဉ်တိုက်မှုဖြစ်ရသည့် အကြောင်းရင်းများတွင်လည်းမဆင်မခြင်မောင်းမှုနှင့်အရှိန်ပြင်းမောင်းနှင်မှုများက အများဆုံးပါဝင်နေပြီး ထိုသို့ဖြစ်ရသည့် အကြောင်းရင်း ၁၂ခုအနက် မဆင်မခြင်မောင်း၍ ယာဉ်တိုက်မှုမှာ ၂၀၁၀ ခုနှစ်တွင် ၂၅ ဒသမ ၆၀ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ၂၄ ဒသမ ၁၈ ရာခိုင်နှုန်းပါဝင်ကာ အရှိန်ပြင်းမောင်းနှင်မှုကြောင့် ဖြစ်ရသည့် ယာဉ်တိုက်မှုမှာလည်း ၂၀၁၀ပြည့်နှစ်တွင် (၂၇ ဒသမ ၇၁ ရာခိုင်နှုန်း)နှင့် ၂၀၁၁ ခုနှစ်တွင် ၂၇ ဒသမ ၉၀ ရာခိုင်နှုန်း အသီးသီးပိုဝင်နေကြောင်း သိရသည်။

"အကြောင်းရင်း ၁၂ခုထဲမှာ ဒီနှစ်ခုကြောင့်ဖြစ်ရတာက ထက်ဝက်ကျော်တယ်။ အဲဒါကြောင့်လည်း ပိုပြီးကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု နေပြည်တော်ယာဉ်စည်းကမ်းကော်မတီဝင်တစ်ဦးကပြောကြားသည်။ ပြည်ပနိုင်ငံအချို့၌ ဆယ်နှစ်နီးပါးကြာတာဝန်ထမ်းရင်း အတွေ့အကြုံရှိခဲ့သော အရာထမ်းတစ်ဦးကမူ "လူငယ်တွေအရေးကို ဦးစားပေးအဖြေရှာသင့်တယ်။ သူတို့ကို ပိတ်ဖမ်း၊ လိုက်ဖမ်းလို့ အဆင်မပြေနိုင်ဘူး။ သူတို့ကို ဟီးရိုးလုပ်ဖို့၊ ပေါက်ကွဲပြဖို့အတွက် အားကစားလိုဟာမျိုးနဲ့ လမ်းကြောင်းလွှဲပေးသင့်တယ်။ အဲဒါဆို အားကစားလည်း ဖွံ့ဖြိုးလာမယ်"ဟူ၍ အကြံပြုပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းယခင်က စီမံခန့်ခွဲမှုဒဏ်ငွေနှစ်သောင်းကျပ်ဖြင့်လည်းကောင်း၊ ပြီးခဲ့သည့်ဇူလိုင်မှစ၍ ငွေဒဏ်တစ်သိန်းအထိ ထောင်ဒဏ် ၃လအထိ ကျခံရနိုင်သည့် စည်ပင်ဥပဒေပုဒ်မ ၂၆ဖြင့်လည်းကောင်း အသိပေးအရေးယူခဲ့သော်လည်း ယာဉ်တိုက်မှုကြောင့်သေဆုံးမှုနှုန်း မြင့်တက်လျက်ရှိကာ ၂၀၁၁ ခုနှစ်အတွင်း ၂၀၂ဦး သေဆုံးခဲ့ကြောင်း သိရသည်။

## ၂၀၁၄ တွင် ရခိုင်ပြည်နယ် တောင်ပိုင်း ၂၄ နာရီမီးရမည်ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ- ၁၃**

၂၀၁၄ ခုနှစ်တွင် ရခိုင်ပြည်နယ်တောင်ဘက်ခြမ်းတစ်ခြမ်းလုံး ၂၄ နာရီလျှပ်စစ်မီးရရှိမည်ဟု အမှတ် (၂)လျှပ်စစ်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြောသည်။

"၂၀၁၄ မှာ အမ်းကနေပြီး ရခိုင်ပြည်နယ်တောင်ဘက်ခြမ်းတစ်ခြမ်းလုံး ၂၄ နာရီမီးပေးသွားမယ်"ဟု ဝန်ကြီးကပြောကြားခဲ့သည်။ အဆိုပါအစီအစဉ်ကို အကောင်အထည်အမြန်ဆုံးဖော်ဆောင်နိုင်ရန်လည်း နိုင်ငံတော်အကြီးအကဲများမှ ပြောကြားထားကြောင်းဝန်ကြီးက အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

၎င်းစီမံကိန်းနှင့်ပတ်သက်သော ပစ္စည်းအားလုံးကိုလည်း ဝယ်ယူနေပြီဖြစ်ကြောင်း သိရသည်။ နိုင်ငံခြားမှ ရောက်ရှိလာသော ပစ္စည်းများဖြင့် စတင်လုပ်ဆောင်ပြီး ကျောက်ဖြူမြို့နယ်မှ အောက်ပိုင်းတစ်ခုလုံး ၂၄ နာရီမီးရရှိမည်ဖြစ်ရာ နောက်အကျဆုံး ၂၀၁၄ ခုနှစ်တွင် အားလုံးမီးရမည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်သည် National Grid ပြီးပါက ၂၄ နာရီ မီးရရှိမည်ကို ဒီဘက်အခြမ်းကို မီးရရှိရေး အာမခံသွားမည်ဟုလည်း ပြောကြားခဲ့သည်။

၎င်းဒေသကို စွမ်းအင် ဝန်ကြီးကလည်း သဘာဝဓာတ်ငွေ့ဖြင့် မီးပေးရန်စီစဉ်နေပြီး ယင်းစီမံကိန်းမှာ ၂၀၁၅မှသာစတင်ရရှိနိုင်ကာ ထိုအချိန်၌ လျှပ်စစ်ဝန်ကြီးဌာနစီမံကိန်းမှ ရခိုင်ပြည်နယ်၏ ၇၅ရာခိုင်နှုန်းခန့်မှာလျှပ်စစ်မီး ၂၄ နာရီရမည်ကိုလည်း ခန့်မှန်းပြောကြားခဲ့သည်။

## မန္တလေး – မူဆယ်လမ်း ရေပူစစ်ဆေးရေးဂိတ် ဖျက်သိမ်း

**စိုင်းသာအောင်**

**မန္တလေး၊ ဇန်နဝါရီ- ၁၁**

မန္တလေး-မူဆယ်လမ်းခရီးတွင် အရေးကြီးသော စစ်ဆေးရေးဂိတ်တစ်ဂိတ်ဖြစ်သော ရေပူစစ်ဆေးရေးဂိတ်ကို မကြာမီရက်ပိုင်းက တာဝန်ရှိသူများက ဖျက်သိမ်းလိုက်ကြောင်း မန္တလေး-မူဆယ် အဝေးပြေးကုန်တင်ကားဂိတ်မှူးနှင့် ယာဉ်မှူးများထံမှ သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ မန္တလေးကျွဲဆည်ကန်ရှိမန္တလေး-မူဆယ်ကုန်တင်ကားအသင်းဂိတ်မှူးများ၊ ယာဉ်မှူးများနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ဂိတ်မှူးတစ်ဦးက "မန္တလေး-မူဆယ် ကားလမ်းမှာ အဓိက စစ်ဆေးရေးဂိတ်သုံးခုရှိပါတယ်။ ၁၆ မိုင်၊ အုန်းချောစစ်ဆေးရေးဂိတ်၊ ရေပူဂိတ်နဲ့ ၁၀၅ မိုင်ဂိတ်တို့ ဖြစ်ပါတယ်။ ဒီဂိတ်တွေက အဝေးပြေးကုန်တင်ကားတွေနဲ့ လူစီးကားတွေကို ကန့်သတ်ကုန်ပစ္စည်းတွေပါ၊ မပါတင်ဆောင်လာသော ကုန်ပစ္စည်းများမှန်ကန်မှုရှိ၊ မရှိပြည်သူ့ရဲ့လဝက၊ အကောက်ခွန်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနဲ့ တာဝန်ရှိသူတွေက ပူးပေါင်းစစ်ဆေးပါတယ်။ ကုန်တင်ကားတွေနဲ့ပတ်သက်ပြီး ၁၀၅ မိုင်နဲ့ ရေပူဂိတ်တို့က ညနေ ၆ နာရီကျော်ရင် ဖြတ်သန်းခွင့်မပြုပါဘူး။ မန္တလေးအဝင် ၁၆ မိုင် ဂိတ်ကတော့ ည ၈ နာရီအထိ ဆောင်ရွက်ပေးပါတယ်။ ယခင်ကထက်စာရင်တော့ ဂိတ်တစ်ဂိတ်လျော့သွားတော့ကောင်းပါတယ်" ဟု ပြောသည်။

မန္တလေး-မူဆယ် ၁၂ ဘီးကုန်တင်ယာဉ်မှူးတစ်ဦးက "အာဆီယံစံနှုန်းအရ ကုန်ကားတွေကို သတ်မှတ်စံချိန်အတိုင်း တင်နေကြပါပြီ။ ဒါကြောင့်မို့ ဂိတ်တွေစစ်ဆေးရတာလည်း အရင်လိုသိပ်မကြာတော့ပါဘူး။ ယခင်က စစ်ဆေးရေးဂိတ်သုံးဂိတ်ဖြတ်ရတော့ အချိန်ကုန်လူပန်းဖြစ်ရပါတယ်။ ကျွန်တော်တို့ကုန်ကားကြီးတွေလည်း တန်ပိုမတင်တော့ဘူး။ တန်ပိုဒဏ်ကြေးက တအားများလွန်းတော့ သတ်မှတ်နှုန်းအတိုင်းတင်ရပါတယ်။ စစ်ဆေးရေးဂိတ်တစ်ဂိတ် လျော့သွားတယ်။ ကောင်းပါတယ်။ အချိန်ကုန်သက်သာတယ်။ ငွေကုန်လည်း သက်သာတယ်။ စစ်ဆေးရေးဂိတ်တွေများလွန်းတာ မကောင်းပါဘူး။ ဒါဟာမန္တလေး-မူဆယ်ကုန်သွယ်မှုလမ်းကြောင်းမှာ ကောင်းမွန်တဲ့ ဆောင်ရွက်ချက်တစ်ခုပါပဲ" ဟု ၎င်း၏အမြင်ကို ပြောသည်။

မန္တလေး-မူဆယ်လမ်း ရေပူစစ်ဆေးရေးဂိတ်ဖျက်သိမ်းလိုက်သဖြင့် မန္တလေး-မူဆယ် ကုန်တင်မှုများပြီးကုန်ချိန်တစ်ပိဿာ ၈၀ကျပ်မှ ၁၀၀ ထိဖြစ်သွား၍ မူဆယ်ဘက်မှကုန်မှာ အဝင်နည်းပြီး တစ်ပိဿာ ၆၀ ကျပ်နှုန်းခန့်သာ ရှိကြောင်း၊ ယခုရက်ပိုင်းတွင် မန္တလေးမှ ဖရဲသီး၊ ပြောင်းဖူးစေ့တို့ မူဆယ်သို့တင်နေကြကာ ဖရဲသီးကားကြီးတစ်ကားကုန်တင်ခ ကျပ်ရှစ်သိန်းခန့်ပေးရကြောင်း ဖရဲသီးကုန်သည်များထံမှသိရသည်။

မန္တလေး-မူဆယ်လမ်းတွင် ရေပူစစ်ဆေးရေးဂိတ် ဖျက်သိမ်းလိုက်သဖြင့် တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများမန္တလေးဘက်သို့ မဝင်ရောက်နိုင်ရေး အတွက်မန္တလေး-မူဆယ်လမ်းခရီး၌ ရှောင်တခင် စုပေါင်းစစ်ဆေးရေးအဖွဲ့များက ဒေသဆိုင်ရာ တာဝန်ရှိသူများကွပ်ကဲကြီးကြပ်မှုဖြင့် စစ်ဆေးမှုများရှိနိုင်ကြောင်း မန္တလေး ၈၃ လမ်းမှ တရုတ် လျှပ်စစ်ပစ္စည်းရောင်းသူ ဆိုင်ရှင်တစ်ဦးက ပြောသည်။

## ကန့်ဘလူမြို့ မဟာရွှေစေတီတော်ကြီး (၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မုံရွာဘုရားစုံဖူး ခရီးစဉ်ပြေးဆွဲမည်

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ-၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့မဟာရွှေစေတီတော်ကြီး (၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်သို့ ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)မှ ဦးဆောင်၍ အသွား၊ အပြန်ရထားစင်းလုံးငှား(၈) ရက်ခရီးစဉ်တွင် မုံရွာဒေသဘုရားဖူးခရီးစဉ်ထည့်သွင်းရန် စီစဉ်ထားကြောင်း ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌဦးနိုင်ဝင်းက ပြောကြားသည်။

"ကန့်ဘလူမြို့မဟာရွှေစေတီတော်ကြီး (၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်မှာ ပင့်သံဃာ(၄၅)ပါးဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကိုဖေဖော်ဝါရီလ(၄)ရက်ကနေ(၁၁)ရက်အထိ(၈)ရက်ကြာ ရထားစင်းလုံးငှားခရီးစဉ်ပြေးဆွဲမှာဖြစ်ပါတယ်။ အပြန်ခရီးမှာ မုံရွာဒေသဘုရားစုံဖူးခရီးစဉ်ကိုထည့်သွင်းထားပါတယ်။နှစ်စဉ်နှစ်တိုင်း ကန့်ဘလူမြို့နယ်အသင်းကဦးဆောင်ပြီးမဟာရွှေစေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို အသွားအပြန်စီစဉ်ပေးပါတယ်။ဘုရားဖူးလိုက်ပါလိုသူတွေအနေနဲ့ဇန်နဝါရီလ (၂၁) ရက်နောက်ဆုံးထား စာရင်းပေးသွင်းဖို့နှိုးဆော်ထားပါတယ်" ဟုဦးနိုင်ဝင်းက ပြောကြားသည်။

## တစ်ပိုင်တစ်နိုင် ပစည်းသယ်ယူခွင့်ကို တာကာငွေလေးရာဖိုးသာ သတ်မှတ်

**မောင်ကံ**

**မောင်တော၊ ဇန်နဝါရီ-၁၁**

မောင်တောနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်သို့ နေ့စဉ်ကူးသန်းသွားလာနေကြသည့် တစ်ပိုင်တစ်နိုင်ကုန်သည်များ၏ ပစ္စည်းသယ်ယူခွင့်ကို ဘင်္ဂလားဒေ့ရှ်တာကာငွေလေးရာဖိုးသာ သတ်မှတ်လိုက်သည့်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားသူဦးရေနည်းနေကြောင်း သိရသည်။

"ဇန်နဝါရီ ၅ရက်လောက်ကစပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက နယ်ခြားစောင့်တပ်ဘီဒီအာရ်တွေက ကန့်သတ်လိုက်တာဖြစ်ပါတယ်။ တာကာလေးရာဖိုးက အခုပေါက်ဈေးနဲ့ဆိုရင် မြန်မာငွေ ၃,၈၀၀ လောက်သာရှိပါတယ်။ တာကာလေးရာဖိုးနဲ့ ပစ္စည်းယူသွားလို့ ဘုတ်စရိတ်တောင် မရပါဘူး"ဟု တစ်ပိုင်တစ်နိုင်ကုန်သွယ်သူတစ်ဦးက ပြောသည်။

ပစ္စည်းသယ်ယူခွင့်တန်ဖိုး သတ်မှတ်လိုက်သည့်အတွက် မောင်တောနယ်စပ်မှ ကူးသန်းသွားလာသူထက်ဝက်ကျော် လျော့ကျသွားကြောင်း သိရသည်။ တစ်ပိုင်တစ်နိုင်ကုန်သွယ်သူများ ကူးသန်းသွားလာမှုနည်းပါးခြင်းနှင့်အတူ တာကာငွေလဲလှယ်မှုဈေးကွက်မှာလည်း အေးလာပြီး တာကာငွေတန်ဖိုးများ ကျဆင်းလာကြောင်း သိရသည်။

## အဆိပ်ချငါးဖမ်းမှုများပြားလာ

**ပိုင်စိုး**

**သံတွဲ၊ ဇန်နဝါရီ-၁၁**

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဂျိတ္တောင်းငါးဖမ်းဇုန်အနီးတွင် အဆိပ်ချငါးဖမ်းသူများပြားလာသဖြင့် ကျော့ပိုက်များငါးအရနည်းနေပြီး ရေရှည်တွင် သန္တာကျောက်တန်းများ ပျက်စီးကာ ငါးသယံဇာတရှားပါးလာနိုင်ကြောင်းရေလုပ်ငန်းရှင်များက ပြောကြားသည်။

အဆိပ်ချဖမ်းဆီးသူများမှာ ကျောက်ပုစွန်နှင့် ဈေးကောင်းရသော ကျောက်ငါးများကို အဓိကဖမ်းဆီးကြပြီး ၎င်းဆေးများကြောင့် ကျော့ပိုက်များဖြင့် ဖမ်းဆီးသည့်နေရာသို့ ငါးများမလာနိုင်တော့ ဟု ဆိုသည်။

"သူတို့ကရေအောက်ကျောက်တန်းတွေရဲ့အပေါ် ဘက်မှာကျောက်ချပြီးနေတယ်။ လှေပေါ်မှာ ရေငုပ်ကိရိယာတွေပါတယ်။ ရေငုပ်ပြီးတော့ ငါး၊ ပုစွန်ရှိနိုင်တဲ့ ကျောက်တွေကို ပိုက်လုံးကနေတစ်ဆင့်ဆေးထည့်လိုက်တာ" ဟု ဂျိတ္တောမှ ရေလုပ်ငန်းရှင်ဦးသန်းနိုင်ကြီးက ပြောကြားသည်။

ယင်းကဲ့သို့ဖမ်းဆီးမှုများမှာယခင်ကတည်းကရှိခဲ့သော်လည်းယခုအခါ လှေစင်းရေ ၅၀ခန့်အထိ များပြားလာသဖြင့် ကမ်းနီးငါးဖမ်းလုပ်ငန်းတွင် အခက်အခဲဖြစ်လာကြောင်း သိရသည်။ ဆေးချခံရသည့် သန္တာကျောက်တန်းများမှာ ပျက်စီးသွားပြီး ငါးများခိုအောင်းနိုင်ခြင်းမရှိတော့ကြောင်း သိရသည်။

"အဲဒီဆေးအာနိသင်က ရေထဲမှာ တော်တော်ကြာကြာနေနိုင်တယ်။ ရေစီးကြောင်းတွေအတိုင်း ပါသွားတတ်တော့ ငါးအုပ်တွေ မလာနိုင်တော့ဘူး" ဟု လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးစောမင်းထွန်းက ပြောကြားသည်။

၎င်းကိစ္စအား ခရိုင်ငါးလုပ်ငန်းဦးစီးဌာနသို့တင်ပြထားပြီး "ရေလုပ်ငန်းရှင်တွေကို ဒီအကြောင်းပညာပေးဟောပြောဖို့ စီစဉ်နေပါတယ်"ဟု ကျော့ပိုက်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဦးကျော်စိုးက ပြောသည်။

# ပြည်ပသို့အမျိုးသမီးအလုပ်သမားစေလွှတ်နိုင်ရန် လိုင်စင်လျှောက်ပါက အချက်အလက်ပြည့်စုံရန်လို

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ- ၁၅**

ပြည်ပနိုင်ငံများသို့အမျိုးသမီးအလုပ်သမားများစေလွှတ်ရန်ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများက သက်ဆိုင်ရာဌာနသို့ လျှောက်ထားရာတွင် အချက်အလက်အတိအကျအပြည့်အစုံပါမှသာ ခွင့်ပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"Job Offer တင်တဲ့အခါမှာ အလုပ်ချိန်၊ အလုပ်အမျိုးအစားနဲ့ အလုပ်နေရာတို့ကို တိတိကျကျ ပါရှိရမယ်လို့ ၈ ရက်(ဇန်နဝါရီ ၈) အစည်းအဝေးမှာ ညွှန်ချုပ်က ရှင်းပြတယ်" ဟု အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက ပြုလုပ်သော အစည်းအဝေးသို့တက်ရောက်ခဲ့သူ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလုပ်ချိန်နှင့် ပတ်သက်၍ ဖော်ပြရာတွင် အလုပ်ချိန်၊ အပိုချိန်အတိအကျနှင့်အပိုချိန်အတွက် ပေးမည့် ငွေပမာဏကိုပါ ဖော်ပြရမည်ဖြစ်ပြီး အလုပ်အမျိုးအစားကိုလည်း အတိအကျဖော်ပြရမည်ဖြစ်သည်။

ထို့အပြင် အလုပ်လုပ်ရမည့်နေရာအား အတိအကျ ဖော်ပြရမည်ဖြစ်ပြီး ပို့ဆောင်ပေးမည့်သူနှင့်တစ်ဖက်နိုင်ငံမှလာရောက်ကြိုဆိုမည့်သူကိုလည်း ဖော်ပြပေးရမည်ဖြစ်သည်။

"ထူးခြားချက်နောက်တစ်ခုက အလုပ်ရှင်နဲ့ အလုပ်သမားချုပ်မယ့် စာချုပ်မှာ အလုပ်ရှင်ရဲ့ ရာထူးနဲ့ ဆက်သွယ်ရမယ့် လိပ်စာကို အတိအကျဖော်ပြပေးရမယ်" ဟု အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုနှစ်ဇန်နဝါရီလမှစ၍ ထိုင်း၊စင်ကာပူနှင့်မလေးရှားနိုင်ငံများသို့အမျိုးသမီးအလုပ်သမားများ တရားဝင်စေလွှတ်ခွင့်ပြုမည်ဟု သက်ဆိုင်ရာက ထုတ်ပြန်ခဲ့သည်။



ဓာတ်ပုံ- asiafoundation.org

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

ယာဉ်မောင်း-ကျား(၁)ဦး၊အသက်(၃၀)နှစ်အထက်၊ဘွဲ့ရ၊ဆေးလိပ်၊ အရက်မသောက်သူ၊ ကွမ်းမစားသူဖြစ်ရမည်။ ကျန်းမာရေးနှင့် အကျင့် စာရိတ္တ ကောင်းမွန်ရမည်။ ရန်ကုန်မြို့အတွင်း ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။

**ဆက်သွယ်ရန်-လပြည့်ဝန်းပလာဇာ(၁၀)လွှာ၊ ဒဂုံမြို့နယ်။**

-------------------------

Great Auto Co., Ltd-အတွက် Manager - Male/Female (3) Posts

No.15-16-17-18, Thamain Bayan Road. Mitta Yeik Mon Housing, third floor of orange supermarket.

-------------------------

အရောင်းဝန်ထမ်း - ဘွဲ့ရ(မ) ၁၀ - ဦး၊ ယာဉ်မောင်း ၅ -ဦး၊

**ဖုန်း-၆၆၀၂၈၃၊ ၆၆၃၃၁၇**

-------------------------

Merchandiser -M/F(2)Posts, Electrician (လျှပ်စစ်ကျွမ်းကျင်) - M (2)Posts

No.15-16-17-18, Thamain Bayan Road. Myittar Yeik Mon Housing, Tarmwe Tsp.

-------------------------

Cashier -(မ)၊ အရောင်းဝန်ထမ်း (ကျား၊မ)၊ သန့်ရှင်းရေးဝန်ထမ်း (ကျား၊မ)၊ လုံခြုံရေးဝန်ထမ်း (ကျား)

**ဖုန်း-၂၅၀၇၄၄**

-------------------------

မိန်းမဝတ် Fashion Designer အမျိုးသမီးအလိုရှိသည်။

**ဖုန်း-၀၉-၇၃၂၄၁၇၀၀**

-------------------------

National International Commercial Enterprise Ltd. Sales and Promotion -(2)post (M/F)

**Ph: 01- 243627, 09-2450773**

-------------------------

Zawgyi House Cafe အတွက် Juicer -ကျား(၂)ဦး၊ Waiter -ကျား(၃)ဦး

**ဖုန်း-၃၈၀၃၉၈၊ ၂၅၆၃၅၅၊ (လိုင်းခွဲ-၃၀၂၇)**

-------------------------

သောက်ရေသန့်လုပ်ငန်းအတွက် အလုပ်သမားအလိုရှိသည်။

**ဖုန်း-၆၆၇၂၀၅**

-------------------------

model & dancer ဝါသနာပါသော လူငယ်(ကျား၊မ) အလိုရှိသည်။

**ဖုန်း-၀၉-၂၂၂၈၃၈၀၊ ၀၉-၅၄၁၇၆၅၈**

-------------------------

တီဗီကြော်ငြာ ရိုက်ကူးရန် အမျိုးသားမော်ဒယ်သရုပ်ဆောင် (၅) ဦး အလိုရှိသည်။

**ဖုန်း-၃၇၄၀၆၂**

-------------------------

ပညာရေးဝန်ဆောင်မှုလုပ်ငန်းအတွက် B.Ed ဆရာ/မ (၄)ဦး၊ M.Ed ဆရာ/မ(၄)ဦး၊ အင်္ဂလိပ်စာဆရာ/မ (၄)ဦး၊

**ဖုန်း-၀၉-၄၃၁၄၀၉၁၀**

-------------------------

Graphic Design ကျွမ်းကျင်-(ကျား၊မ)၊ Photoshop ကျွမ်းကျင် -(ကျား၊မ)

**ဖုန်း-၃၉၆၁၁၆**

-------------------------

ရုံးဝန်ထမ်း -ကျား(၂)ဦး၊ Team Supervisor -ကျား(၂)ဦး၊ အထွေထွေဝန်ထမ်း-ကျား(၄)ဦး၊

**ဖုန်း- ၀၉ ၇၃၀ ၂၇၇၃၃**

-------------------------

Marketing -ကျား(၃)၊ မ (၁)ဦး၊ Manual စာရင်းကိုင် -မ(၁)ဦး၊

**ဖုန်း- ၀၉ -၇၃ ၁၄၆၃၀၂**

-------------------------

Site Engineer (Civil) -ကျား၊မ (၄)ဦး၊ Photoshop, Structure, Estimate-ကျား/မ(၄)ဦး၊ Marketing -မ(၅)ဦး၊

**ဖုန်း-၀၉ ၇၃၀ ၃၀၃၉၃၊ ၀၉ ၇၃၁ ၃၅၁၉၅**

-------------------------

အရောင်းမြှင့်တင်ရေး ဝန်ထမ်း-မ (၁၀)ဦး၊ အရောင်းအကူ-ကျား(၁)ဦး၊ Marketing (စားသောက်ကုန် ဖြန့်ချိရန်) -ကျား/မ(၁) ဦး၊ ယာဉ်မောင်း- ကျား(၁)ဦး

**ဖုန်း-၀၉-၇၃၀၄၆၁၀၀**

-------------------------

PHP, ORACLE, MYSQLကျွမ်းကျင်တတ်မြောက်သောJR. WEB DEVELOPER (၁၅)ဦး၊ စာစီစာရိုက်နှင့် အင်္ဂလိပ်စာ ကျွမ်းကျင် (၅)ဦး

**ဖုန်း-၅၃၂၀၇၈**

-------------------------

Sales & Marketing Supervisor -မ(၁)ဦး၊ Sales & Marketing Assistant -မ(၁)ဦး

**ဖုန်း-၅၅၂၇၀၉၊ ၀၉-၄၉၂၅၁၃၇၆**

-------------------------

ရန်ကုန်မြို့နယ်အတွင်းမှ အမျိုးသမီး (၁)ဦး။

**ဖုန်း-၀၉ ၇၃ ၀၄၉ ၅၄၃**

-------------------------

Eternal Light မဂ္ဂဇင်းတိုက်အတွက် Marketing -မ(၂)ဦး၊ အယ်ဒီတာ-ကျား၊မ(၁)ဦး၊ ဒီဇိုင်နာ-ကျား၊မ(၁)ဦး၊ စာစီစာရိုက်-မ(၁)ဦး

**ဖုန်း-၂၁၀၈၀၀**

-------------------------

Japanese Lagnuage Instructor -ကျား/မ(၂)ဦး၊ စားသောက်ကုန်လုပ်ငန်း-ကျား(၂)ဦး၊ ဆောက်လုပ်ရေးလုပ်ငန်း -ကျား (၃)ဦး။

**ဖုန်း-၃၈၂၅၂၉၊ ၀၉-၅၁၁၈၈၁၂**

-------------------------

B Pham ဘွဲ့ရ-မ(၄)ဦး၊ Cashier, Receptionist -မ(၄)ဦး၊ Instrument Nurse -(၃)ဦး၊ ယာဉ်မောင်း (၃)ဦး

**ဖုန်း-၅၅၈၄၅၉၊ ၅၅၈၄၀၁**

-------------------------

Art Teacher -မ(၁)ဦး၊ Cleaner's Supervisor -ကျား(၁)ဦး၊ သန့်ရှင်း ရေး-ကျား(၂)ဦး၊ မ(၂) ဦး၊ ရုံးအကူ (စာရေး)-ကျား(၁)ဦး

**ဖုန်း-၄၅၀၃၉၆၊ ၄၅၀၃၉၇**

-------------------------

Global Straight Forword Co., အတွက် စာပို့၊ စာသိမ်းဝန်ထမ်း စီမံမန်နေဂျာ(၂)ဦး၊စာပို့စာသိမ်းဝန်ထမ်းကြီးကြပ်ရေးမှူး (၂)ဦး၊

**ဖုန်း-၆၅၆၃၆၀**

-------------------------

Office Staff အရောင်းစာရေး-ကျား၊မ(၅)ဦး၊ Site Engineer -ကျား(၃)ဦး၊ Accountant -မ(၃) ဦး၊Marketing-ကျား၊မ(၅)ဦး၊ အရောင်း(စရိတ်ငြိမ်း)-ကျား၊မ(၅) ဦး၊ Driver -ကျား(၃)ဦး၊

**ဖုန်း-၂၄၃၈၁၉**

-------------------------

Sin-Yangon International Co., Ltd အတွက် အထွေထွေလုပ်သား-ကျား(၅၀)ဦး၊ မ(၅၀)ဦး၊

**ဖုန်း-၅၇၁ ၀၉၀၊ ၅၇၃ ၁၂၈**

-------------------------

၁။ Marketing Manager- ကျား/မ ၃ ဦး၊ ၂။ Marketing ပိုင်းကျွမ်းကျင်ဝန်ထမ်း-ကျား/မ ၂၀ ဦး၊ ၃။ Office Staff ဝန်ထမ်း - မ ၅ ဦး၊ ၄။ Accountant ဝန်ထမ်း - မ ၅ ဦး

**FAMILY UNITED POWER CO., LTD**

**ဖုန်း-၅၂၃၀၇၂၊၅၃၃၇၄၆၆**

-------------------------

၁။ စာရင်းကိုင် - မ ၁ ဦး၊ ၂။ Marketing - ၁ ဦး၊ ၃။ အထွေထွေဝန်ထမ်း - ကျား ၂ ဦး၊ ၄။ အရောင်းဝန်ထမ်း - မ ၁ ဦး။

**ရွှေမိသားစုအထည်ဆိုင်**

**ဖုန်း-၀၉-၅၁၅၅၂၆၀**

-------------------------

Accountant - မ ၂ဦး

(B.Com ဘွဲ့ရ၊ အသက် ၃၀ နှစ်ထက်မကြီးရ၊ အတွေ့အကြုံ၂နှစ်) အမှတ်-၄၂၊ ရွှေသရဖီ ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


နိုင်ငံတော်မှ "ပထမဦးဆုံး" တရားဝင် ဖွင့်လှစ်ခွင့်ရရှိထားသော
DIAMOND AUTO Showroom
Laptop
MARK II ရွှေငါး
22" LCD
EVD
(19. 1. 2012) မှ (22. 1. 2012) ထိ MCC ခန်းမတွင် ကျင်းပမည့် International Car Showroom ပြပွဲတွင် Diamond Auto Showroom ၏ Booth No. D10, D11 နှင့် D12 သို့လာရောက်လေ့လာကြည့်ရှုကြပါရန် ဖိတ်ခေါ်အပ်ပါသည်။
အထူးအစီအစဉ်အနေဖြင့် MARK II ရွှေငါးတစ်စီးအား (CIF USD 5000+) ဖြင့် "ကားဟောင်းအပ်စလစ်" ပါသည့်မည်သူမဆိုဝင်ရောက်ကံစမ်းနိုင်ပါသည်။
ထို့အပြင် Laptop ကွန်ပျူတာ၊ 22" LCD TV၊ EVD နှင့် အခြားဆုမဲပေါင်းများစွာကိုလည်း ကားပြပွဲသို့လာရောက်ကြည့်ရှုရင်းဖြင့် ပျော်ရွှင်စွာဝင်ရောက်ကံစမ်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
DIAMOND AUTO Service Co., Ltd.
No. (150-B), New University Avenue Road, Bahan Township, Yangon, Myanmar.
Office Phone : 01-401590, 01-401591 Fax : 95-01-401590, 01-401591 Website : www.diamondauto-myanmar.com


Gemron
GOLD
A Perfect Choice for Staying Young and Healthy
DAEWOONG


The world's favorite lock
Yale
Weather Resistant Padlocks
Essential Brass Padlocks
Duty Cylindrical Knobsets
Entrance Handlesets
Certified Security Safes
Fire Safe Professional
Digital Door Lock
Travel Lock
Yale SHOW ROOM
AUTHORISED DISTRIBUTOR :
AYE MIN HTUN
GENERAL TRADING COMPANY LIMITED
An ASSA ABLOY Group Brand
ASSA ABLOY

# Education

7DAY NEWS JOURNAL

Vol.10, No.44 · JANUARY 19, 2012


## ထိုင်းအခြေစိုက် ယူကေပညာရေးအဖွဲ့အစည်းများ လာရောက်ရင်းနှီးမြှုပ်နှံရန် လေ့လာနေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၃**

ပြည်တွင်းရှိပုဂ္ဂလိကပညာရေး လုပ်ငန်းတွင် ထိုင်းနိုင်ငံအခြေစိုက် ယူကေပညာရေးအဖွဲ့အစည်းများ လာရောက်လုပ်ကိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ယင်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေသော ပြည်ပပညာရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်ထားသူတစ်ဦးကပြောသည်။

အဆိုပါအဖွဲ့အစည်းများသည် ပြည်တွင်းရှိ ပညာရေးဈေးကွက်အခြေအနေ၊ ကျောင်းသားဈေးကွက်အနေအထားနှင့် ပြည်တွင်းပညာရေးစနစ်တို့အကြောင်း သတင်းအချက်အလက်များ လေ့လာစုဆောင်းလျက်ရှိသည်ဟုဆိုသည်။

"သူတို့ဝင်လာဖြစ်ရင် ဥရောပက ရုံးခန်းလာဖွင့်မယ်ဆိုတဲ့ ပုံစံမျိုးနဲ့ လာမှာပါ။ စောင့်ကြည့်လေ့လာဦးမယ့်အခြေအနေရှိတယ်။ ချက်ချင်း တက္ကသိုလ်တွေ၊ ကောလိပ်တွေဖွင့်တာမျိုးတော့ ဖြစ်မလာနိုင်သေးဘူး" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မြန်မာနိုင်ငံရှိ ပုဂ္ဂလိကပညာရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်အတွက် မလေးရှား၊ ထိုင်း၊ စင်ကာပူ စသည့် အိမ်နီးချင်းနိုင်ငံများသာမက အနောက်နိုင်ငံများကပါ ယခုနှစ်ပိုင်းတွင် လေ့လာစောင့်ကြည့်မှုများရှိနေခြင်းဖြစ်သည်။

လက်ရှိချိန်တွင်ပြည်တွင်းရှိပုဂ္ဂလိကပညာရေးကဏ္ဍ၌နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများ ပါဝင်သောအင်တာနေရှင်နယ်ကျောင်းများ၊ နိုင်ငံရပ်ခြား ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်သင်ကြားသော နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရသင်တန်းကျောင်းများ ဈေးကွက်ခိုင်မာမှုရှိနေပြီဖြစ်သည်။

## ပညာသင်ဆုလျှောက်တဲ့အခါ တခြားကျောင်းသားတွေနဲ့ ဘယ်လိုကွဲပြားတဲ့ အရည်အချင်းတွေရှိတယ်ဆိုတာ ကိုယ့်ရဲ့အက်ဆေးထဲမှာ ပြနိုင်ရမယ်

### အမေရိကန်ပညာသင်ဆုရ ကျောင်းသူတစ်ဦးနှင့်တွေ့ဆုံခြင်း



**နေလင်းထွန်း**

ပညာရေးအခွင့်အလမ်းကောင်းများ ရရှိနိုင်ခြင်းကြောင့် အမေရိကန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များတွင် တက်ရောက်ပညာသင်ကြားခွင့်ရရန် တစ်ကမ္ဘာလုံးမှ ကျောင်းသားများ ကြိုးပမ်းပြင်ဆင်လျက်ရှိကြသည်။ ယင်းနိုင်ငံရှိ UTICA College တွင် စီးပွားရေးအထူးပြုဘာသာရပ်ကို ပညာသင်ဆု ထက်ဝက်ကျော် ရရှိကာ တက်ရောက်လေ့လာလျက်ရှိပြီး ဒုတိယနှစ်၏ နှစ်ဝက်ကျောင်းပိတ်ချိန်တွင် ခေတ္တ ပြန်လည်ရောက်ရှိနေသော အသက် ၁၉ နှစ်အရွယ် မချိုချမ်းမြေ့ဦးနှင့် ပညာသင်ခရီး အတွေ့အကြုံများအကြောင်း တွေ့ဆုံမေးမြန်းထားသည်မှ ကောက်နုတ်ဖော်ပြလိုက်သည်။

**ညီမ အမေရိကမသွားခင် ဒီမှာ ပညာသင်ယူခဲ့တဲ့အကြောင်း ပြောပြပေးပါ။**

ညီမက အထက(၂)လသာမှာ ဆယ်တန်းအောင်တယ်။ ဘာသာစုံဂုဏ်ထူးထွက်တယ်ပေါ့နော်။ ဗိုလ်တထောင်က အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်မှာ စီမံခန့်ခွဲမှုနဲ့ ပတ်သက်တဲ့ဘာသာရပ်ကို ပထမနှစ်ဝက်ပဲ တက်ဖြစ်တယ်။ နောက်ပိုင်းကျတော့ SAT တို့၊ TOEFL တို့နဲ့ အလုပ်များနေတဲ့အတွက် အဲ့ဒါ ဆက်မတက်ဖြစ်တော့တာ။

**ပညာသွားမသင်ခင်မှာ ဘယ်လို လေ့လာပြင်ဆင်ခဲ့ပါလဲ။**

ညီမ ဆယ်တန်းအောင်တော့ ၁၆ နှစ်၊ ရောက်သွားတာက ၁၈ နှစ်ဆိုတော့ တစ်နှစ်ခွဲလောက် ပြင်ဆင်ခဲ့တယ်။ အဲ့ဒီ အချိန်မှာ SAT နဲ့ TOEFL လုပ်တယ်။ စာကြည့်တိုက်မှာ Volunteer (စေတနာ့ဝန်ထမ်း) လုပ်တယ်။

**ဒီက စေတနာ့ဝန်ထမ်းအတွေ့အကြုံနဲ့ ဟိုမှာ လုပ်ရတာနဲ့ ဘာတွေကွာခြားမှုရှိပါလဲ။**

ဟိုမှာလည်း ကျောင်းပြင်ပလှုပ်ရှားမှုတွေ လုပ်ရပါတယ်။ ဥပမာ-cancer awareness တို့ ဘာတို့ဆို ကိတ်မုန့်တွေဖုတ်ပြီး ပြန်ရောင်းတယ်။ ရတဲ့အမြတ်နဲ့လှူမှုပတ်ဝန်းကျင်ကို ပြန်လှူတယ်။ ဒီမှာကတော့ အဲ့လောက် အကြီးကြီး မလုပ်နိုင်သေးဘူးပေါ့။ ဟိုမှာကတော့ ပိုပြီး တီထွင်ဖန်တီးနိုင်စွမ်းတွေရှိပါတယ်။

**အမေရိကမှာ ပညာသင်ယူဖို့ ဘယ်လို စိတ်ကူးရခဲ့တာပါလဲ။**

သမီး ဝါသနာပါတဲ့ စီးပွားရေးပညာရပ်ကို ဒီမှာတက်မယ့်ဘွဲ့က တကယ် နားလည်တတ်မြောက်ဖို့နဲ့ အလုပ်အကိုင်ပြန်ရဖို့ သိပ်အဆင်မပြေဘူးလေ။ ဟိုမှာက ဒီဘာသာရပ်ကို ပိုပြီးပိုင်နိုင်အောင်သင်ပေးနိုင်တယ်။ ပြီးတော့ တခြားနိုင်ငံတွေထက် အမေရိကန်နိုင်ငံက နိုင်ငံတကာကျောင်းသားတွေအတွက် ပညာသင်ဆုအခွင့်အရေးတွေရှိလို့ပါ။

**ကျောင်းလျှောက်ခဲ့တဲ့ အတွေ့အကြုံနဲ့ ပညာသင်ထောက်ပံ့ကြေး ရရှိခဲ့ပုံကို ပြောပြပေးပါ။**

ပညာသင်ဆုအတွက်က SAT အမှတ်ရှိရင် တောင်းလို့ရတယ်။ ကျောင်းလျှောက်လွှာကို အသေအချာဖြည့်ပေါ့။ အမေရိကန်ကျောင်းတွေက ကျောင်းလျှောက်ရတာချင်း ပုံစံသိပ်မကွာပါဘူး။ ဒါပေမဲ့ အက်ဆေးရေးတဲ့အခါ သူတို့လိုချင်တဲ့ ခေါင်းစဉ်ကွာတာ ရှိတယ်။ ပညာသင်ဆုထောက်ပံ့ကြေးအနေနဲ့ အခုကျောင်းက ကျောင်းလခအပြည့်ဆို တစ်နှစ်ကို (အမေရိကန်ဒေါ်လာ)သုံးသောင်း၊ အခု ညီမက ကျောင်းလခ (အမေရိကန်ဒေါ်လာ) တစ်သောင်းနှစ်ထောင်ပဲ ပေးရတယ်။ သူတို့က (အမေရိကန်ဒေါ်လာ) တစ်သောင်းရှစ်ထောင်ပေးတယ်။ ဂျီပီအေရမှတ်ကောင်းနေရင် နှစ်တိုင်း ပေးပါတယ်။

**စာ(၂၂)သို့**

### ပညာရေးသတင်းတိုများ

#### ဝင်ကြေး ကျပ် ၁၀ ၀၀၀၊ ၂၀ ၀၀၀၊ ၃၀ ၀၀၀ သတ်မှတ်ထားသော ဟောပြောပွဲ

**ရန်ကုန်၊ ဇန်နဝါရီ - ၁၄**

ပြည်တွင်းရှိ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ ဆွေးနွေးမည့် ဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၉ ရက်တွင် မင်းရဲကျော်စွာလမ်းရှိUMFCCI ခန်းမ၌ကျင်းပပြုလုပ်မည်ဖြစ်သည်။ ဦးရဲမြင့်(စွန့်ဦးတီထွင်)၊ ဦးကျော်သူ (Leading Consultant)၊ ဦးပန်းမင်း(Motivational Consultant)၊ အကြည်တော်(စာရေးဆရာ)၊ လင်းသိုက်ညွန့်(မြန်မာ့မြေ)တို့ ဟောပြောဆွေးနွေးမည်ဖြစ်သည်။ ဝင်ကြေး ကျပ်တစ်သောင်း၊နှစ်သောင်း၊ သုံးသောင်းပေးသွင်းတင်ရောက်ရမည်ဖြစ်ပြီး ဟောပြောပွဲတက်ရောက်ပြီးနောက် နှစ်သက်သဘောကျခြင်းမရှိပါက ဝင်ကြေးငွေများကိုပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်းပြည်ပပညာရေးဝန်ဆောင်မှုဆောင်ရွက်နေသလို သင်တန်းကျောင်း တည်ထောင်ထားသော ဦးကျော်သူကပြောသည်။

#### အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု တိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန်၊ ဇန်နဝါရီ - ၁၃**

အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု တိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေး နွေးပွဲကို ဖေဖော်ဝါရီလ ၁၂ ရက်၊ ညနေ ၃ နာရီမှ ၅ နာရီထိ ရွှေဂုံတိုင်ရှိ Excel Treasure Tower(ဆယ်ထပ်)တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံရှိ ကာတင်းတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦး လာရောက်ဆွေးနွေးပို့ချမည်ဖြစ်ပြီး တက်ရောက်လေ့လာလိုသူများအနေဖြင့် ဖုန်း-၀၉-၇၃၁၇၅၈၈၁ သို့ ဆက်သွယ်စာရင်းသွင်းနိုင်သည်။

#### အမေရိကန်စင်တာ ကျင်းပမည့် ဟောပြောပွဲ

**ရန်ကုန်၊ ဇန်နဝါရီ - ၁၃**

အမေရိကန်နိုင်ငံတွင် ပညာသင်ယူလိုသောကျောင်းသားများအတွက် 'Financing Your Studies' ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီလ ၁၄ရက်၊ ညနေ ၄နာရီခွဲမှစတင်၍ အမေရိကန်စင်တာ၌ ကျင်းပမည်ဖြစ်သည်။


ဝန်ထမ်းအမြန်အလိုရှိသည်

1. Inventory Executive ကျား (၁) ဦး

2. Sale Staff ကျား/မ (၅) ဦး

Stock Software

Sales & Marketing


Monument Books & Toys

ယုဇနဥယျာဉ်မြို့တော် တိုက်ခန်းများနှင့်
ပတ်ဝန်းကျင်မြေကွက်များအား ရောင်းလို၊ ဝယ်လို၊ ငှားလိုပါက

အကျိုးဆောင်

အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ ရောင်း၊
ဝယ်၊ ငှား

(A)Block၊ (၉)လမ်းထိပ်၊ ယုဇနဥယျာဉ်မြို့တော်၊



EUREKA Academy

English, Korean သင်တန်းကျောင်း Native speaker

English


English Seminar

Korea class-EPS,TOPIK

(call first before seminar-reservation)

Ph: 09 43105314 Address:

7DAY NEWS JOURNAL
Vol.10, No.44 · JANUARY 19, 2012




# စင်ကာပူအနုပညာကျောင်းတစ်ကျောင်းတွင် ပညာသင်ဆုနှစ်ဆု လျှောက်ထားနိုင်

သီဟ

ရန်ကုန်၊ဇန်နဝါရီ-၁၂

စင်ကာပူနိုင်ငံ၏ အနုပညာကျောင်းတစ်ကျောင်းဖြစ်သည့် Lasalle College တွင်တက်ရောက်မည့်သူများအတွက် ၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ဆုနှစ်ဆုကို လျှောက်ထားနိုင်ကြောင်း သိရသည်။

လျှောက်ထားနိုင်သည့် ပညာသင်ဆုများမှာTan Chay Bing ပညာသင်ဆုနှင့် Future Leader ပညာသင်ဆုတို့ဖြစ်သည်။ Lasalle College သည်စင်ကာပူပညာရေးဝန်ကြီးဌာန၏ အထောက်အပံ့ရရှိထားသည့် ကျောင်းတစ်ကျောင်းဖြစ်ကာ ဝင်ခွင့် ရရှိသူများသည် ပညာသင်ထောက်ပံ့ကြေးရရှိမည်ဖြစ်ပြီး စင်ကာပူနိုင်ငံတွင် သုံးနှစ်အလုပ်လုပ်ရန် စာချုပ်ချုပ်ဆိုရမည်ဖြစ်သည်။

Lasalle College တွင် Design, Interior Design, Film, Fine Arts,Media Arts,Dance,Musi c,Theatre အစရှိသည့် ဘာသာရပ်များအား ဒီပလိုမာမှစ၍ မဟာဘွဲ့အထိ တက်ရောက်နိုင်ကြောင်း သိရသည်။

ကျောင်းအပ်လက်ခံခြင်းကို တစ်နှစ်လျှင် ဩဂုတ်တစ်လတည်းသာလက်ခံလေ့ရှိပြီး ယခု ပညာသင်နှစ်အတွက် စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။ပညာသင်ဆုနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို Crown Education သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

# စာ-၂၁၊ အမေရိကန်ပညာသင်ဆုရ ကျောင်းသူတစ်ဦးနှင့်တွေ့ဆုံခြင်း မှ

**ပညာသင်ဆုရဖို့ ဘယ်လိုအချက်တွေက အရေးကြီးမယ်ထင်ပါလဲ။**

ပညာသင်ဆု လျှောက်တဲ့အခါ တခြားကျောင်းသားတွေနဲ့ ဘယ်လို ကွဲပြားတဲ့အရည်အချင်းတွေရှိတယ်ဆိုတာ ကိုယ့်ရဲ့ အက်ဆေးထဲမှာ ပြနိုင်ရမယ်။ကိုယ်မဟုတ်တဲ့ တခြားသူတွေအတွက် အချိန်ပေးပြီး ကိုယ်ကျိုးမပါဘဲ လူမှုရေးလုပ်ရှားမှုလုပ်တဲ့သူတွေကို ပညာသင်ဆု ပေးတဲ့သူတွေက ပိုပြီးရင့်ကျက်မှုရှိတယ်လို့မြင်တယ်။ အဲ့ဒီတော့ အက်ဆေးတွေ ရေးတဲ့အခါမှာလည်း အသုံးအနှုန်းတွေ ကွာခြားပါတယ်။ စေတနာ့ဝန်ထမ်းလုပ်ဖူးတဲ့ ကျောင်းသားကိုလည်း သူတို့က ပိုပြီး နှစ်သက်သဘောကျတယ်။

**လက်ရှိ ပညာသင်ယူနေတဲ့ အခြေအနေနဲ့ ဒီမှာ ပညာသင်ခဲ့ရတာ ဘာတွေ ကွဲပြားတယ် ထင်ပါလဲ။**

ညီမ တက်နေတဲ့ကျောင်းက နည်းနည်းသေးတယ်။ အတန်းတစ်ခုမှာ ကျောင်းသား ၁၅ ယောက်လောက်ပဲရှိတယ်။ အဲ့ဒီမှာက စကားပြောဆိုဆွေးနွေးတာတွေ အရမ်းများတယ်။ စာသင်တာထက်၊ အရှေ့မှာ ဆရာက စာပြပေးပြီး စာပြန်ဖတ်ရတာထက် ဆွေးနွေးပြောဆိုတာမျိုး သဘောရောက်တယ်။ ဒီမှာက တော့ကျောင်းသားများတဲ့အတွက် အဲ့လိုလုပ်လို့ မရဘူးပေါ့နော်။ ဟိုမှာ စာကလည်း ပိုများတယ်။ ဒီမှာ တစ်လလောက် သင်တာက ဟိုမှာ ခဏလေးပဲ။ ကိုယ့်ဘာသာ လေ့လာဖတ်ရှုရတာကို ဦးစားပေးတယ်။ စာသင်တာထက် ကိုယ့်ဘာသာ ဖတ်ရှုလေ့လာရတဲ့အချိန်က ပိုများတယ်။ ကျောင်းသားတွေရဲ့စာအပေါ် ထားတဲ့ သဘောထားအမြင်လည်းကွာတယ်။ဟိုက ကျောင်းသား ဘဝက အရမ်းတက်ကြွမှုရှိတယ်။ ကျောင်းပြင်ပ လှုပ်ရှားမှုတွေ အများကြီးလုပ်ကြတယ်။ စာလုပ်တဲ့အချိန်က တစ်ဝက်၊ တခြားလှုပ်ရှားမှုတွေလုပ်ရတယ်။ ဘာလို့လဲဆိုတော့ စာသင်တာချည်းကပဲ သင်ယူနိုင်တာ မဟုတ်ဘူးလေ။လုပ်ငန်းခွင်အတွေ့အကြုံတို့ ပရဟိတအလုပ်တွေကလည်း လေ့လာသင်ယူစရာတွေ ရှိနေပါတယ်။ ဒီမှာက စာသင်တာ အရမ်းများတယ်၊ ဟိုမှာက လုပ်ငန်းခွင် အတွေ့အကြုံကိုလည်း အမှတ်ပေးတယ်။

**နိုင်ငံရပ်ခြားမှာ ပညာသင်ကြားရတဲ့ အခက်အခဲရရှိရင် ပြောပြပေးပါ။**

အဓိက အခက်အခဲက ဘာသာစကား အဟန့်အတားပါ။ မြန်မာကျောင်းကပြီးထားတာဖြစ်တဲ့အတွက် အင်္ဂလိပ်စကားပြောနဲ့ သိပ်မရင်းနှီးဘူး။ သုံး၊ လေးလလောက်တော့ အချိန်ယူပြီးမှ အဆင်ပြေသွားပါတယ်။ အဓိက စိတ်ပူတာက သင်ခန်းစာတွေ လိုက်မမီမှာပါပဲ။ ဘာသာရပ်ပိုင်းမှာတော့ အရင်တုန်းက အလွတ်ကျက်မှတ်တာကနေ ဟိုမှာက ဝေဖန်ခွဲခြားဆန်းစစ်ရတာတွေ များတယ်။ အကြောင်းအရာတစ်ခုကို အသေအချာနားလည်ပြီး အဲ့ဒါကို ပြန်ပြီး ရှင်းလင်းချက်ထုတ်ရတယ်၊ ဝေဖန်သုံးသပ်ရတယ်။ ဆရာတွေကိုလည်း သူတို့သင်တဲ့အကြောင်းအရာကို ပြန်ပြီး ဆွေးနွေးပြောဆိုလို့ရတယ်။ ဒီမှာက ယဉ်ကျေးမှုအရ အဲ့လိုလုပ်လို့မရဘူးလေ။

**ပညာသင်ကြားနည်းတွေ ကွာခြားနေတဲ့အပေါ် ဘယ်လိုမြင်ပါလဲ။**

တကယ်က သင်ကြားရေးမှာ ဟိုကသင်ရိုးညွှန်းတမ်းတွေကို ဒီမှာ ယူသင်လို့ရတယ်ပေါ့နော်။ ခုနက ပြောသလို သင်တဲ့သူရော အသင်ခံရတဲ့သူပါ အမြင်တွေ ပြောင်းဖို့လိုတယ်။ ဝိုင်းဝန်းဆွေးနွေးတဲ့ သင်ကြားရေးပုံစံမျိုးတွေ ပိုပြီးတော့ဖြစ်လာသင့်တယ်ပေါ့။ အလွတ်ကျက်မှတ်ပြီး စာကျက်ရတာ ကောင်းတော့ကောင်းပါတယ်။ ဒါပေမဲ့ ပိုပြီး တွေးခေါ်ဖန်တီးနိုင်တဲ့ သင်ကြားနည်းစနစ်တွေကိုလည်း သုံးရမယ်ပေါ့။

**ကျောင်းပြီးသွားရင် ဘာလုပ်မယ်လို့ စိတ်ကူးထားပါလဲ။**

ကျောင်းပြီးသွားရင် ညီမက Development(ဖွံ့ဖြိုးတိုးတက်မှု) အပိုင်းကို စိတ်ဝင်စားတယ်။ အဲ့လို အလုပ်တွေမှာ ဝင်လုပ်ချင်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်း တစ်ခုခုကနေ အာရှဘက်မှာ လုပ်လို့ရမယ်ဆိုရင် လုပ်ချင်တယ်။

**အမေရိကမှာ ပညာသင်ကြားလိုတဲ့ မြန်မာကျောင်းသားတွေကို ဘယ်လိုအကြံပြုချင်ပါလဲ။**

အမေရိကရောက်တဲ့မြန်မာကျောင်းသားအတော်များများက စာအရမ်းတော်ကြတယ်။ စာတော်တဲ့သူတွေက ကိုယ့်အတွက်ပဲ ကိုယ်လုပ်ကြတာများတယ်။ လူမှုပတ်ဝန်းကျင်အတွက် ကူညီပေးတာက မလိုအပ်ဘူးလို့ထင်ကြတယ်။ ညီမအမြင်တော့ ပိုပြီးရင့်ကျက်လာစေဖို့၊ ကိုယ်က ဘာကိုဝါသနာပါလဲ၊ ဘယ်လိုကျွမ်းကျင်မှုရှိလဲဆိုတာ စေတနာ့ဝန်ထမ်းအလုပ်တွေက သိရှိလာစေပါတယ်။ ညီမ ပြောချင်တာကတော့ ပရဟိတအလုပ်တွေကို ပိုလုပ်လာစေဖို့ပါပဲ။

**အချိန်ပေး ဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**









# Technology

7DAY NEWS JOURNAL

Vol.10, No.44 · JANUARY 19, 2012


## Acer ၏ Aspire S5 လက်ပ်တော့ ကမာ့အပါးလွှာဆုံးအဖြစ် သတ်မှတ်ခံရ

**လန်ဒန်၊ ဇန်နဝါရီ - ၉**

Acer ကုမ္ပဏီမှ ထုတ်လုပ်သော Aspire S5 Ultrabook လက်ပ်တော့သည် အထူ ၁၅ မီလီမီတာသာရှိသဖြင့် Apple ၏ Mac Book Air လက်ပ်တော့ကိုကျော်ဖြတ်ကာ ကမ္ဘာ့အပါးလွှာဆုံး လက်ပ်တော့အဖြစ် သတ်မှတ်ခံခဲ့ရကြောင်းသိရသည်။

အဆိုပါ Acer လက်ပ်တော့သည် Intel ပရိုဆက်ဆာအသုံးပြုထားသည့် လက်ပ်တော့များတွင် အပါးလွှာဆုံး ပထမလက်ပ်တော့ဖြစ်ပြီး Mac Book Air နှင့် iPad ကဲ့သို့သော သင်ပုန်းကွန်ပျူတာများကို ယှဉ်ပြိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။


Photo - Getty Images

Acer ၏ S5 လက်ပ်တော့သည် မြင်ကွင်းအကျယ် ၁၃ ဒသမ ၃ လက်မ အယ်လ်စီဒီမော်နီတာဖြစ်ကာ ကိုယ်ထည်ကို မဂ္ဂနက်ဆီယမ်-အလူမီနီယမ်သတ္တုစပ်ကိုယ်ထည်ဖြင့် တည်ဆောက်ထားသည်။ ထို့ပြင် အချက်အလက်များလွှဲပြောင်းနိုင်ရန်အလွန်လျင်မြန်သည့် Thunderbolt ဒေတာ Port တစ်ခုပါရှိပြီး စက်၏ ဘက်ထရီသက်တမ်းကို Sleep Mode ဖြင့်အသုံးပြုပါက နှစ်လနီးပါးကာလအထိ ကြာမြင့်စေနိုင်သည့် Instant On နည်းပညာလည်း သုံးထားသည်။

Apple ၏ Mac Book Air မှာ အထူ ၁၇ မီလီမီတာရှိသဖြင့် ယခု Acer လက်ပ်တော့ထက် နှစ်မီလီမီတာထူသည်။ Acer ၏ S5 လက်ပ်တော့ကို လာမည့်နွေဦးရာသီတွင် ဗြိတိန်နှင့် ဥရောပဈေးကွက်၌ ရောင်းချရန်ရှိပြီး တန်ဖိုးကိုမကြေညာရသေးကြောင်း သိရသည်။ *—Ref: Dailymail*

## ဆယ်လူလာဖုန်းနှင့် ငါးသိန်းတန်ဖုန်း လဲလှယ်သည့်ကာလ ထပ်မံတိုးမြင့်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆယ်လူလာဖုန်းများအား ကျပ်ငါးသိန်းတန်မိုဘိုင်းဖုန်းများဖြင့် လဲလှယ်ပေးမည့်အစီအစဉ်ကို ယခုလကုန်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

၀၉-၉၉ xxxxx နှင့် ၀၉-၉၀ xxxxx ဖြင့်စသည့် အဆိုပါ ဆယ်လူလာဖုန်းများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၁ ဒီဇင်ဘာလကုန်အထိသာ အပြီးသတ်လဲလှယ်ပေးမည်ဟု ကြေညာချက်ထုတ်ပြန်ထားခဲ့သော်လည်း အနယ်နယ်အရပ်ရပ်မှ လဲလှယ်လိုသူများ အဆင်ပြေစေရန်အတွက် ယခုနှစ် ဇန်နဝါရီလ ၃၁ရက်အထိသတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးထံမှသိရသည်။

အဆိုပါဆယ်လူလာဖုန်းများကို လဲလှယ်မည့်သူများသည် ကြိုက်နှစ်သက်ရာ စီဒီအမ်အေ ၈၀၀ မဂ္ဂါဟတ်၊ စီဒီအမ်အေ ၄၅၀ မဂ္ဂါဟတ်နှင့် ဂျီအက်စ်အမ် အစရှိသည့် မည်သည့်ကျပ်ငါးသိန်းတန်ဖုန်းနှင့်မဆို လဲလှယ်နိုင်မည်ဖြစ်သည်။

မိုဘိုင်းဖုန်းအချင်းချင်းလဲလှယ်မည့်သူများသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် ဖုန်းအသုံးပြုခရှင်းတမ်းများကို ပထမဦးစွာ သွားရောက်စစ်ဆေးကာ ရှင်းလင်းပြီးမှ လဲလှယ်နိုင်မည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အဆိုပါမိုဘိုင်းဖုန်းလဲလှယ်မည့် အစီအစဉ်ကိုဆောင်ရွက်မည့်သူများသည် ဖုန်းဘီလ်စာအုပ်၊ စာချုပ်မူရင်း၊ လာရောက်လျှောက်ထားသူ၏ မှတ်ပုံတင်မူရင်းတို့ကို ယူဆောင်လာရမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းမှ သတင်းထုတ်ပြန်ထားသည်။






## VMS စနစ်မအောင်မြင် ကမ်းဝေးငါးဖမ်းစက်လှေများတွင် မသုံးရန် ဆုံးဖြတ်

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

ပြည်တွင်းကမ်းဝေးငါးဖမ်းစက်လှေများတွင် ကမ်းခြေမှ ကွန်ပျူတာဖြင့် စောင့်ကြည့်သည့်စနစ် VMS(Vessel Monitoring System) ကို မကျင့်သုံးရန် သက်ဆိုင်ရာက ဆုံးဖြတ်ပေးခဲ့ကြောင်း မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးမောင်မောင်စိုးက ပြောသည်။

"ဒီစနစ်ကလှေရဲ့ တည်နေရာကို သိချင်လို့ပဲ။ တို့အတွက် အကျိုးလုံးဝ မရှိပါဘူး။ အရင် ဝန်ကြီးဟောင်းလက်ထက်မှာ ကတည်းက မတပ်ဖို့ ဆုံးဖြတ်ပေးခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

ပြည်တွင်းကမ်းဝေး ငါးဖမ်းလှေများသည် ရခိုင်ကမ်းရိုးတန်းတွင် ငါးမိုင်အတွင်းနှင့် ဧရာဝတီကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းတို့တွင် ၁၀ မိုင်အတွင်းသို့ ဝင်ရောက်ငါးဖမ်းခြင်း မရှိပါက ပြဿနာတက်စရာ မရှိကြောင်း ၎င်းကပြောသည်။

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းဝင် ငါးဖမ်းစက်လှေ ၆၆၈ စီးတွင် ဒရွတ်ဆွဲပိုက် အသုံးပြုသောလှေ ၄၇၆ စီးနှင့်ဝိုင်းချုပ်ပိုက်၊ ဘုံကျောင်း(ကျားပိုက်) မျှောပိုက်နှင့် မြှုံးလှေများပါဝင်သည်။ ကမ်းဝေးငါးဖမ်းလှေ စုစုပေါင်းမှာ ၁,၅၅၄ စီးရှိပြီး ဒရွတ်ဆွဲပိုက်အသုံးပြုသောလှေ ၁၀၄၈ စီးရှိကြောင်း


**စာ(၂၄)သို့**







## အွန်လိုင်းဖုန်းဘီလ်ဝန်ဆောင်မှု ဈေးဝယ်စင်တာနှစ်ခု စတင်

**ယုဇနကိုကို**

**ရန်ကုန်၊ဇန်နဝါရီ- ၁၄**

အွန်လိုင်းမှတစ်ဆင့် တယ်လီဖုန်းဘီလ်များ ပေးဆောင်နိုင်သည့် Online Phone Billing System ကို စီးတီးမတ်နှင့် အိုးရှန်းစူပါမားကက်များတွင်ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း City Mart Holding Co.,Ltd မှ သတင်းရရှိသည်။

အဆိုပါအွန်လိုင်းမှတစ်ဆင့် တယ်လီဖုန်းဘီလ်များ ပေးဆောင်နိုင်သည့် ဝန်ဆောင်မှုကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဖြစ်သည့်စီးတီးမတ်ကုမ္ပဏီကဆောင်ရွက်ရခြင်းမှာ လူစည်ကားရာဈေးဝယ်စင်တာများတွင် ထားရှိပေးထားခြင်းဖြင့် သုံးစွဲလိုသူများအချိန်ကုန် သက်သာစေရန်အတွက်ဟု သိရသည်။

City Mart Supermarket များနှင့် Ocean Supercentre များတွင် အသုံးပြုနိုင်မည့် အဆိုပါဝန်ဆောင်မှုကို အသုံးပြုမည်ဆိုပါက တယ်လီဖုန်းပြောဆိုခပေးဆောင်လိုသည့် ဖုန်းနံပါတ်ကို ယင်းစူပါမားကက်များ၏ ဝန်ဆောင်မှုစင်တာများ၌ ပေးရုံဖြင့် ပေးဆောင်နိုင်မည်ဖြစ်သည်။

ထိုဝန်ဆောင်မှုကောင်တာမှ တာဝန်ရှိသူများက ကြားခံဆောင်ရွက်ပေးမည့် ယင်းဝန်ဆောင်မှုတွင် မြန်မာ့ဆက်သွယ်ရေးသို့ ပေးဆောင်ရမည့် ကျသင့်ငွေအပြင် ဝန်ဆောင်ခ ကျပ်ငါးရာကိုပါ ထပ်ဆောင်းပေးဆောင်ရမည်ဖြစ်သည်။

Online Phone Billing System ကို ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၂) တို့နှင့် စီးတီးမတ်ကုမ္ပဏီတို့မှ ပူးပေါင်းဆောင်ရွက်ထားခြင်းဖြစ်သည်။




Tech Vol.10, No.44 • JANUARY 19, 2012




# ကမာ္ဘ့အပါးလွှာဆုံး စမတ်ဖုန်းကို Huawai ထုတ်ဖော်ပြသ



Photo - Getty Images

**လာ့စ်ဗေးဂတ်စ်၊ ဇန်နဝါရီ - ၁၀**

တရုတ်နိုင်ငံ၏ အကြီးဆုံး ဖုန်းဟန်းဆက်ထုတ်လုပ်ရေးကုမ္ပဏီ ဟွာဝေးသည် အမေရိကန်နှင့် ဥရောပတို့၌ ဈေးကွက်ချဲ့ထွင်နိုင်ရန် ကမ္ဘာ့အပါးလွှာဆုံး စမတ်ဖုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်းသိရသည်။

အထူ ၀ ဒသမ ၂၆ လက်မ(၆ ဒသမ ၆၈ မီလီမီတာ)ရှိသည့် Ascend P1S အမည်ရ ယင်း စမတ်ဖုန်းသည် ခဲတံတစ်ချောင်း၏ အထူထက် ပိုပါးလွှာသည်။ ထို့ပြင် Apple ၏ နောက်ဆုံးထွက် အိုင်ဖုန်းမှာ အထူ ၀ ဒသမ ၃၇ လက်မ(၉ ဒသမ ၃ မီလီမီတာ)ရှိရာ ယင်းထက်ပင် ပိုပါးလွှာသည်။ ဟွာဝေ၏ ဟန်းဆက်ထုတ်လုပ်ရေးဌာန ဥက္ကဋ္ဌရစ်ချတ်ယူက Ascend P1S သည် စွမ်းဆောင်ရည်မြင့်မားသည့် ကမ္ဘာ့အပါးလွှာဆုံး စမတ်ဖုန်းဖြစ်ကြောင်းဆိုသည်။ ၎င်းက "ဒီဖုန်းဟာ သင့်လက်ထဲမှာ ကိုင်တွယ်ရတာ သိပ်အဆင်ပြေပြီး သိပ်သက်သောင့်သက်သာရှိမှာဖြစ်ပါတယ်"ဟုဆိုသည်။

ဟွာဝေး၏ ယင်းစမတ်ဖုန်းကို ဂူးဂဲလ်၏ Android OS အသုံးပြုထားပြီး ဥရောပတွင် လာမည့်မတ်လ၌ စတင်ရောင်းချမည်ဖြစ်ပြီး ထို့နောက် အမေရိက အပါအဝင် တစ်ကမ္ဘာလုံးသို့ တင်ပို့မည်ဟုသိရသည်။ အဆိုပါဖုန်းကို တန်ဖိုး ဒေါ်လာ ၄၀၀ ခန့်ဖြင့် ရောင်းချရန် မျှော်လင့်ထားသည်။ *—Ref: AFP*

## စာ(၂၃) - VMS စနစ်မအောင်မြင် ကမ်းဝေးငါးဖမ်းစက်လှေများတွင် မသုံးရန် ဆုံးဖြတ် မှ

ငါးလုပ်ငန်းဦးစီးမှ ထုတ်ပြန်သော စာရင်းဇယားများအရ သိရှိရသည်။

VMS စနစ်ကို မကျင့်သုံးရခြင်းမှာ ပြည်တွင်းကမ်းဝေး ငါးဖမ်းလှေပိုင်ရှင်များက ကန့်ကွက်ခြင်းကြောင့်ဖြစ်ပြီး ယခုအချိန်အထိ ထိုစနစ်နေရာတွင် အစားထိုးကျင့်သုံးမည့်စနစ်မရှိသေးကြောင်း သတင်းရရှိသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012




## ထူးချွန်ထက်မြက်သောကျောင်းသားများ မွေးထုတ်ပေးနိုင်သည့် ပညာရေးဖြစ်ဖို့

■ **ကျောင်းသားမိဘတစ်ဦး**

ဇန်နဝါရီ ၅ ရက်၊ ၂၀၁၂ နေ့ထုတ် 7Day News ဂျာနယ်၏ အယ်ဒီတာ့ထံပေးစာကဏ္ဍတွင် 'တက္ကသိုလ်ပညာသင်နှစ် ထပ်တိုးခြင်းနှင့်အတူ'ခေါင်းစဉ်ဖြင့် ကျောင်းသားတစ်ဦး၏ ရင်ဖွင့်သံကိုဖတ်ရသောအခါ မိဘတစ်ဦးအနေဖြင့် သားသမီးချင်း ကိုယ်ချင်းစာစိတ်ဖြင့် ထိုကျောင်းသားအပေါ်ကရုဏာစိတ်ဖြစ်မိပါသည်။ တစ်ချိန်တည်းမှာပင် လက်ရှိပညာရေးလောကနှင့်ပတ်သက်သည့် ကျွန်တော့် ခံစားချက်ကိုလည်း ရင်ဖွင့်ပြောပြချင်ပါသည်။

ဦးစွာ ကျွန်တော့်ကိုယ်ကျွန်တော်မိတ်ဆက်ပေးပါရစေ။ ကျွန်တော်သည် ဒသနိကဗေဒဌာနမှ မဟာဝိဇ္ဇာနောက်ဆုံးနှစ်(ရေးဖြေ) စာမေးပွဲအောင်ခဲ့ပါသည်။ ဗရုတ်ဗရက်များကြောင့် Thesis မရေးဖြစ်ဘဲ တိုးလို့တန်းလန်းနှင့် နယ်ပြန်ခဲ့ရပါသည်။ နဂိုရည်ရွယ်ချက်က တက္ကသိုလ်ဆရာလုပ်ရန်ဖြစ်သော်လည်း အခြေအနေအရ တက္ကသိုလ်ဆရာဘဝနှင့် အလှမ်းဝေးခဲ့ရပါသည်။ သို့သော်ဆရာဘဝကိုနှစ်သက်လွန်းသောကြောင့် မူလတန်းဆရာဝင်လုပ်ပါသည်။ မူလတန်းပြလုပ်သက် ၂နှစ်မှာ လယ်ပြ(မူ)ရာထူးတိုးပါသည်။ ထိုရာထူးဖြင့် လုပ်သက် ၃ နှစ်အရတွင် မူလတန်းကျောင်းအုပ်ဖြစ်လာပါသည်။ အလယ်တန်းဆရာဖြစ်အောင်လက်မှတ်ရှိလျှင် မူအုပ်များကိုအထက်တန်းပြရာထူးတိုးပေးသည်ဆို၍ အလယ်တန်းပြဆရာဖြစ်တစ်နှစ်သင်တန်းကို ငွေကြေးအဆင်မပြေသည့်ကြားက ကြိုးစား၍သွားတက်ပါသည်။ သို့သော်ကျွန်တော်ကတော့ မူလရာထူးနေရာမှ တစ်လက်မပင် မရွေ့ပါ။ သို့ဖြင့် ၂၀၁၂ ခုနှစ် မတ်လကုန်တွင် (နွေကျောင်းပိတ်ရက် လစာများပင်မယူဘဲ)ပညာရေးဌာနမှ အပြီးတိုင် နုတ်ထွက်ခဲ့ပါသည်။

ယခု ရင်ဖွင့်ပြောပြမည့် အကြောင်းအရာများတွင် မူလတန်းဆရာဘဝ ၁၁ နှစ်တာ ကာလအတွင်း ကြုံတွေ့ရသည်များရောကျောင်းသားမိဘဘဝ ကြုံတွေ့ရသည်များပါ ရောနှောပါဝင်ပါသည်။ လယ်ပြ(မူ)တာဝန်ဖြင့် တောကျောင်းလေးတစ်ကျောင်းတွင် တာဝန်ကျစဉ်ဖြစ်ပါသည်။ ပညာတန်ဆောင်က ကြီးမှူး၍ စာစီစာကုံးပြိုင်ပွဲများ ကျင်းပပါသည်။ မူလတန်းအဆင့် ကျောင်းသားလေးများ ရေးရမည်မှာ ရုပ်ပုံကားချပ်တစ်ခုကိုကြည့်၍ ကျောင်းသားက မိမိစိတ်ကူးဖြင့် ခေါင်းစဉ်တပ်၊ ပုံပါအကြောင်းအရာကို စီကာပတ်ကုံးရေးရန်ဖြစ်ပါသည်။ ကျွန်တော်သည် မိမိတောကတပည့်လေးများကို အတွေ့အကြုံရစေရန် ရည်ရွယ်၍ ပြိုင်ပွဲဝင်ရန်စာရင်းပေးလိုက်ပါသည်။ မှတ်မှတ်ရရ ထိုနှစ်က ကျွန်တော်တို့မြို့နယ်တွင် တောကျောင်းမှ ဝင်ရောက်ယှဉ်ပြိုင်သူဟူ၍ ကျွန်တော့်တပည့်သုံးယောက်သာရှိပါသည်။

သို့ဖြင့် ကျွန်တော်သည်ပြိုင်ပွဲဝင်မည့်တပည့်သုံးယောက်အား အိမ်တွင် ညအိပ်စေကာ ရုပ်ပုံကားချပ်များဖြင့် လေ့ကျင့်စေခဲ့ပါသည်။ အတော်အတန် ရေးနိုင်သည်အထိ အောင်မြင်ခဲ့ပါသည်။ သည်လိုနှင့် ပြိုင်ပွဲနေ့သို့ ရောက်လာပါသည်။ ပြိုင်ပွဲဝင်ရမည့်ပုံက ဘဲကလေးများ၏ပုံဖြစ်ပါသည်။ ဘဲမကြီးနှင့် ဘဲကလေးခြောက်ကောင်။ နောက်တစ်ပုံတွင် ဘဲကလေးတစ်ကောင်က ဘဲအုပ်ထဲမှ ခွဲထွက်သွားသည်။ ကျန် ဘဲကလေးငါးကောင်နှင့် ဘဲမကြီးက လိုက်ရှာကြသည်။ နောက်ဆုံး ချုံထဲမှာပြန်တွေ့သွားသည်။ ဤဇာတ်လမ်းကို ရုပ်ပုံခြောက်ပုံဖြင့်ပြထားသည်။ ကျောင်းသားများက ဤရုပ်ပုံခြောက်ပုံကိုကြည့်၍ရေးရသည်။ ပြိုင်ပွဲပြီး၍ ထွက်လာကြသော အခါ ကျွန်တော့်တပည့်သုံးယောက်ကို ဘယ်လိုခေါင်းစဉ်တပ်ခဲ့သလဲဟု မေးလိုက်သည်။ တစ်ယောက်က'ဘဲကလေးအကြောင်း'၊ တစ်ယောက်က 'ဘဲမိသားစု အကြောင်း'၊ တစ်ယောက်က 'ဘဲမကြီး၏မေတ္တာ'။

ရုပ်ပုံကားချပ်နှင့်လိုက်ဖက်အောင် ခေါင်းစဉ်ပေးနိုင်ကြသည်ဟု ကျွန်တော် ကျေနပ်သွားပါသည်။ ဆုရဖို့တော့ မမျှော်လင့်ပါ။ မြို့ပေါ်မှ ကျောင်းသားများကို အဘယ်မှာ ယှဉ်နိုင်ပါမည်နည်း။ အကဲဖြတ်မည့်အဖွဲ့ကို မြို့ပေါ်မှ အလယ်တန်း မြန်မာစာပြဆရာများနှင့်ဖွဲ့စည်းထားပါသည်။ ဆုရကျောင်းသားစာရင်း ထွက်လာတော့လည်း ကျွန်တော့်တပည့်များ မပါပါ။ နဂိုကတည်းက မှန်းမထား၍ မည်သို့မျှ မခံစားရပါ။ သို့သော်ယနေ့တိုင်ကျွန်တော့်စိတ်ထဲ ခံစားနေရသည်က အကဲဖြတ် အမှတ်ပေးနေသည့် အခန်းကို မယောင်မလည်သွား ချောင်းကြည့်တော့ ထိုအခန်းထဲတွင် ကလေးများရေးခဲ့သော ဘဲကလေးများ၏ ရုပ်ပုံကားချပ်တစ်ခုတလေမျှ မရှိခြင်းပင်ဖြစ်သည်။ သူတို့ ဘာကိုကြည့်၍ ဘယ်စံ ဘယ်မူဖြင့် အကဲဖြတ်ခဲ့ကြပါသနည်း။ ယနေ့တိုင် ကျွန်တော် စဉ်းစားမရပါ။

တစ်မြို့နယ်ချင်း ဆုရစာစီစာကုံးများကို ပညာတန်ဆောင်သို့ပို့၍ တစ်နိုင်ငံလုံးအဆင့် ရွေးချယ်သောအခါ ကျွန်တော်တို့မြို့နယ်မှ ကလေးများ နှစ်သိမ့်ဆုပင် မချိတ်ပါ။ အဘယ်ကြောင့်ဆိုသော် သူတို့ရွေးချယ်၍ပို့လိုက်သော စာစီစာကုံးများမှာ တစ်ပုဒ်က 'မိဘမေတ္တာကြီးမားပုံ'၊ နောက်တစ်ပုဒ်က 'သားသမီးနှင့်မိဘ'၊ နောက်တစ်ပုဒ်ကတော့ မမှတ်မိတော့ပါ။ ပညာတန်ဆောင်မဂ္ဂဇင်းတွင် ဆုရစာစီစာကုံးများကိုဖော်ပြသည့် အခါ ပထမဆုရသွားသည့် စာစီစာကုံး ခေါင်းစဉ်က 'အလွန်လည်သော ဘဲကလေး' ဖြစ်နေပါသည်။ ကျွန်တော်ပြောချင်သည်မှာဆရာ၊ဆရာမအချို့မှာ ကိုယ့်အလုပ်ကိုယ်မလေးစားခြင်း၊ ကိုယ့်ကိုယ်ကိုယ် အရည်အချင်းရှိအောင် မကြိုးစားဘဲ ရာထူးရဖို့လောက်သာ နည်းအမျိုးမျိုးနှင့် ကြိုးစားနေကြခြင်းကြောင့် ကြားထဲက ထူးချွန်သင့်သည့် တပည့်များ နစ်နာရပုံဖြစ်ပါသည်။ အချို့ဆရာ၊ဆရာမများအနာပေါ် တုတ်ကျလျှင်လည်း မတတ်နိုင်ပါ။ မိမိမှာ အနာမရှိလျှင်တော့ တုတ်ကျလည်း နာစရာမရှိပါ။

နောက် ရင်ဖွင့်ချင်သည်များက ကျောင်းသားမိဘအဖြစ် တွေ့ကြုံရပုံများဖြစ်ပါသည်။ သားတော်မောင်ငါးတန်းနှစ်ကဖြစ်ပါသည်။ တစ်ည ဒဟတ်ပန်းကဗျာ၏ စကားပြေကို သားတော်မောင်က အော်ဖတ်နေသည်။ "ဒဟတ်ပန်းကလေးသည် ရှိုးရိုကလေးနှင့်ယှဉ်ပါသည်။ အရိုင်းမဆန်ပါ။ အင်တိုင်းပွင့်များနှင့်တူပါသည်"။

ကျွန်တော်က "သား၊ မင်းဟာက မှားနေတယ်။ အင်တိုင်းဆိုတာ ပန်းမဟုတ်ဘူး။ တောကိုခေါ်တာ သားရဲ့" လို့ဆိုတော့ "ဆရာမ ရေးပေးထားတာ"တဲ့။ ဒါနဲ့ ကျွန်တော်လည်း အသိဆရာတစ်ယောက်ကနေ ထိုဆရာမဆီကို စာတစ်စောင်ရေးပေးလိုက်မိသည်။ "ဖျားနှင့်ဂနိုင်၊ မြိုင်နှင့်ရဂုံ၊ စုံနှင့်ဟေဝန်၊ ဟေမန်ဟေမာ၊ ရိပ်သာရိုင်းစိုင်း၊ အင်တိုင်းစေးပျစ်၊ တောချည်းဖြစ်၏"ဟု ရေးစာဆိုရှိကြောင်း၊ ယဉ်တယ် မရိုင်းဘူး တောဆန်တယ် တောပန်းကလေးပေါ့ဟုပြောလျှင် သင့်မြတ်ကြောင်း၊ မြန်မာစာနှင့်ပတ်သက်၍ စုဆောင်းထားသော စာအုပ်များရှိကြောင်း၊ လေ့လာဖတ်ရှုလိုပါက ငှားရမ်းနိုင်ပါကြောင်း စသဖြင့် ရေးပေးလိုက်မိသည်။ ကျွန်တော် သိကြောင်းတတ်ကြောင်း ကြွားဝါလို၍ မဟုတ်ပါ။ သစ္စာဆို၍ပြောဝံ့ပါသည်။ ကလေးများကို အမှားများ မသင်စေလို၍ ဖြစ်ပါသည်။ သို့သော် ထိုဆရာမတုံ့ပြန်ပုံမှာ အံ့ဩစရာကောင်းလောက်အောင်ပင် တုန်လှုပ်သွားမိသည်။ "သူက ဘာမို့လဲ၊ ဘာလူလည်လုပ်တာလဲ"တဲ့။ သားကို အငြိုးထားမည်စိုး၍ နောင်ဘယ်တော့မှ မပြောရဲတော့ပါ။

နောက်တစ်ခုက သားတော်မောင် ရှစ်တန်းနှစ်ကဖြစ်ပါသည်။ ကျွန်တော်တို့က စီးပွားရေးသမားများလည်း မဟုတ်ကြတော့ ငွေကို ပိုပိုလျှံလျှံလည်း မသုံးနိုင်ကြပါ။ ဒါကြောင့် သားကိုလည်း ကျူရှင်တွေ ဘာတွေလည်း ဘာသာစုံ မထားနိုင်ပါ။ အရေးကြီးမည်ထင်သည့် အင်္ဂလိပ်စာ၊ သင်္ချာလောက်သာထားပါသည်။ ကျောင်းဖွင့်ပြီး တစ်လလောက်ရှိတော့ ဆရာမကသူ့ကျူရှင်တက်ဖို့ပြောကြောင်း သားကပြောပါသည်။ ကျွန်တော်က "တခြားမှာလည်း တက်နေတာပဲသားရယ်။ တစ်ခုဆို တော်ရောပေါ့"ဟုပြောလိုက်သည်။ သားကဘာမျှထပ်မပြောတော့ပါ။ သို့သော် လပတ်စာမေးပွဲများတွင် ထိုဆရာမ၏ဘာသာ၌ အောင်မှတ်သာ ရပါတော့သည်။ ဤမျှလောက်ဆိုလျှင် ကိစ္စမရှိပါ။ ကျွန်တော်တို့ကလည်း အမှတ်မလိုချင်ပါ။ တတ်တာပဲလိုချင်ပါသည်။ ခုတော့ အတန်းထဲမှာ လေ့ကျင့်ခန်းပေးသည်ကို သူ့တွက်နည်းအတိုင်း မတွက်လို့ဆိုပြီး တစ်ချိန်လုံး ခုံပေါ်တက်မတ်တတ်ရပ်ခိုင်းပါသည်။ နောင်လည်း ဤကဲ့သို့ခဏခဏလုပ်ပါသည်။ ဒါကိုသားက ပြန်ပြောပြ၍ သိရခြင်းမဟုတ်ပါ။ သားသူငယ်ချင်းများက သူတို့၏မိဘများကိုပြောပြ၍ ကျွန်တော်ကတစ်ဆင့် သိရခြင်းဖြစ်ပါသည်။ မတတ်သာသည့် အဆုံးကျောင်းအုပ်ကြီးနှင့်တွေ့ကာ အကျိုးအကြောင်းပြောပြလိုက်တော့မှ ရပ်တန်းက ရပ်သွားပါသည်။

နောက်ဖြစ်ရပ်က သား ဆယ်တန်းနှစ်ကဖြစ်သည်။ သားက မြန်မာစာ ဝါသနာပါသည်။ ဆယ်တန်းအောင်လျှင် မြန်မာစာ မေဂျာ လျှောက်မည်ဟုပင်ပြောသည်။ မြန်မာစာဂုဏ်ထူးရအောင် ကိုးတန်းကတည်းက စာစီစာကုံးတွေ မှန်မှန်ရေးသည်။ ကျွန်တော်ကလည်း မောင်ခင်မင်(ဓနုဖြူ)၏ စာစီစာကုံးသင်ကြားရေးတို့၊ ဆရာဦးအောင်သင်း၏ စာစီစာကုံးတွေးနည်း ရေးနည်းတို့၊ ရန်ကုန်ဘဆွေ၏ သီကုံးပန်သွင် ရေးဖွဲ့ချင်သော်တို့ဖတ်ပြီး စာပိုဒ်ဖွဲ့ပုံတွေ၊ ချိတ်ဆက်ပုံတွေ သင်ပေးသည်။ ပညာရှင်များ၏ ကောင်းနိုးရာရာ စာစီစာကုံးများ၊ စာတမ်းများကို နမူနာထုတ်ပြသည်။ လက်တွေ့ချရေးစေသည်။ အတော်ကလေး ဟုတ်ပါ၏။ သို့သော် ကျောင်းက ဆရာတွေက ဗလာစာရွက်ငါးမျက်နှာလောက် ရေးသည်ကိုတိုလွန်းသည်ဟုဆိုသည်။ သူ့လောက်မကောင်းဘဲ ရှစ်မျက်နှာ၊ ကိုးမျက်နှာရေးသည့်ကလေးက သူ့ထက် အမှတ်ပိုရနေသည်။ ကျွန်တော်က မင်္ဂလာမောင်မယ်မှာ ပြိုင်ပွဲခေါ်တာ ကျောင်းသုံးဗလာစာရွက်နဲ့ အနည်းဆုံး သုံးမျက်နှာ၊ အများဆုံး ငါးမျက်နှာပဲ ရေးခိုင်းတာ။ မောင်ခင်မင်ရဲ့ စာစီစာကုံးသင်ကြားရေးစာအုပ်ထဲမှာလည်း ပုံကြမ်းအချက်အလက်တွေကို ရေလည်စွာ မရေးနိုင်ဘဲ စာမျက်နှာနည်းလွန်းခြင်း၊ လိုသည်ထက် အလွန်အကဲ ချဲ့ကားပြီး စာမျက်နှာများလွန်းခြင်း မဖြစ်စေဘဲ စာစီစာကုံးတစ်ပုဒ်တွင် ရှိသင့်သည့်ပမာဏအတွင်း အံဝင်ခွင်ကျရေးသားနိုင်မှုရှိ၊ မရှိအလေးထား၍ အကဲဖြတ်အမှတ်ပေးရန်လို့ ရေးထားသည်ဟုပြောသော်လည်း လက်မခံ။ စာမေးပွဲကြီးတွင် ရှည်ရှည်ရေးမှ အမှတ်ကောင်းကောင်းရသည်ဟုသာ ပြောနေကြသည်။ ထိုစဉ်က ကျွန်တော် မယုံကြည်ခဲ့။ စာမေးပွဲကြီးတွင် ပါမောက္ခများကိုယ်တိုင် စစ်ဆေးအကဲဖြတ်သည့် အတွက် ကောင်းလျှင် ကောင်းသလို အမှတ်ရရမည်ဟူ၍သာ။

မြန်မာစာ ဂုဏ်ထူးလိုချင်သည့် သားကတော့ "ရှည်ရှည်ရေးမယ် အဖေရာ"တဲ့။

သည်လိုနှင့်ဆယ်တန်းတက်တော့ သူ့အဒေါ် အထက်တန်းပြမြန်မာစာ ဆရာမနှင့် ခက်ဆစ်တွေ၊ သဒ္ဒါတွေ၊ တစ်မှတ်တန်တွေ ကျေညက်အောင်လေ့ကျင့်သည်။ မေးခွန်းရှည်တွေ၊ ရေသည်တွေ ကိုယ်တိုင်ရေးတတ်အောင် အထပ်ထပ်ဖတ်သည်။ ချရေးသည်။ စာမေးပွဲတွင်လည်း အားရပါးရဖြေနိုင်သည်။ စာစီစာကုံးတော့ လေးမျက်နှာကျော်ကျော်သာ ရေးနိုင်ခဲ့သည်။ ဂုဏ်ထူးထွက်လောက်ပါသည်ပေါ့။

အောင် စာရင်းများ ထွက်သောအခါထင်သည့်အတိုင်းတခြားဘာသာများသာ ဂုဏ်ထူးရ၍ မြန်မာစာဂုဏ်ထူးမရခဲ့ပါ။ မြန်မာစာမေဂျာယူမည်ဟုလည်း ဘယ်တော့မှမပြောတော့ပါ။

ယခုလည်း ကျွန်တော့်ပတ်ဝန်းကျင်မှ ဆယ်တန်းကျောင်းသား ကျောင်းသူကလေးတွေ ညည်းနေကြသည်။ မြန်မာစာပါမောက္ခတစ်ဦးပြုစုတဲ့ **အလင်္ကာစာအုပ်**ကျောင်းက ထုတ်ပေးထားသတဲ့။ ဆရာတွေက နားလည်လည် မလည်လည် ဒီအတိုင်းသာ အလွတ်ကျက် ဖြေကြ။ ကိုယ့်သဘောနဲ့ကိုယ် နားလည်သလိုရေးလာလို့တော့ ဘယ်လောက်မှန်မှန်အမှတ်မပေးဘူးလို့ပြောသတဲ့။ ကလေးတွေခမျာ အလင်္ကာ အလုံး ၄၀၀ ကျော်ကို ပြာချပြီးသောက်ရမည့်ကိန်းဆိုက်နေသည်။

ကျွန်တော့် ရင်ဖွင့်သံကို အဆုံးသတ်ပါတော့မည်။ ၅-၁-၂၀၁၂နေ့ထုတ် 7Day News ဂျာနယ်မှာ ကျောင်းသားတစ်ဦး ရင်ဖွင့်ခဲ့သလို ကျွန်တော်တို့မိဘများအနေနဲ့လည်း တကယ် ထူးချွန်ထက်မြက်သည့်လေးတွေမွေးထုတ်ပေးနိုင်သောပညာရေးဆိုရင်တော့ တစ်နှစ်မဟုတ်ပါဘူး။ ထပ်တိုးချင်သပဆိုလျှင်တိုး၍ရပါသည်။ သို့သော် စေတနာကင်းသော ဆရာများနှင့်၊ ကိုယ့်အလုပ်ကိုယ် မရိုသေသော၊ မကြိုးစားသောဆရာများနှင့်၊ဆရာဟူသော ဂုဏ်ပုဒ်ကို မှေးမှိန်သေးသိမ်အောင် လုပ်နေသော ဆရာများနှင့်တော့ တစ်နှစ်ထပ်တိုးလျှင်လည်း ကျွန်တော်တို့မိဘများမှာ နောက်ထပ် တစ်နှစ်ထပ်၍ ငွေကုန်ရုံပဲရှိမည်ဟူ၍သာ။ ။

## အ ယ် ဒီ တာ့ ထံ ပေ း စာ

■ **တာဝန်ရှိသူများ သိစေရန် -**

၂၃-၁၂-၂၀၁၁ နေ့ ညက ကျွန်တော်တို့ ဒေးဒရဲမြို့ ပြည်တော်သာလမ်းတွင် မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ပါသည်။ အိမ်ခြောက်လုံး မီးသင့်ဆုံးရှုံးခဲ့ပါသည်။ ကံကောင်းထောက်မစွာ မီးလောင်ရာလေမပင့်ခြင်း၊ မီးလောင်မှုဖြစ်ပွားရာနေရာသည် လမ်းကျယ်နှစ်ခု၏ ခွဆုံဖြစ်နေခြင်းတို့ကြောင့် လမ်းတစ်ဖက်သို့မီးမကူးနိုင်ဘဲ ငြိမ်းသွားခြင်းဖြစ်ပါသည်။ ကွမ်းခြံကုန်းမီးသတ်ကိုလှမ်း၍ အကူအညီတောင်းရပါသည်။

အဲသည်နောက် သိပ်မကြာခင် တစ်ရက်၊ နှစ်ရက်လောက်မှာပဲ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်ကူးတို့ဆိပ်မီးလောင်မှု သတင်းဆိုးကြီးကို ကြားရပါသည်။ မီးသတ်ကားများလည်း အချိန်မီ ရောက်ကြပါသည်။ မီးသတ်စခန်းများစွာမှ မီးသတ်ကားပေါင်းများစွာဖြင့် မီးသတ်ရဲဘော်များအား ကြိုးမာန်တက်မီးငြိမ်းသတ်ကြပါသည်။ သို့သော် ပေါက်ကွဲမှုကြီးကြောင့် မီးသတ်ရဲဘော်အချို့နှင့်ရပ်ကွက်နေပြည်သူအချို့ အသက် ဆုံးရှုံး၊ ဒဏ်ရာရကြသည့် ကြေကွဲဖွယ်ဖြစ်ရပ်ဆိုးကြီး ကြုံခဲ့ရပါသည်။ အဘယ်ကြောင့်ဤသို့ဖြစ်သနည်း။ အဖြေကရှင်းပါသည်။ လူနေရပ်ကွက်အတွင်း ပေါက်ကွဲလောင်ကျွမ်းစေနိုင်သော ပစ္စည်းများ သိုလှောင်ထားခြင်းကြောင့်ဖြစ်ပါသည်။ တအုန်းအုန်းပေါက်ကွဲသံများက မြောက်ဒဂုံလို၊ လှိုင်သာယာလို နေရာများကပင် ကြားရသည်ဟု ဆိုကြပါသည်။ ပေါက်ကွဲစေသော ပစ္စည်းများက မီးနှင့် ထိတွေ့သောအခါ ဘယ်မီးသတ်မှ တားမရ၊ ဆီးမနိုင်တော့ပါ။ အသက်ပါဆုံးရပါတော့သည်။

ကျွန်တော်တို့ ဒေးဒရဲမြို့တွင် မီးလောင်ရာရပ်ကွက်သည် အိမ်ခြေကျဲပါးခြင်း၊ စီးပွားရေးသမားများ လောင်စာသိုလှောင်ရာနေရာ မဟုတ်ခြင်းကြောင့် ဤမျှလောက်သာ ဆုံးရှုံးရခြင်းဖြစ်ပါသည်။ မီးလောင်ရာရပ်ကွက်သည် မြို့အထက်ပိုင်း စည်ပင်သာယာမြို့မဈေးကြီးပတ်ဝန်းကျင်ဖြစ်ခဲ့ပါက ယခုဤစာကိုပင် ကျွန်တော်ရေးနိုင်တော့မည် မဟုတ်ပါ။ တစ်မြို့လုံးမီးဘေးဒုက္ခသည်ဖြစ်လောက်ပါပြီ။ အဘယ်ကြောင့်ဆိုသော် မြို့မဈေးပတ်ဝန်းကျင်သည် တရားမဝင်ဆီလှောင်သည့် အိမ်များနှင့်ပြည့်နေသောကြောင့် ဖြစ်ပါသည်။ စီးပွားရေးသမားများသည် ပီပါများနှင့်သာမက အိမ်ထဲမှာပါ အုတ်ကန်ကြီးများ၊ သံသိုလှောင်ကန်များ ပြုလုပ်ကာ လှောင်ကြပါသည်။ မည်မျှအတင့်ရဲသနည်းဆိုလျှင် ဆိပ်ကမ်းမှာကပ်ထားသော ဆီတင်ဒုံးပေါ်မှ ဆီများကို ပိုက်များဖြင့်သွယ်၍ အိမ်ထဲသို့ စုပ်ယူကြပါသည်။

ကျွန်တော်တို့မြို့ကလေး၌ ဖော်ပြပါဆီလှောင်သောအိမ်များကိုသာ မတော်တဆမီးလောင်ခဲ့ပါလျှင် . . . ။

ထို့ကြောင့် တာဝန်သိ၍ တာဝန်ရှိသော သက်ဆိုင်ရာများက မီးဘေးကြိုတင်ကာကွယ်သည့်အနေနှင့် ဆီလှောင်သော အိမ်များကိုစနစ်တကျစစ်ဆေး၍ သင့်တော်သောနေရာ၌ စုဝေးရောင်းချခွင့်ပြုစေလျှင် သင့်တော်ကြောင်း တင်ပြလိုက်ပါသည်။ *- ဒေးဒရဲမြို့ ခံတစ်ဦး*

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012

# မြန်မာပြည် လူနေမြို့ရွာ ပြဿနာများ

■ ဒေါက်တာကျော်လတ်

မြန်မာပြည်လူဦးရေကို၂၀၀၈-၀၉ ခုနှစ်တွင် Statistical Year book က ၅၈ ဒသမ ၄သန်းခန့်ရှိသည်ဟု ခန့်မှန်း၍ UNICEF က ၄၉ ဒသမ ၆ သန်း ရှိသည်ဟု တွက်ချက်ပါသည်။ ဤသည်တို့ကို အခြေခံ၍ တွက်ချက်ပါလျှင် မြန်မာပြည်၏ လူဦးရေသည် ယခု ၂၀၁၂တွင်သန်း၆၀ဝန်းကျင်ရှိနိုင်ပါသည်။

မြန်မာပြည်လူဦးရေ ၃၃ ရာခိုင်နှုန်းသည် မြို့ပြဒေသများတွင် နေထိုင်သည်ဟု UNICEF က ခန့်မှန်းပါသည်။ ထိုသည်ကို အခြေခံ၍ လက်ရှိ မြန်မာပြည်တွင် ၁၆ သန်းမှ သန်း ၂၀ ခန့်သော လူဦးရေသည် မြို့ပြဒေသများတွင် နေထိုင်သည်ဟုတွက်ချက်ရပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ အဓိကပြဿနာမှာ ကျေးလက်ဒေသများတွင် လုပ်ကိုင်စားသောက်ရန် စိုက်ပျိုးမြေနှင့် လူဦးရေ အချိုးအစား လျော့နည်းလာခြင်းပင်ဖြစ်သည်။ ယင်းလက္ခဏာကို သက်ဆိုင်ရာစာပေများတွင် Decreasing land: men ration လူဦးရေနှင့်မြေအချိုးအစား လျော့နည်းခြင်းဟုခေါ်ဆိုကြသည်။ မြန်မာနိုင်ငံ၏ဥပမာကို ယူရမည်ဆိုလျှင် လွန်ခဲ့သော နှစ် ၆၀ ခန့်၊ ၁၉၅၃ ခုနှစ်တွင် ကျေးလက်ဒေသ၌ နေထိုင်ကြသော လူဦးရေမှာ ၁၅ သန်းခန့်ရှိခဲ့ပြီး ထိုလူဦးရေ လုပ်ကိုင်စားသောက်ရန် စိုက်ပျိုးမြေမှာ ဧက ၂၁ ဒသမ ၁၉ သန်းကျော်ရှိခဲ့သည်။ ကျေးလက်ဒေသရှိ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၁၉၈၃ ခုနှစ်က သန်းခေါင်စာရင်း ကောက်ခံခဲ့ရာ လွန်ခဲ့သော ၂၈နှစ်ခန့်အတွင်းက တစ်တိုင်းပြည်လုံး၏ လူဦးရေတိုးနှုန်း၊ ကျေးလက်ဒေသများမှ မြို့ပြဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြသော လူဦးရေစာရင်းဇယားများစသည်တို့မှာ အနီးစပ်ဆုံးပင်ခန့်မှန်းရန် ခက်ခဲပါသည်။

သို့သော် သေချာသည်မှာ မြို့ပြဒေသများတွင် လူဦးရေတိုးနှုန်းသည် ကျေးလက်ဒေသများ၏ လူဦးရေတိုးနှုန်းထက် ပိုမိုမြင့်မားသည်။ မြန်မာပြည်အပါအဝင် လူဦးရေသည် တဖြည်းဖြည်း တိုးပွားလာခဲ့ရာ ၂၀၀၃ ခုနှစ်တွင် ကျေးလက်လူဦးရေသည် ၃၉ သန်းခန့်ထိ တိုးပွားလာခဲ့သော်လည်း စိုက်ပျိုးမြေမှာမူ ဧက သန်း ၂၆ ဒသမ ၃၆ ခန့်အထိသာ တိုးပွားနိုင်ခဲ့သဖြင့် ယခင်က လူနှင့်မြေအချိုးအစားမှာ ၁ ဒသမ ၄ ရှိပြီး ယခုအခါ ယင်းအချိုးသည် ၀ ဒသမ ၆၇ သို့လျော့နည်းပြောင်းလဲခဲ့ပါသည်။

ကျေးလက်ဒေသများတွင် မြေနှင့်လူအချိုးအစား လျော့နည်းခြင်းသည် အလုပ်အကိုင်များရှားပါးခြင်း (သို့မဟုတ်) အလုပ်လက်မဲ့များ တိုးပွားခြင်းတို့ကိုဖြစ်ပေါ်စေ၍ များစွာသော ကျေးလက်ဒေသနေ လူဦးရေသည် တဖြည်းဖြည်း မြို့ပြဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြတော့သည်။ မြန်မာပြည်နှင့် အလားတူ ဖွံ့ဖြိုးဆဲနိုင်ငံတို့တွင် စက်မှုကဏ္ဍဖွံ့ဖြိုးမှုနှေးကွေးသဖြင့် ကျေးလက်ဒေသများမှ ပြောင်းရွှေ့လာကြသော လူပေါင်းများစွာတို့သည် Service Sector ခေါ် ဝန်ဆောင်မှုကဏ္ဍတွင် လုပ်ကိုင်ကြရသည်။ များစွာသော ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မြို့များတွင် လမ်းဘေးဈေးသည်များပေါ်ပေါက်ခြင်း၊ အတိအကျအလုပ်အကိုင်မရှိဘဲ ရံဖန်ရံခါသာ အလုပ်အကိုင်များရရှိခြင်း စသည်တို့မှာ ပုံမှန်တွေ့ရှိပေါ်ပေါက်နေရသော ပြဿနာများဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် များစွာသောနိုင်ငံတို့တွင်ကြုံတွေ့လျက်ရှိသော အခြားပြဿနာများထဲမှ အချို့မှာ Primate City ခေါ် လွန်စွာကြီးမားသော မြို့ကြီးများပေါ်ပေါက်ခြင်းဖြစ်သည်။ Primate City ဆိုသော အဓိပ္ပာယ်မှာ အကြီးဆုံးသောမြို့သည် ဒုတိယအကြီးဆုံးမြို့ထက် အဆပေါင်းများစွာ ကြီးမားခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဘန်ကောက်မြို့သည် ချင်းမိုင်မြို့ထက် ဆယ်ဆခန့် ပိုမိုကြီးမားလျက်ရှိခြင်း၊ ရန်ကုန်မြို့သည် အကြမ်းဖျင်း လူဦးရေငါးသန်းခန့်နှင့် မန္တလေးမြို့ထက် ငါးဆခန့် ကြီးမားလျက်ရှိခြင်း စသောလက္ခဏာများမှာ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတို့တွင် ပုံမှန်ကြုံတွေ့နေရသောအခြေအနေများဖြစ်ကြသည်။

မြန်မာပြည်၏ လူနေ မြို့ရွာအခြေအနေကို လေ့လာပါလျှင် အောက်ပါအချက်များကို တွေ့ရှိရမည်ဖြစ်သည်။ (၁) ရန်ကုန်မြို့သည် မန္တလေးမြို့ထက် ငါးဆခန့်ကြီးထွားလျက်ရှိခြင်း၊ (၂) ရန်ကုန်မြို့၏ လူဦးရေ တိုးနှုန်းသည် အခြားမြို့ပြဒေသများထက် များစွာပိုမိုမြင့်မားလျက်ရှိခြင်း၊ (၃) မြန်မာပြည်တောင်ပိုင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များဖြစ်သော ရခိုင်၊ တနင်္သာရီ၊ မွန်ပြည်နယ်တို့၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် လူဦးရေသိပ်သည်းမှုမြင့်မား၍ မြောက်ပိုင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ လူဦးရေ သိပ်သည်းမှု လျော့နည်းလျက် ရှိပါသည်။

ထိုကဲ့သို့မြန်မာပြည်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်ဒေသများတွင် ဖွံ့ဖြိုးမှုကွာဟခြင်းနှင့် လူဦးရေသိပ်သည်းမှုကွဲပြားခြင်းသည် ရေရှည်အားဖြင့် နိုင်ငံတော်အတွင်း ဖွံ့ဖြိုးမှုမညီညွတ်မှုများကြောင့် စိတ်ဝမ်းကွဲပြားခြင်းများဖြစ်ပေါ်နိုင်၍ ပြည်ထောင်စု၏ စည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်ပါသည်။ မြန်မာပြည်၏လက်ရှိမြို့ပြလူဦးရေဖြန့်ဖြူးမှုပုံစံသည် Single Polar System ဟုခေါ်ဆို၍ အဓိပ္ပာယ်မှာ ရန်ကုန်မြို့သည် အခြားမြို့များထက် များစွာကြီးမားပြီး ဆွဲဆောင်မှုအားရှိခြင်းကိုဆိုလိုသည်။ ထိုအချက်များကြောင့် မြန်မာပြည်တစ်ပြည်လုံးအတွက် လူဦးရေဖြန့်ဖြူးမှုနည်းဗျူဟာတစ်ရပ် ရေးဆွဲရန် လိုအပ်ချက်ရှိပါသည်။ ယင်းနည်းဗျူဟာရေးဆွဲရာတွင် ပြည်ထောင်စုကြီးစည်းလုံးညီညွတ်ရေးကို ဦးစားပေးအခြေခံရမည်ဖြစ်ပါသည်။ မြန်မာတစ်ပြည်လုံးအတွက် လူဦးရေဖြန့်ဖြူးမှုနည်းဗျူဟာနှင့်ပတ်သက်၍ ဆက်လက်တင်ပြမည်ဖြစ်ပါသည်။ ။

---

## ပြည်သူ့ဒီမိုကရေစီလား

# ငါတို့ဒီမိုကရေစီလား

နိုင်နိုင်ဇော်

ကျွန်တော်တို့ တိုင်းပြည်အနေနဲ့ ယခုအချိန်ကာလဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကြိုးပမ်းလုပ်ဆောင်နေတဲ့၊ သမ္မတကြီး ဦးသိန်းစိန်ပြောကြားခဲ့တဲ့ ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသော အုပ်ချုပ်မှုကို ဖော်ဆောင်ဖို့ ကြိုးစားနေတဲ့ကာလဖြစ်ပါတယ်။ ဒီလိုဒီမိုကရေစီလမ်းစဉ်ကိုကျင့်သုံးဖို့ ကြိုးပမ်းနေစဉ်ကာလမှာ သမ္မတကြီး ပြောကြားခဲ့တဲ့ စကားတွေကို အလေးအနက်ထားဖော်ဆောင်ပေးမယ့် အရေးကြီးဆုံးမောင်းနှင်အားက အစိုးရယန္တရားရဲ့ လည်ပတ်မှုပါပဲ။ အစိုးရယန္တရားကို အဓိကမောင်းနှင်နေသူတွေဆိုတာ ထိပ်ဆုံးအဆင့် ညွှန်ချုပ်မှသည် အောက်ခြေအဆင့်စာရေးအထိပါဝင်သော ပြည်သူ့ဝန်ထမ်းများပဲဖြစ်ပါတယ်။ သမ္မတကြီးက တိုင်းပြည်ကို ပိုမိုကောင်းမွန်တဲ့၊ တိုးတက်တဲ့နိုင်ငံအဖြစ် ထူထောင်လိုပေမယ့်သူတစ်ယောက်တည်း စွမ်းအားနဲ့တော့ မဖြစ်နိုင်ပါဘူး။ အစိုးရယန္တရားထဲမှာ ပါဝင်ထမ်းဆောင်နေကြတဲ့ ပြည်သူ့ဝန်ထမ်းများက အစိုးရယန္တရားရဲ့မူဝါဒဦးဆောင်သည့်အပိုင်းဖြစ်သော သမ္မတဦးဆောင်သည့် ဝန်ကြီးအဖွဲ့၊ အစိုးရအဖွဲ့၏ ကောင်းမွန်သော စိတ်ဆန္ဒအမှန်ကို ရှင်းရှင်းလင်းလင်းနားလည်သဘောပေါက်ပြီး ထိရောက်မှန်ကန်စွာပြုမူဖို့ လိုပါတယ်။ ၎င်းတို့ရဲ့ စွမ်းဆောင်ရည်မြင့်မားအောင်၊ Effectiveness and Efficiency အမြင့်ဆုံးရရှိမယ့် စီမံခန့်ခွဲမှုပုံစံတွေ၊ ကြိုးပမ်းအားထုတ်မှုတွေ၊ ဒီလိုကြိုးပမ်းအားထုတ်လိုတဲ့စိတ်စေတနာတွေနဲ့ အစိုးရယန္တရားကိုမောင်းနှင်ဖို့အလွန်အရေးကြီးပါတယ်။ အစိုးရယန္တရားကို မူဝါဒဖြင့် ဦးဆောင်ပေးသော သမ္မတနှင့် ဝန်ကြီးအဖွဲ့ကလည်း ကိုယ်ချမှတ်တဲ့ မူဝါဒတကယ်အကောင်အထည်ပေါ်လာစေရန်လိုအပ်သောပတ်ဝန်းကျင်အနေအထားကို ဖန်တီးပေးဖို့၊ မူဝါဒကို လိုက်နာလာအောင်တွန်းအားပေးဖို့တာဝန်ရှိပါတယ်။

ပြည်သူ့ဝန်ထမ်းဆိုသည်မှာ ပြည်သူ့တို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရမယ့်၊ တိုးပွားစည်ပင်လာအောင် ကူညီပေးရမယ့်၊ ပြည်သူ့လူထုအခက်အခဲကို ဝိုင်းဝန်းဖြေရှင်းပေးရမယ့်သူတွေလို့ အကြမ်းဖျင်းနားလည်သဘောပေါက်ထားပါတယ်။ ဒါပေမဲ့လက်ရှိအခြေအနေကတော့ ပြည်သူလူထုကို ကိုယ်စားပြုပေးမယ့်၊ ပြည်သူ့အသံတွေကို နားထောင်ပေးမယ့် ပြည်သူ့ဝန်ထမ်းတွေ အလွန်ပါးရှားပါသေးတယ်။ အများစုသော ပြည်သူ့ဝန်ထမ်းများဟာ အစိုးရဝန်ထမ်းအဖြစ်ခံယူပြီး ၎င်းတို့ကိုယ်၎င်းတို့ အာဏာပိုင်များအဖြစ် အထင်ရောက်ကာ ဘယ်လိုအာဏာကို အသုံးပြုခြယ်လှယ်ရမလဲဆိုတဲ့စိတ်ဓာတ်မပျောက်ကြသေးပါဘူး။ စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်ပတ်သက်နေသော နေရာများမှ ပြည်သူ့ဝန်ထမ်းများရဲ့ အကျင့်စရိုက်နဲ့ စိတ်ဓာတ်များဟာ ပျက်ယွင်းမှုပိုများပါတယ်။ နယ်မြို့များတွင် အုပ်ချုပ်မှုအပိုင်း၌ရှိသော ပြည်သူ့ဝန်ထမ်းများမှာ ဘုရင်တစ်ပါးအလားဖြစ်နေကြသည်။ ဒါ့အပြင် ဟိုသို့ဒီသို့ အာဏာပြအနိုင်ကျင့်မှုများမှာ နယ်မြို့များတွင် အလွန်အဖြစ်များနေသော ကိစ္စများဖြစ်နေဆဲပါ။ ဝိသမလောဘစီးပွားရေးသမားများကလည်း အာဏာပိုင်များအကြိုက်လိုက်ပေါင်းပြီး အားနည်းသော ပြည်သူလူထုကို အနိုင်ကျင့်အမြတ်ထုတ်နေတဲ့ ဖြစ်ရပ်များမှာလည်းအများအပြားပါပဲ။ ဒီလိုဖြစ်ရပ်များဟာ အလွန်မှအရုပ်ဆိုးအကျည်းတန်လှပါတယ်။ ပြည်သူ့ဝန်ထမ်းဆိုတာ ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုရအောင်၊ ပြည်သူတွေရဲ့အမြင်မှာ အားကိုးသင့် အားကိုးထိုက်သူဖြစ်အောင် ပြည်သူ့ဝန်ထမ်းဂုဏ်ကိုထိန်းသိမ်းသင့်ပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးတဲ့ ဒေါက်တိုင်အဖြစ်ရပ်တည်နေတဲ့ ပြည်သူ့ဝန်ထမ်းများဟာ မိမိတို့ရဲ့ဒေါက်တိုင် တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရမယ့်အပြင် လက်ရှိအသိပညာဖွံ့ဖြိုးမှုအားနည်းနေသေးတဲ့ပြည်သူလူထုရဲ့ ဒေါက်တိုင်ကိုပါ ကူညီထောက်ပံ့ပေးရမယ့် အနေအထားဖြစ်ပါတယ်။ ဒါကို လျစ်လျူရှုပြီး မိမိတို့အဆင်ပြေသလို အခွင့်အရေးယူနေခြင်းဟာ တိုင်းပြည်တိုးတက်ဖို့အတွက် အနှောင့်အယှက်ဖြစ်နေပြီလို့မြင်တတ်ဖို့အရေးကြီးလာပါပြီ။ ဒီလို အသွင်ကူးပြောင်းဆဲကာလအရေးကြီးသောအချိန်အခါမှာ ပြည်သူ့ဝန်ထမ်းများဟာ မိမိတို့ကျင့်ကြံရမည့် အပြုအမူများနဲ့ ထားရှိရမည့်စိတ်ဓာတ်ကို ရှင်းလင်းပြတ်သားစွာနားလည်ဖို့လိုအပ်ပါတယ်။ ပြည်သူ့ဒီမိုကရေစီကို ကိုယ့်ဒီမိုကရေစီလို ကျင့်သုံးချင်နေတဲ့ ပြည်သူ့ဝန်ထမ်းများအနေနဲ့ ယခု လိုအချိန်ကာလမှာ အချိန်မီပြင်ဆင်သင့်နေပါပြီ။ ပြည်သူလူထုကလည်း မိမိတို့အဆင်မပြေ အခက်အခဲဖြစ်နေသောကိစ္စရပ်များကို ရဲရဲဝံ့ဝံ့ဖော်ထုတ်အသိပေးဖို့လိုပါတယ်။ ထိရောက်နိုင်သည်ဖြစ်စေ၊ မထိရောက်နိုင်သည်ဖြစ်စေ တရားဝင်လမ်းကြောင်းမှ ဆိုင်ရာသို့တိုင်တန်းခြင်းကို တွန့်ဆုတ်နေဖို့ မသင့်ပါဘူး။ တိုင်ကြားချက်များကို အရေးတယူရှိမှု တုံ့ပြန်အရေးယူခြင်းတို့ ထိရောက်မှု၊ မထိရောက်မှုဆိုသည်မှာ မတရားပြုကျင့်ခံရခြင်းအပေါ် မမျှတစွာဆောင်ရွက်ခြင်းအပေါ် မကျေနပ်မှုကို ဖော်ထုတ်ပြသသည့် အကြိမ်အရေအတွက်နှင့် လူဦးရေပေါ်တွင်လည်း မူတည်နေပါတယ်။ လူအများ၊ ပြည်သူအများက လက်မခံတော့ဘူးဆိုရင် ပျက်ယွင်းနေတဲ့အကျင့်စရိုက်နေတွေ၊ စိတ်ဓာတ်တွေကိုပြည်သူ့ဝန်ထမ်းတွေအနေနဲ့ လက်ခံကျင့်သုံးဖို့ ရှက်ကြောက်တတ်လာမှာပါ။ အမှန်တရားကို ဖော်ထုတ်ရမှာ၊ တရားတဘောင်ရင်ဆိုင်ရမှာ၊ မကျေနပ်ချက်တွေကို ဆိုင်ရာသို့ ရဲရဲဝံ့ဝံ့တင်ပြရမှာတွေကို မကြောက်ရွံ့ဖို့လိုအပ်ပါတယ်။ အစိုးရယန္တရားရဲ့ အမြင့်ဆုံးအဆင့်ဆင့်မှာမောင်းနှင်နေသော ဦးဆောင်သူများကို အသိပေးနိုင်မှသာ ချို့ယွင်းချက်ကို အချိန်မီသိမြင်ပြုပြင်နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်ဆီသို့ ချီတက်နိုင်မယ်လို့ ပြည်သူလူထုအနေနဲ့လည်း နားလည်သဘောပေါက်ထားဖို့လိုအပ်ပါတယ်။ ပြဿနာသေးသေးပဲဖြစ်ဖြစ်၊ ကြီးကြီးပဲဖြစ်ဖြစ် အဆင်ပြေသလို ခါးစည်းခံနေမယ်ဆိုရင် မိမိတို့အတွက်လည်းကြီးစွာသော အခက်အခဲများကြုံတွေ့ပြီး တိုးတက်မှုမရရှိသလိုတိုင်းပြည်အတွက်လည်း အကြီးအကျယ်နစ်နာမှုကြီးကို ပါဝင်ပတ်သက်နေသလို ဖြစ်နေမယ်ဆိုတာ သိမြင်ထားရမှာဖြစ်ပါတယ်။ အစိုးရယန္တရားရဲ့ အဆင့်ဆင့်သော တာဝန်ရှိသူများကလည်း ပြည်သူ့ဝန်ထမ်းများအကျင့်ပျက်အာဏာပြမှုများကို ပြတ်ပြတ်သားသားအရေးယူမှသာ ဖွင့်ဟဖော်ထုတ်လာသော ပြည်သူလူထုကို ပိုမိုဖွင့်ဟလာအောင် အားပေးရာရောက်မှာဖြစ်ပါတယ်။ တိုင်သာတိုင်၏ အကျိုးမရှိဖြစ်နေပါကလည်း ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရရှိနိုင်မှာမဟုတ်ပါဘူး။ ရှင်းလင်းပြတ်သားသောလမ်းကြောင်းချပြပြီး ထိုလမ်းကြောင်းမှ သွေဖည်နေသော ပြည်သူ့ဝန်ထမ်းများကို ထိရောက်အောင် အရေးယူခြင်းဖြင့် တိုင်းပြည်ရဲ့ အဓိကဒေါက်တိုင်တစ်ခုဖြစ်တဲ့ ပြည်သူ့ဝန်ထမ်းများရဲ့ အခန်းကဏ္ဍကို အမြန်ဆုံးပြုပြင်လိုစေသဖြင့် ရေးသားလိုက်ပါတယ်။ ။

# ကိုမြေးကြွယ်

## (၈၈ ကျောင်းသားခေါင်းဆောင်)နှင့် တွေ့ဆုံခြင်း

အိဖြူလွင်



**လွတ်မြောက်လာတဲ့အတွက် ဘယ်လိုခံစားရပါသလဲ။**

ဒီလွတ်ငြိမ်းချမ်းသာခွင့်မှာ နိုင်ငံရေးအကျဉ်းသား အများစုပါတာပေါ့လေ။ အဲဒီအတွက် ကျွန်တော်တို့တိုင်းပြည်အတွက် ဝမ်းသာပါတယ်။ ဒီလွတ်ငြိမ်းချမ်းသာခွင့်နဲ့ နိုင်ငံရေးအကျဉ်းသားလွှတ်ရေးကြောင့်မြန်မာနိုင်ငံဟာ ပြည်တွင်းနိုင်ငံရေးအခြေအနေမှာရော၊နိုင်ငံတကာနဲ့ဆက်ဆံရေးအခြေအနေမှာရော ပိုပြီးတော့ တိုးတက်လာမယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ ပိုမိုပြီးတော့ အခု လက်တွေ့ဆန်တဲ့စတင်မှုလို့ ကျွန်တော်မြင်တယ်။

**လွတ်ငြိမ်းချမ်းသာခွင့်ကို အကြိမ်ကြိမ်ကြေညာခဲ့ပြီး ခုအကြိမ်မှ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးလိုက်တဲ့အပေါ်မှာ ဘယ်လိုမြင်လဲ။**

အခုမှ လွှတ်ပေးတယ်ပေါ့လေ။ မြန်မာနိုင်ငံမှာ နိုင်ငံရေးအရ ယုံကြည်ချက်အရ ဖမ်းဆီးထိန်းသိမ်းခံရသူတွေ အများကြီးရှိတယ်ဆိုတာ မြန်မာနိုင်ငံသားတွေရော ကမ္ဘာကလည်းသိတယ်။ အခုမှ ဘာဖြစ်လို့လွှတ်သလဲ။ မြန်မာနိုင်ငံဟာ နိုင်ငံတကာနဲ့ဆက်ဆံရေးမှာ တကယ့်အဆုံးအဖြတ်ပေးရမယ့် အခြေအနေကို ရောက်နေပါပြီ။ ကျွန်တော်တို့နိုင်ငံဟာ မဖြစ်သင့်ဘဲနဲ့ပေါ့လေ။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်နေပါတယ်။ တကယ်မဖြစ်သင့်တဲ့နိုင်ငံပါ။ ဒီအခြေအနေကနေ မြန်မာနိုင်ငံရဲ့ တကယ့်ထိုက်တန်တဲ့အခြေအနေကို ပြန်ပြီးတော့ ရောက်အောင် ကျွန်တော်တို့ ပြန်သွားရပါလိမ့်မယ်။ အဲဒီအတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ အဓိကအတိုက်အခံတွေကို လွှတ်ပေးတယ်ဆိုတာ ကောင်းမွန်တဲ့ ခြေလှမ်းလို့ပဲမြင်ရပါတယ်။

**လက်ရှိအစိုးရအပေါ် ဘယ်လိုအမြင်ရှိပါသလဲ။**

လက်ရှိအစိုးရက ပြည်သူကို တာဝန်ခံရတဲ့အစိုးရ။ ရွေးကောက်ပွဲနဲ့တက်လာခဲ့တဲ့ အစိုးရပေါ့။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက ဝင်ရောက်ယှဉ်ပြိုင်တယ်ပေါ့။ ဒါပေမဲ့ပြည်သူကိုတာဝန်ခံရမယ်။ အခုဆိုရင် ဒီသမ္မတကြီးတက်လာတယ်။ ဒီသမ္မတ ဦးသိန်းစိန်တက်လာတဲ့အချိန်မှာ ပြည်သူ့ရဲ့သဘောထားတွေကို ထင်ဟပ်တဲ့ မြစ်ဆုံကိစ္စလိုမျိုး ဒီဆုံးဖြတ်ချက်က ကျွန်တော်တို့မြန်မာတစ်နိုင်ငံလုံးပျော်ပါတယ်။ ဘာလို့လဲဆိုတော့ ဒါအမျိုးသားအကျိုးစီးပွားဖြစ်နေလို့ပါ။ ဟိုတုန်းကဆိုရင် အာဏာပိုင်စနစ်နဲ့ သွားနေတော့ ဘယ်သူမှမပြောနဲ့၊ မဝေဖန်နဲ့ ဖမ်းမယ်ဆိုတာချည်းပဲဖြစ်နေတာကိုး။ အခုကာလမှာတော့ အခု ပြည်သူရဲ့သဘောထားတွေလည်း အားလုံးထင်ဟပ်တယ်။ နယ်ပယ်ပေါင်းစုံက သဘောထားတွေ ထင်ဟပ်တယ်။ အဲဒီထင်ဟပ်တဲ့သဘောထားအပေါ်မှာကောင်းကောင်းမွန်မွန်တုံ့ပြန်ခဲ့တယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမဲ့လို့ ဆက်လက်ပြီးတော့ လုပ်ဆောင်ရမယ့် လယ်ယာမြေကိစ္စလိုမျိုးတွေ ရှိသေးတယ်။ ဥပဒေစိုးမိုးရေးကို ဖြည့်ဆည်းတည်ဆောက်တဲ့နေရာမှာ Good Governance Clean Government ဖြစ်ဖို့ဆိုရင် အရေးကြီးဆုံးက ဥပဒေမဏ္ဍိုင်ကို သွားနိုင်ဖို့အရေးကြီးပါတယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီနဲ့ ထိုက်တန်တဲ့၊ ဒီမိုကရေစီကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်တဲ့နိုင်ငံတစ်ခုဖြစ်ဖို့ အစိုးရအဖွဲ့ရော၊ ပြည်သူရော၊ အတိုက်အခံပါတီတွေရော၊ စစ်တပ်ရော အားလုံးပူးပေါင်းဆောင်ရွက်မှ ဖြစ်နိုင်ပါလိမ့်မယ်။

**၈၈ မျိုးဆက်ကျောင်းသားတွေ အနေနဲ့ လွှတ်တော်တွင်း နိုင်ငံရေးမှာ ပါဝင်ဆောင်ရွက်ဖို့ စိတ်ကူးရှိပါသလား။**

နိုင်ငံရေးကို ကျွန်တော်တို့ ၈၈ ကျောင်းသားတွေ အနေနဲ့ အဓိပ္ပာယ်ဖွင့်ချင်တာက ဗိုလ်ချုပ်တို့ခေတ်ရဲ့နိုင်ငံရေးကမြန်မာနိုင်ငံရဲ့လွတ်လပ်ရေးပါ။ ကျွန်တော်တို့ ဒီဘက်ခေတ်တစ်ခေတ်မှာမြန်မာနိုင်ငံရဲ့နိုင်ငံရေးက ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးပါ။ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးကို ကျွန်တော်တို့ချည်းပဲမဟုတ်ပါဘူး။ နယ်ပယ်အသီးသီးကပေါ့။ ပညာရှင်တွေ၊ ဂျာနယ်လစ်ကောင်းကောင်းတွေ၊ စီးပွားရေးသမားကောင်းကောင်းတွေ၊ နိုင်ငံရေးသမားကောင်းကောင်းတွေ၊ အနုပညာရှင်တွေအားလုံးပေါ့။ လူ့အဖွဲ့အစည်းက အားလုံးဝိုင်းပြီးတော့ မကြတော့မှ၊ တွန်းကြတော့မှ ဒီခေတ်နဲ့ ဒီနိုင်ငံရေးကို ကျွန်တော်တို့ရရှိမှာ ဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော်ထဲဝင်ရေး မဝင်ရေးဆိုတာက ဒီခေါင်းစဉ်အောက်မှာပဲ ရှိပါလိမ့်မယ်။

**ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီရဲ့ ရွေးကောက်ပွဲဝင်မှုအပေါ်မှာရော ဘယ်လိုသုံးသပ်မိပါသလဲ။**

ဒါက လက်တွေ့ကျတဲ့ နိုင်ငံရေးရွေးချယ်မှုတစ်ရပ်ပါ။ ဒီကနေ့အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကို ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြစ်နိုင်ဖို့၊ အမျိုးသားညီညွတ်ရေးကို အလုပ်တွေ အတူတွဲလုပ်ရင်းနဲ့ တည်ဆောက်နိုင်ဖို့ ရွေးကောက်ပွဲဝင်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ရွေးကောက်ပွဲက ၄၈ နေရာတည်းပါ။ အဲဒါကိုဝင်တယ်ဆိုကတည်းက အာဏာအတွက် ရည်ရွယ်တာ မဟုတ်ဘူးဆိုတာ သိပါတယ်။

**၈၈ မျိုးဆက်ကျောင်းသားတွေအနေနဲ့ ကျန်နေသေးတဲ့ ငြိမ်းချမ်းရေးကိစ္စတွေ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေမှာ ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်မယ်လို့ စဉ်းစားထားတာရှိပါသလဲ။**

ကျွန်တော်တို့ အစွမ်းကုန်အတတ်နိုင်ဆုံး မြန်မာနိုင်ငံသားတိုင်းရင်းသားတွေ အခွင့်အရေးအပြည့်အဝ ရရှိနိုင်အောင်၊ ငြိမ်းချမ်းရေးဆိုလည်း ထာဝရငြိမ်းချမ်းရေးကို အာမခံချက်ရှိတဲ့ ထာဝရငြိမ်းချမ်းရေးဖြစ်နိုင်အောင်၊ ပြီးတော့ ၁၉၈၈ ကတည်းက ကျွန်တော်တို့မောင်နှမတွေ ညီအစ်ကိုတွေ အပြင်မှာရှိနေပါတယ်။ ဒီလူတွေလည်း တစ်ချိန်မှာ မြန်မာနိုင်ငံထဲကို ပြန်လာကြရမယ့်လူတွေဖြစ်ပါတယ်။ ဂုဏ်သိက္ခာရှိရှိနဲ့ဝင်နိုင်အောင် မြန်မာပြည်ရဲ့ အမျိုးသားညီညွတ်ရေးဆိုတာ စကားလုံးမဟုတ်ဘဲနဲ့အားလုံးလက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်အောင် ကျွန်တော်တို့ကြိုးစားသွားမှာပါ။

**အခု လက်ရှိရရှိထားတဲ့ KNU နဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုအပေါ်မှာ ဘယ်လိုမြင်ပါသလဲ။**

နှစ်ပေါင်း ၅၀ အတွင်းမှာပေါ့လေ။ အောင်မြင်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတစ်ခုရပြီလို့။ ဒါပဏာမအဆင့်ပဲ ရှိပါသေးတယ်။ အပစ်အခတ်ရပ်စဲရေးအဆင့်ပါ။ နိုင်ငံရေးအရ ဖြေရှင်းမှုကို ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမယ်ဆိုတဲ့ သဘောတူညီချက်ကို ရထားတာပေါ့။ ကြိုဆိုပါတယ်။ ဒီလိုပဲ ကချင်ပြည်နယ်မှာ ဖြစ်နေတဲ့ သေနတ်သံတွေ တိတ်အောင် ကျွန်တော်တို့ပြည်သူတွေ၊ ကချင်တိုင်းရင်းသားတွေ အခုဆိုရင် စစ်ဘေးဒုက္ခသည်တွေ မနည်းပါဘူး။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်နေတယ်။ ကျွန်တော်တို့ပြည်သူတွေ တခြားနိုင်ငံတွေမှာ ဒုက္ခသည်တွေအဖြစ် ရောက်ရှိနေကြတယ်။ သိန်းချီပြီးတော့ ရှိနေတယ်။ ဒါဟာ ကိုယ်ကျိုးစီးပွားအတွက်ပါလို့ လွယ်လွယ်လေးပြောလို့ရတဲ့ကိစ္စမဟုတ်ပါဘူး။ အမျိုးသားဂုဏ်သိက္ခာကအစ ထိခိုက်မှုရှိပါတယ်။ ကျွန်တော်တို့ဟာ အောင်မြင်တဲ့ လူမျိုးတစ်မျိုး၊ ဒီမိုကရေစီနဲ့ ထိုက်တန်တဲ့လူမျိုးတစ်မျိုးဖြစ်ချင်နေပါပြီ။ ဖြစ်လည်းဖြစ်သင့်နေပါပြီ။ ဖြစ်နိုင်အောင် အားလုံးဝိုင်းဝန်းပြီး ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

# အင်န်အယ်လ်ဒီက ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းစာရင်းထုတ်ပြန်

သတင်းအဖွဲ့

ရန်ကုန်၊ ဇန်နဝါရီ - ၁၂

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ပါတီကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်အမည်စာရင်းကို ယနေ့တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်။

ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပခဲ့သော ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ လစ်လပ်မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ကိုယ်စားလှယ်လောင်း ၂၂ ဦးစာရင်းကို ဦးစွာကြေညာပေးခဲ့ပြီး ကျန်ကိုယ်စားလှယ်လောင်းများကို ဆက်လက်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၂ ရက်တွင်ထုတ်ပြန်သော ပါတီ၏ ကြေညာချက်၌ ထုတ်ပြန်ထားသည်။

ဒေါ်အောင်ဆန်းစုကြည်မှာ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် ဇန်နဝါရီ ၉ ရက်က ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ရာတွင် ပါတီဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးမှ ကျန်လစ်လပ်မဲဆန္ဒနယ်များတွင် ဒေါ်စုစုလွင်က သုံးခွမြို့နယ်မှလည်းကောင်း၊ ဒေါက်တာမျိုးအောင်က ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်)မှလည်းကောင်း၊ ဒေါ်ဖြူဖြူသင်းက မင်္ဂလာတောင်ညွန့်မြို့နယ်မှလည်းကောင်း၊ ဦးဖြိုးမင်းသိမ်းက လှည်းကူးမြို့နယ်မှလည်းကောင်း၊ ဒေါက်တာမေဝင်းမြင့်က မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှလည်းကောင်း အသီးသီးယှဉ်ပြိုင်မည်ဖြစ်သည်။

ပါတီအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ် ၄၈ နေရာစလုံး၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၈ ရက်ကတည်းက ကြေညာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ ၁၉၉၀ ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သောပါတီဖြစ်ပြီး ၂၀၁၀ ရွေးကောက်ပွဲတွင်မူ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိဘဲ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သည်။

အင်န်အယ်လ်ဒီပါတီက ပါတီရုံးခန်းဖွင့်လှစ်ခြင်း၊ ဆိုင်းဘုတ်တင်ခြင်း၊ အလံလွှင့်ထူခြင်းတို့နှင့်ပတ်သက်၍ ညွှန်ကြားချက်သုံးခုကိုလည်း ဇန်နဝါရီ ၁၀ ရက်က ထုတ်ပြန်ခဲ့သည်။ ပါတီရုံးခန်းကို အစိုးရပိုင်အဆောက်အအုံ၊ နိုင်ငံ့ဝန်ထမ်းအဆောက်အအုံ၊ သာသနာရေးဆိုင်ရာ အဆောက်အအုံများတွင် ဖွင့်လှစ်ခြင်းမပြုရန်ဆိုသော အချက်များပါဝင်သည်။

# မလှလှဝင်းနှင့် တွေ့ဆုံခြင်း

အိဖြူမွန်

မလှလှဝင်းသည် ဒီဗွီဘီသတင်းထောက်အဖြစ် ၂ နှစ်တာဝန်ထမ်းဆောင်ခဲ့သည်။ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ၂၀၀၈ ခုနှစ် စက်တင်ဘာလတွင် ပခုက္ကူမြို့တွင် အဖမ်းခံရသည်။ အမှု ၅ မှုနှင့် တရားစွဲဆိုခံရပြီး ၂၇ နှစ်အကျဉ်းချခံရသည်။ ကသာအကျဉ်းထောင်တွင် ထောင် ဒဏ် ၂ နှစ် ၄ လနေခဲ့ရသည်။

**အခုတစ်ခေါက်လွှတ်မယ်။ အကျဉ်းသားတွေထဲမှာ အစ်မ ပါမယ်လို့ မျှော်လင့်ထားလား။**

ပါမယ်လို့ မမျှော်လင့်ထားဘူး။ ဒါပေမဲ့ ဒီမိုကရေစီနိုင်ငံကူးပြောင်းတော့မယ်၊ နောက်ပိုင်းမှာတော့ ငါးနှစ်အတွင်း တစ်ချိန်ချိန်တော့ လွှတ်လိမ်မယ်လို့ မျှော်လင့်ထားတယ်။ ပိုတိုးပြီး မျှော်လင့်တာက ပြောင်းလဲတဲ့ ကာလမှာတော့ တစ်နှစ်အတွင်း လွှတ်မယ်တော့ ခန့်မှန်းထားတယ်။ လွှတ်မယ့်လွှတ်တော့ တစ်နှစ်တောင် မကြာဘူး။ အစ်မမှန်းထားထက် ပိုစောတယ်။

**ဘာတွေလုပ်ဖို့ စဉ်းစားထားလဲ။**

လုပ်ချင်တာတွေ အများကြီးပဲ။ လူမှုရေးလုပ်ငန်းတွေလည်း လုပ်ချင်တယ်။ ပညာရေးကိုလည်း လုပ်ချင်သေးတယ်။ သတင်းကိစ္စလည်း လုပ်ချင်သေးတယ်။ ပြည်တွင်းမီဒီယာတွေမှာ အရင် ၂ နှစ်လောက်ကနဲ့ မတူဘူး။ တအားအားရလာတယ်။ စိတ်တော့ဝင်စားတယ်။ အစ်မလုပ်ဖြစ်မယ်၊ မလုပ်ဖြစ်ဘူးတော့ စဉ်းစားနေတုန်းပဲ။ အစ်မက ဒီနေ့မှာ လွှတ်တယ်ဆိုတော့လေ။ သေချာတာတော့ အစ်မလူမှုရေးလုပ်ငန်းတွေ ပိုလုပ်ဖြစ်မယ်။ အခုစစ်ဖြစ်နေတဲ့ ဒုက္ခသည်တွေကိုကူညီမယ်။ အကုန်လုပ်မယ်။ အလုပ်တစ်ခုတော့လုပ်ရမှာပဲ။ ထောင်ထဲမှာနေတုန်းက အစ်မစဉ်းစားထားတာ တစ်ခုရှိတယ်။ ကိုယ့်ဘဝ ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားမယ်။ ပြီးရင်တော့ ပြည်သူလူထုကို အကျိုးရှိစေတဲ့ အရာမှန်သမျှ အကုန်လုပ်မယ်။

**ထောင်ထဲမှာ ဘယ်လိုပုံစံနဲ့ နေခဲ့ရပါလဲ။**

ထောင်မကျခင်ကတော့ ထောင်ထဲကို ဘယ်အချိန်ဝင်ရမလဲဆိုပြီး စိုးရိမ်ပူပန်ခဲ့ရတယ်။ ဒီအလုပ်လုပ်ရင်ထောင်တော့ကျမှာပဲ။ တကယ်တမ်း ထောင်ကျလာတော့အဲလောက်ကြီးမဟုတ်တော့ဘူး။ အပြင်ကို မထွက်ရတာက လွဲရင်သက်သောင့်သက်သာနေရတယ်။ အစ်မကျခဲ့တဲ့ ထောင်က ကောင်းလို့လားမသိဘူး။ ဆက်ဆံရေးကတော့ မိသားစုဆက်ဆံရေးပဲ။ ၂ နှစ်ဆိုပေမယ့် နှစ်လလောက်ပဲ ခံစားရသလိုပဲ။ ထောင်အတွေ့အကြုံတွေတော့ ရလိုက်တယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ ထောင်မှာ ရောက်နေမှန်းမသိအောင် နေနည်း ထိုင်နည်းတွေကောင်းတယ်။ မိသားစုဆက်ဆံရေးလိုကြုံခဲ့ရတယ်။ မိသားစုနဲ့ မတွေ့ရတာက လွဲရင်။

**အစ်မနဲ့အတူ ဘယ်သူပါသေးလဲ။**

အစ်မကို ကူညီပေးတဲ့ ဦးမြင့်နိုင်ဖမ်းခံရတယ်။ မြိုင်မြို့သားပေါ့။ သူကတခြားအမှုတွေရောပါတော့ ၃၂ နှစ် အထိန်းသိမ်းခံရတယ်။ အစ်မနဲ့ တစ်နေ့တည်းဖြစ်မယ်။ အစ်မတည်းတဲ့ ပခုက္ကူဘုန်းကြီးကျောင်းလည်း မွေ့သွားတယ်။ ဦးမြင့်နိုင်က နယ်စပ်ဖြတ်ကျော်အမှုလည်း ပါတော့ ၃၂ နှစ်ကျသွားတယ်။ လားရှိုးထောင်မှာ လွှတ်၊ မလွှတ်တော့ မသိသေးဘူး။

7 DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012

▶ မျက်နှာဖုံးမှ

Exclusive Interview

# မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ်နှင့် သီးသန့်တွေ့ဆုံမေးမြန်းခြင်း

**ဒီတစ်ခေါက် (မြန်မာနိုင်ငံ)လာတဲ့ အဓိကရည်ရွယ်ချက်နဲ့ နေပြည်တော်မှာ ဘာတွေဆွေးနွေးခဲ့သလဲဆိုတာကို မေးရင်းစပါရစေ။**

နိုင်ငံခြားရေးဝန်ကြီးနဲ့ ပြီးခဲ့တဲ့လတုန်းကလာခဲ့ပြီး နောက်ပိုင်းမှာ ဒီတစ်ကြိမ်ဟာ ပထမဦးဆုံးခရီးစဉ်ပါ။ ရည်ရွယ်ချက်ကတော့ ဝန်ကြီးရဲ့ခရီးစဉ်မှာတုန်းက ကျွန်တော်တို့လုပ်ပါမယ်လို့ ကြေညာခဲ့တဲ့ လုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ဖို့ပါပဲ။ ဒါကြောင့် ဒီလုပ်ငန်းတွေကို အကောင်အထည်ဖော်ဖို့နဲ့ ဆက်လက်ဆောင်ရွက်ဖို့အတွက် အစိုးရနဲ့ရော ရန်ကုန်မှာရှိတဲ့ တခြားအဖွဲ့တွေနဲ့ပါ နက်နက်နဲနဲဆွေးနွေးဖို့ ဒီကိုပြန်လာချင်ခဲ့တာပါ။ ဒီနှစ်သစ်ကူးအချိန်မှာ နောက်ခြောက်လ (သို့မဟုတ်)တစ်နှစ်အတွင်းဆက်ဆံရေးတွေကိုပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတဲ့ အမြင်တွေ စိတ်ကူးတွေရဖို့ ပြန်လာချင်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လေးငါးလအတွင်းမှာ အပြုသဘောဆောင်တဲ့ ခြေလှမ်းတွေရခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အတွက်ကတော့ ဝန်ကြီးရဲ့ခရီးစဉ်ဟာ အလွန်အောင်မြင်တဲ့ ခရီးစဉ်လို့ရှုမြင်ပြီး အပြန်အလှန်ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လာမှုရဲ့ အဖွင့်နိဒါန်းလည်းဖြစ်ပါတယ်။

**အားလုံးကိုခြုံကြည့်ပြီး ဒီတစ်ခေါက် ခင်ဗျားဘယ်လိုမြင်သလဲဆိုတာ ပြောပြပါလား။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားနောက်ဆုံးတစ်ခေါက်လာအပြီးမှာ နိုင်ငံတကာကခေါင်းဆောင်တချို့လည်း ဒီကိုလာသွားခဲ့တယ်။ မကြာသေးမီကလည်း လွတ်ငြိမ်းချမ်းသာခွင့်အပေါ်မှာ အငြင်းပွားစရာတွေလည်း ဖြစ်ပေါ်ခဲ့ပါတယ်။**

ကြားရတာတွေအပေါ်မှာ အခြေခံပြီးပြောရမယ်ဆိုရင်တော့ ကျွန်တော်အခုထက်ထိ အားရနေတုန်းပါပဲ။ ဒီတစ်ပတ်အတွင်းမှာ အပြောင်းအလဲတွေ၊ တိုးတက်မှုတွေနဲ့လုပ်ကိုင်ဖို့ အခြေအနေတွေကို အနည်းဆုံးဒီရန်ကုန်မှာတော့ တွေ့နေရပါတယ်။ ရုပ်ရှင်ပွဲတော်နဲ့ ရန်ပုံငွေရှာဖွေရေးဂီတပွဲတော်ကို ကျွန်တော်တို့ တွေ့ခဲ့ရပြီး ငြိမ်းချမ်းစွာ စုဝေးခွင့်ဥပဒေကိုပြဋ္ဌာန်းခဲ့တာလည်း တွေ့ရပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လည်း နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ခဲ့ပြီး ဒါကိုလည်း အစိုးရဘက်ကလက်ခံပြီးဖြစ်ပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲရာသီရောက်ပြီမို့ သူတို့ကြားဖြတ်ရွေးကောက်ပွဲဝင်မှာပါ။ ဆိုတော့ ပြုပြင်ပြောင်းလဲမှုကိုရှေးရှုတဲ့ အပြုသဘောဆောင်တဲ့ လက္ခဏာတွေဟာ ဆက်တိုက်ဖြစ်ပေါ်နေတယ်ဆိုတာ အသေအချာပါပဲ။ ဒါပေမဲ့ ဖြစ်လာမယ်လို့ထင်ပြီး ဖြစ်မလာသေးတဲ့ အရာတွေလည်းရှိပါတယ်။ ဒီ့ထက်ပိုများပြားတဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်ငြိမ်းချမ်းသာခွင့်လည်း အပါအဝင်ဖြစ်ပါတယ်။ ဒါပေမဲ့ နေပြည်တော်ကကြားရတဲ့ သတင်းအရတော့ ရှေ့မှာ ဒီ့ထက်ပိုပြီး လွှတ်ဖို့ရှိပါတယ်။ ကျွန်တော်တို့ စောင့်ကြည့်ပါဦးမယ်။

(မှတ်ချက်-ယခုအင်တာဗျူးမှာ ဇန်နဝါရီ ၂ရက်ညနေတွင် ကြေညာသော လွတ်ငြိမ်းချမ်းသာခွင့် သတင်းမကြေညာမီက ဖြစ်သည်ကို သတိပြုစေလိုပါသည်)

**မကြာသေးမီက အင်တာဗျူးတစ်ခုထဲမှာ ဒေါ်အောင်ဆန်းစုကြည်က တပ်မတော်အနေနဲ့ပြုပြင်ပြောင်းလဲမှုတွေကို ဟန့်တားကောင်း ဟန့်တားနိုင်တယ်လို့ပြောခဲ့ပါတယ်။ (ဒီလိုပြောခဲ့လို့) လူတော်တော်များများက ပြုပြင်ပြောင်းလဲမှုတွေအပေါ်မှာ တပ်မတော်အနေနဲ့ ဘယ်လိုမြင်သလဲဆိုတာနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေဖြစ်ခဲ့ပါတယ်။ ဒီမနက် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့တဲ့အခါမှာ ဒီအကြောင်းကို ပြောဖြစ်ခဲ့ပါသလား။**

ကျွန်တော်တို့ပြောဖြစ်ခဲ့တဲ့ အကြောင်းအရာတွေက အများကြီးပါပဲ။ နိုင်ငံအတွင်းမှာဖြစ်ပေါ်နေတဲ့အကြောင်းအရာစုံဆိုပါတော့။ တပ်မတော်နဲ့ ကျွန်တော်တွေ့ခဲ့ပြီးပြီဆိုတာ သူမကို ကျွန်တော်ပြောပြခဲ့ပါတယ်။ နေပြည်တော်မှာတုန်းက ကျွန်တော်ကာကွယ်ရေးဝန်ကြီးကို တွေ့ခဲ့ပါတယ်။ ကာကွယ်ရေးဦးစီးချုပ်ကိုလည်း ကျွန်တော်အရင်တစ်ခေါက်က တွေ့ခဲ့ပါတယ်။

တိုင်းရင်းသားဒေသတွေက အခြေအနေတွေ၊ အထူးသဖြင့် ကချင်ဒေသနဲ့ ဒီကိစ္စအပေါ်မှာ ကျွန်တော်တို့ရဲ့အပြန်အလှန် စိုးရိမ်မှုတွေကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးကိစ္စဟာ ခင်ဗျားသိတဲ့အတိုင်းပဲ အရမ်းအရမ်းကို အရေးကြီးတဲ့ ကိစ္စဖြစ်ပါတယ်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနဲ့ နိုင်ငံရေးလုပ်ခွင့်သာမှု အပေါ်မှာ အနက်အဓိပ္ပာယ်ဖွင့်မယ့်ကိစ္စဖြစ်ပါတယ်။ ဒါပေမဲ့ တိုင်းပြည်ရဲ့ စိန်ခေါ်မှုကို တကယ်အနက်အဓိပ္ပာယ်ဖွင့်မယ့်ကိစ္စလို့ ကျွန်တော်တို့နှစ်ဦးလုံး ညီတူညာတူမြင်တာကတော့ တိုင်းရင်းသားလူနည်းစုရေးရာကိစ္စပါပဲ။ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ရေရှည်တည်တံ့မယ့် နိုင်ငံရေးအရ ဖြေရှင်းမှုကို ဖော်ဆောင်နိုင်ရေးနဲ့ ကချင်၊ ကရင်နဲ့ အခြားတိုင်းရင်းသား လူနည်းစုဒေသတွေမှာ သွေးထွက်သံယိုမှုတွေကို ရပ်စဲနိုင်ဖို့ဖြစ်ပါတယ်။ ဒီတိုင်းပြည်ရဲ့ အနာဂတ်ကို အဓိပ္ပာယ်ဖွင့်ဆိုမှာက ဒီကိစ္စပဲလို့ ကျွန်တော်တို့နှစ်ဦးစလုံး သဘောတူယုံကြည်ကြပါတယ်။

အဲဒီတော့ အတိုင်းအတာတစ်ခုအထိ တပ်မတော်ရဲ့ အခန်းကဏ္ဍကို ဖွဲ့စည်းပုံအခြေခံဥပဒေကလည်းပြဋ္ဌာန်းထားတယ်၊ တိုင်းရင်းသားလူနည်းစုဒေသရေးရာကိစ္စတွေဖြေရှင်းရမှာလည်း အတိုင်းအတာတစ်ခုအထိ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်၊ အနည်းဆုံးတော့ တိုင်းရင်းသားဒေသတွေနဲ့ပတ်သက်ပြီး နိုင်ငံရေးအရ ချဉ်းကပ်ဖို့ရာမှာလည်း အရေးပါတယ်။ ပြီးတော့ ပါလီမန်ထဲမှာလည်း သူတို့အတွက် နေရာရှိတယ်၊ (ဆိုရင်) သူတို့ရဲ့အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားဖို့နဲ့ ပြုပြင်ပြောင်းလဲရေးတွေအပေါ်မှာ သူတို့ဘယ်လိုမြင်သလဲဆိုတာကို မေးကြည့်ကြဖို့ အင်မတန်အရေးကြီးပါတယ်။

ကျွန်တော်နဲ့စကားပြောတုန်းကတော့ အထွေထွေပြုပြင်ပြောင်းလဲရေးနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးအပေါ်မှာ သူတို့ သံန္နိဋ္ဌာန်ရှိတယ်လို့ ပြောပြခဲ့ကြပါတယ်။ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်ရာမှာ သမ္မတရဲ့ ဦးဆောင်မှုအခန်းကဏ္ဍကိုလည်း သူတို့အသိအမှတ်ပြုကြပါတယ်။ အနာဂတ်မှာ ပြုပြင်ပြောင်းလဲမှုတွေအတွက် အရေးကြီးတဲ့ဆောင်ရွက်ချက်တွေအပေါ်မှာ သူတို့ဘယ်လိုအခန်းကဏ္ဍကဆက်ပြီး ပါဝင်မယ်ဆိုတာကိုလည်း ကျွန်တော်တို့ အနီးကပ်စောင့်ကြည့်နေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာသမိုင်းဖြစ်နေလို့ပဲ။

**တပ်မတော်နဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ နိုဝင်ဘာလတုန်းက သတင်းစာဆရာအချို့နဲ့ စားပွဲဝိုင်းဆွေးနွေးပွဲလုပ်ရာမှာ မစ္စတာမစ်ချယ်အနေနဲ့ စစ်တပ်နှစ်ခုအကြားမှာ ပူးပေါင်းဆောင်ရွက်မှုတွေကိုတော့ သိပ်အာရုံစိုက်မှာမဟုတ်ဘူးဆိုတာ ပြောခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြောစရာများ ရှိပါသလား။ အမေရိကန်ပြည်ထောင်စုနဲ့မြန်မာနိုင်ငံအကြား စစ်တပ်အချင်းချင်းဆက်သွယ်မှုကို စတင်ဖို့ စိတ်ကူးတစ်ခုခုများ ရှိပါသလား။**

(နိုင်ငံခြားရေး)ဝန်ကြီးရဲ့ခရီးစဉ်အတွင်းရတဲ့ ရလဒ်တွေထဲကတစ်ခုက ဒုတိယကမ္ဘာစစ်အတွင်းက ဒီမှာကျဆုံးသွားတဲ့ အမေရိကန်တပ်သားတွေရဲ့ကြွင်းကျန်တဲ့ ရုပ်ကလာပ်တွေကိစ္စ ဖြစ်ပါတယ်။ အထူးသဖြင့် ကချင်ပြည်နယ်မှာပါ။ ဒါကြောင့် ကြိုတင်ခန့်မှန်းကြည့်ရရင် ပင်တဂွန်နဲ့ဒီက တာဝန်ရှိသူတွေကြားမှာ ဒါကိုဘယ်လိုအကောင်အထည်ဖော်ဖို့အတွက် ဆွေးနွေးပွဲတွေ ဖြစ်ပေါ်လာမယ်လို့ထင်ပါတယ်။ လာမယ့်လအနည်းငယ်အတွင်းမှာ ပင်တဂွန်ကအရာရှိတွေ ဒီကိုလာပြီး ညှိနှိုင်းဆွေးနွေးမှုတွေကို စတင်ကောင်းစတင်ကြပါလိမ့်မယ်။ ဒါကပဲ တပ်တပ်ချင်း စေ့စပ်ခြင်းရဲ့ပထမခြေလှမ်း ဖြစ်ပါလိမ့်မယ်။ (ဒီစေ့စပ်ဆွေးနွေးမှုကို) နိုင်ငံရေးအရ အပြန်အလှန်ဆက်ဆံမှု၊ သံတမန်ရေးရာ ဆက်ဆံမှုတွေနဲ့အတူတကွ ရေရှည်မြင်တွေ့ချင်ပါတယ်။ ဒါပေမဲ့ အခုကျန်နေတဲ့ ပြဿနာတွေကတော့ တိုင်းရင်းသားဒေသတွေမှာ အကြမ်းဖက်၊ သွေးထွက် သံယိုမှုတွေ ဆက်ဖြစ်နေတာပါ။ လူ့အခွင့်အရေးဖိနှိပ်မှုတွေ ဆက်ဖြစ်နေတယ်ဆိုတဲ့ အစီအရင်ခံစာတွေရှိနေပါတယ်။ ဒါတွေဆက်ရှိနေသမျှ တပ်တပ်ချင်းစေ့စပ်မှုတွေကိုဆက်လုပ်ဖို့အတွက် ဥပဒေနဲ့မူဝါဒတွေက ကျွန်တော်တို့ကို ထိန်းချုပ်ထားပါတယ်။ ဒါပေမဲ့ ဒီလိုပြောလို့ ကျွန်တော်တစ်ဦးတစ်ယောက်အနေနဲ့ ဒီကိစ္စကို တန်ဖိုးမထားဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ ဒီကိစ္စကလည်း တန်ဖိုးရှိပါတယ်။ တပ်မတော်ကို အရည်အသွေးပြည့်မီတဲ့ တပ်မတော်ဖြစ်အောင်လုပ်ဖို့နဲ့ အရပ်သားတွေဦးဆောင်တဲ့ ဒီမိုကရေစီ လူ့ဘောင်တစ်ခုမှာ တပ်မတော်ရဲ့အခန်းကဏ္ဍတွေကို ဖော်ဆောင်ဖို့အတွက် လုပ်စရာတွေအများကြီးရှိပါတယ်။ ကျွန်တော်တို့အတူတကွပေါင်းလုပ်နိုင်တဲ့အရာတွေ အများကြီးရှိပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စတွေဆိုပါတော့။ ကျွန်တော်တို့တစ်ဆင့်ပြီးတစ်ဆင့်လုပ်ရမှာပါ။ တိုင်းရင်းသားဒေသတွေမှာ အကြမ်းဖက်သွေးထွက်သံယိုမှုတွေ ဆက်ဖြစ်နေမယ်ဆိုရင်တော့ ဒီကိစ္စက ခက်ခဲပါလိမ့်မယ်။

**၂၀၀၇ ခုနှစ်တုန်း က Foreign Affairs မဂ္ဂဇင်း မှာ Michael Green နဲ့ ခင်ဗျား ပူးပေါင်းရေးခဲ့တဲ့ A New Approach To Burma ဆိုတဲ့ ဆောင်းပါးကို ကျွန်တော်ဒီမနက်ပြန်ဖတ်ခဲ့ပါတယ်။ ဆောင်းပါးထဲမှာ နိုင်ငံစုံချဉ်းကပ်မှုပုံစံကို အကြံပေးခဲ့ပြီး အာဆီယံ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နဲ့ အမေရိကန်ပြည်ထောင်စုပါဝင်တဲ့ ငါးပါတီ ချဉ်းကပ်မှုပုံစံကို ဆွေးနွေးခဲ့တာတွေ့ရပါတယ်။**

ဥရောပလည်းပါတယ်။



ဒဲရက်မစ်ချယ်နှင့် တွေ့ဆုံမေးမြန်းသူ ကိုရဲမိုးတို့ကို အတူတွေ့ရစဉ်

**ဟုတ်ကဲ့။ ဥရောပလည်းပါတယ်။ အဲဒီဆောင်းပါးဟာ အခုချိန်ထိ ဆီလျော်နေဆဲပဲလို့ ခံစားရပါတယ်။ ခင်ဗျားအနေနဲ့ အခုရော အဲဒီအယူအဆအတိုင်းလုပ်နေတာပဲလား။ ဒါကို လက်တွေ့အကောင်အထည်ပေါ်အောင် ခင်ဗျားဘယ်လိုလုပ်မလဲ။**

ဒီကိစ္စကို ပုံစံတကျကြီး နိုင်ငံတကာမှုပြုဖို့ ကျွန်တော်ပြောတာ မဟုတ်ပါဘူး။ ကျွန်တော်တို့မှာ အပြန်အလှန်ဆက်ဆံမှုတွေရှိတယ်။ ညှိနှိုင်းဆွေးနွေးမှုတွေ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားအခုပြောတဲ့ နိုင်ငံတွေဖြစ်တဲ့ အီးယူ၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ အာဆီယံနဲ့ အမေရိကန်ပြည်ထောင်စု စတဲ့နိုင်ငံတွေအားလုံးက ဒီနိုင်ငံနဲ့ပတ်သက်ရင် အရေးစိုက်ကြပါတယ်။ တစ်ဦးနဲ့တစ်ဦးပြိုင်ဆိုင်တာ၊ ဆန့်ကျင်တာထက် အတူတကွ ပူးပေါင်းလုပ်တာ၊ ညှိနှိုင်းဆောင်ရွက်ပြီး ချဉ်းကပ်တာက ပိုကောင်းပါလိမ့်မယ်။ တစ်သီးတခြားစီ အမှီအခိုကင်းကင်းနဲ့ လုပ်နိုင်ရင်တောင်မှ နိုင်ငံအတွင်းမှာ ဖြစ်ပျက်နေတဲ့ ကိစ္စတွေကို အကောင်းဆုံးချဉ်းကပ်နိုင်မှာ မဟုတ်ပါဘူး။ ဆိုတော့ ကျွန်တော့်ရဲ့တာဝန်တွေထဲမှာ အပိုင်းသုံးပိုင်းရှိပါတယ်။ ပထမတစ်ပိုင်းကတော့ ဝါရှင်တန်က ပြည်ထောင်စုအစိုးရနဲ့ နိုင်ငံခြားရေးဝန်ကြီးတို့ကို ကိုယ်စားပြုပြီး မြန်မာအစိုးရနဲ့ မြန်မာလူ့အဖွဲ့အစည်းကို အဓိကဆက်ဆံသူအဖြစ် တာဝန်ယူဖို့ဖြစ်ပါတယ်။ ဒုတိယကတော့ အမေရိကန်ပြည်ထောင်စုရဲ့ မူဝါဒရေးရာ ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ဖို့ပါ။ ကျွန်တော်တို့ အစိုးရအတွင်းမှာလည်း အကျိုးစီးပွားတွေ အမျိုးမျိုးရှိတာကြောင့် ဒါတွေကို ညှိနှိုင်းဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ တတိယကတော့ အခြားနိုင်ငံများနဲ့ ညှိနှိုင်းဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒီမှာ လုပ်စရာတွေမျိုးစုံရှိပါတယ်။ နိုင်ငံခြားရေးဝန်ကြီးရဲ့ ခရီးစဉ်အပြီးမှာ ဂျပန်၊ ကိုရီးယားနဲ့ တရုတ်နိုင်ငံတွေကို ကျွန်တော်သွားခဲ့ပါတယ်။ အရင်တုန်းကလည်း ထိုင်းနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံကို ကျွန်တော်သွားခဲ့ပါတယ်။ လာမယ့် သီတင်းပတ်တွေအတွင်း မှာ ဥရောပကိုလည်းကျွန်တော်သွားမှာပါ။ ဒါဟာကျွန်တော့်တာဝန်တွေထဲက အရေးကြီးတဲ့ အစိတ်အပိုင်းတွေလို့ မြင်ပါတယ်။ ပြီးတော့ ဒီနိုင်ငံကို ထိထိရောက်ရောက် အကူအညီပေးဖို့အတွက်လည်း ဒါဟာကောင်းမွန်တဲ့ လုပ်ဆောင်မှုလို့ ကျွန်တော်မြင်ပါတယ်။

7DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012





**အခုနက ပြောတဲ့ ဥရောပကိုသွားမယ်ဆိုတဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး ပြောပြနိုင်မလား။**

ခရီးစဉ်က အားလုံးတော့မပြင်ဆင်ရသေးပါဘူး။ လွန်ခဲ့တဲ့လအနည်းငယ်ကတည်းက ကျွန်တော်သွားချင်ခဲ့ပါတယ်။ ဒါပေမဲ့ပြဿနာက အချိန်ပါ။ ကျွန်တော်ခရီးတွေ အဆက်မပြတ် သွားနေခဲ့ရပါတယ်။ သူတို့ကလည်း အရမ်းစိတ်ဝင်စားပါတယ်။ ဒီမှာဘာတွေဖြစ်နေသလဲဆိုတာကို အီးယူက စိတ်ဝင်စားပါတယ်။ ပြီးတော့ သူတို့က ဒီအပေါ်မှာ အမေရိကန်ပြည်ထောင်စုရဲ့ မူဝါဒကဘာလဲ၊ အမေရိကန်ပြည်ထောင်စုက ဒီအပေါ်မှာ ဘယ်လိုမြင်သလဲ၊ ဘယ်လိုသုံးသပ်သလဲဆိုတာကိုလည်း စိတ်ဝင်စားကြပါတယ်။ ဒါကြောင့် ကျွန်တော် အီးယူက မိတ်ဆွေတွေနဲ့ စကားပြောဖို့ ဘရပ်ဆဲလ်ကိုသွားပါမယ်။ နောက်မြို့တော်တစ်ခုခုကိုလည်း သွားပါမယ်။ ဒါပေမဲ့ လန်ဒန်လား၊ တခြားတစ်မြို့မြို့လားဆိုတာတော့မသေချာသေးပါဘူး။ ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ပြီး နက်နက်နဲနဲဆွေးနွေးခွင့်ရဖို့ ဖြစ်ပါတယ်။ ကျွန်တော်ခရီးတွေထွက်ပြီး ဝါရှင်တန်ကိုပြန်ရောက်တိုင်း ဝါရှင်တန်မှာရှိတဲ့ အီးယူသံအမတ်ကြီးတွေကို သွားစကားပြောပါတယ်။ စားပွဲဝိုင်းမှာ ကျွန်တော်တို့ ဝိုင်းထိုင်ပြီး ကျွန်တော်ဘာတွေ တွေ့ခဲ့တယ်ဆိုတာကို သံအမတ်ကြီးတွေကိုပြောပြပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဆွေးနွေးကြပါတယ်။ ပြီးတော့ ကျွန်တော် အာဆီယံအတွင်းရေးမှူးချုပ်နဲ့လည်း စကားပြောပါတယ်။ ဒါကလည်း ညှိနှိုင်းဆောင်ရွက်ရေးရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။

**ဒီဇင်ဘာလအတွင်းမြန်မာပြည်ခရီးစဉ်အပြီးမှာ တောင်ကိုရီးယား၊ဂျပန်နဲ့ တရုတ်ကို ခင်ဗျားသွားခဲ့ပါတယ်။ ပီကင်းက သတင်းစာရှင်းလင်းပွဲတစ်ခုမှာ သတင်းထောက်တစ်ယောက်က မြန်မာ့နိုင်ငံရေးကိစ္စမှာ ခင်ဗျားရဲ့ အကြီးမားဆုံး စိုးရိမ်ပူပန်မှုက ဘာလဲလို့မေးတော့ အမျိုးသားညီညွတ်ရေးလို့ ခင်ဗျားပြောခဲ့ပါတယ်။ တိုင်းရင်းသားရေးရာ ပဋိပက္ခတွေကိုရပ်စဲဖို့ အနာဂတ်မှာ အမေရိကန်ပြည်ထောင်စုအနေနဲ့ အခန်းကဏ္ဍအသစ်တစ်စုံတစ်ရာများရှိမလား။ ပြီးတော့ ခင်ဗျားအမြင်မှာ ဒီပဋိပက္ခတွေကိုရပ်စဲဖို့ ဘယ်အရာကအရေးကြီးဆုံး စိန်ခေါ်မှုလို့ ထင်ပါသလဲ။**

စိန်ခေါ်မှုတွေကတော့ အများကြီးပါပဲ။ အဲဒီထဲက အရေးကြီးဆုံးတစ်ခုကတော့ နှစ်ဦးနှစ်ဖက်ကြားက 'ယုံကြည်မှုကင်းမဲ့ခြင်း'ပါပဲ။ ပြီးတော့ စစ်ပွဲနဲ့ သွေးထွက်သံယိုမှုတွေက ချန်ထားရစ်ခဲ့တဲ့ အမွေတွေနဲ့ တစ်ဖက်နဲ့တစ်ဖက်ကြားထဲမှာ နက်နက်ရှိုင်းရှိုင်း ခွဲခြားမှုတွေပါပဲ။ ဒါပေမဲ့ 'ယုံကြည်မှုကင်းမဲ့ခြင်း' ကတော့ ကံအကြောင်းမလှစွာနဲ့ဘဲ အခြေခံကျနေပါတယ်။ မြန်မာ့သမိုင်းကို လေ့လာသူတိုင်း အသိအမှတ်ပြုကြရတဲ့အရာတစ်ခုကတော့ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ ဒီမိုကရေစီကို ၁၉၅၀ ခုနှစ်ဝန်းကျင်မှာ ကြိုးစားတည်ဆောက်ခဲ့ကြပေမယ့် အမျိုးသားညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးကတော့ ဘယ်တုန်းကမှ မရခဲ့ပါဘူး။ ဒါကြောင့် ဒီကိစ္စဟာတိုင်းပြည်အတွက် ကျန်ရှိနေတဲ့ အရေးကြီးဆုံးကိစ္စဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးနဲ့ အမျိုးသားညီညွတ်ရေးဟာ နိုင်ငံရဲ့ စိန်ခေါ်မှုကို အနက်အဓိပ္ပာယ်ဖွင့်မယ့်အရာပဲလို့ ကျွန်တော်ပြောခဲ့တာပါ။

သေချာတာကတော့ ကျွန်တော်တို့အကူအညီကို ကမ်းလှမ်းမှသာ အမေရိကန်ပြည်ထောင်စုရဲ့ အခန်းကဏ္ဍရှိမှာပါ။ ဒီကိစ္စဟာ ဘယ်လောက် အကဲဆတ်တယ်ဆိုတာ ကျွန်တော်တို့နားလည်ပါတယ်။ ကွာဟချက်တွေက နက်ရှိုင်းပါတယ်။ ပုဂ္ဂိုလ်ရေးတွေလည်း ပါပါတယ်။ ဆက်လက်ပြီးလည်းဖြစ်ပေါ်နေပါတယ်။ ဒီလိုအလားတူဖြစ်ရပ်မျိုးတွေ တခြားနိုင်ငံတွေမှာလည်း ရှိပါတယ်။ မြန်မာနိုင်ငံတစ်ခုတည်းမှာမှ မဟုတ်ပါဘူး။ ဒီလိုအခြေအနေမျိုးတွေမှာ နိုင်ငံတကာ လူ့အဖွဲ့အစည်းတွေဟာအပြုသဘောဆောင်တဲ့အခန်းကဏ္ဍကပါဝင်လို့ရတယ်လို့ကျွန်တော်တို့ထင်ပါတယ်။ တတိယအဖွဲ့အနေနဲ့စီစဉ်ဆောင်ရွက်ပေးတာ၊ တတိယအဖွဲ့အနေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးတာ၊ ဒိုင်ယာလော့ခ်မှာ ဓမ္မဓိဋ္ဌာန်ကျကျနဲ့ ကြားဝင်ဆောင်ရွက်ပေးတာမျိုးတွေ လုပ်လို့ရပါတယ်။ ဒီလိုအခန်းကဏ္ဍတွေရှိဦးမယ်လို့ ကျွန်တော်တို့ မျှော်လင့်နေဆဲပါ။ ဒီလိုဝန်ဆောင်မှုမျိုးကိုပေးခွင့်ရဖို့ အခွင့်အလမ်းကိုကြိုဆိုမယ့် နိုင်ငံတွေ၊ အဖွဲ့အစည်းတွေ အများကြီးရှိပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ကတော့ ကျွန်တော်တို့အတွက် အခန်းကဏ္ဍရှိမယ်ဆိုရင်၊ အပြုသဘောဆောင်တဲ့ နောက်ဆုံးရလဒ်ကိုလည်း ဦးတည်တယ်လို့ ယုံကြည်တယ်ဆိုရင် ကျွန်တော်တို့ကတော့ ကူညီဖို့အတွက် လုံးဝဥဿုံစိတ်ဆန္ဒရှိပါတယ်။

**ဒီတစ်ခေါက် ခင်ဗျားခရီးစဉ်မှာ အသေးစားချေးငွေနဲ့ပတ်သက်ပြီး အရမ်းအာရုံစိုက်တယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဘာများပြောစရာရှိပါသလဲ။**

နိုင်ငံခြားရေးဝန်ကြီးရဲ့ ခရီးစဉ်မှာတုန်းက မြန်မာနိုင်ငံကို ကူညီမယ့် ဒေါ်လာသန်းချီတဲ့ အစီအစဉ်တွေကို ကြေညာခဲ့ပါတယ်။ ဒီအထဲမှာ အသေးစားချေးငွေကိစ္စလည်း ပါပါတယ်။ အခုလက်ရှိလည်း အလယ်ပိုင်းဒေသ၊ ရှမ်းပြည်နယ်နဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေမှာ လုပ်နေဆဲအစီအစဉ်တွေရှိပြီးသားပါ။ ကျွန်တော် အရင်က အဲဒါတွေကို သွားမကြည့်ခဲ့ရပါဘူး။ ဒီတစ်ခေါက်တော့ အခွင့်အလမ်းတစ်ရပ်အနေနဲ့ ပုဂံကိုသွားလည်ခဲ့ပြီး ပုဂံတစ်ဝိုက်က အသေးစားချေးငွေစီမံကိန်းတွေကို သွားကြည့်ခဲ့ရပါတယ်။ လူတွေရဲ့လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးဖို့နဲ့ သူတို့ကို ဆင်းရဲမွဲတေမှုကလွတ်အောင် ကူညီပေးရာမှာ ဒီနည်းလမ်းဟာ အင်မတန်အောင်မြင်တဲ့နည်းလမ်းလို့ ဒေါ်စုအပါအဝင် လူအများဆီက ကျွန်တော်ကြားခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်ကိုယ်တိုင်သွားပြီး လေ့လာခဲ့တာပါ။ ဒါဟာ ကျွန်တော်တို့ ကူညီနိုင်တဲ့နည်းလမ်းတစ်ခုဖြစ်ပြီး (အနာဂတ်မှာ)လည်း ဆက်ကူညီနိုင်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ တိုင်းပြည်ထဲမှာဖြစ်နေတဲ့ စီးပွားရေးပြဿနာအားလုံးကို ဖြေရှင်းနိုင်တဲ့ အဖြေမဟုတ်ပေမယ့် ကျွန်တော်တို့ ဒီကိစ္စကို ပိုနားလည်ရင် ကျွန်တော်တို့ဆက်ပြီး ကူညီနိုင်ပါလိမ့်မယ်။

**လွှတ်တော်အချင်းချင်း အပြန်အလှန်ပူးပေါင်းဖလှယ်ရေး အစီအစဉ်တွေရောရှိမလား။ ရှိကောင်းရှိနိုင်တယ်လို့ ခင်ဗျားအရင်က ပြောခဲ့သလားလို့။**

ဒါနဲ့ပတ်သက်ပြီး စိတ်ဝင်စားမှုတွေရှိပါတယ်။ လွှတ်တော်နဲ့ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်မှုတွေလုပ်ရာမှာ တစ်ခုခုကူညီနိုင်ဖို့အတွက် ကျွန်တော်တို့ အလေးအနက်ရှိပါတယ်။ ကျွန်တော်တို့ လေးလေးနက်နက် စဉ်းစားပါတယ်။ အခုဒီမှာ ကွန်ဂရက်အမတ် ခရိုလီလည်းရှိပါတယ်။ ဒီကနေ့မစ္စတာခရိုလီဟာ အောက်လွှတ်တော်ဒုတိယ ဥက္ကဋ္ဌနဲ့တွေ့နေပါတယ်။ အပြန်အလှန်ပူးပေါင်းဖလှယ်ရေး အစိတ်အပိုင်းတစ်ရပ်အနေနဲ့ ကွန်ဂရက်ကတခြားကိုယ်စားလှယ်အဖွဲ့တွေလည်းလာကောင်းလာနိုင်ပါတယ်။ ဒီက လွှတ်တော်ဥက္ကဋ္ဌတွေဆီက လွှတ်တော်တွေကို ပိုမိုဖွံ့ဖြိုးလာအောင်လုပ်ဖို့ စိတ်ဝင်စားကြကြောင်း အဆက်မပြတ်ကြားရပါတယ်။ (လွှတ်တော်ဟာ) ဒီမိုကရေစီအတွက် မရှိမဖြစ်အရေးပါတဲ့ အဖွဲ့အစည်းကြီးဖြစ်ပါတယ်။ ဒါကြောင့်ဒီလိုဖွံ့ဖြိုးအောင်လုပ်ဖို့ကြိုးစားရာမှာ ကျွန်တော်တို့ကူညီနိုင်ပါတယ်။ ဒါကိုလုပ်ဖို့ ကျွန်တော်တို့ အင်မတန် စိတ်ပါပါတယ်။ ဘယ်လိုလုပ်တဲ့နည်းလမ်းက အသင့်တော်ဆုံးနည်းလမ်းဆိုတာကို ကျွန်တော်တို့ ရှာဖွေရမှာ ပါ။

**အပိုင်းကပါ မီဒီယာဥပဒေနဲ့ပတ်သက်ပြီးတော့ ပြောဆိုဆွေးနွေးခဲ့တာမျိုးရှိပါလား။**

ပြောခဲ့ရရင်တော့ သိပ်ကောင်းမှာပဲ။ ဒါပေမဲ့ ကျွန်တော်တို့ မပြောဖြစ်ခဲ့ကြပါဘူး။ ဒီလကုန်မှာ လွှတ်တော်ပြန်စပြီး အလုပ်သမားဥပဒေအပါအဝင် ဥပဒေအချို့ကို ဆွေးနွေးဖို့ရှိတယ်လို့တော့ ပြောခဲ့ကြပါတယ်။ မီဒီယာဥပဒေအသစ်နဲ့ ပိုမိုလုပ်ကိုင်လာနိုင်ခွင့်ကို ဆွေးနွေးခဲ့ရရင် သိပ်ကောင်းမှာပဲ။ သတင်းစာပညာသင်တန်းတွေကလည်း ကူညီဖို့ထည့်သွင်းစဉ်းစားတဲ့ အထဲမှာပါပါတယ်။ ဒီမှာလိုအပ်ချက်တွေ အများကြီးရှိတဲ့အတွက် အရေးကြီးဆုံးလိုအပ်ချက်တွေကို အစီအစဉ်လုပ်ရပါတယ်။ တချို့အလုပ်တွေက NGO တွေနဲ့ ဖောင်ဒေးရှင်းတွေက လုပ်နိုင်တဲ့အရာတွေလည်းရှိပါတယ်။ ကျွန်တော့်တာဝန်ရဲ့တစ်စိတ်တစ်ပိုင်းက လုပ်ခွင့်သာမှုတွေ၊ ဖြစ်နိုင်ခြေတွေကို လေ့လာသုံးသပ်ပြီး အိမ်ကိုပြန်ရောက်တဲ့အခါ မတူညီတဲ့အရင်းအမြစ်တွေအားလုံးကို စုစည်းပြီး မဟာဗျူဟာတစ်ခုကိုချရမှာပါ။ ဘယ်နေရာကို အလေးထားဆောင်ရွက်မယ်၊ ဘယ်နေရာကို အာရုံစိုက်မယ်ဆိုတဲ့ မဟာဗျူဟာကျတဲ့ အမြင်တစ်ခုလိုအပ်ပါတယ်။ ပြီးတော့ နိုင်ငံတကာက တခြားနိုင်ငံတွေနဲ့ ညှိနှိုင်းပြီး ခင်ဗျားတို့ကတော့ ဘာတွေလုပ်ပါ၊ ကျွန်တော်တို့ကတော့ ဒါတွေလုပ်မယ်လို့ ဆွေးနွေးပြင်ဆင်ရပါတယ်။ ဒါမှသာ လူတိုင်းဒီကို အပြေးအလွှားမလာကြဘဲ အစိုးရရော လူ့အဖွဲ့အစည်းကိုပါ ဖိစီးမှုမဖြစ်စေမှာဖြစ်ပါတယ်။ ဒါက ကျွန်တော့်တာဝန်တစ်စိတ်တစ်ပိုင်းလို့ ထင်ပါတယ်။ ကျွန်တော်တို့ ဒီကိစ္စနဲ့ပတ်သက်ပြီး အကောင်းဆုံးဖြစ်အောင်ကြိုးစားနေပါတယ်။

**ကျွန်တော်တို့နိုင်ငံက လူအများစု အပြောများနေတဲ့ အကြောင်းအရာကတော့ တရုတ်ပါပဲ။ ဒီအကြောင်းကိုပဲ ထပ်ပြန်တလဲလဲပြောနေကြပါတယ်။ မစ္စတာမစ်ချယ်ရဲ့အမြင်မှာ အမေရိကန်မြန်မာ ဆက်ဆံရေးအသစ်အပေါ်မှာ တရုတ်အနေနဲ့ ဘယ်လောက် အာရုံနောက်နေတယ်လို့ ထင်ပါသလဲ။**

မေးခွန်းရဲ့ပထမပိုင်းကိုပြောရရင် ကျွန်တော်ထင်တာကတော့ ဒေသတွင်းက လူအားလုံး တရုတ်အကြောင်းကို ပြောနေကြတယ်ထင်တာပဲ။ ကမ္ဘာပေါ်ကလူအများစုလည်း တရုတ်အကြောင်းကို စိတ်ဝင်စားနေကြတာပါ။ သူ့ရဲ့ အကျိုးသက်ရောက်မှုက ကမ္ဘာပေါ်မှာ ကြီးမားပါတယ်။ (တရုတ်နိုင်ငံဟာ) အဓိကကျတဲ့ အခန်းကဏ္ဍက ပေါ်ထွက်လာခဲ့တာကြောင့် သူတို့နဲ့ကောင်းမွန်တဲ့ ဆက်ဆံရေးတည်ဆောက်ဖို့၊ ပူးပေါင်းလုပ်ဆောင်ဖို့၊ အနည်းဆုံးတော့ အပြုသဘောဆောင်တဲ့ ဆက်ဆံရေးကို တည်ဆောက်နိုင်ဖို့အတွက် ကျွန်တော်တို့ နည်းလမ်းရှာကြပါတယ်။ တရုတ်နဲ့ဘယ်လို ဆက်ဆံရမလဲဆိုတဲ့ အရေးကိစ္စမှာ ကျွန်တော်တို့ သတိထားဖို့ လိုအပ်တယ်၊ လိမ္မာပါးနပ်ဖို့လိုအပ်တယ်ဆိုတာ မေးခွန်းထုတ်စရာတောင်မလိုပါဘူး။ (ခင်ဗျားတို့ကျွန်တော်တို့အပေါ်မှာ) တရုတ်ဘယ်လိုမြင်သလဲဆိုတာတော့ သူတို့ကိုမေးမှရလိမ့်မယ်။ အဲဒါပြောရခက်ပါတယ်။ ကျွန်တော့်အမြင်အရတော့ အမေရိကန်ရဲ့စေ့စပ်မှုကို ကြိုဆိုကြောင်းသူတို့ လူသိရှင်ကြား ထုတ်ဖော်ပြောဆိုပါတယ်။ စီးပွားရေးပိတ်ဆို့မှုတွေကို ရုပ်သိမ်းဖို့လည်း သူတို့တောင်းဆိုပါတယ်။ (ရယ်လျက်)

ဒီမှာ သူတို့အကျိုးစီးပွားရှိနေပါတယ်။ ကျွန်တော်ထင်တာကတော့ သူတို့ရဲ့ အကြီးမားဆုံးစိုးရိမ်ပူပန်မှုက ကျွန်တော်တို့နဲ့ စေ့စပ်ပြေလည်မှုက သူတို့အကျိုးစီးပွားကို ပုံစံတစ်မျိုးမျိုးနဲ့ ထိခိုက်မှာကိုပါပဲ။ ဒါက ကျွန်တော်တို့လိုချင်တဲ့ ပန်းတိုင်မဟုတ်ပါဘူး။ ကျွန်တော်တို့ပန်းတိုင်က၊ မြန်မာနိုင်ငံနဲ့ ကျွန်တော်တို့ ဆက်ဆံရေးက မြန်မာနိုင်ငံအတွက်ပါပဲ။ မြန်မာနိုင်ငံနဲ့ဆက်ဆံရေးဟာ ခင်ဗျားတို့ကိုဦးမတည်ပါဘူး၊ တရုတ်ကို ဦးမတည်ပါဘူးလို့ ပီကင်းက မီဒီယာအင်တာဗျူးတစ်ခုမှာလည်း ပွင့်ပွင့်လင်းလင်း ကျွန်တော်ပြောခဲ့ပါတယ်။ ဒီမှာလည်း ပြောပါတယ်။

**ခင်ဗျားနေပြည်တော်မှာတုန်းက ကိုယ်ကိုယ်တိုင်ရော တာဝန်ရှိသူတွေ**

စာ(၁၂)သို့

# မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုများကြောင့် အမေရိကန်သံအမတ် ပြန်လည်ခန့်အပ်သွားမည်

**အေးမြကျော်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၃**

မြန်မာနိုင်ငံတွင် လျင်မြန်သောအရှိန်ဖြင့် ပြောင်းလဲနေသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် အမေရိကန်အစိုးရအနေနှင့် ၁၉၈၈ ခုနှစ်နောက်ပိုင်း ထားရှိခဲ့ခြင်းမရှိသည့် မြန်မာနိုင်ငံရှိအမေရိကန်သံရုံးတွင် သံအမတ်ပြန်လည်ခန့်အပ်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ဇန်နဝါရီ ၁၃ ရက်တွင် တရားဝင် ထုတ်ပြန်ပြောဆိုခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာနိုင်ငံသို့ ပြီးခဲ့သော ဒီဇင်ဘာလတွင်လာရောက်စဉ်ကလည်း မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေးများပြုလုပ်နိုင်ရန် သံအမတ်ခန့်အပ်ရေး စဉ်းစားသွားမည်ဟု ပြောကြားခဲ့သည်။

ရာနှင့်ချီသော ယုံကြည်ချက်ကြောင့်အကျဉ်းကျခံရသူများ ပြန်လွှတ်ပေးခြင်းကို အမေရိကန်သမ္မတ အိုဘားမားက ကြိုဆိုလိုက်ပြီး ဒီမိုကရေစီပြောင်းလဲရေးအတွက်အနှစ်သာရပြည့်ဝသော လုပ်ဆောင်ချက်တစ်ရပ်ဟု မှတ်ချက်ပြုပြောကြားခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာတွင် ဖော်ပြထားသည်။

ဝါရှင်တန်အခြေစိုက် အမေရိကန်အစိုးရထိပ်တန်းပြောရေးဆိုခွင့်ရှိသူတစ်ဦးကလည်း သောကြာနေ့က မြန်မာနိုင်ငံ၏ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံရသူများလွှတ်ပေးခြင်းမှာ အာရှသမိုင်းတွင် တစ်ကြိမ်တည်းနှင့်အများဆုံးလွှတ်ပေးခဲ့သည့် သမိုင်းဝင်ဖြစ်ရပ်ဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

7DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012

## ကိုအောင်ကျော်ဦးနှင့် တွေ့ဆုံခြင်း

**သိမ့်သိမ့်စိုး**

NLD ပါတီဝင်ဖြစ်ပြီး ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် ဖမ်းဆီးထောင်ချခံထားရသူဖြစ်သည်။ ၎င်းလွတ်မြောက်လာပြီးမကြာမီသူ၏မိခင်မှာ ဝမ်းသာစိတ်လှုပ်ရှားလွန်း၍ ကွယ်လွန်ခဲ့သည်။

**■ ထွက်လာတဲ့အချိန်က ခံစားချက်ကိုပြောပြပေးပါလား။ အစ်ကို့ရဲ့ မိခင် အစ်ကိုလွတ်လာပြီး ကွယ်လွန်သွားတယ်လို့ ကြားရတာစိတ်မကောင်းပါဘူး။**

လွတ်လာတဲ့အချိန်မှာတော့ တော်တော်ဝမ်းသာတယ်ပေါ့နော်။ ဝမ်းသာတာက ကိုယ်လွတ်တာအပြင် ကျွန်တော်တို့ လေးစားရတဲ့ ၈၈ ကျောင်းသားတွေရော တိုင်းရင်းသားခေါင်းဆောင်တွေရောပေါ့။ နိုင်ငံရေးအကျဉ်းသားတော်တော်များများကို လွှတ်ပေးလိုက်ရတဲ့အတွက်ကြောင့် မြန်မာနိုင်ငံအပေါ်မှာ ဒီအကောင်းမြင်တဲ့မျှော်လင့်ချက်နဲ့ပေါ့လေ။ တော်တော်လေးကို ဝမ်းသာမိတယ်ပေါ့။ ဝမ်းသာပြီးတော့မှ ပြန်လာခဲ့တာဗျ။ တပျော်တပါးကြီး ပြန်လာပြီးတော့ ရန်ကုန်လေဆိပ်ကို ၆ နာရီ ၁၅ လောက်မှရောက်တယ်ပေါ့ဗျာ။ ရောက်ပြီးတော့မှ မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့လည်း တော်တော်နဲ့ မတွေ့ရသေးဘူး။ ၈ နာရီလောက်မှ တွေ့ရတယ်။ တွေ့ပြီးတော့မှ တချို့သူငယ်ချင်းတွေနဲ့ လိုက်သွားတယ်။ အရမ်းကြာနေတော့ အမေက လေဆိပ်ကို လိုက်ကြိုတဲ့ထဲ သူပါတယ်လေ။ သူကလည်းတအားတွေ့ချင်နေတာပါ။ လေဖြတ်တာက အဲဒီနေ့ မတိုင်မီ နှစ်ပတ်လောက် ဒုတိယအကြိမ်ပြန်ပြီး လေဖြတ်သွား ပြီးတော့မှ အစားလည်းမဝင်တော့ဘူးလေ။ ဆေးဆိုလည်း မနည်းတိုက်ရတာ။ သူက သားကို ပြန်တွေ့ပြီးတော့မှ တွေ့ရပ့ါမလားဆိုပြီးပြောတာပေါ့။ အမေ့သားပြန်လာတော့မှ ဆေးသောက်ဆိုမှ အဲလိုကျမှ အစားကို ကျွေးလို့ရတယ်ပေါ့။

ပြီးတော့ တွေ့ချင်လို့ လိုက်လာပြီး ခုနက ဒီအချိန် နောက်ကျနေတာတွေရော၊ လွဲနေတာတွေရော။ အပေါင်းအသင်းတွေ လာပြီးတော့ နှုတ်ဆက်ကြတယ်။ အဲဒီကျမှ အမေ့ကို အိမ်ပြန်ခေါ်သွားတယ်။ အိမ်ကျမှ တွေ့မယ်ပေါ့။ ခေါ်သွားပြီးတော့မှ အိမ်ကို ၁၀ နာရီ၊ ည ၁၁ နာရီလောက်မှ အိမ်ပြန်ရောက်တာ။ အဲဒီအချိန်မှာ အမေက ရုတ်တရက် ထပြီးမှ တခွီးခွီးနဲ့ အသံထွက်တော့ တအားစိုးရိမ်ပြီးမှ ပြေးကြည့်တော့ နှုတ်ခမ်းတွေပြာနေပြီ။ တအားစိုးရိမ်ပြီး ဆေးရုံကို အမြန်ခေါ်။ အဲဒီမှာဆေးရုံရောက်တဲ့အခါကျ အမေက ဆုံးနေပြီ။ ကျွန်တော်နဲ့စကားကိုမပြောလိုက်ရဘူးဗျ။

**■ ဘာကြောင့်လို့ဆရာဝန်တွေက မှတ်ချက်ပေးလဲခင်ဗျ။**

ဒါကတော့ အတိအကျတော့ ပြောရခက်တယ်ပေါ့လေ။ သူက တအားမျှော်လင့်ပြီး တအားဝမ်းသာနေတော့ ဝမ်းသာမှုက တစ်ဆင့်ပဲဖြစ်တာလားတော့ မပြောတတ်ဘူး။ ဒါက လွှတ်ပေးတဲ့အတွက် မိသားစုပျော်ပျော်ရွှင်ရွှင်နဲ့ဆုံရမယ့်အချိန် ဒီလိုဖြစ်သွားတယ်ပေါ့။ ဒါကံတရားရဲ့ သရော်လှောင်ပြောင်မှုလို့ပဲ ပြောရမလားတော့မသိဘူး။ အမေက နှလုံးသွေးကြောကျဉ်းလည်းရှိတယ်။ နှလုံးရောဂါလည်းရှိတယ်။ အဲဒီမှာ တအားလည်း ဝမ်းပန်းတသာဖြစ်နေတယ်ပေါ့။ အမေနဲ့ မတွေ့ရခင်လေဆိပ်မှာ လာကြိုတဲ့အချိန်မှာ သူဖြစ်နေတဲ့ပုံကို မိသားစုက ပြန်ပြောပြတာလေ။ တအားဝမ်းသာနေတယ်ပေါ့။

**■ ဘာဆက်လုပ်သွားဖို့အစီအစဉ်ရှိပါလဲ။**

ရှေ့ဆက်ပြီးတော့ နိုင်ငံရေးအလုပ်ကို ဆက်လုပ်သွားမှာ။

**■ ဘယ်သူတွေနဲ့ ဆက်လက်တွဲထားဖို့ ရည်ရွယ်ထားပါသလဲ။**

ကျွန်တော်က NLD ပါတီဝင်ဖြစ်တဲ့အတွက်ကြောင့်မို့ NLD ပါတီကနေပဲ ဆက်လုပ်သွားမှာပါ။ အလားတူပဲ ဒီ ၈၈ ကျောင်းသားခေါင်းဆောင်တွေ အခြားသော နိုင်ငံရေးအင်အားစုအားလုံးနဲ့လည်း လက်တွဲပြီးတော့ လုပ်သွားရမှာပေ့ါလေ။ အခု ဒီမိုကရေစီလမ်းကြောင်းပေါ်ကိုရောက်နေပြီဆိုပေမယ့်လို့ ပိုပြီးတော့မှ ခိုင်မာစိတ်ချရတဲ့ အနေအထားမျိုးကိုရောက်အောင် ဝိုင်းပြီးတော့ တွန်းအားတွေဝိုင်းပေးရမယ်။ အဲဒီအတွက် အားလုံးနဲ့ လက်တွဲကြရဦးမှာပေ့ါ။

**■ အထဲမှာ ဘယ်လိုအခက်အခဲတွေရှိခဲ့ပါသလဲ။**

စားရေးသောက်ရေး ကျန်းမာရေးပေ့ါ။ ကျန်းမာရေးနဲ့ဆိုင်တဲ့ အခက်အခဲပေ့ါ။ ကျွန်တော် နေခဲ့ရတဲ့ထောင်ဆိုရင် ဆေးရုံမရှိဘူး။ အဲဒီအခါကျတော့ တစ်ခုခုဖြစ်ရင် အပြင်ဆရာဝန်ကိုခေါ်ပြီးတော့ ကုရတယ်။ ဆရာဝန်ကလည်း နှစ်လတစ်ခါ၊ တစ်ခါတလေ နှစ်လခွဲ၊ သုံးလနေမှ လာတာပေ့ါ။ လာတော့မှ ပြရတယ်။ အစားအသောက်ကလည်း ပြည့်ပြည့်စုံစုံ လောက်လောက်ငငသိပ်မရှိဘူး။ အထူးသဖြင့်တော့ ဟိုနယ်ဝေးထောင်။ ကျွန်တော်ဆို ပူတာအိုထောင်ရောက်သွားတော့ နေတဲ့အိမ်နဲ့ဆို မိုင်ပေါင်းရာချီ ဝေးတာလေ။ အရင်တုန်းကတော့ ထောင်ထဲမှာ ဆိုးရွားတဲ့ဖိနှိပ်မှုပေ့ါဗျာ။ ဖြတ်သန်းခဲ့ရဖူးတယ်ပေ့ါလေ။ ကျွန်တော်ဆို ပဲခူးထောင်မှာကျတုန်းက ဆိုးဆိုးရွားရွား ဝိုင်းပြီးတော့ ပုံစံထိုင်ခိုင်းတဲ့ဟာကို ငြင်းဆန်မှုကနေတစ်ဆင့် ဝိုင်းပြီးတော့မှ ရက်ရက်စက်စက် ကန်တာ ကျောက်တာတွေခံခဲ့ရတယ်။ ခြောက်ယောက်လောက် ဝိုင်းထိုးတာလေ။ ခြေချင်းကြီးတန်းလန်းကြီးနဲ့။

**■ သတင်းစာ၊ ဂျာနယ်ဖတ်တာတို့ ရေဒီယိုနားထောင်တာတို့ လုပ်လို့ရလား။**

ကျွန်တော် လွတ်လာတဲ့အချိန်ထိတော့ ရေဒီယိုနားထောင်လို့ကတော့ မရသေးဘူး။ တခြားထောင်တွေမှာတော့ တီဗီကြည့်ခွင့်တော့မရသေးဘူး။ ကျွန်တော်တို့ထောင်ကတော့ လျှပ်စစ်မီး အခက်အခဲကြောင့်လည်းပါတယ်။ ကျွန်တော်တို့ တီဗီမကြည့်ရဘူးပေ့ါ။ စာအုပ်စာတမ်း ဘာညာကတော့ အိမ်ကပေးသွင်းတဲ့ သတင်းစာတွေ၊ ဂျာနယ်တွေတော့ ဖတ်ရပါတယ်။ ။

## ဒေါက်တာရဲနိုင်ဝင်းနှင့် တွေ့ဆုံခြင်း

**မေဝင်းမွန်**



အသက်၄၃နှစ်အရွယ်ဦးရဲနိုင်ဝင်းမှာ ၁၉၉၅ ခုနှစ် တွင်ဆရာဝန်ဘွဲ့ရရှိခဲ့ပြီးကျန်းမာရေးဝန်ကြီးဌာနတွင် ၃ နှစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် Cafe Aroma ကိုစတင်ဖွင့်လှစ်ခဲ့ကာ ပုဂံဆိုက်ဘာတက်ခ်ကို ၂၀၀၁ တွင်စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၀၂ မှ ၂၀၀၄ အထိဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ၂၀၀၄ မှ ၂၀၀၅ ဧပြီအထိ ထိန်းသိမ်းခံခဲ့ရပြီးနေအိမ်အကျယ်ချုပ်အဖြစ်၆၆ နှစ်ချမှတ်ခြင်းခံခဲ့ရသည်။

**■ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။ ကြိုသိထားမျိုးကောရှိပါလား။**

ကြိုပြီးတော့ မသိပါဘူး။ အချိန်တန်လို့ဖြစ်လာတယ်လို့ ခံယူထားပါတယ်။ အခု၇နှစ်ကျော်ကြာခဲ့ပြီ။ တစ်နေ့နေ့မှာတော့ ဒီလိုမျိုးရက်မျိုး ရောက်လာမယ်ဆိုတာယုံကြည်ထားပြီးသားပါ။

**■ နေအိမ်အကျယ်ချုပ်ကျခံရတဲ့ ကာလအတွင်းမှာ နေ့စဉ်ဘဝကို ဘယ်လိုဖြတ်သန်းပါလဲ။**

အိမ်မှာအကျယ်ချုပ်အနေနဲ့ဆိုတော့ မိသားစုနဲ့အတူနေရပါတယ်။ များသောအားဖြင့်တော့အိမ်မှာတစ်ယောက်ထဲ နေနေခဲ့ရတာများတော့ အိမ်မှာလုပ်ရမယ့် ကိစ္စတွေကို လုပ်နေတာများပါတယ်။ ရတဲ့အချိန်ကို အကျိုးရှိရှိအသုံးချဖို့အတွက်ကတော့စာဖတ်တာကိုအချိန် အများဆုံးယူပါတယ်။ ဘာသာရေးလည်းလုပ်ဖြစ်ပါတယ်။ ဂျာနယ်တွေဖတ်ရတယ်၊ ရုပ်သံလည်းကြည့်ခွင့်ရတဲ့အတွက် ပြင်ပကိစ္စတွေကိုအထိုက်အလျောက်တော့သိထားပါတယ်။

**■ ဘယ်လိုအမှုနဲ့ယခုလိုထိန်းသိမ်းခံရတာပါလဲ။**

အမှုတွေကအများကြီးနဲ့ပါ။ အဓိကကတော့ ပုဂံဆိုက်ဘာတက်ခ်နဲ့ပတ်သက်တာ၊ နိုင်ငံခြားငွေကြေးနဲ့ပတ်သက်တာ၊ နောက်တစ်ခုကဆက်သွယ်ရေးနည်းဥပဒေကို ဖောက်ဖျက်တယ်ဆိုတဲ့ အမှုတွေနဲ့ပါ။ အားလုံးပေါင်း ၆၆ နှစ်။ အမှုပေါင်း ၃၀ ကျော်တယ်။

**■ လက်ရှိအစိုးရအပေါ် ဘယ်လိုထင်မြင်ပါလဲ။**

တွေ့ရမြင်ရဖတ်ရတဲ့အတိုင်း အတာအထိက တော်တော်လေးအားရမိပါတယ်။ မြင်စေချင်ဖြစ်စေချင်တဲ့ အပြောင်းအလဲလေးတွေအထိုက်အလျောက် ဖြစ်တာကိုတွေ့ရပါတယ်။

**■ ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်ပြီးတော့ကော ဘယ်လိုယူဆပါသလဲ။**

ဒေါ်အောင်ဆန်းစုကြည်က ပြည်သူကလက်ခံပြီးချစ်တဲ့နိုင်ငံရေး ခေါင်းဆောင်တစ်ယောက်ဖြစ်ပါတယ်။ ပြည်သူလက်ခံမှု၊ ချစ်မှုကိုယ့်တိုင်းပြည်အတွက်လုပ်ချင်တဲ့ လုပ်ငန်းတွေ တကယ်အကျိုးရှိအောင်လုပ်နိုင်မှာပါ။ ဒေါ်အောင်ဆန်းစုကြည်က အခုလိုလက်ခံမှုတွေ၊ ရပ်တည်မှုတွေလည်းရထားပြီးပိုလက်တွေ့ဆန်တဲ့အတွက် အကောင်းမြင်ပါတယ်။

**■ ပုဂံဆိုက်ဘာတက်ခ်တည်ထောင်ခဲ့သူအနေနဲ့လက်ရှိမြန်မာ့သတင်းအချက်အလက် နည်းပညာ အပေါ်မှာကောဘယ်လိုမြင်ပါသလဲ။**

အခုလက်ရှိမှာ ဘယ်လိုအနေအထားရှိတယ်ဆိုတာသေချာမသိတဲ့အတွက် မခန့်မှန်းနိုင်ပါဘူး။ သတင်းအချက်အလက်နဲ့ဆက်သွယ်ရေးနည်းပညာကဏ္ဍမှာ ဘာအပြောင်းအလဲတွေရှိတယ်ဆိုတာ လက်တွေ့မသိပါဘူး။ ကျွန်တော့်အနေနဲ့ပြန်လေ့လာနေရတဲ့အဆင့်ပဲရှိပါတယ်။ ကိုယ်လုပ်ခဲ့တဲ့အလုပ်အပေါ် သံယောဇဉ်ရှိပါတယ်။ ကျွန်တော်လုပ်ခဲ့တဲ့အချိန်မှာရှိခဲ့တဲ့သဘောထားကလည်း ကိုယ့်အတွက်မဟုတ်ပါဘူး။ တိုးတက်ဖွံ့ဖြိုးလာပြီးအများပြည်သူအတွက် အခြားတိုင်းပြည်တွေနဲ့ တန်းတူသုံးတဲ့၊ အကျိုးရှိတဲ့ အခြေအနေထိ ရောက်လာဖို့အတွက်ကိုပဲ ရည်မှန်းပြီးလုပ်ခဲ့တာပါ။

**■ အနာဂတ်မှာကော ဘယ်လိုကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်သွားဖို့စိတ်ကူးထားပါလဲ။**

ဘယ်ဟာကိုပဲဆက်လုပ်သွားမယ်လို့ တစ်သမတ်တည်းစဉ်းစားဆုံးဖြတ်ထားတာမျိုး မရှိသေးပါဘူး။ သတင်းအချက်အလက်နဲ့နည်းပညာပိုင်းမှာ အတွေ့အကြုံရှိခဲ့တယ်ဆိုတော့အကျိုးရှိတာဘာလုပ်ပေးနိုင်မလဲဆိုတဲ့ အခွင့်ရေးရှိခဲ့တယ်ဆို ရင်တော့လုပ်ဖြစ်ချင်လုပ်ဖြစ်မှာပါ။

**■ အရင်တုန်းက မီဒီယာထုတ်လုပ်မှုပိုင်းနဲ့ဆက်စပ်မှုရှိခဲ့တော့ပြန်လုပ်သွားဖို့ကော စိတ်ကူးထားလား။**

လုပ်ဖို့အစီအစဉ်မရှိပါဘူး။

## ကိုကျော်ကိုကိုနှင့် တွေ့ဆုံခြင်း

**အိဖြူမွန်**



ကျော်ကိုကိုသည် ၂၀၀၇ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ်၏ အဖွဲ့ခေါင်းဆောင် တစ်ဦးဖြစ်ပြီး ၂၀၀၈ ခုနှစ် မတ်လ ၁၆ ရက်တွင် အဖမ်းခံခဲ့ရသည်။ ၂၀၀၇စက်တင်ဘာလတွင်သံဃာတော်များ စီတန်းလှည့်လည်ရာ၌ တရားဟောပြောခြင်းအပြင် အမှုသုံးခုဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ထောင်ဒဏ် ၈ နှစ်ချမှတ်ခံရပြီး ထောင်ထဲတွင် ၄ နှစ်နီးပါးနေခဲ့သည်။ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ်မှ ကျော်ကိုကိုအပါအဝင် ကိုအောင်အောင်ကျော်၊ ကိုပြည့်ဖြိုးလှိုင်၊ ကိုဒီငြိမ်းလင်း၊ ကိုစည်သူမောင်၊ ကိုဇေယျာဦး၊ ရဲမြတ်သိန်း၊ မဟန်နီဦးတို့လည်း လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့သည်။

**■ ဘယ်အချိန်ကတည်းက နိုင်ငံရေး စလုပ်ဖြစ်တာလဲ။**

ရွှေဝါရောင်တော်လှန်ရေးမဖြစ်ခင်စက်သုံးဆီအရေးအခင်းစဖြစ်တယ်။ အဲဒီအချိန်မှာ ၈၈ ကျောင်းသားအစ်ကိုတွေ ထိန်းသိမ်းခံရတယ်။ ၂၀၀၇ ခုနှစ်မှ ကျန်ခဲ့တဲ့ ခွပ်ဒေါင်းအလံကို ကိုင်ပြီး ပါဝင်ခဲ့တယ်။ ဆူးလေလမ်းဆုံမှာ ငြိမ်းချမ်းရေးနဲ့ ညီညွတ်ရေး တရားဟောခဲ့တယ်။ ကျခဲ့တဲ့အထဲမှာ အများပြည်သူ လှုံ့ဆော်မှုဆိုပြီး တရားဟောတဲ့အတွက် ပြစ်ဒဏ်ထပ်ချခံရတယ်။

**■ ထောင်ထဲမှာ စာတွေဖတ်ခွင့်ရခဲ့လား။**

အပြင်က သွင်းလာတဲ့ စာအုပ်တွေဖတ်ခွင့်ရခဲ့တယ်။ ထောင်ထဲမှာစာကြည့်တိုက်ရှိတော့ စာကြည့်တိုက်က ဂျာနယ်တွေ ဖတ်ခွင့်ရခဲ့တယ်။ ပြည်သူ့ခေတ်၊ 7Day, Eleven, The Voice, Yangon Time ဂျာနယ်တွေဖတ်တယ်။ ရေဒီယိုနားထောင်ခွင့်မရခဲ့ဘူး။ ဒါပေမဲ့ကိုယ်နည်းကိုယ်ဟန်နဲ့နားထောင်တယ်။ အစိုးရရုပ်မြင်သံကြား ကြည့်ခွင့်ရတယ်။

**■ သမ္မတဦးသိန်းစိန် အစိုးရအပေါ် ဘယ်လိုမြင်လဲ။**

နိုင်ငံရေး အခင်းအကျင်း ပြောင်းလဲမှုမရှိတာ မဟုတ်ဘူး။ ပြောင်းလဲမှုရှိတယ်။ ဒါပေမဲ့ သူတို့ အကျိုးအတွက် ထိမ်ချန်ပြီး ပြောင်းလဲနေတယ်လို့ မြင်တယ်။ ဥပမာဗျာ လွှတ်ချင်တဲ့ အကျဉ်းသားကို လွှတ်ပေးတယ်။ မလွှတ်ချင်တဲ့ အကျဉ်းသားကို မလွှတ်ဘူး။ ဒီလို ထိမ်ချန်ထားတာဟာ ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် ရော တိုင်းပြည်အတွက်ရော ကောင်းတဲ့ အလားအလာ မဟုတ်ဘူး။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ လုပ်ပေမယ့် ထိုးစစ်တွေ မရပ်တန့်သေးဘူး။ ဒါဟာ အလုပ်မဖြစ်တာကို ပြတာပဲ။ တမင်တကာ နှောင့်နှေးကြန့်ကြာတာလို့ မြင်တယ်။ နိုင်ငံရေးအကျဉ်းသားနဲ့ပတ်သက်ရင် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ပေးတာ ပိုလိုလားတယ်။

**■ လွတ်လာတဲ့ နောက်ပိုင်း ဘာတွေလုပ်ဖို့ရှိလဲ။**

စစ်အာဏာရှင် စနစ်ကို တောက်လျှောက် ကန့်ကွက်ခဲ့တယ်။ အခုလို နိုင်ငံအရေးအခင်းအကျဉ်းကာလမျိုးမှာ ဒီထက်ပိုကောင်းတဲ့ ပြောင်းလဲမှုတွေ စစ်စစ်မှန်မှန်ပေါ်ပေါက်ဖို့သမဂ္ဂအင်အားတိုးချဲ့မယ်။ အခြေခံအဆင့်မြို့နယ်အဆင့် တိုးချဲ့ဖွဲ့စည်းပြီး တရားဝင်လုပ်ဖို့ ရည်ရွယ်ထားတယ်။ အဲဒီကနေတစ်ဆင့် တွန်းအားပေးမယ်။

ပညာရေးနဲ့ ပတ်သက်ရင် အကယ်ဒမစ် freedom မရရှိတာတွေ ရအောင်လုပ်ဖို့ ရည်ရွယ်ထားတယ်။

ပြည်တွင်းစစ်ရပ်စဲပြီး စစ်မှန်တဲ့ ငြိမ်းချမ်းရေးရအောင် ကြိုးစားမယ်။ နောက်တစ်ချက်က ဒေါ်အောင်ဆန်းစုကြည်၊ တည်ဆဲအစိုးရ၊ လက်နက်ကိုင်တွေရဲ့ သုံးပွင့်ဆိုင် တွေ့ဆုံမှုရအောင် အဖွဲ့အချင်းချင်းဆွေးနွေးပြီး လုပ်သွားမယ်။

**■ ဒေါ်အောင်ဆန်းစုကြည် အပေါ် ဘယ်လိုသဘောထားလဲ။**

သူက လူထုထောက်ခံတဲ့ လူထုခေါင်းဆောင်ဖြစ်တယ်။ ဒီမိုကရေစီခေါင်းဆောင်ဖြစ်တဲ့အတွက် သူမကို ဆက်လက်ဝန်းရံသွားမယ်။

**■ ထိန်းသိမ်းမခံရခင် ကျောင်းပညာရေးအခြေအနေကကော။**

စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)မှာ B.com ပြီးခဲ့တယ်။ နောက် မာစတာထပ်တက်တယ်။ အဲဒီအချိန်မှာကျောင်းသားအရေးအခင်းဖြစ်တော့ ပါခဲ့တယ်။ ဘွဲ့ယူဖို့ Cancel လုပ်ခံရတယ်။ ၂၀၀၅ ကျောင်းပြီးတယ်။ ၂၀၀၇ အရေးအခင်းမှာပါလို့ မာစတာဘွဲ့ မရခဲ့ဘူး။ ။

# လွမ်းမိပါသည့် ခါကာဘိုရာဇီ

အောင်စည်ဟိန်း

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကွန်ရက်တစ်ခု ဖြစ်သည့် စိမ်းလန်းနှလုံးသားများ (Green Hearts) အဖွဲ့က ၂၀၁၁ ခုနှစ် စက်တင်ဘာတွင် "မြစ်တစ်စင်း၏ ပုံရိပ်ရောဝတီ" ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ထိုပြပွဲတွင်ဖြန့်ချိသည့် မှတ်တမ်းတင်စာအုပ်ထဲတွင် မြန်မာပြည်မြောက်ပိုင်းမှ ဆီးနှင်းများ လျော့နည်းလာနေသော ရေခဲတောင်တန်းဓာတ်ပုံများလည်း ပါရှိပါသည်။ ထိုဓာတ်ပုံများကိုကြည့်ရင်း အတိတ်ကာလက ရောက်ခဲ့ဖူးသည့် ပူတာအိုလွင်ပြင်နှင့် မြင်ဖူးဖတ်ဖူးခဲ့သည့် ခါကာဘိုရာဇီ အကြောင်းများကိုပြန်လည်သတိရမိပါသည်။

ကျွန်တော် ပူတာအိုကို ရောက်ခဲ့သည်မှာ ၂၀၀၁ ခုနှစ် မေလကဖြစ်ပါသည်။ ရန်ကုန်သို့ပြန်မည့်နံနက်ပိုင်းတွင် ရာသီဥတုကောင်းမွန်သဖြင့် ခါကာဘိုရာဇီတောင်ကြီးကို လှမ်းမြင်ခဲ့ဖူးပါသည်။ ရေခဲများအရည်ပျော်ချိန်ဖြစ်သော်လည်း ဆီးနှင်းပြင်အများအပြား ဖုံးအုပ်နေသည်ကို တွေ့မြင်ခဲ့ရပါသည်။ ယခုဓာတ်ပုံပြပွဲက ရေခဲတောင် ဓာတ်ပုံများတွင် ဆီးနှင်းပြင်များ ကွက်ကျားသာတွေ့ရသဖြင့် ဗြိတိသျှလူမျိုး ရုက္ခဗေဒပညာရှင်အက်ဖ်ကင်းဒန်းဝါ့ဒ်(Frank Kingdon-Ward, 1885-1958) ရေးသားသည့် မြန်မာ့ရေခဲတောင်များ(Burma's Icy Mountains) စာအုပ်ထဲက ရေးသားချက်တချို့ကိုပြန်ကြည့်မိပါသည်။ ခါကာဘိုရာဇီနှင့် ရာသီဥတု ဆက်စပ်ပုံကို ဆရာကြီးက "ပူတာအိုမြို့ကို ဗဟိုပြုပြီးအချင်းဝက် မိုင်တစ်ထောင်ဖြင့် စက်ဝိုင်းတစ်ခု ဆွဲကြည့်ပါက အနောက်တောင်ဘက်၊ တောင်ဘက်နှင့် အရှေ့တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ ထိုင်းပင်လယ်ကွေ့နှင့် တုံကင်ပင်လယ်ကွေ့တို့ကို တွေ့ရမှာဖြစ်သလို အနောက်မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် တာ့ခ်လာမာကန်သဲကန္တာရနှင့် ဂိုဘီသဲကန္တာရများကို တွေ့ရမှာ ဖြစ်ပါတယ်။ ပင်လယ်တွေကလာတဲ့ လေစီးကြောင်းနှင့် သဲကန္တာရတွေကလာတဲ့ လေစီးကြောင်းတွေရဲ့ ပြင်းပြင်းထန်ထန်ကြောင်းကျိုးပြုမှုတွေကြောင့် ခါကာဘိုရာဇီ တောင်တန်းတွေဟာ ဆီးနှင်းခဲပြင်(Snowfield)တွေ၊ ရေခဲမြစ်(Glacier)တွေနဲ့ တည်တံ့နေတာပါ။ နွေရာသီမှာ ပူတာအိုလွင်ပြင်ဘက်ကလာတဲ့ လေပူစီးကြောင်းတွေက လျှိုမြောင်နှင့် ကမ်းပါးချောက်တွေကို ပင့်ပြီး တိုက်ခတ်တာကြောင့် ရေခဲမြစ်အောက်ပိုင်းတွေမှာ အရည်ပျော်လာပါတယ်။ အဲဒီရေခဲမြစ်ရေနှင့် မိုးရေတွေ ပေါင်းစပ်ပြီး ရောဝတီမြစ်ကို ရှင်သန်စေတာဖြစ်ပါတယ်။ တကယ်လို့ မေခနှင့်မလိခမြစ်ဝှမ်းတွေမှာ သစ်တောတွေ ပြုန်းတီးသွားလျှင် ဆိုးကျိုးက နှစ်မျိုးဖြစ်နိုင်ပါတယ်။ ပထမတစ်မျိုးက သစ်တောမရှိလို့ ရေတိုက်စားမှုတွေ များလာပြီး မြစ်ရေကြီးမှု၊ အနိမ့်ပိုင်း ရေလွှမ်းမိုးမှုတွေ ဖြစ်လာမှာပါပဲ။ နောက်တစ်မျိုးက ရေခိုးရေငွေ့ပါလာတဲ့ လေစီးကြောင်းတွေက အအေးဓာတ်ရှိတဲ့ တခြားဒေသတွေမှာ မိုးရွာချတာများပြီး ပူတာအိုနယ်မြေမှာ မိုးရွာသွန်းမှုနည်းသွားမှာ ဖြစ်ပါတယ်။ အကျိုးဆက်က ရာသီဥတုတွေ ဖောက်ပြန်လာပြီး ဆီးနှင်းခဲပြင်နှင့် ရေခဲမြစ်တွေ ဆုတ်ယုတ်မယ်။ ပြီးတော့ ရောဝတီအတွက် ရေခဲမြစ်ရေ ဖြည့်တင်းမှု လျော့ပါးသွားမှာဖြစ်ပါတယ်" ဟု ရေးသားခဲ့ပါသည်။

ဆရာကြီးကင်းဒန်းဝါ့ဒ်သည် ၁၉၀၀ ပြည့်လွန်နှစ်များမှစ၍ တရုတ်ပြည်အနောက်ပိုင်း၊ မြန်မာပြည်မြောက်ပိုင်း၊ အိန္ဒိယပြည်အရှေ့မြောက်နှင့် တိဗက်ပြည်အရှေ့တောင်ပိုင်းစသည့်နယ်မြေများရှိ ရေခဲတောင်တန်းများတွင် ဆယ်စုနှစ်များစွာ လှည့်လည်ရင်း သစ်ပင်ပန်းမန်မျိုးစိတ်များ စုဆောင်းခြင်း၊ ရုက္ခဗေဒဆိုင်ရာ သုတေသနပြုခြင်း၊ ကမ္ဘာ့ရုက္ခဗေဒဥယျာဉ်များနှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သူဖြစ်ပါသည်။ ဆရာကြီးသည် ၁၉၃၁ ခုနှစ်က ခါကာဘိုရာဇီကို စတင်မြင်တွေ့ခဲ့ပြီးနောက် ၁၉၃၇ ခုနှစ်အောက်တိုဘာလတွင် ယင်းတောင်ထိပ်ကို အနီးကပ်တက်ရောက်လေ့လာခဲ့သူဖြစ်ပါသည်။ တောင်ထိပ်ပိုင်း ပေ ၅၀၀၀ ခန့်မှာ မတ်စောက်သည့် ကျောက်ထရံနှင့် ရေခဲပြင်အချွန်အတက်များ ဖြစ်နေ၍ တွယ်တက်ရန် မဖြစ်နိုင်ကြောင်း ရေးသားခဲ့ပါသည်။

ဆရာကြီး ကင်းဒန်းဝါ့ဒ်ကဲ့သို့ ခါကာဘိုရာဇီတောင်ထိပ်ကို တက်ရောက်ရန် ကြိုးပမ်းခဲ့ဖူးသည့် စစ်ဘက်နယ်ဘက် မြန်မာ့သားကောင်းများလည်း ရှိခဲ့ဖူးပါသည်။ ထိုအဖွဲ့မှာ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)(စာရေးဆရာ- မှူးသမိန်) ဦးစီးသည့် တရုတ်- မြန်မာနယ်စပ်ဒေသ တိုးတက်မှုစုံစမ်းရေး ကော်မရှင်အဖွဲ့ ဖြစ်ပါသည်။ ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ တာဝန်ပေးချက်အရ ထိုအဖွဲ့က ပူတာအိုနယ်၊ ကိုးကန့်နယ် စသည့် နယ်စပ်ဒေသများသို့ သွားရောက်ခဲ့ကြပါသည်။ ထိုသို့နယ်မြေလေ့လာရေး ခရီးထွက်စဉ် ၁၉၅၆ ခုနှစ် ဧပြီတွင် ခါကာဘိုရာဇီ တောင်ထိပ်ကို တက်ရန် ကြိုးပမ်းရင်း ဆရာကြီး ကင်းဒန့်ဝါ့ဒ်ကဲ့သို့ လက်လျှော့ခဲ့ရပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) က "ခါကာဘိုရာဇီ တောင်ထိပ်ကို ကင်းဒန်းဝါ့ဒ်က တောင်ဘက်မှ ချဉ်းကပ်ခဲ့ပြီး ကျွန်တော်တို့က အရှေ့မြောက်နှင့်မြောက်ဘက်မှ ချဉ်းကပ်ခဲ့တာပါ။ ပေတစ်သောင်းလောက်အထိသာ ထင်းရှူးပင်တွေ တွေ့ရပြီး သိပ်မြင့်လာတော့ ကျောက်တောင်ကြီးတွေကိုသာ တွေ့ရပါတယ်။ တောင်ထိပ်ပိုင်းမှာရှိတဲ့ တောင်ကြားတွေမှာ ထာဝစဉ်ကိန်းဝပ်နေတဲ့ ရေခဲပြင်တွေကနေ အစိမ်းရောင် ထွက်ပေါ်နေတာကို တွေ့ရပါတယ်" ဟု ရေးသားခဲ့ဖူးပါသည်။ ထို့အပြင် စုံစမ်းရေးကော်မရှင် အစီရင်ခံစာထဲတွင် ပူတာအိုခန္တီးလွင်ပြင်ဒေသကို ရွှေဒေသဟုခေါ်ကြောင်း၊ မလိခမြစ်မှ နမ့်ခမ်းရွှေဟုခေါ်သည့် အကောင်းစား ရွှေထွက်ရှိကြောင်း၊ နမ့်တမိုင်မြစ်ဝှမ်းနှင့် ထရုံမြစ်ဝှမ်းများတွင်လည်း ရွှေ၊ ငွေ၊ ခဲနှင့် သတ္တုရိုင်းများ ထွက်ကြောင်း၊ အာကျန်မြစ်ဝှမ်းတွင် ရွှေမှုန့်သာမက ရွှေတုံးရွှေခဲများ ပါထွက်ကြောင်း၊ တိဗက်၊ ရဝမ်၊ လီစူး၊ ထရုံ၊ ရှမ်း၊ ဂျင်းဖော စသည့် ဒေသခံ တိုင်းရင်းသားများမှာလည်း မြန်မာအစိုးရအဆက်ဆက် အပေါ် သစ္စာစောင့်သိခဲ့ကြောင်း၊ ရိက္ခာရှားပါးမှု အခက်အခဲနှင့် ခရီး လမ်းပန်းအခက်အခဲကြောင့် ဖွံ့ဖြိုးမှု နောက်ကျခဲ့ရကြောင်း စသည်ဖြင့် ရေးသားခဲ့ပါသည်။ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)နှင့်အဖွဲ့သည် ရောက်လေရာ ကျေးရွာတိုင်းတွင် အဝတ်အထည်၊ ပေါက်တူး၊ ဂေါ်ပြား၊ ဓားနှင့် ဆားများ ဝေငှခဲ့ပြီး ဆေးဝါးကုသပေးခြင်း၊ ရုပ်ရှင်ဖြင့် ဖျော်ဖြေခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ဆရာကြီးကင်းဒန်းဝါ့ဒ်နှင့် ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) တို့ထက်စောပြီး ခါကာဘိုရာဇီကို ရောက်ခဲ့သူများမှာ ပက်တားစ်(Petters)ဦးစီးသည့် အိန္ဒိယမြေတိုင်းအဖွဲ့ဖြစ်ပါသည်။ ၎င်းအဖွဲ့မှာ ၁၉၂၃ ခုနှစ်က ခါကာဘိုရာဇီကို သွားရောက်တိုင်းတာခဲ့သော်လည်း ရာသီဥတုကြောင့် တောင်ထိပ်ကို မမြင်ခဲ့ရဘဲ ခန့်မှန်းတွက်ချက်မှုများသာ ပြုလုပ်နိုင်ခဲ့ကြပါသည်။ အဆိုပါ အိန္ဒိယအဖွဲ့မတိုင်မီ မေခနှင့် မလိခမြစ်ဝှမ်းသို့ နယ်မြေစူးစမ်းလေ့လာရေး ခရီးထွက်ခဲ့သူများမှာ ပြင်သစ်မင်းသားဟင်နရီနှင့် အဖွဲ့ဖြစ်ပါသည်။ ၎င်းအဖွဲ့သည်ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့မှ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့အထိ ကုန်းကြောင်းခရီးထွက်ခဲ့စဉ် ၁၈၉၅ ခုနှစ် နိုဝင်ဘာတွင် ပူတာအိုသို့ရောက်ရှိခဲ့ပါသည်။ ၎င်းအဖွဲ့သည် ထရုံမြစ်ဝှမ်း၊ မေခမြစ်ဝှမ်း၊ မလိခမြစ်ဝှမ်းများကို ဖြတ်သန်း လေ့လာခဲ့ပြီးနောက် ရောဝတီ၏ မြစ်ဖျားခံရာကို ရှာဖွေခြင်း (Searching for the Sources of the Irrawaddy) အစီရင်ခံစာကို၁၈၉၇ ခုနှစ် ပြင်သစ်မဂ္ဂဇင်းတစ်စောင်တွင် ဖော်ထုတ်ရေးသားခဲ့ပါသည်။ ထိုခေတ်အခါက ရောဝတီမြစ်သည် ကြီးမားရှည်လျားသောကြောင့် တိဗက်ကိုမြစ်ဖျားခံသည့် သံလွင်မြစ်နှင့် ဆက်စပ်ခြင်း ရှိမရှိကို လည်းကောင်း၊ ဗြိတိသျှတို့ တွေးဆသလို ဟိမဝန္တာကို မြစ်ဖျားခံသည့် ဗြဟ္မပုတ္တရမြစ်နှင့် ဆက်စပ်ခြင်းရှိမရှိကိုလည်းကောင်း မည်သူမျှ တိကျရေရာစွာ မပြောနိုင်သောအခြေအနေရှိခဲ့ပါသည်။ ထိုအချိန်တွင်ပြင်သစ်တို့က ရောဝတီသည် သံလွင်မြစ်၊ ဗြဟ္မပုတ္တရမြစ်တို့နှင့် မဆက်စပ်ဘဲ မြန်မာ့နယ်မြေတွင် သီးခြားဖြစ်ထွန်းခဲ့ခြင်းဖြစ်ကြောင်း ဦးစွာ ဖော်ထုတ်တင်ပြနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤနေရာတွင် ခါကာဘိုရာဇီနှင့် ရောဝတီတို့၏ ခွဲခြားမရနိုင်သော အကြောင်းရင်းမြစ်ကို ဖော်ပြဖို့ လိုလာပါသည်။ ခါကာဘိုရာဇီသည် လွန်ခဲ့သော နှစ်ပေါင်း (၂၅)သန်းခန့်က မြေအောက်ကျောက်လွှာထုချင်းတွန်းတိုက်မှု (Plate Collision) ကြောင့် ဟိမဝန္တာတောင်တန်းများနှင့် အတူ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ရောဝတီသည် ခါကာဘိုရာဇီတောင်တန်း၊ တီလာတောင်တန်းများမှရေခဲမြစ်များနှင့် မိုးရေတို့ တိုက်စားမှုကြောင့် လွန်ခဲ့သော နှစ်ပေါင်း ၁၅သန်းခန့်က ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။ ၁၉၂၄ ခုနှစ်က ဆရာကြီး ကင်းဒန်းဝါ့ဒ်၏ ထုတ်ဖော်ပြောကြားချက်အရ မေခမြစ်၏ မြောက်ဘက်စွန်းရေဆင်းရေဝေယာမှာ ပေ (၁၅,၀၀၀)အမြင့်တွင် စတုရန်းမိုင် (၄၅၀)ခန့်ရှိကြောင်း၊ တီလာတောင်တန်း၏လန်ဂွေလာ ရေခဲမြစ်များမှ မြစ်ဖျားခံကြောင်း သိရပါသည်။ ဆရာကြီးပုံဖော်ထားသော မြေပုံအရ တီလာတောင်တန်းနှင့် ခါကာဘိုရာဇီတောင်တန်းများမှရေခဲမြစ်များကို အရင်းခံ၍ စမ်းချောင်း (brook) ပေါင်းများစွာတို့က အဒွန်းဝမ်ချောင်းငယ် (Small Stream) နှင့် စိန်ခူးဝမ်ချောင်းငယ်တို့ကိုဖြစ်စေခဲ့ကြောင်း၊ ယင်းချောင်းငယ်နှစ်ခုပေါင်းဆုံသည့်နေရာမှစ၍ နမ့်တမိုင်ချောင်း (Stream) ဟုခေါ်ကြောင်း၊ နမ့်တမိုင်ချောင်းနှင့် တရုတ်ပြည်ယူနန်နယ်ဘက်မှ စီးဝင်လာသည့်ထရုံချောင်းတို့ပေါင်းဆုံသည့်နေရာမှစ၍ မေခမြစ်ငယ် (Small River) ပေါ်ပေါက်ခဲ့ကြောင်း၊ မေခနှင့် မလိခမြစ်ငယ် နှစ်ခုပေါင်းဆုံသည့်နေရာတွင် ရောဝတီမြစ် (River) ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းမြစ်သည် ရေတိုက်စားရင်း ကျယ်ဝန်းလာရာမှ ရောဝတီမြစ်ကြီး (Large river) ဖြစ်လာခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဤနေရာတွင် ရေနှင့်ပတ်သက်သည့် နည်းပညာ (Water Technology) စာအုပ်အရ မြစ်ချောင်းအခေါ်အဝေါ် သတ်မှတ်ချက်အချို့ကို ရှင်းပြရန်လိုလာပါသည်။ ချောင်းအကျယ် (၈)မီတာမှ မီတာ (၄၀)ရှိပြီး ရေထုစီးဆင်းနှုန်း တစ်စက္ကန့်လျှင် (၁)မှ (၁၀) ကုဗမီတာရှိ၍ ရေဆင်းရေဝေယာ (၁၀၀)မှ (၁၀၀၀)စတုရန်းကီလိုမီတာရှိလျှင် ချောင်းဟုလည်းကောင်း၊ ချောင်းအကျယ် (၄၀) မှ (၂၀၀)မီတာရှိပြီး ရေစီးနှုန်း တစ်စက္ကန့်လျှင် (၁၀)မှ (၁၀၀) ကုဗမီတာရှိ၍ ရေဆင်းရေဝေယာ (၁၀၀၀)မှ (၁၀၀၀၀)စတုရန်းကီလိုမီတာရှိလျှင် မြစ်ငယ်ဟုလည်းကောင်း၊ မြစ်အကျယ်(၂၀၀)မှ (၈၀၀)မီတာရှိပြီး ရေစီးနှုန်းတစ်စက္ကန့်လျှင် (၁၀၀)မှ (၁၀၀၀) ကုဗ မီတာရှိ၍ ရေဆင်းရေဝေယာ (၁၀၀၀၀)မှ(၁၀၀,၀၀၀)စတုရန်းကီလိုမီတာရှိလျှင် မြစ်ဟုလည်းကောင်း၊ မြစ်အကျယ် (၈၀၀)မှ (၁၅၀၀)မီတာရှိပြီး ရေစီးနှုန်းမှာ တစ်စက္ကန့်လျှင်(၁၀၀၀)မှ(၁၀၀,၀၀) ကုဗမီတာရှိ၍ ရေဆင်း ရေဝေယာမှာ (၁၀၀,၀၀၀) မှ (၁,၀၀၀,၀၀၀)စတုရန်းကီလိုမီတာရှိလျှင် မြစ်ကြီးဟုလည်းကောင်း အသီးသီးခေါ်ဆိုပါသည်။ မြစ်ကြီးထက် စံနှုန်းမြင့်သောမြစ်ကိုမူမဟာမြစ် (Very large river) ဟု ခေါ်ဆိုကြောင်းလည်း သိရပါသည်။

ခါကာဘိုရာဇီသည်နှစ်သန်းပေါင်း ၃,၀၀၀ ခန့်သက်တမ်းရှိသည့် အာဖရိကနှင့်ဩစတြေးလျမှတောင်တန်းများနှစ်သန်းပေါင်း (၃၀၀)ကျော်သက်တမ်းရှိသည့် အမေရိကားမှအက်ပလေချီးယန်းတောင်တန်းများနှင့် စကင်ဒနေးဗီးယန်းတောင်တန်းများနှင့် နှိုင်းယှဉ်ပါက နုပျိုသောရေခဲတောင်တစ်ခုသာဖြစ်ပါသည်။ ထို့ကြောင့် နုပျိုသော ရေခဲတောင်တို့၏ သဘာဝအတိုင်း ရေခဲတောင်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း အစဉ်အမြဲလုပ်ဆောင်နေရပါသည်။ လက်ရှိ အမြင့် ပေ (၁၉၃၁၅)ပေထက်လည်း တစ်ချိန်ချိန်တွင် ပိုမြင့်နိုင်ပါသေးသည်။ လက်ရှိလျှိုမြောင်ချောက်ကမ်းပါးများ၏ အသွင်အပြင်သည်လည်း အတွင်းအပြင်ပြောင်းလဲမှုများရှိနေမည်ဖြစ်ပါသည်။ အရည်ပျော်နိုင်သမျှသော ရေခဲမြစ်ရေတို့သည်လည်း စွမ်းအားရှိသ၍ ရောဝတီကိုဖြည့်ဆည်းပေးနေမည်ဖြစ်ပါသည်။ ချောက်တွေနက်ပြီး မတ်စောက်သည့် တောင်ကမ်းပါးယံတွေကြားမှာ ရေတိုက်စားခြင်းနည်းပညာဖြင့် ခါကာဘိုရာဇီက မွေးဖွားပေးခဲ့သောရောဝတီသည်လည်း စင်စစ်အားဖြင့် မြစ်ပျိုတစ်စင်းသာဖြစ်ပါသည်။ ရေတိုက်စားမှုကောင်းသော ရေစီးကြမ်းသောမြစ်လည်းဖြစ်ပါသည်။ကမ္ဘာ့ပညာရှင်များ စိတ်ဝင်တစားလေ့လာခဲ့ရသော မြစ်ကြီးအဖြစ် ဂုဏ်ယူစရာလည်း ဖြစ်ပါသည်။

ကျွန်တော်သည်ဓာတ်ပုံမှတ်တမ်းထဲက ခါကာဘိုရာဇီ၏ လက်ရှိရုပ်ဆင်းသဏ္ဌာန်ကို ကြည့်ရင်း သူ၏ ငယ်ဘဝကို မှန်းဆကြည့်မိပါသည်။ သူကိုယ်တိုင်မွေးဖွားပေးခဲ့သော ရောဝတီမြစ်ဖျားပိုင်းနှင့် မြစ်ဝှမ်းများကိုလည်း ကချင်ပြည်နယ်မြေပုံပေါ်တင် လေ့လာကြည့်မိပါသည်။ ဤသို့ဖြင့် သူ့ဘဝတစ်လျှောက် သူ့ဆီကိုအရောက်လှမ်းခဲ့ကြသော စွန့်စားသူများကိုလည်းကောင်း၊ သူနှင့်တကွ ကောင်းတူဆိုးဖက်မျှဝေခံစားလျက်ရှိကြသော တိုင်းရင်းသားများကိုလည်းကောင်း၊ ကျွန်တော်မေတ္တာပို့သရင်း လွမ်းဆွတ်သလို ခံစားနေမိပါတော့သည်။



*ကျမ်းကိုးစာရင်း* -
(၁) မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၁၅၊ စာပေဗိမာန်၊ ရန်ကုန်။ (၂) တရုတ်-မြန်မာ နယ်စပ်ဒေသတိုးတက်မှုစုံစမ်းရေးကော်မရှင် အစီရင်ခံစာ-ပြုစုသူ ဗိုလ်မှူးကြီးစောမြင့်၊ ၁၉၅၇ (၃) မြစ်တစ်စင်း၏ ပုံရိပ် ရောဝတီ၊ စိမ်းလန်းနှလုံးသားများ ကွန်ရက်အဖွဲ့၊ ရန်ကုန်၊ ၂၀၁၁(၄)Burma's Icy Mountains by Frank Kingdon-Ward, Orchid Press, Thailand, Second edition, 2006 (၅) Searching for the Sources of the Irrawaddy by Emile Roux, White Lotus Co., Ltd., Thailand, 1999 (၆) Water Technology by N.F Gray, Viva Books Private Ltd., New Delhi, India 1999.

7 DAY NEWS JOURNAL
Vol.10, No.44 · JANUARY 19, 2012



# အရှေ့ချင်းတူသော်လည်း ကျွန်ုပ်တို့က မြန်မာတွေပါ

လှတင့်ဆွေ(ပိန်းဇလုပ်)

အိမ်ထောင်မကျခင်ကတော့ မိန်းကလေးများကလည်း ဆိုကြသည်။ "တစ်ပွင့် ပန်ချင်တယ်၊တစ်ပွင့်တည်းပန်ချင်တယ်" တဲ့။

ယောကျ်ားလေးများကလည်း ဆိုကြပြန်သည်။ "တစ်မိုးအောက်မှာ တစ်ယောက်တည်းချစ်မယ်။ အိပ်မက်ထဲက ဒေဝစ္ဆရာလေးရယ်"တဲ့။ "ကိုယ်ကတော့ တစ်ယောက်ဆိုတစ်ယောက်ပိတောက်ဆို ပိတောက်ပါပဲ"တဲ့။

ကျွန်တော်တို့ အဖေ၊ အမေ၊ အဘိုး၊ အဘွား၊ အဘေး၊အဘီများတို့သည်လည်း တစ်လင် တစ်မယားစနစ်ဖြင့် ကောင်းတူဆိုးဖက်၊ သေတစ်ပန်သက်တစ်ဆုံး၊ သားတစ်ရာ၊ မြေးတစ်ဖြာရသည်အထိ ရိုးမြေကျပေါင်းသင်းသွားခဲ့ကြပါသည်။

ယခုခေတ် ကျွန်တော်တို့လူမှုပတ်ဝန်းကျင်တွင်ဖြစ်နေကြသော၊ ဖြစ်ပြီးလျှင် ပျက်နေကြသော အိမ်ထောင်ရေးကိစ္စများက အခြေအနေတော်တော်ဆိုးလာပြီဖြစ်သည်။ အချို့ဖြစ်ရပ်တွေက ပြောလို့သာပြောနေရသည်။ စာမျက်နှာတွေပေါ် ရေးလို့ပင်မသင့်။ ဖြစ်ပျက်မှု ဇာတ်လမ်းစုံကလည်း မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုမှ ခွင့်မပြုသင့်သော ဇာတ်လမ်းမျိုး။ အကြောင်းအရာတွေကလည်း ရေးလို့ပင် မကုန်နိုင်ပါပေ။

ဈေးထဲမှာ ပြောနေကြတာက "ကုန်စိမ်းရောင်းတဲ့ ဟိုကောင်မလေး၊ ချောချောလေးဟာလေ၊ ဟိုလိုင်းက ကားဒရိုင်ဘာဦး . . . နဲ့လိုက်ပြေးလို့တဲ့"

"ဟဲ့ အဲဒီကောင်က မိန်းမကြီးနဲ့ ကလေးတွေနဲ့မို့လား"

"ရှိတယ်လေ။ ကလေး သုံးယောက်တောင်၊ အကြီးဆုံး သမီးလေးတောင် လေးတန်းရောက်နေပြီပဲ"

"ဒီကောင်မလေးဟာလေ ရုပ်ရည်လေးရှိရဲ့သားနဲ့ ယူစရာ၊ ကြိုက်စရာရှားလို့အေ။ ကလေးအဖေကြီးနဲ့မှ" ဆိုတာမျိုးတွေက ဈေးထဲ၊ ရပ်ကွက်ထဲတွေမှာ။

တက္ကသိုလ်လို၊ ကုမ္ပဏီရုံးခန်းလို၊ ကုန်တိုက်ကြီးများ၊ ဘဏ်များ၊ ရုံးများကဲ့သို့ ပညာတတ်ဘွဲ့ရများ ရှိသော နေရာမျိုး၌လည်း ဟိုစာရေးမချောချောလေးလေ ဆံပင်အရှည်ကြီး၊ ဟိုရုပ်ရှင်သရုပ်ဆောင်မင်းသမီးနဲ့တူသလိုလိုဟာလေဟယ်။ ကုမ္ပဏီပိုင်ရှင်ဘော့စ်နဲ့ တိတ်တိတ်လေးယူထားတာတဲ့။ ဒီကောင်မက ကုမ္ပဏီမှာလည်း အတွဲရှိရဲ့သားနဲ့ဟယ်"

"Second လား၊ Third လား"

"အဲဒီလောက်တော့ရမယ်မထင်ဘူး။ နံပါတ်ကတော့ Five to Ten လောက်ဖြစ်လိမ့်မယ်ထင်တယ်။ အဲဒီလူကြီးရဲ့ သားသမီးတွေတောင် ဘွဲ့ရကုန်ကြပြီတဲ့"

"ဟိုကုမ္ပဏီကကလေးအဖေက အလုပ်ထဲက ကောင်မလေးနဲ့ ပေါ်တင်တွဲနေကြတာ။ဟိုဦးလေးကြီးက ကောင်မလေးကို တိုက်ခန်းဝယ်ပေးထားပြီး မယားကြီးလစ်တဲ့အချိန် အတူသွားနေတာ"

အလားတူ ဖြစ်ရပ်တွေက ယနေ့နေရာစုံ၊ အလွှာစုံ၊ ဌာနစုံ၊ လူမျိုးစုံမှာကြားနေရ၊ တွေ့မြင်နေကြရပြီ။ ယောကျ်ားလေးက လူပျိုဆိုလျှင် မိန်းကလေးက မိခင်အိမ်ထောင်သည်။ မိန်းကလေးက အပျိုဆိုပါက ယောကျ်ားလေးက အိမ်ထောင်သည် ကလေးသုံးယောက်ဖခင်။ တချို့ကတော့ နှစ်ယောက်စလုံး ကလေးမိခင်၊ ဖခင်တွေ။ အရင် ပထမအိမ်ထောင်နဲ့တုန်းက တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆို ပိတောက်ဆိုပြီး ယူထားကြတာတွေပါပဲ။

ဆရာတော်မေတ္တာရှင် (ရွှေပြည်သာ)၏ "မေတ္တာဖြင့် စီးပွားရှာနည်း" စာအုပ်တွင် မျက်မမြင်အမျိုးသမီးကြီးတစ်ယောက်ကို မိန်းကလေးငယ် နှစ်ယောက်က လက်ဆွဲလာပြီး ဆရာတော်ထံ မျက်စိကုပေးဖို့လာရောက်တင်ပြလျှောက်ထားသည်ကို ဝမ်းနည်းဖွယ်ရာ ဖတ်လိုက်ရသည်။

ဆရာတော်က ဖြစ်စဉ်ကို မေးကြည့်တော့ ထိုမျက်မမြင်အမျိုးသမီးကြီးမှာ သမီး၊ သမက်နှင့် ၎င်းတို့မှရသော သမီးမိန်းကလေးနှစ်ယောက်တို့နှင့်အတူနေကြသည်။ သမီးဖြစ်သူက စတင်ဖွေဖောက်ပြီး မိသားစုကိုထားခဲ့ကာ နောက်ယောကျ်ားနောက်လိုက်ပြေးသည်။ နောက်များမကြာမီ ဖခင်ဖြစ်သူကလည်း နောက်မိန်းမယူပြီး အိမ်ပေါ်မှဆင်းသွားတော့သည်။ ထိုမျက်မမြင်အမျိုးသမီးကြီး(အဘွား)နှင့် မြေး မိန်းကလေးငယ်နှစ်ယောက်သာ ကျန်ခဲ့ပြီး မြေးမကလေးများ၏ လက်ဆွဲလမ်းပြမှုဖြင့် အဘွားက ရပ်ကွက်ထဲအိမ်တိုင်းစေ့လိုက်၍ အဝတ်လျှော်ဖွပ်ရသည်။ အိမ်ရှင်များက ရေ၊ ဆပ်ပြာ၊ လျှော်မည့် အဝတ်အစားများ ပုံပေးထားရသည်။ ထိုငွေဖြင့် စားသုံးနေကြရသည်။ ပလတ်စတစ် မိုးသောတဲကလေးဖြင့်နေရသည်။ ဆရာတော်က တာဝန်ယူကာ မျက်စိခွဲစိတ်ကုသပေးသည့်အပြင် ခွဲစိတ်ထားစဉ် စားသုံးရန်စရိတ်နှင့် မျက်စဉ်းခပ်မည့်သူကိုပါ ငှားပေးထားရပြီး နေဖို့တဲပါ ပြင်ပေးထားရသည်တဲ့။ ထိုအဖေပျောက်၊ အမေပျောက် မိန်းကလေးငယ် နှစ်ယောက်ရဲ့ဘဝက ဆက်မတွေးဝံ့စရာပါ။ ထိုအချိန်တွင် အမေက နောက်ယောကျ်ားရင်ခွင်မှာ ပျော်မြူးလို့၊ အဖေကနောက်မိန်းမပခုံးထက်မှာ မျက်နှာတင်ပြီး ရွှင်ပြုံးလို့ ပျော်နေကြပါလိမ့်မည်။

လှိုင်သာယာမြို့နယ်ထဲတွင် ပင်ရှိပါသည်။ ရန်ကုန်မြို့ထဲက သွားရင် လှိုင်သာယာတံတားကြီးအကျော် ညာဘက်ကိုချိုးလိုက်ရင် ရပ်ကွက်ရဲ့အစမှာပဲ "အောင်ဇေယျာမင်း"မိဘမဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ရှိပါသည်။ ကျောင်းမှ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဇေယျာနန္ဒ စာသင်ပေး၊ ကျွေးမွေးပြုစုစောင့်ရှောက်ထားသည်မှာ သီလရှင် ၇၃ ပါးအပါအဝင် ကျောင်းသား၊ ကျောင်းသူ ၃၇၃ ဦးရှိပြီး ၎င်းအထဲတွင် မိဘမဲ့ ၂၀၅ ယောက်ပါဝင်ပါသည်။ ၂၀၁၁ ခုနှစ်အတွင်းမှာပင် မွေးခါစ၊ လသားအရွယ်ကလေး ၆ ယောက်ကို ကျောင်းတံခါးဝတွင်လည်းကောင်း၊ ဈေးတွင်လည်းကောင်း မယောင်မလည်ဖြင့် လာရောက်ချထားခဲ့ကြလေသည်။မြင်သူများက ဆရာတော့်ထံလာအပ်ထားကြသည်။ ကျွန်တော်ရောက်သွားစဉ် အချို့က ဆရာတော့်ပေါင်ပေါ်မှာထိုင်လို့၊ အချို့ကိုလည်း ရပ်ကွက်ထဲက နို့သည်မိခင်များထံ ကလေးနို့စို့နိုင်ရန် အကူအညီတောင်းခံထားရသည်။ ထိုကလေးများမှာ မိဘမဲ့ မဟုတ်ပါ။ သဘာဝဘေးအန္တရာယ်ကြောင့်၊ စစ်ဘေးစစ်ဒဏ်ကြောင့် မိဘမဲ့ဖြစ်ရသည်မှာ သဘာဝကျပြီး ကျွန်တော်တို့တွင် တာဝန်ရှိပါသည်။ ထိုကလေးများ၏ ဘဝတွင် မိဘများရှိပါသည်။ မိဘမရှိပါက ကလေးဆိုတာ ဖြစ်မလာနိုင်ပါ။ ရှေ့ရေးမစဉ်းဘဲ ကလေးကိုလွယ်လွယ်ယူ၍ အပြစ်မဲ့ကလေးများကိုတော့ ဟိုနားပစ်ထား၊ ဒီနားပစ်ထား။ ထိုကဲ့သို့ ကျွေးမွေးစောင့်ရှောက်ထားသော မိဘမဲ့ကျောင်းများကိုတော့ အထူးချီးကျူးရမည်။ အစိုးရက တွင်ကျယ်စွာ မလုပ်နိုင်သော တာဝန်ကို ထမ်းရွက်နေ၍ဖြစ်သည်။ ဤကဲ့သို့ မိဘမဲ့ဘုန်းတော်ကြီး စာသင်ကျောင်းများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်းကောင်း၊ မြို့နယ်တော်တော်များများတွင်လည်း ရှိပါသည်။ ဆရာတော်ဘုန်းတော်ကြီးများကတော့ အမျိုးဘာသာသာသနာအတွက်၊ ကိုယ့်လူမျိုးများအား ဘာသာခြားများက စည်းရုံးသိမ်းသွင်းသွားမှာစိုး၍၊ ပညာအလင်းပေးလို၍၊ အပြစ်မဲ့ရင်သွေးများကိုပြုစုပျိုးထောင်လို၍ စောင့်ရှောက်ကာကွယ်နေရခြင်း ဖြစ်ပါသည်။ အမှန်တာဝန်ရှိတာကတော့မိဘများသာ ဖြစ်ပါမည်။

ယဉ်ကျေးမှု ကူးစက်ခြင်းက ဒီ Globalization ခေတ်ကြီးထဲမှာ အလွန်မြန်ပါသည်။ ကမ္ဘာ့ရွာ Global Village က တဖြည်းဖြည်းကျဉ်းလာပြီး ဆက်သွယ်မှုမြန်ဆန်လွန်းသဖြင့် ယနေ့ကိုရီးယားတွင် စကတ်ကွဲပါက ရန်ကုန်တွင်လည်း နေ့မကူးဘဲ ကွဲပါသည်။ ထို့အတူတောတောင်ကြားတွင် လမ်းဖောက်၊ တံတားဆောက်နေသော အလုပ်သမားလုံမပျိုစကဒ်သည်လည်း ရှေ့ကကွဲပါတော့သည်။ ထို့နောက် ရှေ့ကွဲပြီးပါက ဘေးဘယ်ညာနောက်တစ်ပြိုင်တည်းလိုလိုပင် ကွဲပါသည်။ ဘန်ကောက်သူပေါင်တို၊ ရင်ဘတ်ဟိုက်လာပါက မကြာမီ ရန်ကုန်သူများလည်း အလားတူဖြစ်လာပါသည်။ ယနေ့ ရန်ကုန်တွင် အမျိုးသမီးငယ်များ ဘောင်းဘီတိုဖြင့် လမ်းမပေါ် လျှောက်သွားပါက တောင်ကြားထဲတွင် ဆည်တည်ဆောက်နေသော ကျောက်ခဲသယ်သည့် သမီးပျိုလေး၏ ဘောင်းဘီလည်း တိုလာပါတော့သည်။ ထိုမှဆက်၍ လုပ်ငန်းခွင်ထဲတွင်ကြာလာတော့ ယောကျ်ားရှိ၊ မရှိ၊ မိန်းမရှိ၊ မရှိ၊ အိမ်ထောင်ရှိ၊ မရှိ၊ သားသမီးရှိ၊ မရှိ မစုံစမ်းကြတော့ချေ။ အချို့လည်း စုံစမ်းပြီး မစဉ်းစားကြတော့ချေ။ ဇွတ်တိုးကြတော့၏။(ကြောက်စရာကြီးပါတကား)

ဗုဒ္ဓဘာသာကောင်း တစ်ယောက် ရှောင်ကြဉ်ရမည့် ဒုစရိုက် ၁၀ ပါး။

ကာယဒုစရိုက်=ကာယကံ (၃) ပါးတွင်

"ကာမေသုမိစ္ဆာစာရ=ကာမဂုဏ်တို့၌ မှားယွင်းစွာဖောက်ပြန်ကျူးလွန်ခြင်း" ဆို၍ ပါဝင်ပါသည်။

**စာ(၄၀) သို့**

JOKE

## အလုပ်နှင့်ထောင်

၁။ သင်ထောင်ကျနေပါက ရှစ်ပေ၊ ဆယ်ပေအခန်းထဲတွင် နေရသည်။
အလုပ်ထဲတွင်မူ ခြောက်ပေ၊ ရှစ်ပေအကန့်လေးထဲတွင် အလုပ် လုပ်ရသည်။
၂။ ထောင်ထဲတွင် တစ်နေ့သုံးကြိမ် ထမင်းအဆင်သင့် စားရသည်။
အလုပ်ထဲတွင် နေ့လယ်စာစားဖို့အချိန်လုနေရသည်။
၃။ ထောင်ထဲတွင် ကောင်းကောင်းနေပါက လျှော့ရက်ရသည်။
အလုပ်ထဲတွင် ကောင်းကောင်းလုပ်ပါက အလုပ်များများပိုလုပ်ရသည်။
၄။ ထောင်ထဲတွင် တီဗီကြည့်ပြီး တီဗီဂိမ်းကစားနိုင်သည်။
အလုပ်ထဲတွင် တီဗီကြည့်၊ ဂိမ်းကစားပါက အလုပ်ပြုတ်သွားလိမ့်မည်။

## အိမ်ထောင်ကျခြင်း

၁။ အိမ်ထောင်မပြုမီ အမျိုးသားက အမျိုးသမီးလက်ကိုကိုင်၍ လမ်း လျှောက်ခြင်းမှာ 'အချစ်' ဖြစ်သည်။
အိမ်ထောင်ပြုပြီး အမျိုးသမီးလက်ကိုကိုင်၍ လမ်းလျှောက်ခြင်းမှာ 'မိမိကိုယ်ကိုကာကွယ်ထားခြင်း' ဖြစ်သည်။
၂။ အိမ်ထောင်ပြုခြင်းမှာ ရန်သူနှင့်အတူအိပ်ရသော တစ်ခုတည်းသော စစ်ပွဲဖြစ်သည်။
၃။ အိမ်ထောင်ပြုပြီးပါက ယောကျ်ားက မိန်းမနှင့် စကားစမြည်ပြောချင်သည်။ မိန်းမက ကွက်စိပ်ဆရာလိုပြောချင်သည်။
၄။ အိမ်ထောင်ပြုချိန်ဆိုသည်မှာ ယောကျ်ားကဘွဲ့တစ်ခုရရှိပြီး မိန်းမကမဟာဘွဲ့ရရှိချိန်ဖြစ်သည်။
၅။ လက်ထပ်ထိမ်းမြားခြင်းမှာ ချစ်ခြင်းမေတ္တာပင် ဖြစ်သည်။
အချစ်မှာ မျက်စိမရှိ၊ ထို့ကြောင့် လက်ထပ်ထိမ်းမြားခြင်းမှာ မျက်မမြင်တို့ ခိုကိုးရာဖြစ်သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး။ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။
**ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏာသိင်္ဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7DAY NEWS JOURNAL

# Business

Vol.10, No.44 · JANUARY 19, 2012

## တ ုတ်နိုင်ငံသို့ ငါးရှဉ့်တင်ပို့ရာတွင် သတိပြုကြရန် တာဝန်ရှိသူများအကြံပြု

**သန်းငွေး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

ငါးရှဉ့်များအားယခုနှစ်ဆန်းမှစတင်ကာတရုတ်နိုင်ငံသို့လွတ်လပ်စွာရောင်းဝယ်ခွင့်ပြန်လည်ရရှိလာသောကြောင့် ငါးရှဉ့်လုပ်ငန်းရှင်များလုပ်ကိုင်ပုံများယွင်းပါက အတိတ်ကာလကကဲ့သို့ ဆုံး ရှုံးနစ်နာမှုများကြုံတွေ့နိုင်ကြောင်း ငါးရှဉ့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဘသော်က ပြောသည်။

၁၉၉၂ မှစတင်ကာ မြန်မာ့ငါးရှဉ့်များကို တရုတ်နိုင်ငံသို့ မူ ဆယ်နယ်စပ်ဒေသမှ တစ်ဆင့် ရောင်းချခဲ့ကြသည်။ ၂၀၀၆ ခုနှစ်အထိငါးရှဉ့်ရောင်းဝယ်မှုအပေါ် ဝယ်သူဘက်က ဈေးနှိမ်ဝယ်ယူခံရခြင်းနှင့် မရောင်းခဲ့လျှင် ငါးရှဉ့်များသေကာ အရင်းပြုတ်သည်အထိ နစ်နာမှုများကြုံတွေ့ခဲ့ကြရသည်။

"အခုလို လွတ်လွတ်လပ်လပ် ရောင်းဝယ်ခွင့်ရတော့ အကောင်းလည်းဖြစ်နိုင်သလို အဆိုးလည်း ဖြစ်နိုင်တယ်။ ၁၉၉၀ ပြည့် လွန်နှစ်ကလိုပြန်ရောက်မှာစိုးလို့ ထိန်းထိန်းသိမ်းသိမ်းလုပ်ကြပါ" ဟုဦးဘသော်က သယံဇာတထိန်းသိမ်းခြင်းဖြင့် မိမွေ့ဖမွေကို ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ပြောသည်။

"ငါးရှဉ့်က အခုဘဏ္ဍာနှစ်မှာ လျာထားချက်ကျော်ပြီး အမေရိကန်ဒေါ်လာ ၂၅ သန်းကျော်သွားပေမယ့် ငါးရှဉ့်လုပ်ငန်းလုပ်ခဲ့တဲ့ လူဟောင်းတွေပြုတ်ကုန်ပြီ။မရှိကြတော့ဘူး" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂)ဦးနှင်းဦးက ပြောသည်။

၁၉၉၀ ဝန်းကျင်က လွတ်လပ်စွာ ရောင်းဝယ်ခွင့်ရရှိသောကြောင့် မိမိတို့ဘက်မှ သုံးစင်တီမီတာအောက် **စာ(၃၄)သို့**



ဓာတ်ပုံ - အောင်အောင်

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၁၀ | ၈၂၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၀ | ၈၂၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၂၀ | ၆၃၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၃၀ | ၁၀၄၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | ၂၆ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၄ | ၁၂၆ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၅၄ | ၈၅၄ | ကျပ် |

၂၀၁၂ ဇန်နဝါရီ ၁၄ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၅၂၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၈၈၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၉၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၀၆၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၁. ၄၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၉၃ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၅၀. ၃၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၃၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၈၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၇၈. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၃၁. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၇၂ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၅၄ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၉၁ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၅၄၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၂၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၈၅၃၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၆၃၀. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၁၀. ၀၆၀ |
| ငွေ | ၁ အောင်စ | ၂၉. ၅၂၂ |
| ကြေးနီ | ပေါင် | ၃၆၃. ၇၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၆၇၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဇန်နဝါရီ ၁၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## တရုတ်ကွန်တိန်နာကားများကို ကမ္ဘောဇဘဏ်နှင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ရောင်းမည်

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

တရုတ်နိုင်ငံထုတ်ကွန်တိန်နာကားများကို ကမ္ဘော ဇဘဏ်နှင့် ချိတ်ဆက်၍အရစ်ကျစနစ်ဖြင့် စတင် ရောင်းချမည်ဖြစ်ကြောင်း E.F.R ကုမ္ပဏီမှ ဒုတိယအထွေထွေမန်နေဂျာ စဝ်နောင်ကျော်က ပြောကြားသည်။

အဆိုပါ ကွန်တိန်နာကားများသည် တရုတ်နိုင်ငံထုတ် JAC အမှတ်တံဆိပ်ကားများဖြစ်သည်။ ကားတစ်စီး၏ တန်ဖိုးမှာ နောက်တွဲပါအပါ တစ်စီးလျှင်ကျပ်သိန်း ၈၅၀ဖြစ်သည်။ အရစ်ကျစနစ်ဖြင့်ဝယ်ယူမည်ဆိုပါက ပထမဦးစွာ ကားတန်ဖိုး ၃၀ ရာခိုင်နှုန်းပေးသွင်းပြီး ကျန် ၇၀ရာခိုင်နှုန်းကို ၁ နှစ်မှ ၃ နှစ်အတွင်း အရစ်ကျပေးသွင်းရမည်ဖြစ်သည်။

"သုံးနှစ်အရစ်ကျနဲ့ဝယ်ရင် တစ်လကိုတစ်ဆယ့်ခြောက်သိန်းခွဲပဲကျပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

အရစ်ကျစနစ်ဖြင့် ဝယ်ယူရာတွင် ဘဏ်နှင့်ရေရှည်ဆက်ဆံနေသည့် လုပ်ငန်းရှင်နှစ်ဦးက ထောက်ခံပေးရန် လိုအပ်ကြောင်းကိုလည်းသိရသည်။

ယခုနှစ်ပိုင်းအတွင်း ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ရောင်းချသောလုပ်ငန်းအချို့ပေါ်ပေါက်လာသည်။ သို့သော်ငါးသိန်းတန်မိုဘိုင်းဖုန်းအရစ်ကျစနစ်ဖြင့်ရောင်းချမှုတွင် ဝယ်သူများအတွက် အဆင်မပြေကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.10, No.44 · JANUARY 19, 2012

# ရေလုပ်ငန်း၏ မွေးမြူရေးကဏ္ဍတွင် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုနည်း

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၀**

ပြည်ပရင်းနှီးမြှုပ်နှံမှုများ ကဏ္ဍအသီးသီးတွင် ရှိနေသော်လည်း ရေလုပ်ငန်းဆိုင်ရာ မွေးမြူရေးကဏ္ဍတွင် လုံးဝမရှိသေးကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။



"ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနဲ့ ဈေးကွက်ပါ တွဲပါလာနိုင်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမှန်တကယ်လိုနေပါတယ်။ အဲဒါကို ထည့်ပေးလိုက်လို့ရှိရင် တကယ်ကို တိုးတက်မှာပါ" ဟု ၎င်းက ပြောသည်။ ရေလုပ်ငန်းဆိုင်ရာ မွေးမြူရေးကဏ္ဍများမှာ ငါး၊ ပုစွန်ကဏန်း၊ ငါးရှဉ့်စသည့် မွေးမြူ၍ရသော ရေနေသတ္တဝါများ စီးပွားဖြစ်မွေးမြူသော လုပ်ငန်းများဖြစ်ကြသည်။

နိုင်ငံတော်မှ စီးပွားရေးဆိုင်ရာမူဝါဒများအားပွင့်လင်းမြင်သာစွာပြောင်းနေသော်လည်း အမှန်တကယ်တွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများက ဝင်ရောက်မလာသေးဘဲ စောင့်ကြည့်နေရုံသာရှိသေးကြောင်း ၎င်းကဆက်လက်ပြောသည်။

ယင်းသို့ ဖြစ်ရခြင်းမှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI ဥပဒေတိတိကျကျ ရှင်းရှင်းလင်းလင်း မရှိသေးသောကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးနှင်းဦးက ပြောသည်။

"အက်ဖ်ဒီအိုင်ဥပဒေ မထွက်သေးတော့ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံသူတွေ လာရင်တောင် ဘယ်လိုပြောရမှန်း မသိသေးဘူး။ အာမလည်း မခံနိုင်သေးဘူး"ဟု ၎င်းက ပြောသည်။

ထို့ကြောင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဥပဒေများ ပီပီပြင်ပြင်နှင့် မြန်မြန်ဆန်ဆန် ဖြစ်လာသင့်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နာယကဦးစိုးဝင်းကလည်း ပြောသည်။




## ရွှေဈေးတက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

ကမ္ဘာ့ရွှေဈေးများ မြင့်တက်လာခြင်းကြောင့် ပြည်တွင်းဈေးများလည်း ဆက်တိုက်မြင့်တက်လာကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ကမ္ဘာ့ရွှေဈေးမှာ ပြီးခဲ့သည့်ရက်များက တစ်အောင်စလျှင် ၁,၅၉၀ ဒေါ်လာစွန်းစွန်း ရှိနေရာမှ ခြောက်ရက်အတွင်း၌ဒေါ်လာ ၅၀ ကျော်မြင့်တက်လာ၍ ယခု ဇန်နဝါရီ ၁၁ ရက်တွင် ၁,၆၄၃ ဒေါ်လာထိ ရောက်ရှိလာသည်။

ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာလည်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ဇန်နဝါရီ ၁၁ က ၇၁၃,၀၀၀ ကျပ်ထိ မြင့်တက်လာခဲ့သည်။

ရွှေဈေးနှုန်းအမြင့်ပိုင်းသို့ ရောက်ရှိလာခြင်းကြောင့် ဈေးကွက်ဝယ်လိုအားမှာ ယခင်ရက်များထက် လျော့နည်းသွားသော်လည်း ဈေးကွက်ဝယ်လိုအား ကောင်းနေဆဲဖြစ်ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

"ဈေးက အမြင့်ဈေးရောက်လာတော့ခုနစ်သိန်းကျတုန်းကနဲ့ စာရင်တော့ အရောင်းအဝယ်ပါးတယ်။ ဒါပေမဲ့ ဝယ်လိုအားတော့ ကောင်းနေတုန်းပဲ။ ဈေးတက်ရင်လည်း ဆက်တက်နိုင်တယ်ဆိုပြီး ဝယ်တဲ့သူရှိနေတော့ ရောင်းအားကောင်းတယ်ပြောလို့ရနေသေးတယ်" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက လက်ရှိဈေးကွက်အနေအထားကို သုံးသပ်ပြောသည်။

ယခုလပိုင်းတွင် ရွှေဈေးနှုန်းအတက်အကျမြန်နေသော်လည်း ဈေးနှုန်းကွာခြားမှုများစွာ ဖြစ်နိုင်ခြေမရှိကြောင်း အောင်သမာဓိရွှေဆိုင်မှ ဆိုင်တာဝန်ခံကိုဝင်းငယ်က ပြောသည်။

ဈေးနှုန်းကျဆင်းပါကလည်း ယခု အနိမ့်ဆုံးရောက်ရှိခဲ့သော တစ်ကျပ်သားလျှင် ၆၈၅,၀၀၀ ကျပ်အောက်မရောက်နိုင်သကဲ့သို့ ဈေးနှုန်းမြင့်တက်ပါလည်း လက်ရှိဈေးထက်များစွာမြင့်တက်သွားခြင်းမျိုး မရှိနိုင်သေးကြောင်း ၎င်းက ခန့်မှန်းပြောသည်။

## စာ(၃၃) - တ ုတ်နိုင်ငံသို့ ငါးရှဉ့်တင်ပို့ရာတွင် သတိပြုကြရန် တာဝန်ရှိသူများအကြံပြု မှ

အကောင်သေးလေးများ ရောနှောရောင်းချသောအခါ ဝယ်သူဘက်မှ ဈေးနှိမ်ခြင်းနှင့် ညစ်နည်းမျိုးစုံသုံးခြင်းများကြောင့် ရောင်းချသောလုပ်ငန်းရှင်များ ဆုံးရှုံးမှုများကာလုပ်ငန်းရပ်နားခဲ့ကြရသည်။

၂၀၀-၂၀၀၇ ဘဏ္ဍာနှစ်မှစ၍ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီက အများပိုင် ကုမ္ပဏီအနေဖြင့် စတင်ကာ ကော်မရှင်ယူ၍ ငါးရှဉ့်ကုန်စည်ဒိုင်ဖွင့်ပြီး လေလံဈေးဖြင့် ရောင်းချပေးခဲ့သည်။ နှစ်ကာလကြာရှည်လာသောအခါ ငါးရှဉ့်ကုန်သည်များအနေဖြင့် ဝန်ဆောင်ခပေးရခြင်းကြောင့် များစွာနစ်နာကြောင်း နိုင်ငံတော်အစိုးရထံ တင်ပြခဲ့သည်။

မိမိတို့ဘာသာ ကုန်စည်ဒိုင်တွင် လေလံဆွဲဝယ်မှုအား တာဝန်ခံထူထောင်လိုကြကြောင်း တင်ပြမှုကြောင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ လွတ်လပ်စွာ လုပ်ပိုင်ခွင့် ရရှိပြီး မည်သူ့ကိုမှ ဝန်ဆောင်ခပေးရန် မလိုတော့ကြောင်း သိရသည်။

"ငါးရှဉ့်ကတော့ လွတ်လပ်ရေးရသွားပြီ။ အသေး ၈၀ ရာခိုင်နှုန်း၊ အကြီး ၂၀ ရာခိုင်နှုန်းပဲဆိုဈေးကျမှာပဲ။ သယံဇာတ ထိန်းသိမ်းတဲ့လုပ်ငန်းပါ ထိခိုက်ရင် ဥပဒေက အလကားဖြစ်နိုင်တယ်။ ဒါကြောင့် သက်ဆိုင်ရာတွေက ပညာပေး စည်းရုံးရေးလုပ်သင့်တယ်" ဟု ငါးရှဉ့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဘသော်က သတိပေးစကားပြောကြားသည်။ ယခုရက်ပိုင်းအတွင်း ငါးရှဉ့်တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀၀ ကျော် ရရှိနေကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012



# 7DAY BOOK REVIEW

## ထူးချွန်ထင်ရှား မြန်မာသတင်းစာဆရာများ

(ချမ်းငြိမ်း)




ဆဲဗင်းဒေးဂျာနယ်တွင် ၂၀၀၆မှ ၂၀၀၉ ခုနှစ်အတွင်သုံးနှစ်ကျော်ကြာ အလျဉ်းသင့်သလို ဖော်ပြခဲ့သည့်မြန်မာသတင်းစာဆရာကြီးများအထ္ထုပ္ပတ္တိကို စာအုပ်အဖြစ်စုစည်း ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

စာအုပ်တွင်မြန်မာ့နိုင်ငံရေးနှင့်စာနယ်ဇင်းလောကကိုပြောင်းလဲစေခဲ့သည့် သူရိယသတင်းစာကြီးအား ဦးစီးထုတ်ဝေခဲ့သည့် ဦးဘဘေ(ဘကြီးဘဘေ)၊ပထမမြန်မာအမျိုးသမီးသတင်းစာဆရာ ဒေါ်စန်း၊ ပထမမြန်မာဂျာနယ်ဖန်တီးရှင်ဆရာကြီး ရွှေဥဒေါင်း၊ မြန်မာအလင်းပထမသတင်းထောက်ဦးမောင်မောင်ခင်၊ ပထမမြန်မာသတင်းထောက် ဦးသိန်းဖေမြင့်စသည့် သတင်းစာဆရာကြီးများ၏ထူးခြားသည့် စွမ်းဆောင်ချက်များသာမက မြန်မာသတင်းစာသမိုင်းတွင် ဩဇာတိက္ကမကြီးမားခဲ့သောသတင်းစာဆရာကြီးများဖြစ်ကြသည့်ဒီးဒုတ်ဦးဘချို၊ဦးပုကလေး၊ မန္တလေးသူရိယ ဦးထွန်းရင်နှင့် သူရိယ ဦးသန်းမောင်၊ တိုးတက်ရေးဦးစိန်(ဦးဗဂျိုင်)၊ယူပီအိုင်ဦးဘသန်း၊ ဗမာ့ခေတ်ဦးအုန်းခင်၊မြို့မမောင်၊ဇဝန၊ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ဂျာနယ်ကျော်မမလေး၊ လူထုဦးလှ၊ လူထုဒေါ်အမာ၊ ဒေါ်ခင်မျိုးချစ်တို့၏ သတင်းစာ၊ ဂျာနယ်လောက ဖြတ်သန်းမှုအတွေ့အကြုံများကို ဖတ်ရှုရမည့်စာအုပ်ဖြစ်သည်။

ထို့အပြင် နိုင်ငံခြားသတင်းဌာနများနှင့် ဆက်သွယ်လုပ်ကိုင်ခဲ့သည့် ဦးအုန်းဖေ(တက်တိုး)၊ရာဇဝင်ဝတ္ထုများနှင့်သာ လူသိများခဲ့သော သတင်းစာဆရာကြီး ဦးသန်းတင်(မှုဝံ)၊သတင်းစာများ၌ စာအုပ်စင်၊စာအုပ်ဖတ်ညွှန်းပင်တိုင်ရေးခဲ့သူ ဦးကြီးမောင်(ငွေဥဒေါင်း)၊ ဂျာနယ်လောကတွင် စောင်ရေအမြင့်မားဆုံးဖြစ်စေရန် လမ်းညွှန်နိုင်ခဲ့သူတက္ကသိုလ်ထင်ကြီးတို့၏ ပြောင်မြောက်သော စွမ်းရည်များကို ဖော်ပြထားသည့် စာအုပ်တစ်အုပ်ဖြစ်သည်။

လင်းယုန် သတင်းစာ၊ ဂျာနယ်များကိုဦးစီးထုတ်ဝေခဲ့သည့် ဗန်းမော်တင်အောင်၊ ဖဆပလ အစိုးရပြိုကွဲပြီး ပထစ အစိုးရလက်ထက်တွင် နိုင်ငံနှင့်အဝန်းထိန်းသိမ်းခံခဲ့ရသော သတင်းစာဆရာ၊သတင်းထောက်များ၏ဘက်မှ မားမားမတ်မတ်ရပ်တည်ခဲ့သူရွှေကလောင်ဆုရှင်ဂါးဒီးယန်းဦးစိန်ဝင်း၊ အသက်အန္တရာယ် အကြီးဆုံးဖြစ်သော စစ်သတင်းထောက်အလုပ်ကို စွဲမြဲစွာ လုပ်ကိုင်ခဲ့သည့်မြန်မာ့အလင်းဦးသန်းညွှန့်နှင့် အယူအဆနှင့်ပတ်သက်လျှင်ခေါင်းမာတတ်သည့်ဦးတင်စိုး(သာဂဒိုး)တို့၏ အကြောင်းများကိုစုံစေ့စွာဖတ်ရှုရမည်ဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံရေးဖြစ်စဉ်အတွင်း လူသိနည်းသော ဖြစ်ရပ်မှန်အချို့ကို ယခုစာနယ်ဇင်းကြေးမုံတွင်မြင်တွေ့ရမည်ဖြစ်သည်။

ရည်ညွှန်းစာအုပ် ၁၀၀ ခန့်နှင့် သတင်းစာဆရာကြီးများဖြစ်ကြသည့် ဂါးဒီးယန်းဦးစိန်ဝင်း၊ မြန်မာ့အလင်းဦးသန်းညွှန့်၊ဦးတင်စိုး၊ ဦးခင်မောင်လေး၊ လူထုဦးစိန်ဝင်း၊ မောင်ဝံသတို့နှင့် တွေ့ဆုံမေးမြန်း၍ ယခုစာအုပ်ကို ရေးသားထားခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ဖွန်ပွင့်စာအုပ်တိုက်ကထုတ်ဝေပြီး တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## Waxing လုပ်တဲ့အလေ့အထ ဘယ်သူတွေ စတင်ခဲ့တာလဲ

ခန္ဓာကိုယ်တွင်အမွေးအမှင်ထူသူများသည် Waxing ခေါ် ဖယောင်းကိုအသုံးပြု၍ အမွေးချွတ်သည့်အလေ့အထကို တွင်ကျယ်စွာလုပ်ဆောင်နေကြပြီဖြစ်သည်။ ရှေးဟောင်းအီဂျစ်အမျိုးသမီးများသည် အမွေးအမှင်ကင်းစင်သည့် ရှင်းသန့်သော အလှတရားပိုင်ဆိုင်ဖို့ရာအတွက် နှစ်ပေါင်းများစွာကတည်းက Waxing လုပ်ကြသည်ဟုဆိုသည်။ အမွေးချွတ်ဆေးနှင့် ဆီ၊ ပျားရည်တို့အသုံးပြုကာခန္ဓာကိုယ်တွင် မွေးညင်းတစ်ပင်မျှမရှိရအောင် လုပ်ဆောင်ကြသည်မှာ ဖာရိုဘုရင်၏မိဖုရားမှာသာခေတတစ်ခုပင်ဖြစ်သည်။

ထို့နောက်ယင်းအလေ့အထကို ဂရိလူမျိုးများကလည်းကျင့်သုံးလာကြပြီး ရှင်းသန့်ချောပြောင်နေသော ဂရိရုပ်တုများကသက်သေခံလျက်ရှိသည်။ ကာလရွေ့လျောလာပြီးနောက် Waxing လုပ်သည့်အလေ့အထမှာတွင်ကျယ်လာပြီး ဖယောင်းဖြင့်အမွေးချွတ်ခြင်းကို မျက်ခုံးများမှအစ ခြေထောက်အဆုံးပြုလုပ်လေ့ရှိကြသည်။ ယနေ့ခေတ်ကာလတွင် အလှအပဦးစားပေးအဖြစ်လည်းပြုလုပ်လာကြကာ Waxing လုပ်သည့်ဝန်ဆောင်မှုလုပ်ငန်းများလည်း များစွာပေါ်ထွက်လာခဲ့သည်။

—*Source:getwaxing.com*







### ARIES — မိဿရာသီဖွား (မတ်၂၁ – ဧပြီ၂၀)

အကြံအစည်အောင်မြင်ခြင်း၊ ဘဝတိုးတက်ခြင်း၊ ရည်ရွယ်ချက်အောင်မြင်ခြင်းရှိမည်။ ငွေကြေးအလွယ်တကူအချောင်ရထားသူများ မိမိထံအလုပ်ပူးပေါင်းလုပ်ကိုင်ရန် ကမ်းလှမ်းမှုကြုံမည်။ လက်မခံပါနှင့်။ ရှုပ်ရှုပ်ထွေးထွေးဖြစ်တတ်သည်။ ဤရက်အတွင်း ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်ထားသည်များမှ တိုးတက်မည်။ လုပ်ငန်းခွင်မှသူများ အလုပ်အဆင့်ရာထူးတက်မည်။ မေတ္တာရေးကံကောင်းမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁ – မေ၂၁)

ပြဿနာများမည့်မျှဖြစ်စေ၊ အဆုံးပိုင်းတွင် မိမိအနိုင်ရကိန်းကြုံမည်။ သူတစ်ပါး၏ လေးစားမှုခံယူရမည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မှုကြုံမည်။ အပင်ပန်းခံရကျိုးနပ်သောကာလဖြစ်သည်။ ငွေကြေးရရှိမှုဆိုပါက လျှို့ဝှက်စွာ ဖြစ်စေ၊ ထင်ပေါ်စွာဖြစ်စေ လုပ်ရန်ဝန်မလေးသော စရိုက်လျှော့ပါ။ ပြဿနာများနှင့် ထိပ်တိုက်တွေ့ရမည်။ ပညာရေးကံကောင်းမည်။ မေတ္တာရေးကံမကောင်းပါ။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ – ဇွန် ၂၁)

ကောင်းသောအောင်မြင်ကျော်ကြားမှုရမည်။ စိတ်ကူးထားသည်များ အဆင်ပြေမည်။ စနစ်တကျ ရည်ရွယ်ပြီး ဆောင်ရွက်၍ အောင်မြင်မှုများရရှိမည်။ မိမိအောက်နိမ့်သောသူများ၊ အသက်ငယ်၍ အဆင့်နိမ့်သူများလာရောက်ယှဉ်ပြိုင်၍ အတိုက်အခံပြုခြင်းကြုံမည်။ ဥပေက္ခာပြုလိုက်ပါ။ အလုံးစုံအဆင်ပြေသွားလိမ့်မည်။ အတတ်ပညာပိုင်းတွင် အနှောင့်အယှက်များမည်။ ကျောင်းသားကျောင်းသူများအဖို့ အပေါင်းသင်းမှားမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ – ဇူလိုင် ၂၂)

အပြိုင်အဆိုင်ကြားမှ တိုးတက်မှု အဆင့်ဆင့် ရရှိမည်။ ပေါ်ပေါက်လာသော လုပ်ငန်းသစ်များကို စနစ်တကျဆောင်ရွက်နိုင်မည်။ စိတ်ကူးကောင်းနှင့် လုပ်သော ကိစ္စများ ထူးထူးခြားခြား အဆင်ပြေမည်။ ပျိုရွယ်သူများစန်းပွင့်မည်။ မိမိစနစ်တကျ ဆောင်ရွက်ထားသည့် ကိစ္စများမှ အကျိုးဆက်ကောင်းများရရှိမည်။ ငွေများများဝင်မည်။ သတင်းကောင်းများ ကြားရမည်။ ယှဉ်ပြိုင်ရသော ကိစ္စများတွင် အောင်မြင်ခြင်းရရှိမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃ – ဩဂုတ်၂၃)

မိမိအပေါ် မကောင်းကြံဒုက္ခပေးနေသည့် ရန်သူကို အောင်နိုင်သည့် ကာလဖြစ်သည်။ အခက်အခဲများကိုဖြေရှင်းနိုင်လိမ့်မည်။ ပညာလုပ်ငန်းတွဲဖက်ဆောင်ရွက်နေသူများအလိုရှိရာ အောင်မြင်မည်။ ငွေကြေးကိစ္စစကားပြောဆိုမှုများတွင် အခက်အခဲကြားမှ အဆင်ပြေမည်။ လျှို့ဝှက်ရန်သူရှိမည်။ လုပ်လက်စများ ရပ်တန့်၍ အလုပ်သစ်သို့ ကူးပြောင်းနိုင်သည်။ ကြန့်ကြာနေသည့် ရပိုင်ခွင့်များ လက်ဝယ်ပြန်လည်ရရှိမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄ – စက်တင်ဘာ၂၂)

ရန်အနှောင့်အယှက်များနှင့် ယှဉ်နေရမည်။ ပြဿနာတစ်မျိုးပြီးတစ်မျိုး ဖြေရှင်းရမည်။ ကိုယ်မပြောသောစကား ပြောသည့်အလား မလုပ်သည့်ကိစ္စများ လုပ်သည့်အလား အထင်မှားခြင်းများ ကြုံမည်။ ဖြစ်လာသောပြဿနာများ ချက်ချင်းဖြေရှင်းပါ။ ငွေကြေးရင်းနှီးမြှုပ်နှံမှုများကို အထူးသုံးသပ်ပြီးမှ ဆောင်ရွက်ပါ။ အရာရာတစ်ကြိမ်မက စဉ်းစားပြီးမှ ဆုံးဖြတ်ခြင်းပြုပါ။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃ – အောက်တိုဘာ၂၃)

တစ်ပိုင်းတစ်စဖြစ်နေသည့်ကိစ္စများကိုပြီးမြောက်စေမည်။ ယုံကြည်အားထားပြီး ဆောင်ရွက်လိုက်သည့် ကိစ္စများတွင် တွဲဖက်လုပ်သူများနှင့် လမ်းခွဲရမည်။ လူသစ်နှင့် ဆက်ဆံရမည်။ ပြဿနာဟောင်းများကို ပြန်လည်ဖြေရှင်းနိုင်မည်။ အခက်အခဲများကို ကျော်လွှားအောင်မြင်မည်။ အလွယ်တကူ ပြောလိုက်သည့် စကားအပေါ် တာဝန်ယူရခြင်းများရှိမည်။ မေတ္တာရေးကံကောင်းသည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ – နိုဝင်ဘာ၂၂)

ကာလအတန်ကြာမြုပ်နေသည့် ပြဿနာများကို အသစ်သဖွယ်ပြန်လည်ဖြေရှင်းရမည်။ မိမိကိစ္စမဟုတ်ဘဲ တစ်ပါးသူကိစ္စအတွက် ပါဝင်ပတ်သက်ပင်ပန်းရမည့် ကာလဖြစ်သည်။ တစ်ခုထက်မကသော လုပ်ငန်းများကို လုပ်ကိုင်ရင်း စိတ်ပင်ပန်းမှု ကြုံမည်။ သူတစ်ပါးအပေါ် လွန်လွန်ကဲကဲ မယုံသင်္ကာစိတ်များခြင်းတို့ အထင်အမြင်သေးတတ်ခြင်းစသည့် စရိုက်ရှိသူများနှင့် ပေါင်းဖက်ရင်း ပြဿနာဖြစ်ခြင်း၊ လူမုန်းခြင်းများ ကြုံမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃ – ဒီဇင်ဘာ၂၁)

ရည်မှန်းချက်များနှင့် စိတ်ကူးမှန်းဆထားသည်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ ရည်မှန်းချက်တူသူများနှင့် ပူးပေါင်း၍ တိုးတက်မှုသစ်များရရှိမည်။ ရုတ်တရက်ဆုံးဖြတ်၊ ဆောင်ရွက်လိုက်သည်များမှ အကျိုးကောင်းရမည်။ မိမိအပေါ် ဒုက္ခပေးသူများ၏ ဘေးရန်မှ ကင်းလွတ်မည့်ကာလဖြစ်သည်။ ကံကြောင့်ငွေဝင်မည်။ ကြိုးစားထားသည်များမှ အကျိုးဆက်ရမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂ – ဇန်နဝါရီ၂၀)

အရာရာတလွဲတချော်ဖြစ်ပြီးမှ အဆင်ပြေမည်။ ချောမွေ့ခြင်းမရှိ။ ရန်အပြိုင်အတိုက်အခံများကြားမှ အလိုရှိရာ ဆောင်ရွက်ရမည်။ လမ်းရိုးအတိုင်းလုပ်၍ မရ။ ပုံစံသစ်ထွင်ပြီး ဆောင်ရွက်၍ အကျိုးရှိမည်။ အာမခံမှားခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်းရှိမည်။ ငွေဝင်ကောင်းသော်လည်း ငွေမမြဲ။ အပျောက်အရှများမည်။ သူတစ်ပါးအပေါ် ယုံစား၍ မရ။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ – ဖေဖော်ဝါရီ၁၈)

ရန်များမည်။ အနှောင့်အယှက်များကြုံမည်။ သူတစ်ပါးအပေါ် ယုံကြည်ကိုးစား၍ မရ။ အနီးကပ်သစ္စာဖောက်သူများတွေ့တတ်သည်။ စကားအမျိုးမျိုးပြောပြီး အနှောင့်အယှက်ပေးသူများနှင့် တွေ့မည်။ ဆောင်ရွက်နေသော ကိစ္စများအားလုံး အဆုံးသတ်ခါနီးတိုင်း ပြဿနာအခက်အခဲနှင့် ကြုံရမည်ဖြစ်ပေရာ အထူးသတိရှိအပ်သည်။ ပျိုရွယ်သူများအဖို့ ချစ်သူ၏ စိတ်ပြောင်းခြင်း ကြုံတွေ့ရတတ်သည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ – မတ်၂၀)

အလိုရှိရာပြည့်စုံမည်။ စိတ်ကူးထားသည်များ အောင်မြင်မည်။ ခက်ခဲသောပြဿနာဖြေရှင်းနိုင်မည်။ အရွေးရခက်အောင် အခွင့်အရေးနှစ်မျိုးပေါ်မည်။ လက်လွှတ်ထားသော ငွေကြေးပြန်ရမည်။ လူမျိုးကွဲ၊ လူ မျိုးခြားအကျိုးပေးမည်။ ပျိုးရွယ်သူများစန်းပွင့်မည်။ အိမ်တွင်အလှူမင်္ဂလာကိစ္စကြုံမည်။ စုပေါင်းတွဲဖက်သောလုပ်ငန်းများမှ တိုးတက်မှု အကျိုးဆက်ရမည်။ မေတ္တာရေး ကံကောင်းမည်။

7DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012



# ဘဏ္ဍာရေး ကျပ်တည်းမှုမှသည်...

**ကြည်နေဝင်းမင်း**

ခရစ္စမတ်မတိုင်မီ ရက်သတ္တပတ်အနည်းငယ်အလို တစ်မနက်တွင်အေသင်မြို့ရှိမူကြိုကျောင်းတစ်ကျောင်းမှ ဆရာမတစ်ဦး ၎င်း၏ အသက်လေးနှစ်အရွယ် တပည့်လေးတစ်ဦးထံမှ စာတစ်စောင်တွေ့ရသည်။

"ကျွန်မ အန်နာကိုကြည့်ရှုစောင့်ရှောက်ဖို့မတတ်နိုင်တော့လို့ ဒီနေ့သူ့ကို ပြန်လာမကြိုတော့ဘူး"ဟု စာတွင်ရေးသားထားပြီး "အန်နာကို ကောင်းကောင်းဂရုစိုက်လိုက်ပါ။ ဝမ်းနည်းပါတယ်"ဟု ဆိုကာ အန်နာ၏ မိခင်က လက်မှတ်ထိုးထားသည်။

အေသင်မြို့ ဆင်းရဲသားများအတွက် လူငယ်ပြုစုစောင့်ရှောက်ရေးစင်တာဖွင့်လှစ်ထားသော အော်သိုဒေါ့စ်ခရစ်ယာန် လူငယ်ဘုန်းတော်ကြီး ဖာသာအန်တိုနီရော့စ်သည် လွန်ခဲ့သောနှစ်လအတွင်း ၎င်း၏ ကျောင်းပေါက်ဝတွင် လူငယ်လေးဦးကိုတွေ့ရှိခဲ့ပြီး ၎င်းတို့အထဲ၌ ရက်သားအရွယ် နို့စို့ကလေးလည်းပါဝင်သည်။

အခြားလူမှုရေးအဖွဲ့အစည်းတစ်ခုကိုလည်း ဆေးရုံတွင် အစာအာဟာရချို့တဲ့မှုဖြင့် ဆေးကုသမှုခံယူနေရသော အမြွှာကလေးနှစ်ဦးအကြောင်း စုံတွဲတစ်တွဲက အကြောင်းကြားခဲ့သည်။ မိခင်ကိုယ်တိုင်က အစာအာဟာရချို့တဲ့နေ၍ ၎င်းတို့ကလေးငယ်နှစ်ဦးကို မိခင်နို့မတိုက်ကျွေးနိုင်တော့၍ဖြစ်ကြောင်း ပြောသည်။

မိသားစုသံယောဇဉ်များ ခိုင်မာအားကောင်းသော တိုင်းပြည်အား ဤသို့သောအဖြစ်အပျက်များကတုန်လှုပ်စေပါသည်။ ကိုယ့်ကလေးကိုယ်ပြုစုစောင့်ရှောက်ရန် ပျက်ကွက်ခြင်းမှာ လူမှုရေးအရလည်း လက်ခံနိုင်စရာမရှိဖြစ်နေရာယင်းအဖြစ်အပျက်များမှာတတိယကမ္ဘာနိုင်ငံများမှ ဇာတ်လမ်းများလိုဖြစ်နေပြီး သူတို့၏မြို့တော်အေသင်တွင် ဖြစ်ပျက်နေသည်ကို ဂရိနိုင်ငံသားများက မယုံနိုင်လောက်အောင်ဖြစ်နေသည်။

ဖာသာအန်တိုနီရော့စ် ပြုစုစောင့်ရှောက်ထားရသော ကလေးငယ်များတွင် သွက်လက်ချက်ချာသော ၂ နှစ်သမီး နာတာရှာလည်း ပါဝင်သည်။ သူမမှာ အလုပ်လက်မဲ့ဖြစ်နေပြီး နေထိုင်စရာလည်းမရှိဘဲ အကူအညီလိုအပ်ကြောင်း နာတာရှာ၏ မိခင်ကပြောသည်။ သူမကို အားပေးကူညီရန် ဝန်ထမ်းများက ပြင်ဆင်နေစဉ်မှာပင် နာတာရှာ၏မိခင်မှာ ပျောက်ကွယ်သွားသည်။ နာတာရှာအား ချန်ထားရစ်ခဲ့ပါသည်။

"ပြီးခဲ့တဲ့ တစ်နှစ်လုံး သူတို့ရဲ့ကလေးတွေကို ဒီမှာထားချင်တဲ့ မိဘတွေအများကြီးနဲ့ဆုံခဲ့ရတယ်။ ငါတို့အကြောင်းကို သူတို့သိပြီး ငါတို့ကိုလည်း ယုံကြည်စိတ်ချတဲ့ သူတွေပါ"ဟု ဖာသာအန်တိုနီ ရော့စ်ကပြောပြသည်။

"သူတို့မှာ ပိုက်ဆံမရှိဘူး။ ကလေးတွေအတွက် နေစရာ၊ စားစရာလည်းမရှိဘူး။ အဲဒီ့အချိန်မှာ ကလေးတွေအတွက် လိုအပ်တာတွေကို ငါတို့က ထောက်ပံ့ပေးနိုင်မယ်လို့ သူတို့မျှော်လင့်ကြတယ်"ဟု ခရစ်ယာန်ဘုန်းတော်ကြီး အန်တိုနီရော့စ်က ဆက်ပြောပါသည်။ ဘဏ္ဍာရေးအကျပ်အတည်းမတိုင်မီကလည်း ဤသို့သောအဖြစ်အပျက်မျိုး မရှိမဟုတ်၊ ရှိပါသည်။ သို့သော် ကလေးများကိုသည်အတိုင်း စွန့်ပစ်သွားတာကိုတော့ ဘုန်းတော်ကြီးအန်တိုနီရော့စ်တစ်ယောက် မကြုံဖူးပေ။

ဆင်းရဲလွန်း၍ ကလေးကိုစွန့်လွှတ်ခဲ့သူ အမျိုးသမီးတစ်ဦးမှာ မာရီယာဖြစ်ပါသည်။ ယောကျ်ားလည်းမရှိဘဲ ကလေးကို တစ်ဦးတည်း ပြုစုစောင့်ရှောက်နေသူ မိခင်မာရီယာမှာ အလုပ်ပြုတ်နေသည်မှာ တစ်နှစ်ကျော်ကြာပြီဖြစ်သည်။

"ညတိုင်းပဲ အိမ်မှာ ငါတစ်ယောက်တည်း ငိုနေရတယ်။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ။ နှလုံးသားထဲမှာ နာကျင်ပေမယ့်လည်း ငါ့မှာ ရွေးချယ်စရာမရှိဘူးလေ"ဟု မာရီယာကဆိုပါသည်။ မာရီယာတစ်ယောက် ရက်ပေါင်းနေ့ပေါင်းများစွာ အလုပ်ရှာခဲ့သည်။ အဲသည်လို အလုပ်ရှာရင်း ရှစ်နှစ်သမီးအရွယ် အန်နာတာစီယာကို နာရီပေါင်းများစွာ တစ်ယောက်တည်းပစ်ထားခဲ့ရသည်။ သူတို့သားအမိမှာ ဘုရားကျောင်းက စွန့်ကြဲသည့် အစားအသောက်များဖြင့် အသက်ရှင်ခဲ့သည်။ မာရီယာတစ်ယောက် ကိုယ်အလေး ချိန် ၂၅ ကီလို လျော့ကျသွားသည်။

နောက်ဆုံးတွင် သမီးငယ်အန်နာတက်စီယာကို SOS ကလေးများရွာဟုခေါ်သော လူမှုရေး အဖွဲ့တွင်ထားရန် မာရီယာဆုံး ဖြတ်ခဲ့သည်။ "ကျွန်မက ဒုက္ခခံစားနိုင်တယ်လေ။ ဒါပေမဲ့ အန်နာက ဘာလို့ဒုက္ခခံရမှာလဲ"ဟု မာရီယာက မေးခွန်းထုတ်ပါသည်။

ယခုအခါ မာရီယာတစ်ယောက် ကော်ဖီဆိုင်တစ်ဆိုင်တွင် အလုပ်ရနေပါပြီ။ သို့သော် တစ်ရက်လျှင် ယူရို ၂၀ သာရရှိသည်။ မာရီယာသည် သမီးငယ် အန်နာကို တစ်လ တစ်ခေါက်သွားတွေ့သည်။ သူမ စီးပွားရေးအခြေအနေ ပြန်ကောင်းလာလျှင်တော့ အန်နာကို ပြန်ခေါ်ထားမည်ဟု မာရီယာ မျှော်လင့်ထားသည်။ သို့သော်လည်း စီးပွားရေးအခြေအနေဘယ်တော့ ပြန်ကောင်းလာမည်နည်းဆိုသည်ကို မာရီယာတစ်ယောက် မသိနိုင်ပါ။

SOS ကလေးများရွာလူမှုရေးအဖွဲ့ ဒါရိုက်တာစတာဂျီရော့စ်ကလည်း ၎င်းတို့၏ လူမှုရေးအဖွဲ့အနေဖြင့် စီးပွားရေးအခြေအနေကြောင့် မိသားစုများထံမှ ကလေးများကို လက်ခံသောထုံးစံမရှိကြောင်းနှင့် ယင်းသို့လည်း လက်မခံလိုကြောင်းပြောသည်။ "မာရီယာနဲ့ သူ့သမီး အန်နာတာစီယာတို့ရဲ့ ဆက်ဆံရေးက အရမ်းကိုနွေးထွေးတယ်။ ဒီကလေးက သူ့အမေဆီက ဘာမှခွဲနေစရာအကြောင်းမရှိဘူးလို့တောင်ပြောနိုင်တယ်။ ဒါပေမဲ့နောက်နေ့တွေမှာ အလုပ်ရှိပါဦးမလားလို့ မသေချာတဲ့အခြေအနေမှာ မာရီယာအတွက်လည်းကလေးကိုပြန်ခေါ်ထားဖို့ဆိုတာခက်ခဲပါတယ်"ဟုစတာဂျီရော့စ်ကပြောပြသည်။

ယခင်ကဆိုလျှင် 'SOS ကလေးများရွာ'အဖွဲ့အနေဖြင့် ကလေးများအား ခေါ်ယူမွေးစား ပြုစုစောင့်ရှောက်ရခြင်းအကြောင်းရင်းမှာ အများအားဖြင့် မိသားစုအတွင်း အရက်စွဲခြင်းနှင့် မူးယစ်ဆေးဝါးပြဿနာများကြောင့်ဖြစ်သည်။ သို့သော် ယခုအခါ ဆင်းရဲမွဲတေမှုမှာ အဓိကအကြောင်းရင်းဖြစ်လာသည်။ အခြားလူမှုရေး အဖွဲ့အစည်းတစ်ခုဖြစ်သော 'Smile of a Child'အဖွဲ့ဆိုလျှင် ယခင်က ကလေးများအား ညှဉ်းပန်းနှိပ်စက်မှုနှင့်စွန့်ပစ်ခြင်းအကြောင်းများကြောင့်သာကလေးများကိုလက်ခံခဲ့သော်လည်း ယခုအခါအေသင်မှ လူမွဲဆင်းရဲသားများ၏ကလေးများကိုပါ လက်ခံပေးနေရသည်။

မိဘက ကလေးငယ်အား အခြားသူတစ်ဦး ပြုစုစောင့်ရှောက်ရန် ပေးအပ်လိုက်ပါက ကလေးငယ်မှာ ၎င်း၏ဘဝ အခြေခံတစ်ခုလုံးမှ ကိုင်လှုပ်ခံလိုက်ရသလိုခံစားရကြောင်း 'Smile of a Child'အဖွဲ့၏ စိတ်ပညာရှင် စတီဖာနော့ကပြောသည်။

"ဒီလို မိဘဆီက ခွဲခြားခံရတာကို အကြမ်းဖက်ညှဉ်းပန်းနှိပ်စက်မှုတစ်ခုလို ကလေးတွေကခံစားရပြီး အကြောင်းရင်းတွေကိုလည်း သူတို့နားမလည်နိုင်ဘူး" ဟု စိတ်ပညာရှင်ကဆက်ပြောသည်။

သို့သော် 'Smile of a Child'အဖွဲ့မှ ဆိုဖီယာကူဟီ၏ အမြင်အရမူ အကြီးမားဆုံးကြေကွဲစရာမှာ ကလေးများအား အခြားသူများ၏ ပြုစုစောင့်ရှောက်မှုလိုအပ်သောမိဘများသည်၎င်းတို့၏ကလေးများကိုအချစ်ဆုံး မိဘများဖြစ်နိုင်ကြောင်းပြောသည်။ "ကလေးတွေကိုထားခဲ့ရချိန်မှာ သူတို့နှလုံးသားထဲက နာကျင်မှုကိုမြင်တွေ့ရတာ ဝမ်းနည်းစရာကောင်းပါတယ်။ ဒါပေမဲ့ ဒါဟာ ကလေးတွေအတွက် အကောင်းဆုံးဆိုတာ သူတို့သိတယ်။ အနည်းဆုံး ဒီလိုကာလမျိုးမှာပေါ့"ဟု ဆိုဖီယာကဆိုသည်။

ဖာသာအန်တိုနီရော့စ်ကတော့ ယင်းကို သဘောမတူပေ။ မိဘများ မည်မျှဆင်းရဲနေပါစေ၊ ကလေးများသည် မိသားစုနှင့် အမြဲတမ်းရှိနေတာ အကောင်းဆုံးဟု ဖာသာကယုံကြည်သည်။ "ကလေးတွေက စွန့်လွှတ်ခဲ့တဲ့အတွက် အဲဒီ့မိသားစုတွေကို (လူ့အဖွဲ့အစည်းက) အကဲဖြတ်လိမ့်မယ်"ဟု ဖာသာကပြောရင်း "ငါတို့တွေက ကလေးအတွက် နေစရာနဲ့ စားစရာပေးနိုင်ပါတယ်။ ဒါပေမဲ့ ဘယ်ကလေးအတွက်မဆို အကြီးမားဆုံးလိုအပ်ချက်ဟာ မိဘရဲ့ ချစ်ခြင်းမေတ္တာပဲဖြစ်တယ်ဆိုတာကတော့ အမှန်တရားပါပဲ"ဟု ဖာသာက စကားကို အဆုံးသတ်လိုက်သည်။

*—Ref: The Greek parents too poor to care for their children*

**အထောင်မြို့ အ.ထ.က ကျောင်း**

**ပဌမအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း**

အထောင်မြို့ အ. ထ. က ကျောင်း၏ ပဌမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ (၂၉)ရက်၊ ညနေ (၄)နာရီတွင် အထောင် အ. ထ. က ကျောင်း၌ စည်းကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသဖြင့် အထောင် အ. ထ. က ကျောင်းတွင် ပညာသင်ကြားပို့ ချခဲ့ကြသော ရယ်နီးရယ်ဝေးမှ အသက်(၆၀)ပြည့် ဆရာ၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲသို့ အထောင် အ. ထ. က ကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**TRADEMARK CAUTION**

KOSÉ Corporation a company incorporated in Japan at 6-2, Nihonbashi 3-chome, Chuo-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademarks:-

**COSMENIENCE**

Reg: No.4/7625/2008

**ESPRIQUE PRECIOUS**

Reg: No.4/7626/2008

In respect of : Int'l class 3 : Cosmetics, Perfumes, Cosmetic Soaps, Cotton for cosmetic use and Hair care preparations.

In respect of : Int'l class 21: Eyebrow brushes, Cheek brushes, Eye shadow brushes, Eye shadow chips, Mascara combs, Compacts, Lip brushes, Toilet sponges and Puffs.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 19.Jan.2012


emami
With Activor Corp., USA
FAIR AND HANDSOME
The World's No.1 Whitening Brand FOR MEN
ချောမွေ့ဖြူစင်သော
အသားအရေကို အလွယ်တကူ
ပိုင်ဆိုင်နိုင်ပြီ
အမျိုးသားများ အတွက် သီးသန့်ထုတ်လုပ်ထားသော ဖြူဝင်းတောက်ပစေသည့်
အသားအရေ ထိန်းသိမ်းရေးပစ္စည်းများအား မိတ်ဆက်ပေးလိုက်ပါပြီ
LUMINO-PEPTIDE™ ပါဝင်သောကြောင့် အသားအရေကို
လျင်မြန်စွာဖြူဝင်းတောက်ပစေသည်။
Whitening Face Wash
Whitening Face Scrub
Whitening Face Mask
Whitening Cream
Whitening Day-Long Moisturiser
Whitening After-Shave Balm
Stay Handsome Everyday

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.44 · JANUARY 19, 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 50,560 |
| Intel P4 Core i3 3.3 GHz (1155,2120) Processor | 96,380 |
| Intel P4 Core i5 2.8 GHz (1155,2300) Processor | 139,830 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 160,370 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 235,420 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 48,190 |
| MSI PH61A-P35 (B3) | 78,210 |
| ASUS P5G41T-MLX (775) | 48,980 |
| ASUS P8H61-MLX Plus (1155) | 62,410 |
| ASUS P8H67MLE (1155) | 90,850 |
| Gigabyte G41MT-S2(775) | 48,980 |
| Gigabyte P61-USB3 (B3) (1155) | 86,110 |
| Gigabyte H61M-S2 (B3) (1155) | 71,100 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 37,920 |
| 1 GB DDR2 (800) Kingston | 13,430 |
| 2 GB DDR2 (800) Kingston | 20,540 |
| 4 GB DDR3 (1333) Kingston | 17,380 |
| **Harddisk** | |
| 500 GB Seagate SATA | 70,310 |
| 1000 TB Seagate SATA | 94,800 |
| 2 TB Seagate SATA | 110,600 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 38,710 |
| MSI N430GT 1GB PCI Express Card | 65,570 |
| MSI N430GT 2GB PCI Express Card | 69,520 |
| ASUS ENGTX520 1GB PCI Express Card | 48,980 |
| ASUS ENGT 430 1GB DDR3 PCI Express Card | 60,040 |
| ASUS EHA 6670 Formula 1GB DDR5 PCI Express Card | 90,850 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 40,290 |
| Gigabyte Geforce N430 OC 1GB PCI Express Card | 69,520 |
| **Memory Stick** | |
| Toshiba 4 GB | 6,500 |
| Apacer 4 GB | 7,500 |
| Sony 8 GB | 12,500 |
| Kingston 8 GB | 7,000 |
| **UPS** | |
| Numeric (600 VA) UPS | 31,600 |
| Numeric (1000 VA) UPS | 63,200 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 31,600 |
| East (1.2KVA) UPS | 59,250 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,400 |
| Liteon 8X Blu-ray Disc Combo | 112,000 |
| Liteon DVD Writer (SATA) | 24,000 |
| **အိတ်ဆောင်တီပိငွကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဇန်နဝါရီ(၁၄) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၁၄)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၆၅၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၃,၆၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၄၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၈ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၃၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၂၉၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ (၁၃)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၈,၀၀၀-၉,၀၀၀ |
| ပန်းဂေါ်ဖီ(ဗမာ) | ၁ ထုပ် | ၄၀၀-၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၈၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇန်နဝါရီ(၁၄)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၅၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၂,၈၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၃၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၁,၇၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၂,၇၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၀၀၀-၂၅,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၁,၉၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၅၀၀-၂,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၅,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၀၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၉,၀၀၀-၁၂,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀- ၁,၇၀၀ |

ဇန်နဝါရီ (၁၃)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/သ/အ | ၁၀၀ ဝန်းကျင် |
| စူဇူကီး ဝက်ဂွန် $R^+$ | - | ၁ဂ | ၁၆၀ |
| ဆပ်ဖ် | ၉၇ | ၆ဂ | ၃၅၀(ကတုံး) |
| တိုယိုတာဗင် (CE96) | ၉၀ | ၈က/၉က | ၁၁၀ |
| တိုယိုတာဆလွန်း | ၈၈ | ၃က | ၁၀၀ |
| မတ်တူး | ၉၉ | ၆ဂ | ၃၀၀ စွန်းစွန်း |
| ရွှေငါး(2.5g) | ၂၀၀၂ | ၆ဂ | ၃၅၀ |
| ပါဂျဲရို | ၉၇ | ၆ဂ | ၄၂၀ |

ဇန်နဝါရီ(၁၄)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Jan (8) | Jan (9) | Jan (10) | Jan (11) | Jan (12) | Jan (13) | Jan (14) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |

7 DAY NEWS JOURNAL
Vol.10, No.44 · JANUARY 19, 2012

## ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၇၅-၁၉၈၁) အင်ဂျင်နီယာနှင့် ဗိသုကာများ မြှတ်ဆရာပူဇော်ပွဲ ကျင်းပခြင်း

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် နံနက်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတွင် ကျင်းပသော ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၅-၁၉၈၁) အင်ဂျင်နီယာနှင့် ဗိသုကာများ၏ ဘွဲ့ရနှစ် (၃၀)ပြည့်ပုလဲရတုအထိမ်းအမှတ်မြှတ်ဆရာ ပူဇော်ပွဲအခမ်းအနားကို ကိုကျော်ဆန်း (မြို့ပြ)က ဖွင့်လှစ်ပေးပြီး ကိုအောင်နိုင်မြင့် (လျှပ်စစ်)မှ ပူဇော်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်း၊ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးအားလုံးကို ကန်တော့လက်ဆောင်ပစ္စည်းပေးအပ်လှူဒါန်းခြင်း၊ ကိုငွေစိုး(စက်မှု)မှ ကန်တော့ကျိုးတိုင်ပေးပြီး အားလုံးလိုက်ဆို၍ ပူဇော်ကန်တော့ကာ ပါမောက္ခချုပ်(ငြိမ်း)ဦးခင်အောင်ကြည်၊ ပါမောက္ခများနှင့် မော်ကွန်းထိန်း ဦးသက်လွင်တို့ကဩဝါဒစကား ပြောကြားခဲ့ကြသည်။ ပူဇော်ပွဲဖြစ်မြောက်ရေးဥက္ကဋ္ဌ ကိုစောမောင်(သတ္တုတူး)က ကျေးဇူးတင်ကြောင်းပြောကြား၍ အခမ်းအနားအောင်မြင်စွာပြီးဆုံး၊ တက်ရောက်လာသော ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများကို နေ့လယ်စာဖြင့် တည်ခင်းညှော့ခံပြီးညပိုင်း White Rice Restaurant တွင် တွေ့ဆုံညစာစားပွဲ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။



## ယာယီအမှတ်နှင့် မောင်းနှင်သော ယာဉ်ပိုင်ရှင်များ သိစေရန်

၁။ သက်တမ်းရင့်ယာဉ်များပြန်လည်အပ်နှံပြီး အစားထိုယာဉ်ပြန်လည်တင်သွင်းလာခဲ့ရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ မူသေအမှတ်များပြန်လည်လျှောက်ထားရယူရမည်ဖြစ်ပါသဖြင့် ထိုသို့လျှောက်ထားဆောင်ရွက်နေချိန်မူသေအမှတ်မရမီ ယာဉ်ပိုင်ရှင်များသည်ယာဉ်အား အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင်မောင်းနှင်စဉ် ယာဉ်မတော်တဆမှုများ ပေါ်ပေါက်လာပါက အရေးယူဆောင်ရွက်ရန်အခက်အခဲများ ရှိနိုင်ပါသည်။

၂။ သို့ပါ၍ ပြည်ပမှ တင်သွင်းလာသော ယာဉ်များအား မူသေအမှတ်လျှောက်ထားချိန် ဆိပ်ကမ်း၊ အရောင်းပြခန်းမှ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လုပ်ငန်းလာရောက်ဆောင်ရွက်ချိန်တွင် အဆင်ပြေစေရေးယာယီအမှတ်များကို ၂၇-၁၂-၂၀၁၁ ရက်မှစ၍ ထုတ်ပေးခဲ့ပါသည်။

၃။ သို့သော် အချို့ယာဉ်ပိုင်ရှင်များသည် ယာယီအမှတ်များဖြင့် လုပ်ငန်းဆောင်ရွက်ချိန်အပြင် အခြားသောအချိန်များတွင်လည်း အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် မောင်းနှင်နေသည်ကို တွေ့ရှိနေရပါသည်။

၄။ ယာယီအမှတ် ခွင့်ပြုရက်သည် ၂၁ ရက်ဖြစ်ပြီး ၎င်းကာလ အတွင်း လုပ်ငန်းပြီးစီးရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယာယီအမှတ်ဖြင့် သွားလာဆောင်ရွက်နေခြင်းများကို ဆောင်ရွက်၍မရပါ။ ၁၉၆၄ မော်တော်ယာဉ်ဥပဒေအရ အရေးယူခြင်းခံရပါမည်။

၅။ မူသေအမှတ်များ လျှောက်ထားသော ယာဉ်ပိုင်ရှင်များ လုပ်ငန်းအဆင်ပြေမြန်ဆန်စေရေးအတွက် ဝန်ထမ်းများဖြည့်စွက်ပေးထားပြီး ၂၄-၁၂-၂၀၁၁ ရက်မှစ၍ ရုံးပိတ်ရက် (စနေနေ့) များတွင်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသဖြင့် အမြန်ဆုံးမူသေအမှတ် ရယူဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## စာ-၃၂၊ အရှေ့ချင်းတူသော်လည်း ကျွန်ုပ်တို့က မြန်မာတွေပါ မှ

မေထုန်အကျင့်တို့၌ မှားယွင်းသောအားဖြင့် ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိခြင်းကြောင့် ရွှေပန်းထိမ်သည် တိရစ္ဆာန်ဘဝ၌ ဝေ့သင်းခံရခြင်း၊ လူ့ဘဝရသော်လည်း ယောကျ်ားမဟုတ်၊ မိန်းမမဟုတ် နပုန်းပဏ္ဍုက်ဖြစ်ရခြင်း၊ နောက်ဆုံးဘဝတွင်လည်း မိန်းမဖြစ်ခြင်းဖြင့်သာ အရဟတ္တမဂ်ဖိုလ်သို့ ဆိုက်ရောက်ရပါသည်။

"သူဌေးသားလေးယောက်တို့သည် သူတစ်ပါးသားမယားကို ကျူးလွန်ဖျက်ဆီးခြင်းကြောင့် လောဟကုမ္ဘီငရဲတွင် "ဒု-သ-န-သော" ဟု တစ်လုံးစီရွတ်ဆိုကာ နစ်လိုက်၊ ပေါ်လိုက် ခံစားရလေတော့သည်" ဟု **ဗုဒ္ဓဘာသာကောင်းတစ်ယောက်** စာအုပ်တွင် ဖော်ပြထားလေသည်။

လူမှုရေးကျင့်ဝတ်ပိုင်းဆိုင်ရာများ ဤမျှလောက်နိမ့်ကျသွားခဲ့ရခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ကိုလည်းကောင်း၊ လက်လှမ်းမီရာနယ်ပယ်အထိလည်းကောင်း၊ မိမိကိုယ်တိုင်ပင် စုံစမ်းမေးမြန်းကြည့်ခဲ့မိသည်။ ဘာကြောင့်လဲ ဆိုသော မေးခွန်းနှင့်အတူ အဖြေရှာမိပါလေသည်။

ပတ်ဝန်းကျင်မှ ပြောကြားချက်၏ ၇၀ ရာခိုင်နှုန်းမှာ ကိုရီးယားယဉ်ကျေးမှုကြောင့်ဟုဆိုကြသည်။ ဖြေသူ ပြောသူ၏ ၇၀ ရာခိုင်နှုန်းအပြင် အမှားအမှန်နှင့် တွက်ပါကလည်း ထို ၇၀ ရာခိုင်နှုန်းမှာ မှန်သည်ဟုထင်ပါသည်။ ကျန် ၃၀ ရာခိုင်နှုန်းကတော့ အခြားနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် ကိုယ်တိုင်ညံ့ဖျင်းမှု၊ စိတ်ခွန်အားနည်းမှုနှင့် ဝါသနာဆိုး၊ အကျင့်ဆိုးတို့ကြောင့် ဖြစ်ပါမည်။

ကျွန်တော်တို့သည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းလောက်မှစ၍ ကိုရီးယားဇာတ်လမ်းတွဲများအား မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့တွင် စကြည့်ခဲ့ရသည်။

ထို့နောက် MRTV-4 နှင့် Sky Net လိုင်းများကပါ ထပ်မံအားဖြည့်ပေးပြီး လမ်းဘေးသုံးခွေတစ်ထောင်ကျပ်ကားများက ရေထပ်လောင်းပေးပါသည်။ ဆင်ဆာမဲ့ ညစ်ညမ်းစီဒီ၊ ဒီဗီဒီအခွေများကို အမျိုးသမီးငယ်များပင် ရောင်းချနေလေတော့သည်။ ရုပ်သံများတွင် လွှင့်သော ဇာတ်လမ်းများတွင် စီးကရက်ဘူး၊ စီးကရက်ထုတ်ယူပုံ၊ မီးခြစ်၊ သောက်သုံးနေပုံများကိုတော့ ကွန်ပျူတာဆင်ဆာဖြင့် ဖျက်ထားသည်။ ကြာကူလီဇာတ်လမ်းကိုရော မစိစစ်သင့်ပေဘူးလားဟုမေးလိုသည်။ ထိုအရေးမှာလည်း နိုင်ငံရေးဟုထင်ပါသည်။

ထိုကိုရီးယားဇာတ်လမ်းတွဲများ၏ လွှမ်းမိုးမှုသည် ဓမ္မကထိက တရားဟောဆရာတော်ကြီးများ၏ တရားပွဲအချိန်ကိုပါ ရိုက်ခတ်လေတော့သည်။ တရားပွဲစရန်ရုပ်သံမှထုတ်လွှင့်သော ကိုရီးယားဇာတ်လမ်းတွဲပြီးအောင်စောင့်နေရသည်။ ဇာတ်လမ်း မထုတ်လွှင့်သောရက်တွင်တော့ တရားပွဲစောစောစတင်ကျင်းပနိုင်ခဲ့သည်တဲ့။

ယခင် တစ်ခေတ်ဆီက ကျောင်းသားပွဲတော်များ၊ လှေပြိုင်ပွဲများ၊ မြင်းခင်းသဘင်ပွဲများ ခြိမ့်ခြိမ့်သဲကျင်းပခဲ့၊ ကျင်းပခဲ့ဖူးသည်။ ဝေဖန်မှုအမျိုးမျိုးလည်း ပေါ်ထွက်ခဲ့ဖူးသည်။ ပြည်သူများ၏ စီးပွားရေး၊ ဆင်းရဲကျပ်တည်းမှုကို လမ်းလွှဲပြေပျောက်စေရန် Out Let ရစေရန်ဟုလည်း ဆိုကြသည်။ ငွေကုန်ရုံကလွဲလို့ ပြဿနာက ဘာမှမဖြစ်၊ ပြီးတော့လည်း ပြီးသွားသည်။ ဘာမှမကျန်ခဲ့။ ဒီကိုရီးယားဇာတ်လမ်းတွဲများ၏ စိမ့်ဝင်ကူးစက်မှုရောဂါကတော့ ယဉ်ကျေးမှုပျက်စရာ၊ စိတ်ပျက်စရာ ကျန်ရှိနေခဲ့သည်။

ကိုရီးယား ဇာတ်လမ်းတွဲများတွင် ဇာတ်ဆောင်များ၏ ရုပ်ရည်ချောမောလှပမှု၊ ၎င်းတို့၏ ဝတ်စားဆင်ယင်မှု၊ သရုပ်ဆောင်အတတ်ပညာပြောင်မြောက်မှု၊ ရိုက်ကွင်းရိုက်ကွက် ရှုခင်းလှပမှု၊ ရုပ်ရှင်စက်မှုအတတ်ပညာတို့ဖြင့် စိတ်ကူးယဉ်စရာဇာတ်လမ်းများအား ဇာတ်ကွက်ချိတ်ဆက်၍ ဆွဲခေါ်သွားပြီး စိမ့်ဝင်ထိုးဖောက်ခြင်း ခံခဲ့ကြရလေတော့သည်။

ဒီဇာတ်လမ်းတွဲများထဲက အတုယူစရာများက တစ်ဦးချင်းအလုပ်ကြိုးစားမှု၊ တီထွင်ကြံဆတတ်မှု၊ ကုမ္ပဏီများ၏ ဖွဲ့စည်းပုံနှင့် တာဝန်များအရ အဆင့်ဆင့်လေးစားမှု၊ အချိန်လေးစားမှု၊ မြို့ရွာများခေတ်မီစွာ သန့်ရှင်းသပ်ရပ်စွာ တည်ဆောက်ထားပုံနှင့် လုပ်ငန်းခွင်စည်းကမ်းရှိမှုများဖြစ်သည်။ ကြာကူလီ၊ လင်ခိုး၊ မယားခိုးဇာတ်လမ်းများကို အတုယူရန်မဟုတ်ပါ။

ယခု နောက်ပိုင်းဝင်လာသည့် ဇာတ်လမ်းတွဲများတွင်မူ ဇာတ်နာအောင်ပို၍ သဲပြ၊ ကဲပြကြသည်။ အမေ မျောက်ဇာတ်ခင်းသည်ကို သမီးကသိလျက်နှင့် အမေကို မပြောရဲ။ ကလေးငယ်များခမျာ ကြိတ်မှိတ်၍ မည်မျှစိတ်ဝေဒနာခံစားရမည်နည်း။ ကိုယ်ချင်းစာနာကြည့်ပါ။ စိတ်ချင်းစာနာကြည့်ပါ။ ဘဝချင်းစာနာကြည့်ပါ။ ဒီပြဿနာမျိုးက အစကတည်းက မစဉ်းစားခဲ့ကြဖို့၊ မစခဲ့ကြဖို့၊ မလုပ်ခဲ့ကြဖို့ဘဲ ဖြစ်၍ လုပ်ချင်ရလုပ်ပြီး "ဘွာတေး"ခတ်၍ လုပ်ကောင်းသော ကိစ္စမျိုးမဟုတ်။

ယခုခေတ်လူမှုအသိုင်းအဝိုင်းတွင် ဖြစ်နေကြသည့် သူ့မိန်းမငါယူ၊ ငါ့မိန်းမသူယူ၊ သူ့ယောကျ်ားငါယူ၊ငါ့ယောကျ်ားသူယူ၊ လင်ကြီးရှိမှန်းသိလျက်လိုက်ကြိုက်၊ မယားကြီးရှိမှန်းသိလျက်နှင့် ခိုးပြေး၊ အရာကြီးကိုလည်းပေါင်း၊ ပေါက်ဖော်ကြီးကိုလည်း ဘဝကြင်ဖော်လုပ်၊ ဘယ်နှယောက်မြောက်ဖြစ်ဖြစ် အရေးမကြီးဘူးဟု ဆိုကြလျှင်ဖြင့် ကျွန်တော်တို့၏ လူမှုယဉ်ကျေးမှု (Social Culture )တစ်ခုလုံး ပျက်စီးသွားပါလိမ့်မည်။ "လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယမိနှင့်ဘ"ဆိုဆုံးမစကားနှင့် မညီတော့ဘဲ မွေးလာတဲ့သမီးက သူများလင်ခိုးပြီး "လင်ခိုးမ"အခေါ်ခံရပါလိမ့်မည်။ သားကလည်း "ကြာလူလီ ဆရာဘလက် သစ္စာဖောက်" ဆိုပြီး ကြာကူလီဘွဲ့ခံယူပါလိမ့်မည်။ သည်ယဉ်ကျေးမှုအမွေဆိုးသည် "သားစဉ်မြေးမြစ်ပြောထုံးဖြစ်အောင်" ပါသွားပါလိမ့်မည်။

ရှေးခေတ်မြန်မာဘုရင်များလက်ထက်တွင်လည်း ဘုရင်များ၏ မယားအများအပြားယူခြင်း၊ သူ့ယောကျ်ားကို သတ်၍မယားအားမတရား သိမ်းပိုက်ခြင်း၊ ဆွေမျိုးသားချင်း အချင်းချင်းလက်ဆက်အိမ်ထောင်ချပေးခြင်းစသော လူ့စည်းကမ်းမစောင့်စည်းမှုများသည် မြန်မာများအားတွေးခေါ်မှု စွမ်းရည် ညံ့ဖျင်းသွားစေပြီး နောက်ဆုံး လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း အကြောင်းအရင်းတစ်ခုပါဝင်နေပေသည်။

အင်္ဂလန်နိုင်ငံတွင် အက်ဒွပ်ဘုရင်သည် မုဆိုးမဖြစ်သူ မစ္စဆင်ပဆင်ကိုကြိုက်မိသဖြင့် ဇွတ်တရွတ်လက်ထပ်ခဲ့မှုကြောင့် သူ့ဖခင်က "ဘယ်လိုအိမ်ထောင်ပျက်မျိုးမှ နန်းရိုက်နန်းရာကို မရနိုင်ဘူး" ဟု ဆိုခဲ့လေသည်။ "ဘုရင်ဆိုတာ အင်္ဂလန်ရုံးတော်ရဲ့ အဆောင်အယောင်ပဲ သူကိုယ်တိုင်က အိမ်ထောင်ပျက်မိန်းမကို လက်ထပ်လို့ မရဘူး"ဟု အင်္ဂလန်တရားရုံးတော်ကလည်း ဆိုခဲ့လေတော့ အက်ဒွပ်ဘုရင်သည်ဘုရင်ကေရာဇ်အဖြစ်မှ ကိုယ်တိုင်နုတ်ထွက်ခဲ့ရကြောင်း တိုင်းပြည်သို့ကြေညာခဲ့ရလေသည်။

ကျွန်တော်တို့က အိမ်ထောင်ရေး၊ လူမှုရေးဖောက်ပြန်သည်ဟုဆိုသော အနောက်နိုင်ငံများသည်ပင်လျှင် ထိုအိမ်ထောင်ရေးကိစ္စများကိုစောင့်စည်းကြရလေသည်။

မြန်မာလူမျိုး၏ ယဉ်ကျေးမှုကို ထိန်းသိမ်းရန် သတိပေးလိုပါသည်။ သွေးနှောခြင်းကိုလည်း ဂရုပြုစေလိုပါသည်။ ယဉ်ကျေးမှုအရောခံရပါက ဘာသာ သာသနာပျက်စီးလာနိုင်ပါသည်။ သွေးရောနှောခံရပါကလည်း လူမျိုးပျက်စီးနိုင်ပါသည်။ မုတ်ဆိတ်မွေးများ၊ နုတ်ခမ်းမွေးများ၊ မျက်လုံးမှေးမှေးလေးများ၊ နှာခေါင်းချွန်ချွန်ကလေးများ မွေးလာပါလိမ့်မည်။

ယခုဖြစ်နေသော လူမှုရေးဖောက်ပြန်မှုအား ဗုဒ္ဓအဆုံးအမ၊ စာပေအဆုံးအမ၊ အခြားပညာပေးအဆုံးအမများ၊ လူကြီးမိဘများ၏ အဆုံးအမများဖြင့် အချိန်မီပြင်ဆင်ပါက ရှောင်ကြပါက မီနိုင်လိမ့်မည်ထင်ပါသည်။

ကျွန်ုပ်တို့သည်

အရှေ့တွင်နေသော်လည်း အရှေ့ချင်းတူပါသော်လည်း အခြားအရှေ့များနှင့် ယဉ်ကျေးမှုမတူပါ။ ကျွန်တော်၊ ကျွန်မတို့ကမြန်မာတွေဆိုတာကိုတော့အမြဲသတိထားစေချင်ပါသည်။ ။

**ဝန်ထမ်းအလိုရှိသည်**

ဂျာနယ်နှင့်ကုန်ပစ္စည်းများကို စူပါမားကက် ဆိုင်များနှင့် ကိုယ်စားလှယ်ဆိုင်ကြီးများသို့ ဖြန့်ချိရန်အတွက် Inforithm-Maze မှ စိုးသားကြိုးစား၍ အရည်အချင်းရှိသော အောက်ဖော်ပြပါ ဝန်ထမ်းများ အမြန်အလိုရှိသည်။

**ဖြန့်ချိရေး ဝန်ထမ်း ကျား (၂) ဦး**

- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်
- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရ (သို့) အခြေခံပညာအထက်တန်း အောင်မြင်ရမည်
- အကျင့်စာရိတ္တနှင့် ကျန်းမာရေး အထူးကောင်းမွန်ရမည်
- မိမိအလုပ်ကို အချိန်မီပြီးစီးအောင် တာဝန်ယူလုပ်ကိုင်နိုင်ရမည်

➤ အထက်ပါအချက်များနှင့် ပြည့်စုံသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း ၊ မှတ်ပုံတင်မိတ္တူ ၊ ဓါတ်ပုံ(၂)ပုံ ၊ ဘွဲ့လက်မှတ် မိတ္တူ ၊ ရဲစခန်းထောက်ခံစာ ၊ သန်းခေါင်စာရင်းမိတ္တူတို့နှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄) ရက်အတွင်း အောက်ပါ လိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

(၁၀)ထပ်၊ လပြည့်ဝန်းပလာဇာ၊ အမှတ် (၃၇)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**ဝန်ထမ်းအလိုရှိသည်**

ရွှေဆိုင်တွင် အလုပ်လုပ်ရန် -

၁။ HR Manager - ကျား(၁)ဦး
၂။ အရောင်းစာရေး - ကျား/မ(၄)ဦး
၃။ ကွန်ပျူတာစာရင်းကိုင် - ကျား/မ(၂)ဦး

အမှတ်စဉ်(၁)အတွက် အသက်(၃၅)နှစ်အထက်ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံးငါးနှစ်ရှိရမည်။

အမှတ်စဉ်(၂/၃)အတွက် အသက်(၂၀)မှ(၄၀)နှစ်အတွင်း၊ ပညာအရည်အချင်း ဘွဲ့ရဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အလုပ်လျှောက်မည်ဆိုပါက CV Form၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ တပါတည်း ယူဆောင်လာရန်။

ဖုန်း-၀၉-၄၃၉၀၁၃၆၆၊ ၀၉-၅၁၆၉၉၉၅၊ ၀၉-၅၀၉၃၃၄၁။

# Environment

7 DAY NEWS JOURNAL

Vol.10, No.44 · JANUARY 19, 2012




ကင်မရာထောင်ချောက်ဖြင့်ရိုက်ကူးနိုင်ခဲ့သော မြန်မာ့မျောက်နှာလန်ပုံ။

ဓာတ်ပုံ-BANCA

## ဇီဝမျိုးစုံထိန်းသိမ်းရေးအတွက်
# မှတ်တိုင်ထူနိုင်ခဲ့သည့် မြန်မာ့မျောက်နှာလန်

အေးမြကျော်

ည အမှောင်တွင် ရိုက်ကူးထားသဖြင့် ပုံမှာအဖြူအမည်းဖြစ်နေသည်။ ၄ နှစ်အရွယ် ကလေးငယ်တစ်ဦးငုတ်တုတ်ထိုင်နေသည့်အလား နှာခေါင်းလန်လန်နှင့်ရုပ်ဆိုးဆိုး မျောက်တစ်ကောင်ထိုင်နေသည်ကိုထိုဓာတ်ပုံတွင် အထင်အရှားမြင်တွေ့ရသည်။ ရှက်တတ်သည့် သဘာဝရှိပြီး ရှာဖွေတွေ့ရှိရန် အလွန်ခက်ခဲသဖြင့် လူကိုယ်တိုင်မြင်တွေ့ရန် အကြိမ်ကြိမ်ကြိုးပမ်းသော်လည်း ကင်မရာထောင်ချောက်ဖြင့် ကြိုးပမ်းကြည့်မှသာထိုပုံကိုရရှိခဲ့ခြင်းဖြစ်သည်။ မျောက်နှာလန်ရှိသည်ဟုသိရှိရပြီး တစ်နှစ်အကြာ ၂၀၁၀ ခုနှစ်အတွင်းတွင်မှ ထိုပုံကိုရရှိခဲ့ခြင်းဖြစ်သည်။

ထိုပုံမှာ မြန်မာနိုင်ငံ ကချင်ပြည်နယ်အီမောဘွမ်းဒေသတောတွင်းတစ်နေရာတွင် ရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာတွင်ပါ မျောက်မျိုးစိတ်သစ်တစ်မျိုးတွေ့ရှိကြောင်း အတည်ပြုနိုင်ခဲ့သည့် သက်သေတစ်ခုလည်း ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းအတွက် နှစ်ပေါင်းများစွာအတွင်းရှားရှားပါးပါးတွေ့ရှိခဲ့သည့် မျောက်မျိုးစိတ်သစ်တစ်မျိုးအဖြစ် နိုင်ငံတကာ ဇီဝမျိုးစုံမျိုးကွဲ ပညာရှင်များက သတ်မှတ်ခဲ့ကြသည်။ ထိုမျောက်ကို မြန်မာ့မျောက်နှာလန် (Burmese Snub-nosed Monkey)ဟု အမည်နာမ ခေါ်တွင်ခဲ့သည်။ ၂၀၀၉ ခုနှစ်က မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်အတွင်း တည်ဆောက်သွားမည့် ရေကာတာများအတွက် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအဖွဲ့ BANCA သည် ကချင်ပြည်နယ် မေခ၊ မလိခမြစ် အနီးတစ်ဝိုက်တွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုရှိမရှိ စစ်တမ်း (EIA) ပြုလုပ်စဉ် မျောက်နှာလန်ရှိကြောင်း သတင်း အစအနများကို ဒေသခံများထံမှ ရခဲ့ခြင်းဖြစ်ကြောင်း BANCA အဖွဲ့ဥက္ကဋ္ဌဖြစ်သူဒေါက်တာထင်လှက ပြောကြားခဲ့သည်။

နှာခေါင်းမှာ အထက်သို့လန်နေသဖြင့် မိုးရွာလျှင် နှာခေါင်းတွင်းရေဝင်ကာအသံအကျယ်ကြီး နှာချေသည့်အလေ့ရှိသောမြန်မာမျောက်နှာလန်ကို BANCA နှင့် အတူနိုင်ငံတကာအဖွဲ့အစည်းနှစ်ခုတို့က အတူတကွရှာဖွေတွေ့ရှိခဲ့ကြပြီးမြန်မာ့မျောက်နှာလန်များ အကောင်ရေ၂၀၀ကျော်သာကျန်ရှိတော့မည်ဟု ခန့်မှန်းထားကြသည်။

'မျိုးစိတ်သစ် တွေ့တွေ့ချင်း ကောင်ရေ ၂၀၀ လောက်ပဲကျန်တော့မယ်လို့ ခန့်မှန်းထားတယ်။ တွေ့တာတောင် မကြာသေးဘူး။ ဒါတွေမျိုးသုဉ်းသွားမှာမလိုလားဘူး" ဟု ဒေါက်တာထင်လှက မြန်မာ့မျောက်နှာလန်နှင့် ပတ်သက်ကာပထမဆုံးအသိပေးပြောကြားသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် မျောက်နှာလန်မျိုးစိတ် ၄ မျိုးကို တရုတ်နိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့တွင်သာတွေ့ရှိခဲ့ရပြီး မြန်မာနိုင်ငံတွင် မျောက်နှာလန်မျိုးစိတ်သစ် တစ်မျိုးကို တွေ့ရှိအတည်ပြုနိုင်ခဲ့ပြီဖြစ်၍ မျောက်နှာလန်မျိုးစိတ်ပေါင်း၅မျိုး ရှိလာပြီဖြစ်သည်။ ထိုအထဲတွင် တရုတ်၊ ယူနန်ပြည်နယ်နှင့် တရုတ်နိုင်ငံ အနောက်ပိုင်းတွင် တွေ့ရသော မျောက်နှာလန်မျိုးစိတ်များမှာ သဘာဝတောအတွင်း အကောင်ရေများစွာကျန်ရှိနေသေးပြီးမြန်မာ့မျောက်နှာလန်နှင့် အခြားမျောက်နှာလန်မျိုးစိတ်နှစ်မျိုး၏ အကောင်ရေမှာ စိုးရိမ်ဖွယ်ရာ လျော့နည်းနေပြီဖြစ်ပါသည်။

မျောက်နှာလန်များကို မြစ်ဆုံစီမံကိန်း အနီးရှိ ပေ ၆၀၀၀ အမြင့်ရှိတောင်များတွင် နေထိုင်ကျက်စားသည့်မှတ်တမ်းများတွေ့ရှိခဲ့ရကြောင်း မျောက်နှာလန်ရှာဖွေရေးအဖွဲ့တွင်ပါဝင်ခဲ့သူတစ်ဦးကပြောသည်။

မြန်မာ့မျောက်နှာလန်သည် သစ်ရွက်စားမျောက်အမျိုးအစားဖြစ်ပြီး ထူးခြားသည့် အသွင်အပြင်မှာ အမြီးသည်ခန္ဓာကိုယ်ထက်ပိုမိုရှည်လျားခြင်းဖြစ်သည်။ နှာခေါင်းမှာ အထက်သို့လန်တက်နေသဖြင့် မိုးရွာချိန်တွင် နှာခေါင်းတွင်းရေဝင်ကာ နှာချေလေ့ရှိပြီး ယင်း၏ နှာချေသံမှာ ကျယ်လွန်းသဖြင့် အနီးပတ်ဝန်းကျင်မှပင် ကြားရနိုင်ကြောင်း မျောက်နှာလန်ရှာဖွေရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သော Fauna & Flora International မှ Mr.Frank Momberg က ပြောသည်။

မြန်မာ့မျောက်နှာလန်များ နေထိုင်ကျက်စားရာ ကချင်ပြည်နယ်ရှိ တောတောင်များသည် တရုတ်နိုင်ငံနယ်စပ်နှင့် နီးကပ်နေသည်မှာ ယင်းတို့အတွက် အဓိက ခြိမ်းခြောက်မှုတစ်ခု ဖြစ်နေသည်။ တောရိုင်းတိရစ္ဆာန်နှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများ တရားမဝင်ရောင်းဝယ်ရာ တရုတ်နယ်စပ်နှင့် နီးကပ်နေခြင်းက မျောက်နှာလန်များ အကောင်ရေလျော့နည်းရခြင်း၏ အကြောင်းအချက်တစ်ရပ်ဖြစ်သည်။ဆေးဝါးဖော်စပ်ရန်နှင့်လူ့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ရန်အတွက် ဈေးကောင်းပေးဝယ်ယူမှုများကြောင့် ကချင်ပြည်နယ်ရှိ တောရိုင်းတိရစ္ဆာန်အရေအတွက်မှာ တဖြည်းဖြည်း လျော့နည်းလာလျက်ရှိပြီး ထိုအထဲတွင် မြန်မာ့နှာလန်မျောက်လည်း အပါအဝင်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်မည့်ရေကာတာစီမံကိန်းများကြောင့် နှစ်နိုင်ငံသွားလာရေးမှာ ယခင်ကထက်ပိုမိုလွယ်ကူသွားခြင်းကလည်းတောရိုင်းတိရစ္ဆာန်တရားမဝင်ရောင်းဝယ်ခြင်းကိုမိုမိုအားပေးရာရောက်လာကြောင်း ဇီဝမျိုးစုံမျိုးစုံမျိုးကွဲထိန်းသိမ်းရေးပညာရှင်တစ်ဦးက ပြောသည်။

မြန်မာ့မျောက်နှာလန်များ နေထိုင်ကျက်စားရာ အီမောဘွမ်းဒေသတွင် ရဝမ်၊ လီဆူးလူမျိုးများ အများဆုံးနေထိုင်ကြပြီး ဒေသခံတောလိုက်မုဆိုးများမှာ အမဲလိုက်ကျွမ်းကျင်သူများဖြစ်ကြသည်။ အလွန်အကျွံအမဲလိုက်ခြင်းများက မြန်မာ မျောက်နှာလန်များ ရေရှည်ရှင်သန်ရေးအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်။ မဆင်မခြင်သစ်တောခုတ်ခြင်းများက မျောက်နှာလန်များ၏ နေထိုင်ကျက်စားရာနေရာများ ပျောက်ဆုံးပြီး အလေ့အထများပျက်စီးစေသည်ဟု မျောက်နှာလန်ရှာဖွေရေးအဖွဲ့ခေါင်းဆောင်ဦးငွေလွင်က ပြောကြားသည်။

မြန်မာ့မျောက်နှာလန်များ ထိန်းသိမ်းရေးနှင့် ပတ်သက်၍ "အချိန်မီထိန်းသိမ်းမှု မလုပ်ရင် မျိုးသုဉ်းဖို့ ရာနှုန်းများနေပြီ" ဟု BANCA မှ ဥက္ကဋ္ဌ ဒေါက်တာထင်လှက မှတ်ချက်ပြုပြောကြားသည်။ မြန်မာ့မျောက်နှာလန်များ နေထိုင်ကျက်စားရာ ဒေသမှာ ကချင်အထူးဒေသ ၁ အတွင်းတွင်တည်ရှိသည်။ တရုတ်နယ်စပ်နှင့်လည်း နီးစပ်စွာ တည်ရှိသဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသာမက ဇီဝမျိုးကွဲထိန်းသိမ်းရေးအဖွဲ့များသာမက ဒေသခံများ၊ ထိုဒေသအတွင်း ဝင်ရောက်ကာ စီမံကိန်းများ လုပ်ကိုင်နေသော CPI ကုမ္ပဏီနှင့် တရုတ်အစိုးရတို့ပါစီမံကိန်းများကြောင့်ပတ်ဝန်းကျင်မပျက်စီးရန် ဝိုင်းကူညီကာထိုမျောက်၏ ကျက်စားရာဒေသများ မပျက်စီးအောင်လုပ်ဆောင်သင့်ကြောင်းဒေါက်တာထင်လှက ပြောသည်။

မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးတွင် သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူးနိုင်ခဲ့သော မြန်မာ့မျောက်နှာလန်များ ရေရှည်တည်တံ့ရေးနှင့် အကောင်ရေပြန်လည်တိုးပွားရေးတို့အတွက် စီမံချက်တစ်ခုကိုလာမည့်ဖေဖော်ဝါရီလမှစကာရေးဆွဲထိန်းသိမ်းနိုင်ရန်လည်းဆောင်ရွက်လျက်ရှိကြောင်း ဒေါက်တာတင်လှက ပြောသည်။

# အင်းလေးကန် ထိန်းသိမ်းရေးဆောင်ရွက်လိုသော အဖွဲ့အစည်းအားလုံးကို Proposal ခေါ်ယူမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၆**


အင်းလေးကန်ထိန်းသိမ်းရေးအတွက် UNDP နှင့် ပူးပေါင်း ဆောင်ရွက်ရန် မည်သည့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူမှုအဖွဲ့အစည်းမဆို ဇန်နဝါရီလအတွင်း အဆိုပြုလွှာခေါ်ယူမည်ဖြစ်ကြောင်း UNDP စီမံကိန်းတာဝန်ခံ ဦးမင်းထွန်းယဉ်ကပြောသည်။


"ဘယ်အဖွဲ့အစည်းမဆို လာလျှောက်လို့ရပါတယ်။ ဇန်နဝါရီ ၁၅ ဒါမှမဟုတ် ၂၀ ရက်ကြားမှာ လျှောက်လွှာခေါ်မှာပါ။ လျှောက်ရမယ်သူက အင်းလေးကန်ထိန်းသိမ်းရေးအတွက်အကြံပြု ရေးဆွဲပေးရမှာပါ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်း စီမံကိန်းအတွက် UNDP သည် ကန်ဒေါ်လာနှစ်သန်းရရှိထားသည်။ စီမံကိန်းကာလတွင် အင်းလေးကန်ထိန်းသိမ်းရေးအတွက် ရေဝေးရေလဲ လေးခုအနက် ကလောချောင်းရေဝေရေလဲ ဒေသထိန်းသိမ်းရေးကို ၂ နှစ်ဆောင်ရွက်မည်ဖြစ်သည်။

UNDP မှ ဦးစီး၍ မည်သို့လုပ်ဆောင်သွားမည်ကို ရှမ်းပြည်နယ်တောင်ပိုင်း၌ ၂၀၁၁ အတွင်း အသိပေးရှင်းလင်းမှုများ ပြုလုပ်ခဲ့သည်။

ထိန်းသိမ်းမည်ဖြစ်သော ကလောချောင်း၏ ရေဝေရေလဲဒေသသည် ဧရိယာစတုရန်း ၂၅၆ မိုင်ကျယ်ဝန်းသည်။ စီမံကိန်းကာလ ၂ နှစ်အတွင်း ကလောချောင်း၏ ရေဝေရေလဲဒေသများမှ အလိုအပ်ဆုံးသော နေရာများရွေးချယ်ပြီး သဘာဝပတ်ဝန်းကျင်မထိခိုက်သော တောင်ယာစိုက်ပျိုးနည်းများ၊ သစ်တောပြုန်းတီးမှုလျော့နည်းသက်သာစေရန် ဝင်ငွေရလုပ်ငန်းများ တည်ထောင်ပေးခြင်းတို့ကိုဆောင်ရွက်သွားမည်ဖြစ်သည်။









Tourism
7 DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012

# ကမ္ဘာ့ကျော်သတင်းစာများ၏ ၂၀၁၂ အတွက် အကောင်းဆုံး ခရီးသွားစရာနေရာများတွင် မြန်မာကိုထည့်သွင်းရွေးချယ်

အေးမြကျော်

ရန်ကုန်၊ ဇန်နဝါရီ-၁၃

ကမ္ဘာ့ ဩဇာအကြီးဆုံး သတင်းစာများဖြစ်သော နယူးယောက်တိုင်းမ်နှင့် ယူအက်စ်အေတူဒေး သတင်းစာများ၏ ခရီးသွားကဏ္ဍတွင် ၂၀၁၂ ခုနှစ်အတွက် ခရီးသွားလည်ပတ်ရန် အကောင်းဆုံး နေရာများတွင် မြန်မာနိုင်ငံကို ထည့်သွင်းရွေးချယ်ထားကြသည်။

မြန်မာနိုင်ငံတွင်း ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော နိုင်ငံရေး အပြောင်းအလဲများ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် လာရောက်ခဲ့သည့်နောက်ပိုင်း နိုင်ငံတကာအသိုင်းအဝန်းမှ မြန်မာနိုင်ငံကိုပြန်လည်အာရုံစိုက်လာခြင်းများကမြန်မာနိုင်ငံကို ခရီးသွားလာမှု အကောင်းဆုံးစာရင်းတွင် ထည့်သွင်းလာသည့် အချက်ဖြစ်ကြောင်း ဖော်ပြထားကြသည်။ အဓိကအားဖြင့် မြန်မာနိုင်ငံကို နွေးထွေးပျူငှာသော လူမျိုးများရှိရာ နေရာ၊ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သော၊စေတီပုထိုးများဖြင့် ရွှေရောင်လွှမ်းနေသော မြေ၊လှပသော ပင်လယ်ကမ်းခြေများရှိရာ နေရာတို့အဖြစ် အသီးသီးပုံဖော်ရည်ညွှန်းထားကြသည်။



*ကမ္ဘာလှည့်ခရီးသွားများအကြား ရေပန်းစားသော ငပလီကမ်းခြေ*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

၂၀၁၀ နိုဝင်ဘာလ ၁၃ ရက်တွင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာပြီးနောက်ပိုင်း နိုင်ငံတကာမှစိတ်ဝင်တစားစောင့်ကြည့်ခံခဲ့ရပြီး ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ပြောင်းလဲခဲ့သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ လာရောက်နှုန်းသိသာစွာတိုးတက်လာခဲ့ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများထံမှ သိရသည်။

မကြာမီကလည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် ဩဇာအရှိဆုံး အဖွဲ့အစည်းဖြစ်သည့် Lonely Planet နှင့်စီအင်န်အင်န် သတင်းဌာနတို့ကလည်း ယင်းတို့ရွေးချယ်သော ၂၀၁၂ အတွက်ခရီးသွားလာစရာ အကောင်းဆုံးစာရင်းတွင် အသီးသီးထည့်သွင်းခဲ့ကြသည်။

# ရန်ကုန်လေဆိပ်တိုးချဲ့ရေး ဂျပန်ကပေးရန် ကျန်သောချေးငွေကိစ္စ ပြန်ဆွေးနွေး

ပြည့်သိမ်း

ရန်ကုန်၊ ဇန်နဝါရီ-၁၂

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ရေးအတွက်ဂျပန်နိုင်ငံကပေးရန်ကျန်သည့်ချေးငွေလက်ကျန် အမေရိကန်ဒေါ်လာသန်း ၂၀၀ ကို ဆက်လက်ကူညီပေးရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သတင်းရရှိသည်။

အဆိုပါချေးငွေသည် ၁၉၈၇ ခုနှစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ရန်အတွက်ဂျပန်နိုင်ငံက စတင်အကူအညီပေးခဲ့ပြီး လုပ်ငန်းများမပြီးပြတ်မီ ရပ်ဆိုင်းခဲ့ရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်းခရီးသည်အဆောက်အအုံ အဆင့်မြှင့်တင်ရေးအတွက်ဆက်လက်အကူအညီပေးရန် ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်နှင့်အဖွဲ့က ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဇန်နဝါရီလ ၁၁ ရက်၌ နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးတွင် ဆွေးနွေးခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

"မဆလအစိုးရလက်ထက်ကတည်းကပေးခဲ့တာဂျပန်ကုမ္ပဏီတစ်ခုကလည်း ဒီမှာလာပြီး တည်ဆောက်ရေးတွေလုပ်ပေးတယ်" ဟု မြို့ပြဖွံ့ဖြိုးရေးပညာရှင်တစ်ဦးက ဆိုသည်။

အဆိုပါဂျပန်ကုမ္ပဏီသည် ၁၉၈၈ နှစ်လယ်ပိုင်းလောက်တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားပြီး စီမံကိန်းကိုရပ်ဆိုင်းထားခဲ့သည်။ ထို့အပြင် ဆွေးနွေးပွဲတွင် လေပြေင်းကျရောက်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းတို့ကိုထောက်လှမ်းနိုင်ရန်နှင့် ကြိုတင်သတိပေးချက်များ ထုတ်ပြန်နိုင်ရန် မြန်မာ့ကမ်းရိုးတန်းတွင်မုန်တိုင်းပြရေဒါခြောက်လုံးကွန်ရက်စနစ်တပ်ဆင်လျှဒါန်းရေးကိစ္စကိုလည်း ဆွေးနွေးခဲ့သည်။ ထို့အပြင် ရေလမ်းကြောင်းထိန်းသိမ်းရေးလုပ်ငန်းများအားလက်တွေ့တိုင်းတာစစ်ဆေးရန် ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်ကိုယ်စားလှယ်အဖွဲ့ စေလွှတ်မည့်ကိစ္စတို့ကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

# ရွှေတိဂုံသို့ ၂၀၁၁ ခုနှစ်အတွင်း နိုင်ငံခြားခရီးသည်လာရောက်မှု ငါးသောင်းကျော်တိုး

မေဝင်းမွန်

ရန်ကုန်၊ ဇန်နဝါရီ-၁၂

ရွှေတိဂုံစေတီတော်သို့ နိုင်ငံခြားသားဧည့်ဝင်နှုန်းမှာ နှစ်စဉ်တိုးလာသည့် အနေအထားရှိပြီး ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၁၁ ခုနှစ်တွင် နိုင်ငံခြားသား ဧည့်သည်လာရောက်မှု ငါးသောင်းကျော်တိုးလာကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ စာရင်းများအရ သိရသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်းက ထိုင်းနိုင်ငံသားဘုရားဖူးအများဆုံးလာရောက်ခဲ့ပြီး ယင်းနောက်တွင် တရုတ်၊ဂျာမန်၊ မလေးရှား၊ ကိုရီးယား၊ ဗြိတိန်၊ အမေရိကန်၊ပြင်သစ်၊ဂျပန်၊စပိန်ဧည့်သည်များ အဝင်များခဲ့သည်ဟုဆိုသည်။ ရွှေတိဂုံစေတီတော်သို့ ၂၀၁၁ တစ်နှစ်လုံးတွင်နိုင်ငံပေါင်း ၄၆ နိုင်ငံမှခရီးသွားဧည့်သည် ၂၂၅,၃၈၁ ဦး လာရောက်ခဲ့ကာ နိုင်ငံခြားငွေ ၁,၁၂၆,၉၀၅(အမေရိကန်ဒေါ်လာ၊ အက်ဖ်အီးစီနှစ်ရပ်ပေါင်း) ရရှိခဲ့ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သတင်းထုတ်ပြန်ချက်အရ သိရသည်။ ၂၀၁၁ ခုနှစ်အတွင်းက ထိုင်းဘုန်းတော်ကြီးများနှင့် ဘုရားဖူးများအဖွဲ့ လိုက်ဝတ်ပြုဆုတောင်းခြင်း၊ စေတီတော်ကိုလှည့်လည်ပူဇော်ခြင်းများကိုလည်း အတွေ့ရများပြားခဲ့သည်။





7DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012

# Cartoon


The Cartoon Logo



















7 DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012

# ၂၀၀၅ တွင် စတင်ခဲ့သော မငြိမ်သက်မှုများ၌ ထိခိုက်ခဲ့သူများကို လျော်ကြေးပေးရန် ထိုင်းအစိုးရ သဘောတူ

**ဘန်ကောက်၊ ဇန်နဝါရီ - ၁၀**
ထိုင်းအစိုးရသည် ၂၀၀၅ ခုနှစ်မှစ၍ နိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သော ဆန္ဒပြမှုများနှင့် မငြိမ်သက်မှုများတွင် ထိခိုက်ခံခဲ့ရသူအားလုံးအတွက် လျော်ကြေးဒေါ်လာ ၆၃ သန်း ထောက်ပံ့ပေးအပ်သွားရန် သဘောတူညီခဲ့ကြောင်း အစိုးရပြောခွင့်ရပုဂ္ဂိုလ် အမျိုးသမီးက ပြောသည်။


အဆိုပါလျော်ကြေးရန်ပုံငွေကို ရှပ်ဝါများ၊ ရှပ်နီများနှင့် အခြားအဖွဲ့ငယ်များစွာ ပါဝင်ခဲ့သော ၂၀၀၅တွင်စတင်သည့်မငြိမ်သက်မှုများ၌ ထိခိုက်ဒဏ်ရာရ၊ သေဆုံးခဲ့သူအားလုံးအတွက်ပေးအပ်သွားမည်ဖြစ်သည်။

အစိုးရ၏ ပြောခွင့်ရပုဂ္ဂိုလ် အမျိုးသမီး တီတီမာချိုင်ဆန်းက "ဝန်ကြီးအဖွဲ့ဟာနိုင်ငံရေးအကြမ်းဖက်မှုဒဏ်ခံခဲ့ရတဲ့ အပြစ်မဲ့ပြည်သူတွေအတွက် ရန်ပုံငွေ ဘတ်နှစ်ဘီလီယံပေးဖို့ အတည်ပြုခဲ့ပါတယ်။ ဒါဟာ အပြစ်မဲ့သူတွေအတွက် သင့်လျော်မျှတပြီး ဥပဒေအရ သာတူညီမျှရှိတဲ့အကူအညီတွေရနိုင်စေဖို့ဖြစ်ပါတယ်" ဟု ပြောသည်။

လျော်ကြေးရန်ပုံငွေအရ အသက်သေဆုံးခဲ့သူများ၏ မိသားစုဝင်များသည်အသုဘစရိတ် ဘတ် ၂၅၀,၀၀၀ (ဒေါ်လာ ၈,၀၀၀)နှင့် လျော်ကြေး ဘတ် ၄ ဒသမ ၅ သန်း(ဒေါ်လာ ၁၄၂,၀၀၀)ရရှိမည်ဖြစ်သည်။ ဒဏ်ရာရရှိခဲ့သူများတွင် နံရိုးကျိုးသူများ၊ လုံးဝမသန်စွမ်းဖြစ်သွားသူများမှ အသေးစားဒဏ်ရာရသူများအထိ လျော်ကြေးမှာ အမြင့်ဆုံး ဘတ် ၄ ဒသမ ၅ သန်းမှ ဘတ် ၆၇၅,၀၀၀ (ဒေါ်လာ ၂၁,၀၀၀)အထိ အမျိုးမျိုးရှိသည်။

၂၀၁၀ ဧပြီနှင့် မေလတို့တွင် ဖြစ်ပေါ်ခဲ့သော ရှပ်နီတို့၏ ချီတက်ပွဲများ၌ ရဲတပ်ဖွဲ့၏ ဖြိုခွင်းမှုများကြောင့် လူ ၉၀ ကျော် သေဆုံးကာ ၁,၉၀၀ ခန့် ဒဏ်ရာရခဲ့သည်ဟု သိရသည်။ —*Ref: AFP*






# အင်ဒိုနီးရှား အနောက်ပိုင်းကမ်းိုးတန်းတွင် အားပြင်းသောငလျင် လှုပ်ခတ်ခဲ့

**ဘန်ဒါအဆက်(အင်ဒိုနီးရှား)၊ ဇန်နဝါရီ - ၁၁**
ပြင်းအား ၇ ဒသမ ၃ မဂ္ဂနီကျူဒ်အဆင့်ရှိ အားပြင်းသောငလျင်တစ်ရပ်သည် အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်းကမ်းရိုးတန်းကို လှုပ်ခတ်ခဲ့သော်လည်း ယခုအချိန်ထိ အသေအပျောက်နှင့် ပျက်စီးမှုများမရှိသေးကြောင်းသိရသည်။

ဆင်ဟွာသတင်းအရငလျင်လှုပ်ချိန်တွင် ကြောက်လန့်နေသော ဒေသခံများသည် နေအိမ်များမှ ထွက်ခွာခြင်း၊ ဘေးလွတ်ရာ တောင်ကုန်းမြင့်များပေါ်သို့ ကားများ၊ မော်တော်ဆိုင်ကယ်များဖြင့် ရှောင်ပြေးခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အမေရိကန် ဘူမိတိုင်းတာရေးဌာန၏ အဆိုအရ ငလျင်မှာ ပြင်းအား ၇ ဒသမ ၃ အဆင့်ရှိကာ အာဆက်ပြည်နယ်အပြင်ဘက် ကမ်းရိုးတန်းအလွန် မိုင် ၂၆၀ အကွာတွင် လှုပ်ခဲ့ကြောင်း ငလျင်ဗဟိုချက်မှာ ပင်လယ်ကြမ်းပြင်အောက် ၁၈ မိုင် (ကီလိုမီတာ ၃၀)တွင်ဖြစ်ခဲ့ကြောင်းဆိုသည်။

အာဆက်ပြည်နယ်တွင် ငလျင်လှုပ်ပြီးနောက် ဆူနာမီသတိပေးချက်များ နှစ်နာရီနီးပါးကြာအောင် ထုတ်ပြန်ခဲ့ရပြီး အခြေအနေကောင်းမွန်၍ ပြန်လည်ရုပ်သိမ်းခဲ့သည်။

—*Ref: Xinhua*

# သမ္မတအလုပ်ကို ကမ္ဘာ့အကောင်းဆုံးအလုပ်ဟု စင်ကာပူကလေးများသတ်မှတ်

**စင်ကာပူ၊ ဇန်နဝါရီ - ၁၀**
စင်ကာပူကလေးငယ်များ၏ ဘဝတွင် အလုပ်အကိုင်ရွေးချယ်မှုကို သိရှိရန် ကောက်ယူခဲ့သောစစ်တမ်းတစ်ရပ်အရ ကလေး ၁၀ ရာခိုင်နှုန်းနီးပါးက သမ္မတအလုပ်ကို ကမ္ဘာပေါ်တွင် အကောင်းဆုံးအလုပ်အကိုင်ဟု သတ်မှတ်ကြောင်း ဖြေကြားခဲ့သည်။ သမ္မတအလုပ်ပြီးနောက် ကလေးများအကြိုက်ဆုံးမှာ လေယာဉ်မှူး၊ ရဲအရာရှိ၊ အဆိုတော်အလုပ်များဖြစ်ကြောင်း ဆိုသည်။

ထို့ပြင် စစ်တမ်း၌ အကယ်၍ ဝန်ကြီးချုပ်ဖြစ်ခဲ့ပါက လုပ်ဆောင်မည့်အချက်သုံးချက်ကို မေးမြန်းခဲ့ရာ စွမ်းအင်နှင့်ရေအရင်းအမြစ်ချွေတာရေး၊ နာမကျန်းသောတိရစ္ဆာန်များပြုစုရေး၊ ၎င်းတို့ကို တိရစ္ဆာန်ဆေးခန်းသို့ပို့၍ ကုသရေးအပါအဝင် အကူအညီလိုအပ်သူများအတွက် ပညာသင်ဆုစကောလားရှစ်များ ဖန်တီးပေးရေးကိစ္စများကိုပြုလုပ်မည်ဟုဖြေကြားခဲ့သည်။ စစ်တမ်း၌ ရယ်ရွှင်ဖွယ်တုံ့ပြန်ဖြေကြားမှုအချို့လည်း ပါဝင်ခဲ့ပြီး ယင်းတို့တွင် ယူနီဗာဆယ်စတူဒီယိုကြီးကဲ့သို့ နောက်ထပ် အပန်းဖြေဥယျာဉ်တည်ဆောက်ရေး၊ ပိုးဟပ်များပိတ်ပင်ရေးနှင့် နေ့စဉ် အာလူးကြော်ကျွေးရေး ဥပဒေပြဋ္ဌာန်းရန်များ ပါဝင်ခဲ့သည်။

ယခုလေ့လာမှုကို အဒက်ကိုသုတေသနကုမ္ပဏီက အသက်ခုနစ်နှစ်မှ ဆယ့်လေးနှစ်အတွင်း စင်ကာပူကလေးငယ် ၁၂၀ ဦးနှင့် မေးမြန်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စစ်တမ်းရည်ရွယ်ချက်မှာ ကလေးများ၏ ဘဝနှင့် အလုပ်အကိုင်အပေါ် အတွေးအမြင်၊ အလုပ်အပေါ် စိတ်ထက်သန်မှုများအကြောင်း သိနားလည်ရန်ဖြစ်သည်။

—*Ref: CNA*

7 DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012



## နောက်ကျောဖုံး - အိမ်နီးချင်း အာရပ်နိုင်ငံများကို အီရန်သတိပေး မှ

အီရန်နိုင်ငံမှရေနံကိုအဓိက တင်သွင်းသောနိုင်ငံများသည် လောလောဆယ် ဘဏ္ဍာရေးအကျပ်အတည်းများ ကြုံတွေ့နေရသည့်အချိန်တွင် အီရန်၏ ရေနံလုပ်ငန်းအပေါ် ပိတ်ဆို့တားဆီးမှုများပြုလုပ်ခြင်းကိုမလုပ်ဆောင်လိုကြောင်း၊ သို့သော် အီရန်သည် အဏုမြူဗုံးတစ်လုံးပြုလုပ်ရန်စီစဉ်နေပုံရကြောင်း ကုလသမဂ္ဂ ချုကလီးယားစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ခဲ့ပြီးနောက် အီရန်ရေနံတင်ပို့မှုကို ပိတ်ဆို့တားဆီးမှုပြုလုပ်ရေးမှာ အရှိန်ရလာကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အီရန် ရေနံတင်သွင်းသော အာရှနိုင်ငံများမှ ခေါင်းဆောင်များသည် အခြား အာရပ်နိုင်ငံများမှ ရေနံထောက်ပံ့မှုရရှိနိုင်ရန် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်လည်ပတ်နေကြကြောင်း သိရသည်။ ဥရောပနိုင်ငံများသည်လည်း အီးယူ၏ ပိတ်ဆို့တားဆီးမှု အသက်ဝင်လာချိန်တွင် ရေနံအတွက် အခြားအာရပ်နိုင်ငံများအပေါ်သာ မှီခိုရမည်ဖြစ်သည်။

ထိုအတောအတွင်း အိမ်နီးချင်းအာရပ်နိုင်ငံများက ရေနံပိုမိုထုတ်လုပ်ပါက ယင်းကို မိတ်ဆွေမဆန်သောလုပ်ရပ်အဖြစ် တီဟီရန်က မှတ်ယူလိမ့်မည်ဖြစ်ကြောင်း အီရန်နိုင်ငံ၏ အိုပက်ကိုယ်စားလှယ် မိုဟာမက်အလီကာတစ်ဘီက ပြောကြားသည်။

အီရန်နိုင်ငံမှ ရေနံတင်ပို့မှုများကို အစားထိုးရန် ယင်းနိုင်ငံများက မီးစိမ်းပြလိုက်ပါက ဟောမုဇ်ရေလက်ကြား အပါအဝင် ဒေသတွင်း ဖြစ်ပျက်သမျှတွင် အဓိကတရားခံများဖြစ်လာလိမ့်မည်ဟု ရှက်နေ့စဉ်သတင်းစာသို့ မစ္စတာ ကာတစ်ဘီကပြောကြားသည်။

*—Ref: Reuters*

## နောက်ကျောဖုံး - မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် ပါကစတန် တာလီဘန်ခေါင်းဆောင် သေဆုံးဖွယ်ရှိ မှ

အာဖဂန်နစ္စတန်နှင့် နယ်စပ်ဒေသအနီးမြောက်ဝါဇီရစ္စတန် လူမျိုးဒေသတွင် ယာဉ်တန်းဖြင့် ခရီးသွားနေစဉ် ဟာကီမူလာမေဆွတ် မည်သို့သေဆုံးသွားသည်ကို တာလီဘန်တိုက်ခိုက်ရေးသမားများက ကြိုးမဲ့ရေဒီယိုမှ အသေးစိတ် ပြောကြားနေပုံအားကြားဖြတ်ဖမ်းယူရရှိခဲ့ကြောင်း ထောက်လှမ်းရေးအရာရှိများက ပြောသည်။

သို့ရာတွင် ယင်းသတင်းကို တရားဝင်အသိအမှတ်ပြုမှုမရရှိသေးကြောင်းပါကစ္စတန်စစ်ဘက်အရာရှိကြီးတစ်ဦးက ရိုက်တာသို့ ပြောကြားသည်။ ပါကစ္စတန်တာလီဘန်အဖွဲ့ကလည်း ယင်းသတင်းအပေါ် ငြင်းချက်တစ်ရပ်ထုတ်ပြန်ထားပြီး အမည်မဖော်လိုသော အမေရိကန်အရာရှိများကလည်းတာလီဘန်ခေါင်းဆောင်သေဆုံးမှုကို အတည်မပြုနိုင်သေးကြောင်းပြောကြားသည်။

ဟာကီမူလာ သေဆုံးသွားသည့် သတင်းသာ မှန်ကန်ပါက ယင်းမှာ လုံခြုံရေးတပ်ဖွဲ့များအပေါ် ဖိအားပေးမှု လျော့ကျသွားဖွယ်ရှိကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

*—Ref: Reuters*

## နောက်ကျောဖုံး - တရုတ်တိုင်ပေရွေးကောက်ပွဲ လက်ရှိသမတ အောင်ပွဲခံ မှ

လာမည့်လေးနှစ်အတွင်း တရုတ်ပြည်မကြီးနှင့် ဆက်ဆံရေးမှာ ပို၍ ငြိမ်းချမ်းလာမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက် ယုံကြည်မှုပိုမိုလာခြင်းနှင့်အတူ ပဋိပက္ခဖြစ်ရန် အခွင့်အလမ်းလျော့နည်းလာမည်ဖြစ်ကြောင်း မစ္စတာမာယင်ဂျောင်းက ဆက်လက်ပြောကြားသည်။

ရွေးကောက်ပွဲတွင် တိုးတက်သောဒီမိုကရက်တစ်ပါတီ(DPP) ဥက္ကဋ္ဌဖြစ်သူ အမျိုးသမီး တစ်ဦးဖြစ်သော ဆိုင်အင်းဝမ်က ဆန္ဒမဲပေါင်း ၆ ဒသမ ၀၉ သန်းကျော်(၄၅ ဒသမ ၆ ရာခိုင်နှုန်း)ရရှိခဲ့ပြီး ရွေးကောက်ပွဲ ရှုံးနိမ့်မှုကို အသိအမှတ်ပြုလက်ခံကာ ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အခြား ရွေးကောက်ပွဲဝင်သူတစ်ဦးဖြစ်သော ပြည်သူ့ပထမပါတီဥက္ကဋ္ဌ ဂျိမ်းဆောင်းမှာ မဲအရေအတွက်၏ ၂ ဒသမ ၈ ရာခိုင်နှုန်းသာရရှိခဲ့သည်။

ရွေးကောက်ပွဲမှာ ကြီးကြီးမားမား အဖြစ်အပျက်များမရှိဘဲ ပြီးဆုံးခဲ့ပြီး မဲပေးခွင့်ရှိသူ ၇၀ ရာခိုင်နှုန်းဖြစ်သော လူပေါင်း ၁၈ သန်းကျော် မဲပေးခဲ့ကြောင်းသိရသည်။

မစ္စတာမာယင်ဂျောင်း၏ အောင်ပွဲမှာ ဘေဂျင်းသာမက ဝါရှင်တန်ကပါကြိုဆိုသောသတင်းဖြစ်ကြောင်း လေ့လာသူများက ပြောကြားသည်။

*—Ref: Chinapost*



**Leader's Profile**

# ဘီလ်နှင့် မလင်ဒါဂိတ်စ်ဖောင်ဒေးရှင်း ပူးတွဲတည်ထောင်သူ မလင်ဒါဂိတ်စ်

ရဲမင်း

မလင်ဒါအန်းဖရန့်ချ်၊ နောက်ပိုင်းတွင် မလင်ဒါဖရန့်ချ်ဂိတ်စ်ဟု လူသိများလာသောမလင်ဒါဂိတ်စ်သည် အမေရိကန်အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်နှင့် အလှူအတန်းရက်ရောသူဖြစ်သည်။ ဘီလ်နှင့် မလင်ဒါဂိတ်စ်ဖောင်ဒေးရှင်းကို ပူးတွဲတည်ထောင်သူနှင့်ပူးတွဲဥက္ကဋ္ဌလည်းဖြစ်သည်။

မစ္စမလင်ဒါအား ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်တွင် တက္ကဆက်ပြည်နယ် ဒါးလတ်စ်မြို့၌ အင်ဂျင်နီယာဖခင်နှင့် အိမ်ရှင်မ မိခင်တို့က မွေးဖွားခဲ့သည်။ အခြေခံပညာရေးကို စိန့်မော်နီကာကက်သလစ်ကျောင်းတွင် သင်ယူခဲ့ကာ ထိပ်တန်းကျောင်းသူအဖြစ် ကျောင်းပြီးဆုံးခဲ့ပြီး ဒါးလတ်စ်မြို့ Ursuline အကယ်ဒမီမှ တက္ကသိုလ်အကြိုပညာရေးပြီးဆုံးခဲ့သည်။ မစ္စမလင်ဒါသည် ၁၉၈၆ ခုနှစ်တွင် Duke University မှ ကွန်ပျူတာသိပ္ပံနှင့် စီးပွားရေးပညာ အထူးပြုဖြင့် ဘွဲ့ရရှိခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ယင်းတက္ကသိုလ်မှပင် စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)ရရှိခဲ့သည်။

MBA ဘွဲ့ရပြီး မကြာမီမှာပင် မစ္စမလင်ဒါသည် မိုက်ကရိုဆော့ဖ်ကုမ္ပဏီတွင်အလုပ်ဝင်လုပ်ခဲ့သည်။ Publisher၊ Microsoft Bob၊ Encarta နှင့် Expedia စသောမိုက်ကရိုဆော့ဖ်ထုတ်ကုန်များ ထုတ်လုပ်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့ပြီး သတင်းအချက်အလက်ထုတ်ကုန်ပစ္စည်းဌာန၏ အထွေထွေမန်နေဂျာဖြစ်လာခဲ့သည်။ အထွေထွေမန်နေဂျာဘဝမှာပင် မိုက်ကရိုဆော့ဖ်၏ သတင်းစာရှင်းလင်းပွဲတစ်ရပ် တက်ရောက်ရန် မန်ဟက်တန်သို့ သွားရောက်ရင်း ဘီလ်ဂိတ်စ်နှင့်ဆုံတွေ့ခဲ့သည်။ ဘီလ်ဂိတ်စ်နှင့်မလင်ဒါဂိတ်စ်တို့သည် ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဟာဝိုင်ယီ၌လက်ထပ်ခဲ့ပြီး ၎င်းတို့၏ လက်ထပ်ပွဲသို့ ရင်းနှီးသောမိတ်ဆွေများကိုသာ ဖိတ်ကြားခဲ့သည်။ ယင်းနောက်များမကြာမီတွင်မစ္စမလင်ဒါဂိတ်စ်သည်မိုက်ကရိုဆော့ဖ်မှနုတ်ထွက်၍ မိသားစုကို အာရုံစိုက်ခဲ့သည်။

ဘီလ်နှင့်မလင်ဒါဂိတ်စ်ဇနီးမောင်နှံသည် ၂၀၀၀ ပြည့်နှစ်တွင် ၎င်းတို့၏ ဖောင်ဒေးရှင်းကို ကန်ဒေါ်လာ ၁၀၆ သန်းဖြင့် စတင်ခဲ့သည်။ မစ္စမလင်ဒါဂိတ်စ်သည် ၁၉၉၆ မှ ၂၀၀၃ ခုနှစ်အထိ Duke University ၏ ဘဏ္ဍာရေးအမှုဆောင်လူကြီးအဖွဲ့ဝင်အဖြစ်လုပ်ကိုင်ခဲ့သလို ဘီလ်နှင့် မလင်ဒါဂိတ်စ်ဖောင်ဒေးရှင်း၏ပူးတွဲဥက္ကဋ္ဌအနေနှင့်လည်း တက်တက်ကြွကြွတာဝန်ယူလုပ်ရှားခဲ့သည်။

ဖောင်ဒေးရှင်းတွင် မစ္စမလင်ဒါ၏ အဓိကတာဝန်မှာ ၎င်းတို့အဖွဲ့က တာဝန်ယူဖြေရှင်းမည့် အရေးကိစ္စများကို ဖော်ထုတ်၊ အသိပေးမြှင့်တင်ရေးနှင့် ရလဒ်များကို ပြန်လည်သုံးသပ်မှုပြုခြင်းဖြစ်သည်။ ဘီလ်နှင့် မလင်ဒါဂိတ်စ်ဖောင်ဒေးရှင်း၏ အဓိကရည်မှန်းချက်မှာ ကမ္ဘာတစ်ဝန်းလူသားများ၏ ကျန်းမာရေးတိုးတက်စေရေးနှင့် ပညာရေးကိုမြှင့်တင်ကာ စာကြည့်တိုက်များအတွက် နည်းပညာပံ့ပိုးပေးရေးဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် တိုင်းမ်မဂ္ဂဇင်းက ဘီလ်နှင့် မလင်ဒါဂိတ်စ်၊ တေးသံရှင် ဘိုနိုတို့အား Person of the Year အဖြစ် ရွေးချယ်ခဲ့သည်။ ဘီလ်နှင့် မလင်ဒါတို့သည် ယခုအချိန်ထိ ၎င်းတို့၏ ဖောင်ဒေးရှင်းသို့ ကန်ဒေါ်လာ ၂၄ ဘီလီယံ လှူဒါန်းထားပြီးဖြစ်သည်။ ဘီလ်နှင့်မလင်ဒါဂိတ်စ်ဇနီးမောင်နှံတွင် သမီးနှစ်ဦး(၁၆နှစ်နှင့် ၁၀ နှစ်)နှင့် သားတစ်ဦး(၁၃ နှစ်) ထွန်းကားထားသည်။

*—Ref: Wikipedia*

## နောက်ကျောဖုံး - သင်္ဘောတိမ်းမှောက်ရာတွင် ကိုယ်လွတ်ရုန်းသော ကပတိန် တရားစွဲခံရနိုင် မှ



Photo - Reuters

သင်္ဘောအပိုင်းမှ ပျားရည်ဆမ်းခရီးထွက်လာသည့် တောင်ကိုရီးယားစုံတွဲတစ်တွဲကို မီးသတ်သမားများက ကယ်တင်နိုင်ခဲ့သည်။

ယင်းဇိမ်ခံသင်္ဘောပေါ်တွင် လူပေါင်း ၄၂၀၀ ကျော် လိုက်ပါခဲ့ပြီး ဇန်နဝါရီ ၁၃ ရက်ညသင်္ဘောနစ်မြုပ်ချိန်၌ ဝရုန်းသုန်းကားအခြေအနေများဖြစ်ပေါ်ခဲ့ကာ ထိတ်လန့်စရာ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ခဲ့ရသည်။ သင်္ဘောတိမ်းမှောက်ပြီးနောက် လူသုံးဦးသေဆုံးကြောင်း အတည်ပြုခဲ့ပြီး သင်္ဘောသားခြောက်ဦးနှင့် ခရီးသည် ၁၁ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

အာဏာပိုင်များက သင်္ဘောကပ္ပတိန်အား ထိန်းသိမ်းထားပြီး ၎င်းအား တရားစွဲဆိုဖွယ်ရှိသည့် ပြစ်မှုများတွင် လူသေမှုစွဲချက်များလည်းပါဝင်ကာ၎င်းသည်ခရီးသည်အားလုံး မလွတ်မြောက်မီသင်္ဘောကိုစွန့်ခွာသည့်စွပ်စွဲချက်များကိုလည်း ရရှိထားပြီဖြစ်ကြောင်း အစိုးရရှေ့နေတစ်ဦးက အတည်ပြုပြောကြားသည်။

*—Ref: AP*

7 DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012







# တရုတ်တိုင်ပေ ရွေးကောက်ပွဲဝင် သမ္မတလောင်းနှစ်ဦးနှင့်တွေ့ဆုံခြင်း

**ကျော်မျိုး**

တရုတ်တိုင်ပေ သမ္မတရွေးကောက်ပွဲကို ဇန်နဝါရီ ၁၄ မှာ ပြုလုပ်မှာဖြစ်တာကြောင့် ဆောင်းပါးရေးချိန်မှာ မလုပ်ရသေးပေမယ့် ဒီဂျာနယ်ထွက်ချိန်မှာ အဖြေပေါ်ဖို့သေချာသလောက်ရှိနေပါတယ်။ ဒီရွေးကောက်ပွဲဟာ လက်ရှိသမ္မတ မာယင်ဂျောင်းနဲ့ ၎င်းကို အဓိကစိန်ခေါ်သူ မစ္စဆိုင်အင်းဝမ်တို့ကြားက အားပြိုင်ပွဲတစ်ရပ်လို့လည်းပြောကြပါတယ်။ တရုတ်တိုင်ပေဟာ အမေရိကန်နဲ့ စစ်ရေးအရ ဆက်ဆံမှုအနီးကပ်ဆုံးဖြစ်တာကြောင့် တရုတ်နဲ့ တရုတ်တိုင်ပေအကြား ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေးဟာ အာရှလုံခြုံရေးနဲ့ တည်ငြိမ်ရေးမှာ အရေးကြီးတဲ့အခန်းကဏ္ဍကလည်း ပါဝင်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဆီမှာလည်း ကြားဖြတ်ရွေးကောက်ပွဲတစ်ခုကျင်းပဖို့ လအနည်းငယ်အလိုမှာ တိုက်ဆိုင်စွာပဲ တရုတ်တိုင်ပေသမ္မတရွေးကောက်ပွဲမှာ ယှဉ်ပြိုင်မယ့် နိုင်ငံရေးပြိုင်ဘက်နှစ်ဦးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ မဟာဗျူဟာရေးအမြင်တွေကို တိုင်းမ်မဂ္ဂဇင်းက အပြိုင်အင်တာဗျူးလုပ်တင်ပြထားတာတစ်ခုကို ချိတ်ဆက်ဖော်ပြပေးလိုက်ပါတယ်။

__သမ္မတ မာယင်ဂျောင်းနှင့် မေးမြန်းခြင်း__

**ဘာကြောင့် သမ္မတကြီးကို ပြန်လည်ရွေးကောက်တင်မြှောက်သင့်တာပါလဲ။**

ဘာကြောင့်လဲဆိုတော့ တိုင်ပေကို ကျွန်တော်တို့ ပြောင်းလဲခဲ့လို့ပါ။ ကျွန်တော်တို့ တိုင်ပေကို အဆင့်မြှင့်တာနဲ့ အသွင်ပြောင်းတာမှာ အောင်မြင်ခဲ့တယ်။

**(တရုတ်နဲ့)ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေးက တိုင်ပေအတွက် ကူးသန်းရောင်းဝယ်ရေးအခြေအနေဖြစ်ထွန်းအောင် ကူညီပေမယ့် တစ်ချိန်တည်းမှာပဲ တိုင်ပေရဲ့ တည်ရှိမှု အမှတ်အသားကို အားနည်းရာရောက်စေတယ်လို့ပြောတဲ့ တိုင်ပေသားတချို့ကို သမ္မတကြီး ဘာများပြောချင်ပါသလဲ။**

ဒီလိုအမြင်ရှိတဲ့သူတွေဟာ လူနည်းစုပါ။ တိုင်ပေရဲ့ ပြည်မကြီးရေးရာကောင်စီက ကောက်ယူခဲ့တဲ့စစ်တမ်းတစ်ရပ်အရတော့ တရုတ်ပြည်မကြီးနဲ့ ကျွန်တော်တို့အကြား သဘောတူစာချုပ်တွေချုပ်ဆိုတာ အကျိုးရှိတယ်လို့ ယူဆသူ ၆၁ ရာခိုင်နှုန်းရှိပြီး အဲဒီလို မထင်သူက ၂၉ ရာခိုင်နှုန်းပါ။

**အဲဒီ လူနည်းစုကို သမ္မတကြီး ဘယ်လိုကျေနပ်အောင်လုပ်မလဲ။**

ကျွန်တော်ရာထူးမယူခင်ကတော့ ပြည်မကြီးနဲ့ နှစ်စဉ် ကုန်သွယ်ရေးဟာ ကန်ဒေါ်လာ ၁၀၀ ဘီလီယံဖိုးရှိတယ်။ ပြည်မကြီးဟာ ကျွန်တော်တို့ရဲ့ အကြီးဆုံး ကုန်သွယ်ဖက်၊ အကြီးဆုံး ရင်းနှီးမြှုပ်နှံမှုပန်းတိုင်၊ ကုန်သွယ်ရေးပိုငွေရရှိရာ အကြီးဆုံးရင်းမြစ်လည်း ဖြစ်ပါတယ်။ ဒါတွေကရှောင်လွှဲလို့မရတဲ့အချက်တွေပါ။ ဒါကြောင့် အဲဒီလို မယုံသူတွေကို ကျွန်တော်တို့ပြောမှာကတော့ ပြည်မကြီးနဲ့ ဆက်ဆံရေးတွေဟာ အန္တရာယ်ရှိပေမယ့် အဲဒီအန္တရာယ်တွေကို ကျွန်တော်တို့ သေးငယ်အောင်လုပ်ပြီး အကျိုးအမြတ်တွေကြီးမားအောင်လုပ်ရပါမယ်။ ကျွန်တော်တို့ မူဝါဒတွေမှာလည်း အဲဒီလို လုပ်ပြီးပါပြီ။ ဒါကြောင့် သံသယဝင်သူတွေကို ကျွန်တော်တို့ဟာ တိုင်ပေရဲ့ အကျိုးစီးပွားအတွက်ပဲ လုပ်နေတာလို့ သိနားလည်သွားအောင်ကူညီပေးရပါမယ်။

**တိုင်ပေအတွက် အမေရိကန်ရဲ့ ထောက်ခံမှုဟာ အရင်ကထက် ပိုနည်းလာတာကို သမ္မတကြီး စိုးရိမ်နေခဲ့သလား။ အိုဘားမား အစိုးရကလည်း နိုင်ငံရေးအရ အားနည်းသလို အမေရိကန် စီးပွားရေးနဲ့ ပထဝီနိုင်ငံရေးဆိုင်ရာ အခန်းကဏ္ဍကလည်း အရင်ကလောက်မခိုင်မာတော့ပါဘူး။ ဒီအချက်က တိုင်ပေအရေးနဲ့ပတ်သက်လို့ တရုတ်နဲ့ဆက်ဆံရာမှာ ဝါရှင်တန်ရဲ့ဩဇာကိုအကျိုးသက်ရောက်မှုရှိနိုင်ပါတယ်။**

အမေရိကန် ပညာရှင်အသိုင်းအဝိုင်းမှာ လူနည်းစုကပဲ တိုင်ပေကိုစွန့်ပစ်ရေးကိစ္စအဆိုပြုနေခဲ့တာပါ။ ဒါဟာ အများစုလက်ခံတဲ့အမြင်မဟုတ်ပါဘူး။ အစိုးရထဲကနဲ့ ပညာရှင်ထဲက အများစုကတော့ အမေရိကန်ဟာ တိုင်ပေနဲ့ ခိုင်မာတဲ့ဆက်ဆံရေးတွေ ဆက်လက်ထိန်းသိမ်းထားသင့်တယ်လို့ယုံကြည်ကြပါတယ်။ နိုင်ငံခြားရေးဝန်ကြီး ကလင်တန်ကလည်း မကြာမီက ဟာဝိုင်ယီမှာ တိုင်ပေဟာ အမေရိကန်အတွက် လုံခြုံရေးနဲ့ စီးပွားရေးပါတနာလို့ဖော်ပြခဲ့ပါတယ်။

**သမ္မတကြီးပြန်လည်ရွေးကောက်ခံရရင် သမ္မတရာထူး ဒုတိယသက်တမ်းမှာပြည်မကြီးကို သွားလည်ဖို့ကြိုးစားမှာလား။**

ဖြစ်နိုင်ခြေကိုတော့ ကျွန်တော်တို့ လုံးဝဖယ်ထုတ်မထားပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့မှာ အတိအကျ အချိန်ဇယားလည်း မရှိပါဘူး။ ခက်ခဲတာတွေမတိုင်ခင် လွယ်တာတွေဖြေရှင်းပါ့မယ်။ နိုင်ငံရေးမတိုင်ခင် စီးပွားရေးကိစ္စရှင်းပါ့မယ်။

**သမ္မတကြီးရဲ့နာမည်ဂုဏ်သတင်းကို ဘယ်လိုထားခဲ့ချင်ပါသလဲ။**

ပထမ ရာထူးလေးနှစ်အတွင်း တိုင်ပေအတွက် ကျွန်တော့်စီမံကိန်းက အုပ်ချုပ်ရေးကောင်းမွန်ရေး၊ ကမ္ဘာ့အဆင့်အတန်းမီရေးပါ။ လာမယ့်လေးနှစ်မှာတော့ ကိုယ့်ကိုယ်ကိုယ် ပြန်တီထွင်ဖန်တီးပြီး အကောင်းဆုံးကိုရှာပါမယ်။ ကျွန်တော့်ရဲ့ အဓိကအစီအစဉ်အများအပြားကလည်း အခြေစိုက်မိဖို့ ကာလရှည်တစ်ရပ်လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော့် နာမည်ဂုဏ်သတင်းကိစ္စနဲ့ပတ်သက်လို့ကတော့နောက်လေးနှစ်မှ ကျွန်တော့်ကို တစ်ကြိမ်ထပ်မေးပါ။

__ဆိုင်အင်းဝမ်နှင့် မေးမြန်းခြင်း__

**ဘာကြောင့် လူကြီးမင်းကို ရွေးကောက်တင်မြှောက်သင့်တာပါလဲ။**

ဘာကြောင့်လဲဆိုတော့ ကျွန်မက ပိုကောင်းတဲ့ခေါင်းဆောင်ဖြစ်လို့ပေါ့။ ကွဲပြားခြားနားအောင် ကျွန်မ လုပ်ဆောင်ချင်နေပါတယ်။ အစိုးရရဲ့ အလုပ်လုပ်နေပုံကို ပြောင်းလဲပစ်ရပါမယ်။ ခေါင်းဆောင်ဆိုတာ စိတ်ပိုင်းဖြတ်ပြဋ္ဌာန်းထားမှု တစ်မျိုးမျိုးရှိရပါမယ်။ လက်ရှိသမ္မတမှာ အဲဒီလို စိတ်ပိုင်းဖြတ်မှုမျိုး ကျွန်မတို့ မမြင်မိဘူး။

**တိုင်ပေဟာ သဘာဝကပ်ဘေးဆိုးကြီးကြီးမားမား မခံစားခဲ့ရဖူးပါဘူး။ လက်ရှိသမ္မတဟာ ဒီတော့ သာမန်အားဖြင့် အားသာနိုင်ပါတယ်။ ဒါပေမဲ့ လူထုသဘောထားစစ်တမ်းတွေမှာ လူကြီးမင်းတို့ ပြိုင်ဘက်နှစ်ဦး ရလဒ်မကွာဘဲ သိပ်နီးကပ်နေတယ်။ ဘာကြောင့်ပါလဲ။**

လူတွေက အစိုးရရဲ့ ရင်းမြစ်တွေခွဲဝေဖြန့်ဖြူးပုံကို မကျေနပ်ကြပါဘူး။ သူတို့က ပိုမျှတတဲ့ အစိုးရကိုလိုချင်တယ်။ အစိုးရ ရင်းမြစ်တွေကို ပြန်ခွဲဝေရာမှာလည်း ပိုမျှတတဲ့ သမ္မတတစ်ဦးကို လိုချင်နေတယ်။ လူတွေ ရင်ဆိုင်နေရတဲ့ နံပါတ်တစ်ပြဿနာက သူတို့ကြိုက်နှစ်သက်တဲ့အလုပ်ကို ရှာနေရတဲ့ပြဿနာပါ။ သမ္မတဟာ ရေလက်ကြားကိစ္စနဲ့ပတ်သက်လို့ သိပ်ဂုဏ်ယူနေတယ်။ ဒါပေမဲ့ ဒီကိစ္စမှာ သူလုပ်ပုံကို မကြိုက်ကြတဲ့လူတွေလည်း အများကြီးရှိပါတယ်။

**တိုင်ပေအတွက် ပြည်မကြီးနဲ့ ထိတွေ့ဆက်ဆံရေးဟာတခြားဘယ်နေရာမှာမဆို ရှိနေတဲ့ အစိုးရတွေ၊ စီးပွားရေးတွေ၊ လူ့အဖွဲ့အစည်းတွေအတွက်လိုမျိုးပဲ မရှိမဖြစ်ဆိုတာ လက်ခံပါသလား။**

သူတို့နဲ့ ကျွန်မတို့ပုံမှန်ဆက်ဆံရေးပဲ ထားသင့်ပါတယ်။ ပုံမှန်ဆိုတဲ့ စကားလုံးကို ကျွန်မ ဆိုလိုတာက နိုင်ငံတကာဥပဒေတွေကို လိုက်နာပြီး ကျွန်မတို့ရဲ့ ကုန်သွယ်ရေးနဲ့ စီးပွားရေးကဏ္ဍတွေမှာ ဘက်စုံပူးပေါင်းဆောင်ရွက်မှုမူဘောင်တွေ အသုံးပြုဖို့ပါ။

**လူကြီးမင်းဟာ တိုင်ပေရဲ့ ပြည်မကြီးရေးရာကောင်စီအကြီးအကဲဖြစ်ခဲ့ဖူးတယ်။ ပြည်မကြီးဟာ လူကြီးမင်းကို သိသလို သူတို့ကိုလည်း လူကြီးမင်းကသိတယ်။ တရုတ်ဟာ အရင်ကထက်စာရင် တိုင်ပေမှာ အခုရှိနေတဲ့ ရှုပ်ထွေးမှုတွေကို ပိုပြီး ကျကျနန နားလည်မှုရှိနေပါပြီလား။**

ကျွန်မတို့ ဘာဖြစ်နေတယ်။ နောက်ပြီး ဘာဖြစ်မယ်ဆိုတာတွေကို သူတို့ ကောင်းကောင်းနားလည်ပါတယ်။ ဒါပေမဲ့ အဲဒါ မလုံလောက်သေးဘူးပေါ့။ တစ်ခါတလေ သူတို့မှာ ဒီကကိစ္စတွေကို မှန်မှန်ကန်ကန် အဓိပ္ပာယ်မကောက်နိုင်ဘူး။ တစ်ခါတလေလည်း ကေအမ်တီရဲ့ နိုင်ငံရေးသမားတွေ၊ ထောက်ခံသူတွေရဲ့ အဓိပ္ပာယ်အကောက်အယူကိုပဲ အသုံးပြု(အကဲဖြတ်)ချင်နေကြတယ်။

**အမေရိကန်နဲ့ ဆက်ဆံရေးဟာ လူကြီးမင်းတို့အဖို့ ဘယ်လောက်အရေးကြီးပါသလဲ။**

အဲဒါ သိပ် သိပ်ပြီး အရေးကြီးတဲ့အချက်ပါ။ ကျွန်မတို့မှာ ဈေးကွက် အဲဒီမှာလိုတယ်။ နည်းပညာ၊ စီးပွားရေးကွန်ရက်တွေလိုတယ်။ နိုင်ငံရေးအရဆိုရင်လည်း သူ့စနစ်တွေထဲ အားနည်းချက်တွေရှိနေပေမယ့် ဒီမိုကရေစီနိုင်ငံဖြစ်ဆဲပဲ။ ဒီမိုကရေစီနိုင်ငံတွေနဲ့ ကျွန်မတို့ တွဲလုပ်ချင်ပါတယ်။ ပြီးတော့ မဟာဗျူဟာအရလည်း အမေရိကန်ဟာ တရုတ်ကို ပြန်လည်ထိန်းညှိမှု (Counter-Balance) တစ်ရပ်ဖြစ်ပါတယ်။ ကျွန်မတို့ဟာ တရုတ်ကို တစ်ဦးတည်း မျက်နှာချင်းဆိုင်နေတာမဟုတ်ပါဘူး။ ဒေသတွင်းက လူတွေအများကြီးနဲ့အတူ တရုတ်ကို မျက်နှာချင်းဆိုင်နေတာဖြစ်ပါတယ်။

*—Ref: Time meets Taiwan Presidential Hopefuls Ma Ying-jeou and Tsai Ing-wen. Jan 5, 2012.*

7DAY NEWS JOURNAL

# Entertainment

Vol.10, No.44 • JANUARY 19



## စူပါဂျူနီယာအဖွဲ့ စင်ကာပူတွင် နှစ်ရက်တိုင်ဖျော်ဖြေ

**စင်ကာပူ၊ ဇန်နဝါရီ - ၁၀**

ကိုရီးယားအမျိုးသားဂီတအဖွဲ့ စူပါဂျူနီယာသည် ၎င်းတို့၏ ကမ္ဘာလှည့် ဖျော်ဖြေရေးပွဲ၏ ခရီးတစ်ထောက်အဖြစ် စင်ကာပူနိုင်ငံတွင် နှစ်ရက်ဖျော်ဖြေရန်ရှိကြောင်းသိရသည်။

စူပါဂျူနီယာအဖွဲ့၏ ပွဲကိုစီစဉ်သည့် RITS ကုမ္ပဏီက ယင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈နှင့် ၁၉နှစ်ရက်ဆက်တိုက် စင်ကာပူအားကစားကွင်းကြီး အတွင်း ဖျော်ဖြေမည်ဟုကြေညာသည်။ ကုမ္ပဏီက ပရိသတ်များ တောင်းဆိုမှုကြောင့် စူပါဂျူနီယာအဖွဲ့၏ ဖျော်ဖြေပွဲကိုစင်ကာပူနိုင်ငံတွင် နှစ်ရက် စီစဉ်ပေးရခြင်းဖြစ်ကြောင်း ပွဲလက်မှတ်များကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ရောင်းချပေးကြောင်းဆိုသည်။

စူပါဂျူနီယာအဖွဲ့သည် အာရှ၏ လူကြိုက်အများဆုံး ကိုရီးယားပေါ့ပ် ဂီတအဖွဲ့များတွင် တစ်ဖွဲ့ဖြစ်ကာ မကြာမီ ကျင်းပမည့် ထိုင်ပေဖျော်ဖြေပွဲ အတွက် လက်မှတ်များမှာလည်း မိနစ် ၃၀အတွင်း စောင်ရေသုံးပုံတစ်ပုံ ရောင်းချခဲ့ရသည်။

ထို့ပြင် ကျန်လက်မှတ်များမှာလည်း နောက်တစ်နေ့တွင် အများပြည်သူထံ စတင်ရောင်းချစဉ် ၁၇ မိနစ်အတွင်း အားလုံး ရောင်းကုန်သွားခဲ့ရာ တရုတ်တိုင်ပေနိုင်ငံတွင် ကျင်းပသမျှ ဖျော်ဖြေပွဲများ၌ အမြန်ဆုံး လက်မှတ် အရောင်းကုန်သွားသည့် ဖျော်ဖြေပွဲစံချိန်သစ်ကိုရခဲ့သည်။ Ref: CNA

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



## ဖွေးဖွေးက ညတိုင်းအလုပ်ပြီးရင် facebook ကြည့်တာပါ။

### ဖွေးဖွေးနှင့်တွေ့ဆုံခြင်း

အသုံးတွင်ကျယ်လာသောလူမှုကွန်ရက်Facebook တွင် အနုပညာရှင်များအနေနှင့်ကိုယ်ပိုင်စာမျက်နှာများဖွင့်လှစ်ကာပရိသတ်နှင့်တိုက်ရိုက်ထိတွေ့လာကြသည်။ကိုယ်တိုင်သုံးစွဲကြသူများရှိသလိုကြားခံလူများနှင့်သုံးစွဲသူများလည်းရှိသည်။ ထိုအထဲတွင်မှ ဖွေးဖွေးသည် ကိုယ်တိုင်သုံးစွဲသူတစ်ဦးဖြစ်ပြီးသူမ၏ညစဉ်အလုပ်တစ်ခုမှပရိသတ်များဘာပြောထားသလဲကို ကြည့်တာပင်ဖြစ်ကြောင်းသူမကဆိုသည်။

အနုပညာရှင်များ၏ ကိုယ်ပိုင်စာမျက်နှာများတွင် ပရိသတ်ပေါင်းလေးသောင်းကျော်သည်အထိ အများဆုံးရရှိထားသော ဖွေးဖွေးနှင့် သူမအားလပ်ရက်တစ်နေ့တွင်စကားပြောဖြစ်ခဲ့သည်။ ဖွေးဖွေးက သူမ၏ဖေ့စ်ဘွတ်ခ်စာမျက်နှာနှင့် အနုပညာလှုပ်ရှားမှုအကြောင်းကိုပြောပြခဲ့သည်။

**အခုဖေ့စ်ဘွတ်ခ်မှာပရိသတ်အများဆုံးရထားတဲ့ ဖွေးဖွေးရဲ့ စာမျက်နှာကို ကိုယ်တိုင်သုံးဖြစ်လား။**

သုံးဖြစ်ပါတယ်။ Admin မှာ ဖွေးဖွေးရယ်၊ စင်ကာပူက အစ်မဝမ်းကွဲရယ်၊ အမေရိကက သူငယ်ချင်းတစ်ယောက်ရယ်ပါတယ်။ အဲဒီအစ်မတွေက ကော်နက်ရှင် မကောင်းတဲ့အခါ ပုံတွေတင်ပေးတာတို့၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ပါတာတွေစုတင်ပေးတာပေါ့။ ဖေ့စ်ဘွတ်ခ်မှာ စာတွေရေးတာ၊ ကော်မန့်တွေရေးတာတော့ ဖွေးကိုယ်တိုင်ပဲရေးပါတယ်။ ပရိသတ်တွေရေးတဲ့ကော်မန့်တွေကိုလည်း ဖတ်ဖြစ်တယ်။

**ပရိသတ်တွေရေးတဲ့ ကော်မန့်တွေ၊ ပုံတွေတွေ့တဲ့အခါ ဘယ်လိုခံစားရလဲ။**

ဖွေးရဲ့ညတိုင်းအလုပ်က အလုပ်ပြီးရင် ဖေ့စ်ဘွတ်ခ်ကြည့်တာပါ။ ပရိသတ်တွေ ဘာတွေတင်ပေးထားလဲကြည့်တယ်။ တစ်ခါတလေကိုယ့်ပုံကို ခဲခြစ်ပန်းချီတွေ၊ ဘာတွေနဲ့ ဆွဲပြီးတင်တာတွေ့ရတယ်။ ဝမ်းသာတာပေါ့။

စာ(၄၉)သို့



## သမီးလေးအတွက် ဒေါ်လာခြောက်သိန်းတန် မြင်း ပ်ဝယ်ပေးတဲ့ ဘီယွန်စေးနဲ့ဂျေးဇီး

**လော့စ်အိန်ဂျလိစ်၊ ဇန်နဝါရီ - ၁၀**

မကြာသေးမီက သမီးဦးလေး မွေးဖွားကာ အသစ်စက်စက် မိဘများဖြစ်လာခဲ့သော ဘီယွန်စေးနှင့် ဂျေးဇီးတို့ စုံတွဲသည် ၎င်းတို့၏ သမီးအတွက် ဒေါ်လာခြောက်သိန်းတန် မြင်းရုပ်တစ်ရုပ်ဝယ်ယူခဲ့ကြောင်း သိရသည်။

သတင်းများအရ ယင်းစုံတွဲသည် သမီးငယ် ဘလူးအိုင်ဗီအတွက် ကစားစရာများ၊ အခြားပစ္စည်းအသုံးအဆောင်များဝယ်ယူရန် စုစုပေါင်း ဒေါ်လာ ၁ ဒသမ ၅သန်းကျော်သုံးခဲ့ကြောင်း သိရသည်။

နီးစပ်သူတစ်ဦးက "သူတို့နှစ်ဦးစလုံးဟာ ဆိုင်တွေအားလုံးဆီက ပစ္စည်းတွေအကုန်လုံးကို လိုက်ပြီးဝယ်ယူနေတာပါ။ မနက်ဖြန်ဆိုတာ မရှိတော့တဲ့အတိုင်း သူတို့သုံးစွဲနေကြတာပါ"ဟုပြောသည်။

ထို့ပြင် ယင်းစုံတွဲသည် ၎င်းတို့၏ နေအိမ်သုံးလုံးတွင် ကလေးထိန်းများ အဆင်သင့်ရှိစေရန် ဒေါ်လာ ၃၅၀,၀၀၀ ခန့်သုံးထားပြီး ကလေးပုခက်တစ်ခုတည်းအတွက်ပင် ဒေါ်လာသောင်းဂဏန်းခန့်သုံးထားသည်။

—Ref: Showbizspy

7DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012

## နောက်ထပ် ကလေးတစ်ယောက် ထပ်မွေးစားဦးမယ့် ကက်သရင်းဟိုင်ဂယ်



**လော့စ်အန်ဂျလိစ်၊ ဇန်နဝါရီ - ၁၃**

The New Year's Eve ဇာတ်ကား၏ နာမည်ကျော် ဟောလိဝုဒ်မင်းသမီး ကက်သရင်းဟိုင်ဂယ်သည် ခင်ပွန်းသည် ဂျို့ရှ်ကယ်လီနှင့်အတူ နောက်ထပ်ကလေးတစ်ဦး မွေးစားရန် ပြင်ဆင်နေကြောင်း သိရသည်။

လက်ရှိတွင် အသက်သုံးနှစ်အရွယ် သမီးငယ် နာလိုက်ဂ်ကို မွေးစားထားသည့် ဟိုင်ဂယ်သည် ခင်ပွန်းသည်နှင့်အတူ ကိုယ်ပိုင်သွေးသားရင်းချာ ရင်သွေးမမွေးနိုင်ခင်စပ်ကြား နောက်ထပ်ကလေးတစ်ဦး ထပ်မံမွေးစားချင်နေခြင်းဖြစ်သည်။

အသက် ၃၃ နှစ်အရွယ်ရှိမင်းသမီးဟိုင်ဂယ်က "ဂျို့ရှ်နဲ့ကျွန်မတို့က စေ့စပ်ပွဲမလုပ်ခင်ကတည်းက ဒီအကြောင်းပြောခဲ့တာပါ။ ကိုယ်ပိုင်သွေးသားရင်း ကလေးတွေ မွေးဖို့ရောပြောဖြစ်ခဲ့တယ်။ ဒါပေမဲ့ ကလေးအရင်မွေးစားဖို့ ဆုံးဖြတ်ခဲ့တယ်။ အခု နောက်ထပ် တစ်ဦးမွေးစားချင်နေပါတယ်"ဟုပြောသည်။

ဆက်လက်၍ ဟိုင်ဂယ်က သူမ၏ မွေးစားသမီး နာလိုက်ဂ်ကိုလည်း သမီးရင်းကဲ့သို့ပင် ချစ်ကြောင်းပြောခဲ့သည်။ Ref: Showbizspy



## ရန်အောင်နှင့်နတ်သမီးများ ဂီတပဒေသာကပွဲ ကျင်းပမည်

**ကြူကြူဟန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၂**

အကယ်ဒမီများရှင် ရန်အောင်၏ လူကြိုက်များ တေးသီချင်းများအား အရွယ်သုံးပါး အနုပညာရှင်များက ပါဝင်သရုပ်ပြသီဆိုမည်ဖြစ်သော 'ရန်အောင်နှင့်နတ်သမီးများ'ဂီတပဒေသာကပွဲကို ယခုလ ၂၈ ရက်တွင် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ပြုလုပ်သွားမည်ဖြစ်သည်။

ငယ်စဉ်ဘဝမှ သရုပ်ဆောင်၊ အဆိုတော်ဘဝအထိ ဖြတ်သန်းခဲ့သော အောင်မြင်မှုများကို သီချင်းသီဆိုမှုအပါအဝင် အစီအစဉ်များစွာဖြင့် ပဒေသာကပွဲကို ဖွင့်လှစ်ရန် ရန်အောင်က စီစဉ်ထားသည်ဟုဆိုသည်။

ဖျော်ဖြေပွဲတွင် အနုပညာရှင် ၃၀ ကျော်ပါဝင်မည်ဖြစ်ပြီး စုစုပေါင်း သီချင်း ၃၇ပုဒ်ဖျော်ဖြေမည်ဖြစ်သည်။ ရန်အောင်နှင့်နတ်သမီးများကို မျက်လှည့်၊ ကွန်ပျူတာအထူးပြုလုပ်ချက်၊ အလင်း၊ ပန်းချီဖန်တီးမှုများနှင့်အတူ တွေ့မြင်ရမည်ဖြစ်ကြောင်း ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)ကပြောသည်။

iPhone, iPad, iPod user များအတွက် သတင်းကောင်း။
iPhone မှ SMS, Call List နှင့် Contact များကို iPhone (သို့) အခြား ဟန်းဖုန်း (သို့) vCard, txt, csv extension အဖြစ်ကူးပြောင်း သိမ်းဆည်းပေးပါသည်။ ကွန်ပျူတာဖြင့်ဆက်ရန်မလိုသော Jailbreak နှင့် Downgrade လုပ်နိုင်ပါသည်။ App များကို iTunes ဖြင့် sync သော်ငြားလည်းမပျက်သွားအောင် ထည့်သွင်းပေးပါသည်။ နှစ်သက်သော App/Game/Utilities များ ထည့်သွင်းနိုင်ပါသည်။ android ကဲ့သို့ လုပ်ချင်တာ လုပ်၍ရသော Utilities Application များ jail-break လုပ်ပြီးသားစက်များတွင် ထည့်သွင်းနိုင်မှု အသေးစိတ်ကို rapenzel.com တွင် ဝင်ရောက်ကြည့်ရှုပါ။ ဖုန်း (၀၁)၂၅၀၇၉၂ ၊ (၀၁) ၃၇၇၂၀၂
twitter.com/NutechStore facebook.com/Nutech-Store rapenzel.com nutechmm@gmail.com









# အကယ်ဒမီမှာ ဘာတွေဝတ်ကြမလဲ

ကြူကြူဟန်

ကျင်းပမယ့်ရက် အတိအကျမသိရသေး မကြာမီ ပြုလုပ်တော့မယ့် အကယ်ဒမီထူးချွန်ဆုပေးပွဲမှာ ဝတ်ဆင်မယ့် အနုပညာရှင်တွေရဲ့ ပွဲတက်ဝတ်စုံ စိတ်ကူးအချို့ကို ဖော်ပြလိုက်ပါတယ်။

**ထွန်းအိန္ဒြာဗို**



စပွန်ဆာပေးတာ ငါးခုလောက်ရှိတယ်။ ဒီဇိုင်နာ ဘယ်သူနဲ့ချုပ်မယ်ဆိုတာ မသေချာသေးဘူး။ ရက်ကဘယ်တော့မှန်းလဲ မသိတဲ့အတွက် နီးတော့မှ စီစဉ်တော့မယ်။

**ဖွေးဖွေး**



နတ်ပန်းချီက စပွန်ဆာပေးတယ်။ ဒီဇိုင်နာက မသက်နှင်းအေးပါ။ ဘာပုံစံဆိုတာ တိုင်ပင်ရဦးမယ်။ အရောင်လည်း မတိုင်ရသေးဘူး။ ဖွေးကတော့ အရောင်တောက်တောက်တွေလည်းကြိုက်တယ်။ အရောင်အဖျော့ထဲကဆို အဖြူရောင်ကြိုက်တယ်။ စိတ်ထဲမှာ စဉ်းစားနေတဲ့ ဒီဇိုင်းတွေက အများကြီးပဲ။ ပွဲကျရင် ကြည့်ပေါ့။ ဖွေးကတော့ ရိုးရာမပျက်အောင် ဝတ်မှာပါ။

**လင်းဇာနည်ဇော်**

ရွှေကုံ့ကော်ပိုးထည်တိုက်က စပွန်ဆာပေးတယ်။ ဒီဇိုင်နာက ညိုမာသန့်။ မြန်မာဆန်ဆန်ပဲဝတ်ဖြစ်မှာပါ။ အရောင်ကတော့ ပိုးထည်က အပ်ထားတုန်းပဲ။ မထွက်လာသေးဘူး။ သိပ်အရောင်တောက်တာ မဝတ်ချင်ဘူး။ ယဉ်ယဉ်လေးပဲ လုပ်ပေးပါလို့ ပြောထားတယ်။ အစ်မ သမီးကို ခေါ်လာဖြစ်မှာမဟုတ်ဘူး။ သမီးက ကျောင်းရှိတယ်ဆိုတော့။


**နဝရတ်**



အစ်မက မိတ်ကပ်တိုးတိုးနဲ့ ချုပ်မှာပါ။ ဒီဇိုင်းက အခုချိန်ထိ မပြောတတ်သေးဘူး။ နီးမှပြောမယ်။ အစ်မကကြိုက်တဲ့အရောင် ရယ်တော့မရှိပါဘူး။ ပိန်စေတဲ့ အရောင်ကိုကြိုက်တယ်။ ပိတ်စကို ဘန်ကောက်ပဲ မှာတာ။ မြန်မာဝတ်စုံဆိုတော့ သူတို့စိတ်ကြိုက်ပဲ ပြောလိုက်တယ်။ အရမ်းကြီးထွင်လို့မရဘူးလေ။

**ဟိန်းဝေယံ**

လည်ကတုံးနဲ့ တိုက်ပုံပဲ။ ထွေထွေထူးထူးတော့မရှိပါဘူး။ စပွန်ဆာပေးထားတဲ့ တိုက်ကတော့ရှိတယ်။ လောလောဆယ် မစဉ်းစားရသေးဘူး။ ဒီဇိုင်းကို မစဉ်းစားရသေးဘူး။ အဖြူနဲ့အနီ ကာလာနှစ်ခုကိုကြိုက်တယ်။



## အနုပညာ သတင်းတိုများ

ကြူကြူဟန်

■ နေနေ၏ ပထမဆုံး တစ်ကိုယ်တော်တေးစီးရီးဖြစ်သည့် "ဆူးစူးသူ" တိပ်၊ စီဒီကို ဇန်နဝါရီ ၁၅ ရက်တွင် စန္ဒာတေးထုတ်လုပ်ရေးမှ ဖြန့်ချိမည်ဖြစ်သည်။ ရွှေဂျော်ဂျော်၊ အငဲ၊ ဩရသ၊ နေထိုက်စိုး၊ D ထက်၊ ကနဲ၊ လင်းမြိုင်၊ နေနေတို့က တေးသီချင်းများကို ရေးသားထားသည်။

■ မာန်ထက်ချီရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာဒေါနရိုက်ကူးသည့် "အချစ်ကွိုင်" ရုပ်ရှင်ကားကို ဇန်နဝါရီလ ၂၇ ရက်တွင် ရုံတင်ပြသမည်ဖြစ်သည်။ ထိုဇာတ်ကားတွင် ဟိန်းဝေယံ၊ ရန်အောင်၊ ကျော်ရဲအောင်၊ အိန္ဒြာကျော်ဇင်၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ အရိုင်း၊ မျိုးမျိုးခိုင် စသည့် အနုပညာရှင်များပါဝင်သရုပ်ဆောင်ထားသည်။ မြမြင့်မိုရ်က ဇာတ်ညွှန်းရေးဖွဲ့ထားသည်။

## စာ – ၄၇၊ ဖွေးဖွေးနှင့်တွေ့ဆုံခြင်းမှ

ကိုယ့်အချိန်ပေးပြီး လုပ်ပေးတာဆိုတော့။

**ဖေ့စ်ဘွတ်ခ်မှာ Fanpage စလုပ်ဖြစ်တာဘယ်ကလဲ။ ကိုယ်တိုင်ပဲ လုပ်ဖြစ်တာလား။**

လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က အမေရိကမှာ ကျောင်းတက်နေတဲ့ အမ်မလီက စပြီး လုပ်ပေးတာ။ ပြီးမှ အစ်မဝမ်းကွဲကတစ်ဆင့် သူနဲ့ သိသွားတာ။ သူနဲ့က အပြင်မှာ မမြင်ဖူးကြဘူး။ သူစလုပ်ပေးပြီးမှ အက်ဒမင်ထဲမှာ ဖွေး ဝင်လိုက်တယ်။

**ကော်မန့်တွေ အမြဲတမ်းကြည့်တယ်ဆိုတော့ တစ်ခါတလေ ကိုယ့်ကို ဝေဖန်ကဲ့ရဲ့ရေးထားတာတွေ တွေ့ရင် ဘယ်လိုဖြစ်မိလဲ။**

ကောင်းတဲ့ဘက်ကနေပြီး ကောင်းစေချင်လို့ဝေဖန်ကြတာများပါတယ်။ ကိုယ့်ကိုထိခိုက်စေလိုတဲ့ သဘောနဲ့ ရေးတာတော့ တော်တော်ရှားပါတယ်။ အခုထိဆိုရင် ၃ ယောက်လောက်ပဲ ရှိသေးတယ်။ သူတို့ဆိုရင်တော့ ban (ပိတ်ပင်တားမြစ်) လိုက်တယ်။ သူတို့ကို စိတ်တော့မတိုဘူး။ ကိုယ့်ကိုချစ်တဲ့သူတွေကိုပဲ စိတ်ထဲထည့်ထားလိုက်တယ်။

**ပရိသတ် လေးသောင်းကျော်တဲ့ အထိရှိသွားပြီဆိုတော့ ဘယ်လိုခံစားရလဲ။**

ပျော်တာပေါ့။ အရမ်းပျော်တယ်။ ပရိသတ် တစ်သောင်းကျော်လာတဲ့ အချိန်မှာ စသတိထားမိတယ်။ ဒီစာမျက်နှာက အမ်မလီ စလုပ်ပေးတာဆိုတော့ တခြား ဖွေးဖွေးအတု(စာမျက်နှာ)တွေလည်း ရှိတယ်။ အမ်မလီက Fan page လုပ်ပေးတော့ရေးထားတယ်။ သူဖွေးဖွေးအစစ် မဟုတ်ဘူး။ ပရိသတ်အနေနဲ့ပဲ လုပ်ပေးထားတာပါလို့ ပြောထားတယ်။ ရိုးသားတယ်လို့မြင်တယ်။ အဲဒါနဲ့ သူ့ကိုဆက်သွယ်ပြီး ကိုယ်ပါ Ad-min တစ်ယောက်အနေနဲ့ပါလိုက်တာပါ။

**ဂျပန်ခရီးစဉ်မှာ ဆံပင်တုတွေဝယ်ဖြစ်ခဲ့တယ်ကြားတယ်။ ဘယ်နှခုဝယ်ခဲ့လဲ။**

ဟုတ်တယ်။ နှစ်ခု၊ သုံးခုလောက်ပါပဲ။ အခုဆံပင်အရှည်မနည်းပြန်ထားနေရတယ်။ ဝယ်လာတာကတော့ ကားရိုက်အတွက်ပေါ့။ လူတိုင်းက ဒီလိုဆံပင်တိုနဲ့ မကြိုက်ကြဘူးလေ။ အရှည်ကြိုက်တာများတယ်။ ဖွေးကိုယ်တိုင်က ဆံပင်တို စစည်ပ်ချင်းတုန်းကတော့ကြိုက်တယ်။ အခုတော့ ပြန်ရှည်ချင်နေတယ်။

**ဖေ့စ်ဘွတ်ခ်ပရိသတ်တွေ အပြောများတဲ့ ဖွေးဖွေးရဲ့ ဇာတ်ကားတွေက ဘာတွေဖြစ်မလဲ။**

ကိုဝိုင်းရိုက်တဲ့ "မျက်ရည်အဘိဓာန်" ရယ်၊ ဦးမျိုးမင်းရိုက်တဲ့ "အငြိုတစ်ချက်ကြောင့် အသက်ပါသွားတယ်" ပြီးတော့ ဟာသကား "ဟန်ဆောင်ကာမူပို" ကိုအပြောများကြတယ်။

**အရင်က သီချင်းဆိုဖို့ လုပ်နေတယ်လို့ ပြောခဲ့ဖူးတယ်နော်။ အခု သရုပ်ဆောင်လိုင်းဘက်ကိုပိုအာရုံစိုက်နေတယ်လို့ပြောလို့ ရမလား။**

သရုပ်ဆောင်လမ်းကြောင်း ပေါ်စရောက်သွားတဲ့ အချိန်မှာ လိုင်းချော်သွားမှာစိုးလို့။ တစ်ခုတည်းကိုသေသေချာချာလေးလုပ်ချင်လို့ပါ။

**ပြေတီဦးဖောင်ဒေးရှင်းမှာ LMFAO ရဲ့ သီချင်းနဲ့ကတာကို ပရိသတ်တွေသတိထားမိတယ်နော်။**

ဟုတ်တယ်။ ဒါရိုက်တာကို ကချင်တယ်ပြောပြီး အကဆရာနဲ့ တိုင်ပင်ပြီး ကဖြစ်သွားတာ။ Shuffle အကပေါ့။

**ကားရိုက်တဲ့အခါမှာ ဘယ်လိုမျိုးဇာတ်ကားတွေရွေးလဲ။ ခုနောက်ပိုင်း သေချာစစ်ပြီး လက်ခံတယ်ကြားတယ်။**

အတတ်နိုင်ဆုံး ဇာတ်ကိုအရမ်းရွေးတယ်။ ထွက်တဲ့ကားတိုင်းကို ပရိသတ်မှတ်မိစေချင်တယ်။ ကားနာမည်နဲ့ ဇာတ်လမ်းလေးနဲ့ သေချာ မှတ်မိစေချင်တယ်။ ဒါပေမဲ့ ရွေးပြီးရိုက်နေတဲ့ကြားက အမှားအယွင်းဖြစ်သွားတဲ့ ကားတွေလည်းရှိတယ်။

**တကယ်လို့သာ သရုပ်ဆောင်တစ်ယောက်မဖြစ်ခဲ့ဖူးဆိုရင် ဖွေး အခုဘာဖြစ်နေလောက်ပြီလဲ။**

ဗြူတီးဆလွန်းဖွင့်နေလောက်ပြီ။ Hair & Make up ကိုဝါသနာပါတယ်။

**လောလောဆယ် အကြိုက်တွေ့နေတဲ့ သီချင်းဆိုရင်။**

အခုလောလောဆယ် နားထောင်နေတာတော့ LMFAO ပေါ့။ အခုနောက်ပိုင်း အဆွေးသီချင်းသိပ်နားမထောင်ဖြစ်ဘူး။ ကိုယ့်ကို Modivate လုပ်တဲ့သီချင်းမျိုးပဲ နားထောင်ဖြစ်တယ်။ ပြီးတော့ Pink နားထောင်တယ်။ Lonely Island နားထောင်တယ်။


## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Devil Inside | Paramount Pic. | ၃၃,၇၃၂,၅၁၅ | ၁ |
| ၂။ | Mission Impossible-Ghost Protocol | Paramount Pic. | ၁၆၉,၅၆၈,၉၇၁ | ၂ |
| ၃။ | Sherlock Holmes: A Game of Shadows | Warner Bros Pic. | ၁၅၇,၀၄၉,၃၈၂ | ၂ |
| ၄။ | The Girl with the Dragon Tattoo | Sony Pic. Releasing | ၇၆,၉၀၀,၆၂၈ | ၂ |
| ၅။ | Alvin and the Chipmunks: Chipwrecked! | N/A | ၁၁၁,၅၈၅,၃၆၇ | ၂ |
| ၆။ | War Horse | Walt Disney | ၅၆,၉၀၄,၆၈၂ | ၂ |
| ၇။ | We Bought a Zoo | 20th Century Fox | ၅၆,၃၉၉,၉၀၆ | ၂ |
| ၈။ | The Adventures of Tintin | Paramount Pic. | ၆၂,၀၀၈,၀၁၅ | ၂ |
| ၉။ | Tinker, Tailor, Soldier, Spy | Focus Features | ၁၀,၁၂၉,၆၇၀ | ၂ |
| ၁၀။ | The Darkest Hour | Summit Entertainment, LLC | ၁၈,၆၉၀,၆၀၅ | ၂ |

## Movie Review

### One for the Money




နယူးဂျာဆီမြို့တွင် မွေးဖွားကြီးပြင်းခဲ့သည့် စတက်ဖနီမှာ မှန်ရာ လုပ်ရမှာကို ကြောက်ရွံ့နေတတ်သူမျိုးမဟုတ်။ သို့သော် အလုပ်ပြုတ်နေတာ ခြောက်လလောက် ကြာလာသောအခါ စတက်ဖနီတစ်ယောက် အသည်းအသန်ငွေလိုလာပြီး သူမ၏ တစ်ဝမ်းကွဲအစ်ကို၏ အကြွေးပြန်သိမ်းဆည်းသည့် ကုမ္ပဏီတွင် အလုပ်ဝင်လုပ်ရသည်။ စတက်ဖနီ အကြွေးပြန်သိမ်းရမည့်သူမှာ စတက်ဖနီနှင့် ကျောင်းတော်က ရန်စရှိခဲ့ဖူးသူလည်းဖြစ်ရာ အကြွေးလည်းပြန်ရ၊ လက်စားလည်းချေရမည့် အလုပ်ကို စတက်ဖနီတစ်ယောက် ခံတွင်းတွေ့နေသည်။ ခပ်ချောချောလုပ်ဖော်ကိုင်ဖက်တစ်ဦးထံမှ အကြွေးသိမ်းဆည်းသည့်အလုပ်အကြောင်း သင်ယူရင်း ကျောင်းတော်က ရန်စရှိသူ ဂျိုးကိုရှာဖွေပြီး အကြွေးပြန်သိမ်းရန်ကြိုးစားရာ ယင်းအလုပ်မှာ သူမ ထင်သလို မရိုးရှင်းကြောင်းသိရှိလာပြီး. . . ။

မင်းသမီးချော Katherine Heigl၊ Jason O'mara၊ Daniel Sunjata တို့ဦးဆောင်ပါဝင်ထားသောဇာတ်ကားကို Julie Anne Robison က ရိုက်ကူးထားပြီး ဇန်နဝါရီ ၂၇ ရက်တွင်ဖြန့်ချိမည်။

# Sports

7DAY NEWS JOURNAL

Vol.10, No.44 • JANUARY 19, 2012


## ဂျာမန်လိဂ် ဥက္ကဋ္ဌ မြန်မာနိုင်ငံလာမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ- ၁၄**

ဂျာမနီဘွန်ဒက်စ်လီဂါပြိုင်ပွဲ လိဂ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ရိုင်းဟတ်ရောဘော (Dr. Reinhard Rauball) သည် လာမည့်ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဖေဖော်ဝါရီလ ၂ ရက်မှာ ဘွန်ဒက်စ်လီဂါဥက္ကဋ္ဌမြန်မာနိုင်ငံကို လာရောက်ဖို့ရှိပါတယ်။ ဂျာမနီက ဘွန်ဒက်စ်လီဂါဘောလုံးပွဲစဉ်တွေကို မြန်မာနိုင်ငံက စိတ်ဝင်စားမှုပိုရှိလာအောင်ပရိုမိုးရှင်းလုပ်တဲ့သဘောနဲ့ လာရောက်ဖို့ ကမ်းလှမ်းတဲ့အတွက် လက်ခံခဲ့တာပါ။ မီဒီယာတွေနဲ့ တွေ့ဆုံရှင်းလင်းပွဲတစ်ခုလည်း ပြုလုပ်သွားဖို့ရှိပါတယ်"ဟု ဂျာမနီဘွန်ဒက်စ်လီဂါပြိုင်ပွဲများကိုတိုက်ရိုက်ထုတ်လွှင့်ပြသခွင့်ဝယ်ယူရရှိထားသော ရွှေသံလွင်မီဒီယာ၏ ရုပ်သံလိုင်းတစ်ခုဖြစ်သည့် Sky Net ရုပ်သံလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၎င်းသည် ဖေဖော်ဝါရီလ ၁ ရက်တွင် ထိုင်းနိုင်ငံသို့လာရောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ဖေဖော်ဝါရီလ ၂ရက်တွင်တစ်ဆက်တည်းဝင်ရောက်ရန်စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ရွှေသံလွင်မီဒီယာသည်လာမည့် ဇွန်လအတွင်း ကျင်းပပြုလုပ်မည့် ယူရို-၂၀၁၂ ဘောလုံးပြိုင်ပွဲကို ရုပ်သံမူပိုင်ခွင့်ရယူထားပြီး မြန်မာနိုင်ငံတွင် ၎င်းတို့ပိုင် အခပေးရုပ်သံလိုင်းများဖြစ်သည့် Sky Net Sports Channel 1, 2 တို့တွင် ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



## ပဏာမလူငယ်ဘောလုံးအသင်း ကိုရီးယားနည်းပြနှင့် ဘ ူနိုင်းဘုရင့်ဖလားပြိုင်ပွဲဝင်ရန် ပြင်ဆင်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲအတွက် ပဏာမမြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းစာရင်း ထွက်ပေါ်လာခဲ့ရာ ပြီးခဲ့သည့် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတတိယဆုရအသင်းမှကစားသမားအများစုပါဝင်လာရှိကြောင်း သတင်းရရှိသည်။

လာမည့်ဖေဖော်ဝါရီလ ၂၅ ရက်မှ မတ်လ ၅ရက်အထိ ဘရူးနိုင်ငံတွင် ကျင်းပမည့် အဆိုပါပြိုင်ပွဲအတွက် ပဏာမလူစာရင်း ၂၅ ဦးအားဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့ရာ ဆီးဂိမ်းကြေးဆုရ ယူ-၂၃အသင်းမှ ကစားသမား ရှစ်ဦးပြန်လည်ပါဝင်လာသည်။

ကျန်ကစားသမားများမှာ ပြီးခဲ့သည့် BIDC Cup ချန်ပီယံ မြန်မာယူ-၂၁ အသင်းအားအခြေခံထားခြင်းဖြစ်ပြီး ၎င်းအသင်းအား ကိုရီးယားနည်းပြပတ်ဆောင်ဟွာက နည်းပြချုပ်အဖြစ် တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က အဆိုပါအသင်းအား ဆွီဒင်လူမျိုးစတီဗင်ဟန်ဆန်အား ကိုင်တွယ်စေမည်ဟုသတင်းများထွက်ပေါ်ခဲ့သော်လည်း ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် နည်းပြချုပ်တာဝန်ယူမည့် ကိုရီးယားနည်းပြဆရာအား အသင်းနှင့်အသားကျစေရန် ကိုင်တွယ်စေခြင်းဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သို့သော် စတီဖင်ဟန်ဆန် အနေဖြင့်နည်းစနစ်ဒါရိုက်တာအဖြစ် တာဝန်ယူသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲသည် မစ္စတာပတ်ဆောင်ဟွာအတွက်မြန်မာအသင်းအား တာဝန်ယူကိုင်တွယ်ရသည့် ပထမဆုံးနိုင်ငံတကာပြိုင်ပွဲတစ်ရပ်ဖြစ်လာမည် ဖြစ်သည်။ ဘရူနိုင်းဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို အသက် ၂၁နှစ်အောက်ပြိုင်ပွဲအဖြစ် အစဉ်အဆက်ကျင်းပခဲ့သော်လည်း ယခုနှစ်ပြိုင်ပွဲတွင်မူ ပြိုင်ပွဲဝင်အသင်းများ၌ အသက် ၂၁ နှစ်အထက် စီနီယာကစားသမားငါးဦးစီ ထည့်သွင်းကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ပြိုင်ပွဲ၌ ဗိုလ်စွဲမည့်အသင်းအားကန်ဒေါ်လာ၁၅,၅၀၀၊ဒုတိယအသင်းအားကန်ဒေါ်လာ ၇,၇၀၀ နှင့်တတိယအသင်းအားကန်ဒေါ်လာ၃,၈၀၀ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

စာ(၅၁)သို့

## ဆက်ဆံရေးအရာရှိနှင့် လုပ်အားပေးလူငယ် လျှောက်လွှာလက်ခံရက် တစ်ပတ်နောက်ဆုတ်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ - ၁၄**

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ဆက်ဆံရေးအရာရှိနှင့် လုပ်အားပေးလူငယ်အရာရှိ ခန့်အပ်ရန် လျှောက်လွှာ နောက်ဆုံးလက်ခံရက်အား မူလ သတ်မှတ်ထားသည့် နောက်ဆုံးရက်ထက် တစ်ပတ် တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။

ပထမအကြိမ် ခေါ်ယူသည့် ယင်းသင်တန်းလျှောက်လွှာ နောက်ဆုံးရက်အား မူလက ဇန်နဝါရီ ၁၆ ရက် သတ်မှတ်ထားခဲ့သော်လည်း လျှောက်လွှာအရေအတွက် ပိုမိုရရှိစေရန်ရည်ရွယ်၍ တစ်ပတ်နောက်ဆုတ်ခြင်းဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးနော်တောင်ကပြောကြားသည်။

"ခုချိန်ထိတော့ လျှောက်လွှာအရေအတွက် စုစုပေါင်းသုံးရာကျော်လောက် ရရှိထားပါတယ်။ ရန်ကုန်က အများဆုံးနဲ့ ဒုတိယအများဆုံးက မန္တလေးပါ။ အင်္ဂလိပ်စကားပြောကျွမ်းကျင်ပြီး ထူးချွန်ထက်မြက်ဉာဏ်ရည်မြင့်မားတဲ့လူငယ်တွေ အဓိက ရရှိဖို့အတွက်ရည်ရွယ်လိုလားပါတယ်"ဟု ဦးနော်တောင်ကဆိုသည်။

စာ(၅၁)သို့







# ကျောင်းပေါင်းစုံ အလွတ်တန်း ခရစ်ကက်ပြိုင်ပွဲ ပစ္စည်းအစစ်များ စတင်အသုံးပြုမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

ယခုနှစ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အလွတ်တန်းခရစ်ကက်ပြိုင်ပွဲတွင် ပြိုင်ပွဲအစအဆုံးခရစ်ကတ်အားကစားပစ္စည်းအစစ်များဖြင့် ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၀၆ ခုနှစ်မှစတင်ကျင်းပခဲ့သည့် ပြည်တွင်းခရစ်ကက်ပြိုင်ပွဲများတွင် ကွင်းအခက်အခဲကြောင့် ကျောင်းကွင်းများတွင်သာ ကျင်းပခဲ့ရပြီး ဗိုလ်လုပွဲစဉ်မှလွဲ၍ ကျန်ပွဲစဉ်များ၌ ပလတ်စတစ်အားကစားပစ္စည်းများဖြင့်သာ ပြိုင်ပွဲဝင်ကစားသမားများအသုံးပြုခဲ့ရကြောင်း သိရသည်။

ဒဂုံမြို့သစ်မြောက်ပိုင်းတွင် ၂၀၁၀ ပြည့်နှစ်မှစတင်ဆောက်လုပ်ခဲ့သည့် ပင်လုံခရစ်ကတ်ကွင်းမှာ အောက်ခြေကွင်းမျက်နှာပြင်မြက်ခင်းအနေအထားပြီးစီးနေပြီဖြစ်သည့်အတွက် ဇန်နဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိကျင်းပမည့် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အလွတ်တန်းခရစ်ကက်ပြိုင်ပွဲအား အဆိုပါကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရစ်ကတ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ကစားသမားဝတ်စုံအစစ်၊ လက်ကိုင်တုတ်အစစ်၊ ဘောလုံးကအစ ခရစ်ကက်ဘောလုံးအစစ်နဲ့ ပြိုင်ပွဲအစအဆုံးကျင်းပသွားမှာပါ။ အရင်ပြိုင်ပွဲတွေတုန်းက ကွင်းအခက်အခဲရှိတဲ့အတွက် ဗိုလ်လုပွဲစဉ်တစ်ပွဲလောက်ပဲ ပစ္စည်းအစစ်တွေနဲ့ ယှဉ်ပြိုင်ရပြီး ကျန်ပွဲစဉ်တွေက ပလတ်စတစ်ပစ္စည်းတွေနဲ့ ကစားရတာပါ။ ခုပင်လုံကွင်းကနိုင်ငံတကာပုံစံအတိုင်းပြုလုပ်ထားတာဖြစ်တဲ့အတွက် ကလေးတွေကို နိုင်ငံတကာပွဲအတိုင်း အောက်ခြေကစပြီး ပစ္စည်းအစစ်တွေနဲ့ လေ့ကျင့်ယှဉ်ပြိုင်စေတာပါ”ဟု အထက်ပါတာဝန်ရှိသူက ပြောသည်။

၎င်းပြိုင်ပွဲအား အမှတ်ပေးပြိုင်ပွဲပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး ဆုရရှိသည့် အသင်းများအား ဆုကြေးများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## စာ(၅၀) - ဆက်သွယ်ရေးအရာရှိနှင့် လုပ်အားပေးလူငယ် လျှောက်လွှာလက်ခံရက် တစ်ပတ်နောက်ဆုတ် မှ

လျှောက်လွှာ လက်ခံသတ်မှတ်ရက်အား တစ်ပတ် တိုးမြှင့်သတ်မှတ်လိုက်သော်လည်း အခြားသတ်မှတ်ချက်များမှာမူ မူလထုတ်ပြန်ထားသည့် အတိုင်း မပြောင်းလဲကြောင်းသတင်းရရှိသည်။ ယင်းသင်တန်းသို့လျှောက်ထားလိုသူသည် ကိုယ်ပိုင် ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် အတူ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၅၊ ၂၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည့် သတ်မှတ်ချက်များအတိုင်း လူကိုယ်တိုင် (သို့မဟုတ်) အမြန်ချောပို့ဖြင့်ဖြစ်စေ နေပြည်တော်အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး၊ ရုံးအမှတ် ၃၁ သို့ပေးပို့ရမည်ဖြစ်သည်။

ယင်းသင်တန်းကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလအတွက် ခရီးစရိတ် (သွား/ပြန်)၊ နေ့စဉ် စားစရိတ်၊ ဝတ်စုံစရိတ်၊ နေရာထိုင်ခင်းနှင့် သင့်တော်သော ထောက်ပံ့ကြေးများရရှိမည်ဖြစ်သည်။

## စာ(၅၀) - ပဏာမလူငယ်ဘောလုံးအသင်း ကိုရီးယားနည်းပြနှင့် ဘူနိုင်းဘုရင့်ဖလားပြိုင်ပွဲဝင်ရန် ပြင်ဆင် မှ

ပဏာမမြန်မာ့လက်ရွေးစင်လူငယ်အသင်းတွင် ဂိုး-ပြည့်ဖြိုးအောင်၊ ကျော်ဇင်ထက်၊ မျိုးမင်းလတ်၊ နောက်တန်း-ရန်အောင်ဝင်း၊ ဇော်မင်းထွန်း၊ ညီညီအောင်၊ ရဲဇော်ထက်အောင်၊ ဟိန်းသီဟဇော်၊ ရဲဝင်းအောင်၊ နိုင်လင်းဦး၊ အလယ်တန်း-ကြည်လင်း၊ဒေးဗစ်ထန်၊ နေလင်းထွန်း၊ ဇော်လင်း၊ ပြည့်ဖြိုးဦး၊ သက်နိုင်၊ ကျော်ဇေယျာဝင်း၊ သိန်းသန်းဝင်း၊ နန္ဒကျော်၊ ကျော်ဇေယျ၊ အောင်သက်ပိုင်၊ ရှေ့တန်း- ကျော်ကိုကို၊ မိုင်းအိုက်နိုင်၊ ကောင်းစည်သူ၊ သီဟဇော်တို့ပါဝင်သည်။

# ိုးရာခြင်းလုံးအားကစားနည်း အာဆီယံ ထောက်ခံမှုရရှိရန် ကြိုးပမ်း

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**



၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ၌ ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို စိတ်ဝင်စားထောက်ခံမှုရရှိရန်အတွက် ဒေသတွင်းနိုင်ငံများသို့ စည်းရုံးရေးသရုပ်ပြသွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် နိုင်ငံတကာနှင့် လိုက်လျောညီထွေဖြစ်စေမည့် အပြည်ပြည်ဆိုင်ရာခြင်းလုံးခတ်ဥပဒေစာအုပ်ကိုလည်းအင်္ဂလိပ်/မြန်မာ နှစ်ဘာသာဖြင့် ရေးဆွဲပြီးဖြစ်၍ ကစားနည်းသာမက ဥပဒေစည်းမျဉ်းစည်းကမ်းများပါ သွားရောက် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲအောင်က ပြောသည်။

“သရုပ်ပြအဖွဲ့မှာ အမျိုးသားခြင်းလုံးကစားသမားရှစ်ဦးနဲ့အခြား တာဝန်ရှိဒိုင်တွေအပါအဝင် အာဆီယံနိုင်ငံတွေကိုသွားရောက်မှာပါ။ မြန်မာပြည်မှာနောက်ထပ်ဖွင့်လှစ်မယ့် အပြည်ပြည်ဆိုင်ရာဒိုင်သင်တန်းကိုလည်းလာရောက်တက်ရောက်ဖို့ ဖိတ်ခေါ်ခဲ့မှာပါ”ဟု ဦးရဲအောင်က ပြောသည်။

ဆီးဂိမ်းပြိုင်ပွဲ၌ အားကစားနည်းတစ်မျိုးအား ထည့်သွင်းကျင်းပခွင့်ရရှိရန်အတွက် အနည်းဆုံးပြိုင်ပွဲဝင်ငါးနိုင်ငံမှ ထောက်ခံရန်လိုအပ်ပြီး အိမ်ရှင်အပြင် အနည်းဆုံးသုံးနိုင်ငံပါဝင်ယှဉ်ပြိုင်ရန် လိုအပ်ကြောင်း သိရသည်။

နောက်ပိုင်းကျင်းပသောဆီးဂိမ်းပြိုင်ပွဲများတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသော နိုင်ငံများသည် ၎င်းတို့နိုင်ငံအတွက် ဆုတံဆိပ်များရရှိရန် အလားအလာကောင်းသော အားကစားနည်းများထည့်သွင်းခြင်း၊ ဆုတံဆိပ်ရရန် အလားအလာနည်းသော အားကစားနည်းများ ဖြုတ်ပယ်ခြင်းများ ပြုလုပ်လေ့ရှိသည်။

၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင်လည်း အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၎င်းတို့၏ ရိုးရာအားကစားနည်းအများစု ထည့်သွင်းကျင်းပခဲ့သည်။ ၂၀၁၃ အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့်လည်း ယခုအချိန်ထိ ရိုးရာခြင်းလုံးအားကစားနည်းတစ်ခုသာ အတည်ပြုနိုင်သေးသော်လည်း အခြားရိုးရာအားကစားနည်းအချို့ကိုလည်း ထည့်သွင်းကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

“မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို လာမယ့်ဆီးဂိမ်းမှာ ထည့်သွင်းကျင်းပရတဲ့ အဓိကရည်ရွယ်ချက်က အိမ်ရှင်အားသာချက်နဲ့ ဆုတံဆိပ်တွေရဖို့အတွက် မဟုတ်ပါဘူး။ အဓိကရည်ရွယ်ချက်က နိုင်ငံတကာကိုထိုးဖောက်ချင်တာပါ။ အရှေ့တောင်အာရှကနေ အာရှအဆင့်အထိဆက်လက်ထိုးဖောက်နိုင်ဖို့ စီစဉ်သွားမှာပါ”ဟု ဦးရဲအောင်က ဆိုသည်။

ယခုနှစ် နှစ်လယ်ပိုင်းခန့်တွင် သွားရောက်မည့် ၎င်းသရုပ်ပြခရီးစဉ်အတွင်း အရှေ့တောင်အာရှ/အာရှခြင်းလုံးအဖွဲ့ချုပ်ဖွဲ့စည်းနိုင်ရေးအတွက်ပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ၌ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းပြိုင်ပွဲ အမျိုးအစား (အမျိုးသား)ဆယ်မျိုးနှင့် (အမျိုးသမီး)ငါးမျိုးထည့်သွင်းကျင်းပရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

KMD Computer Centre
NETWORK ENGINEERING
Duration : 230 Hours
ကွန်ပျူတာတစ်လုံးကို ပြုပြင်ထိန်းသိမ်းခြင်း၊ Network ချိတ်ဆက်အသုံးပြုခြင်း တို့ကို လက်တွေ့လုပ်ငန်းခွင်ဝင်နိုင်ရန်နှင့် Microsoft Exam ဖြေဆိုလိုသူများအတွက် စာတွေ့လက်တွေ့နှစ်တကျ သင်ကြားပေးပါမည်။
Quality Management System ISO 9001:2008 certified
သင်တန်းဖွင့်မည့်ရက် – 23-Jan-2012(Mon - Fri) 12:20pm-3:00pm
အမှတ်-(၁၇၄-၁၈၂)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၈၀၀၀၅/ ၃၈၀၇၇၆/ ၃၉၁၂၂၆

နှိုးဆော်ဖိတ်ကြားခြင်း

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပန်းတောင်းမြို့နယ် ထုံးဘိုမြို့ အထကကျောင်းတော်ကြီး၏ (၁၄) ကြိမ်မြောက် အာစရိယပူဇော်ပွဲအား (၅-၂-၂၀၁၂)နေ့တွင် ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား အတူတကွ လာရောက်ပူဇော်ကန်တော့နိုင်ကြပါရန် အလေးအမြတ်ထား၍ ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့
ထုံးဘိုမြို့။

ဆက်သွယ်စုံစမ်းရန်
ဦးသန်းဝင်း(ရန်ကုန်) ၀၉-၅၃၁၁၀၆၆၊ ဦးကျော်မင်း(ရန်ကုန်) ၀၉-၇၃၀၉၁၆၈၆၊
ဦးအောင်မင်းထွန်း(ရန်ကုန်) ၀၉-၄၃၀၇၀၈၃၇၊ ဦးဇော်ကြီး(ထုံးဘို) ၀၉-၈၆၈၀၁၁၃၊
ဦးဗညားမောင်(ထုံးဘို) ၀၉-၄၉၅၁၂၁၂၉၊ ဦးမြင့်ဇော်(ထုံးဘို) ၀၉-၄၉၅၀၀၉၈၁၊
ဦးအောင်ကျော်ဦး(ပြည်) ၀၉-၅၃၁၀၉၄၄၊ ဦးကျော်ဆွေ(ပြည်) ၀၅၃-၂၄၀၈၈

TRADEMARK CAUTION
KOSÉ Corporation a company incorporated in Japan at 6-2, Nihonbashi 3-chome, Chuo-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademark:-
白澄
SHIROSUMI
Reg: No.4/ 8307/2008
In respect of : "Cosmetics, Perfumes, Cosmetic soaps, Cotton for cosmetic use and Hair care preparations."
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 19.Jan.2012

7 DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012

# မန်စီးတီး-စပါး၊ အာဆင်နယ်-မန်ယူတို့ ထိပ်တိုက်တွေ့မယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၂၂)ပွဲကြိုခန့်မှန်းချက်

ကိုအေးမြတ်

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၂၂)ကတော့ ထိပ်ဆုံးနေရာ အပြောင်းအလဲမရှိနိုင်ပေမယ့် လန်ဒန်နှစ်သင်းဖြစ်တဲ့ စပါး၊ အာဆင်နယ်တို့နဲ့ မန်ချက်စတာနှစ်သင်းဖြစ်တဲ့ မန်ယူ၊ မန်စီးတီးတို့ရဲ့ တွေ့ဆုံမှုတွေ ပါဝင်နေပါတယ်။ ဒါကြောင့် အဆိုပါအသင်းတွေရဲ့ တနင်္ဂနွေနှစ်ပွဲကတော့ ဒီတစ်ပတ်ရဲ့ အကောင်းဆုံးပွဲတွေဖြစ်လာမှာပါ။

**ဇန်နဝါရီ ၂၁၊ စနေနေ့။**

**ည ၇း၁၅ နာရီ**

**နော်ဝစ်ချ်-ချယ်လ်ဆီး**

**ပထမအကျော့ရလဒ် ၁-၃**

နော်ဝစ်ချ်တို့ အိမ်ကွင်းဆိုပေမယ့် ခက်ခဲမယ့်ပွဲဖြစ်ပါတယ်။ ဒါပေမဲ့ အိမ်ကွင်း ၁၀ ပွဲမှာ ရှုံးပွဲ သုံးပွဲပဲရှိထားတဲ့ နော်ဝစ်ချ်ကို ချယ်လ်ဆီးတို့ ဂိုးနည်းနည်းနဲ့ပဲ နိုင်မှာပါ။

**ည ၉း၃၀ နာရီ**

**အဲဗာတန်-ဘလက်ဘန်း**

**ပထမအကျော့ရလဒ် ၁-၀**

ပထမအကျော့တုန်းက ရလဒ်အတိုင်းဖြစ်ဖို့များတဲ့ပွဲပါပဲ။ ဒါပေမဲ့ အဲဗာတန် အိမ်ကွင်းရှုံးပွဲများထားတာမို့ ဇယားအောက်ခြေက ဘလက်ဘန်းတို့ အမြင့်ဆုံးသရေမှန်းနိုင်ပါတယ်။ အဲဗာတန် နိုင်ရင် ကပ်နိုင်ဖို့ပဲရှိတယ်။

**ဖူလ်ဟမ်-နယူးကာဆယ်**

**ပထမအကျော့ရလဒ် ၁-၂**

ဖူလ်ဟမ်တို့ ဒီနောက်ပိုင်း သရေပွဲနဲ့ နိုင်ပွဲဆက်နေတာမို့ အိမ်ကွင်းမှာ အနိမ့်ဆုံး သရေရဖို့မှန်းမှာပါ။ နယူးကာဆယ်ကလည်း အဝေးကွင်းရလဒ်ကောင်းတဲ့အသင်းမို့ ပထမအကျော့ရလဒ်အတိုင်း ကပ်နိုင်သွားဖွယ်ရှိပါတယ်။

**ကျူပီအာ-ဝီဂန်**

**ပထမအကျော့ရလဒ် ၀-၂**

ဒီနှစ် ပရီးမီးယားလိဂ်ရဲ့ အိမ်ကွင်းနိုင်ပွဲအနည်းဆုံးအသင်းတွေထဲမှာ ကျူပီအာပါဝင်နေပါတယ်။ ဝီဂန်ကလည်း ဇယားအောက်ခြေက အသင်းမို့ အဝေးကွင်းနိုင်ပွဲရဖို့မလွယ်ပါဘူး။ သရေဖြစ်နိုင်သလို အိမ်ရှင် ကျူပီအာကပ်နိုင်ခြေလည်းရှိပါတယ်။



**ည ၉း၃၀ နာရီ**

**ဝုလ်-ဗီလာ**

**ပထမအကျော့ရလဒ် ၀-၀**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ သုံးကြိမ်သရေကျထားပြီး တစ်ကြိမ်စီ အပြန်အလှန်နိုင်ထားတယ်။ ဧည့်သည် ဗီလာအတွက် မထင်မှတ်ဘဲ ခက်ခဲနိုင်ပါတယ်။ သရေ(သို့မဟုတ်)ဗီလာ တစ်ဂိုးလောက်နဲ့ ကပ်နိုင်မှာပါ။

**ဇန်နဝါရီ ၂၂၊ တနင်္ဂနွေနေ့။**

**နံနက် ၀၀း၀၀ နာရီ**

**ဘော်လ်တန်-လီဗာပူး**

**ပထမအကျော့ရလဒ် ၁-၃**

လီဗာပူးအတွက် အခက်အခဲမရှိတဲ့ပွဲပါ။ ဘော်လ်တန်ဟာ ဒီရာသီ အိမ်ကွင်းနိုင်ပွဲအနည်းဆုံးအသင်းတွေထဲမှာ ပါပါတယ်။ လီဗာပူး နှစ်ဂိုးလောက် ရသွားနိုင်ပါတယ်။

**ည ၈း၀၀ နာရီ**

**မန်စီးတီး-စပါး**

**ပထမအကျော့ရလဒ် ၅-၁**

မန်စီးတီးတို့ အိမ်ကွင်းမှာ သတိထားကစားရမှာပါ။ အသင်းလိုက်ခြေစွမ်းချင်းယှဉ်ရင် မန်စီးတီးသာပေမယ့် စပါးတို့ အခုနောက်ပိုင်း တောက်လျှောက် ရလဒ်ကောင်းနေတာမို့ ခက်ခက်ခဲခဲကစားရမှာပါ။ မန်စီးတီး ဂိုးနည်းနည်းနဲ့ပဲ နိုင်ဖို့ရှိပါတယ်။

**ည ၁၀း၃၀ နာရီ**

**အာဆင်နယ်-မန်ယူ**

**ပထမအကျော့ရလဒ် ၂-၈**

ပထမအကျော့ တွေ့ဆုံမှုမှာတော့ အာဆင်နယ်တို့ ဂိုးပြတ်ရှုံးခဲ့ပါတယ်။ အခု အိမ်ကွင်းတွေ့ဆုံမှုမှာလည်း အာဆင်နယ်တို့ အသာစီးရဖို့မလွယ်ပါဘူး။ မန်ယူ ရှုံးပွဲတချို့ရှိထားပေမယ့် ဒီအဝေးကွင်းပွဲမှာ နိုင်ခြေပိုများတယ်။ နှစ်ဂိုးလောက်တော့ ရမှာပါ။



**စတုတ်-ဝက်စ်ဘရွန်း**

**ပထမအကျော့ရလဒ် ၁-၀**

စတုတ်ဟာ အိမ်ကွင်းရလဒ်ကောင်းတဲ့ အသင်းတစ်သင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဧည့်သည် ဝက်စ်ဘရွန်းကို ဖိအားပေးကစားကာ သုံးမှတ်ရယူသွားနိုင်ပါတယ်။ စတုတ်ကိုပဲ တစ်ဂိုးအသာနဲ့ ရွေးရမှာပါ။

**ဆန်းဒါးလန်း-ဆွမ်းဆီး**

**ပထမအကျော့ရလဒ် ၀-၀**

ဒီနှစ်သင်း နောက်ဆုံး တွေ့ဆုံထားမှုနှစ်ကြိမ်စလုံး သရေကျခဲ့တယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ ဆန်းဒါးလန်းတို့ အိမ်ကွင်းနိုင်ခြေများနေပါတယ်။ ဂိုးနည်းမှာပါ။



7DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012

# နိုဝင်ဘာရွေးကောက်ပွဲတွင် အိုဘားမားကို အနိုင်ရအောင်လုပ်မည်ဟု ရွမ်နေ ကြုံးဝါး




**မန်ချက်စတာ၊ ဇန်နဝါရီ - ၁၂**

အမည်စာရင်းတင်သွင်းရေးအတွက် အရေးကြီးသော နယူးဟမ့်ရှိုင်းယားအကြိုရွေးကောက်ပွဲအနိုင်ရရှိခြင်းကိုအောင်ပွဲခံရင်း ရီပက်ဘလေကန်ပါတီမှ သမ္မတရွေးကောက်ပွဲဝင်ဖွယ်ရှိသော မစ္စတာရွမ်နေက လာမည့် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲတွင် အိုဘားမားအား အနိုင်ရရှိအောင် ကြိုးပမ်းသွားမည်ဟု ကြုံးဝါးပြောဆိုလိုက်သည်။

"သမ္မတဟာ အကြံကုန်၊ ဉာဏ်ကုန်ဖြစ်နေပြီ။ အခုဆိုရင် ဆင်ခြေဆင်လက်တွေတောင်ကုန်နေပြီ"ဟု အိုဘားမားအားစိန်ခေါ်မည့်သူအဖြစ်ရေပန်းစားလာသော ရင်းနှီးမြှုပ်နှံသူ သန်းကြွယ်သူဌေးနှင့်မက်ဆာချူးဆက်ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း ရွမ်နေက ကြွေးကြော်သည်။

တောင်ကယ်ရိုလိုင်းနားပြည်နယ်သားများသည်လည်း ဇန်နဝါရီလ ၂၁ ရက်တွင် ပြုလုပ်မည့် အကြိုရွေးကောက်ပွဲ၌ နယူးဟမ့်ရှိုင်းယားပြည်နယ်သားများကဲ့သို့ ၎င်းအား ထောက်ခံမဲပေးရန် ရွမ်နေကပြောကြားသည်။

မဲအများစု ရေတွက်ပြီးချိန်တွင် မစ္စတာရွမ်နေသည် မဲအရေအတွက် ၄၀ ရာခိုင်နှုန်းရရှိထားပြီဖြစ်ပြီး တက္ကဆက်ကွန်ဂရက်အမတ် ရွန်ပေါလ်က ၂၃ ရာခိုင်နှုန်း၊ ယူတားပြည်နယ်မှ ဂျွန်ဟန့်စ်မန်းက ၁၇ ရာခိုင်နှုန်းရရှိခဲ့သည်။

ရီပက်ဘလေကန် သမ္မတလောင်းအား ရွေးချယ်ရန် ရှေ့လာမည့် လအနည်းငယ်အတွင်း အမေရိကန်ပြည်နယ်တိုင်းတွင် အကြိုရွေးကောက်ပွဲများ၊ အစည်းအဝေးပွဲများ ပြုလုပ်၍ ရီပက်ဘလေကန်ပါတီ ကိုယ်စားပြုသမ္မတလောင်းအား ရွေးချယ်၍ ဩဂုတ်လတွင် ပြုလုပ်မည့် ပါတီညီလာခံ၌ သမ္မတရွေးကောက်ပွဲယှဉ်ပြိုင်မည့်သူအဖြစ် ရွေးချယ်မည်ဖြစ်သည်။

*—Ref: Reuters*

## ဂျပန်က အီရန်ရေနံတင်သွင်းမှုများ လျှော့ချမည်

**တိုကျို၊ ဇန်နဝါရီ - ၁၂**

နျူကလီးယားအစီအစဉ်အား စွန့်လွှတ်ရန် အီရန်နိုင်ငံအား အမေရိကန်နိုင်ငံက ဦးဆောင်ဖိအားပေးနေခြင်းအပေါ် တုံ့ပြန်၍ အီရန်မှ ရေနံတင်ပို့မှုများကို လျှော့ချသွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရကပြောကြားသည်။

"လွန်ခဲ့တဲ့ ငါးနှစ်အတွင်း အီရန်က ရေနံတင်သွင်းမှုတွေကို ကျွန်တော်တို့ လျှော့ချထားပါပြီ" ဟု ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အမေရိကန်ဘဏ္ဍာရေးဝန်ကြီး တင်မိုသီဂိုက်တနာနှင့် ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဂျပန်ဘဏ္ဍာရေးဝန်ကြီး ဂျွန်အာဇူမီက ပြောကြားသည်။

လောလောဆယ်တွင် ဂျပန်နိုင်ငံ ရေနံလိုအပ်ချက်၏ ဆယ်ရာခိုင်နှုန်းအထိ တင်သွင်းနေသော အီရန်မှ ရေနံတင်သွင်းမှုများကို လျှော့ချနိုင်ရေးအတွက် အစီအစဉ်တကျ ခိုင်ခိုင်မာမာလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မစ္စတာအာဇူမီကပြောကြားသည်။


ယင်းကတိကဝတ်မှာ အီရန်နိုင်ငံအား ဖိအားပေးရန် ဘောဂျင်းကို တောင်းဆိုခဲ့သော်လည်း လက်ချည်းသက်သက်သာ ပြန်လာခဲ့ရသော အမေရိကန်ဘဏ္ဍာရေးဝန်ကြီးအတွက် စိတ်သက်သာစရာဖြစ်သည်။

ယခုဖြစ်ပေါ်နေသော အီရန်နိုင်ငံနှင့်ကိစ္စကို ကိုင်တွယ်ဖြေရှင်းသွားရန်လိုအပ်ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။

"နျူကလီးယားပြဿနာဟာ ကမ္ဘာကြီးက လျစ်လျူရှုမထားနိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ဒီအတွက်ကြောင့် အမေရိကန်က အရေးယူဆောင်ရွက်နေတာတွေကိုအပြည့်အဝနားလည်နိုင်ပါတယ်"ဟုမစ္စတာအာဇူမီကပြောကြားသည်။

*—Ref: AFP*

## ဇိမ်ခံကားကုမ္ပဏီ ရိုးလ်ရွိုက်စ် ၂၀၁၁ တွင် စံချိန်တင်ရောင်းအားမြင့်တက်ခဲ့



**လန်ဒန်၊ ဇန်နဝါရီ - ၁၀**

ဂျာမန်ကားကုမ္ပဏီ ဘီအမ်ဒဗလျူက ပိုင်ဆိုင်သည့် ဗြိတိသျှဇိမ်ခံကားကုမ္ပဏီ ရိုးရွိုက်စ်သည် တရုတ်နှင့် အမေရိကန်ဈေးကွက်တို့မှ ဝယ်လိုအား တက်ခဲ့သောကြောင့် ၂၀၁၁ ခုနှစ်အတွင်း စံချိန်တင် အရောင်းမြင့်တက်ခဲ့ကြောင်းထုတ်ပြန်လိုက်သည်။

ကုမ္ပဏီမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ပြီးခဲ့သည့် ၂၀၁၁ က ကားစီးရေ ၃,၅၃၈ စီး ရောင်းချခဲ့ရ၍ ၃၁ ရာခိုင်နှုန်းရှိခဲ့သည်။ ထို့ကြောင့် ယင်းအရေအတွက်မှာ ကုမ္ပဏီ၏ သမိုင်း ၁၀၇ နှစ်အတွင်း အမြင့်ဆုံးစံချိန်တင်ရောင်းချရမှုဖြစ်သည်။

ယခင်က ကုမ္ပဏီ၏ အမြင့်ဆုံးရောင်းချဖူးသည့် ကားအရေအတွက်မှာ ၁၉၇၈ ခုနှစ်က စီးရေ ၃,၃၄၇ စီးရောင်းချခဲ့ရခြင်းဖြစ်သည်။ ဘီအမ်ဒဗလျူက ရိုးလ်ရွိုက်စ်ကုမ္ပဏီကို ၁၉၉၈ခုနှစ်တွင် ဝယ်ယူခဲ့ပြီး ပြီးခဲ့သည့်နှစ်က အာရှပစိဖိတ်ဒေသတွင် ၄၇ ရာခိုင်နှုန်း၊ မြောက်အမေရိကတွင် ၁၇ ရာခိုင်နှုန်း၊ အရှေ့အလယ်ပိုင်းဒေသတွင် ၂၃ရာခိုင်နှုန်း ရောင်းအားတက်ခဲ့သည်။ *—Ref: AFP*



7DAY NEWS JOURNAL
Vol.10, No.44 · JANUARY 19, 2012

## ဆီးရီးယားတွင် သတင်းယူနေသော ပြင်သစ်ဂျာနယ်လစ်တစ်ဦးသေဆုံး

**ဘေရွတ်၊ ဇန်နဝါရီ - ၁၂**

မငြိမ်မသက်ဖြစ်နေသော ဆီးရီးယားနိုင်ငံ ဟမ်းစ်မြို့မှ သတင်းပေးပို့နေစဉ်တွင် ပြင်သစ်ရုပ်သံ ဂျာနယ်လစ်တစ်ဦး သေဆုံးသွားကြောင်းနှင့် ၎င်းသည် ဆယ်လကြာမြင့်ခဲ့ပြီဖြစ်သော သမ္မတအာဆတ်အစိုးရအပေါ် လူထုအုံကြွမှုတွင် သေဆုံးသွားသည့် ပထမဦးဆုံး အနောက်နိုင်ငံမှ ဂျာနယ်လစ်ဖြစ်လာကြောင်းသိရသည်။

ထူးချွန်ဆု ရရှိဖူးသော French-2 ရုပ်သံလိုင်းမှ ၄၃ နှစ်အရွယ်ရှိသတင်းထောက်ဂျီလက်စ်ဂျက်ကီယာ သေဆုံးမှု၌ လက်နက်ကြီးပစ်ခတ်မှုအတွက် မည်သူ့တွင် တာဝန်ရှိသနည်းဆိုသည်ကို ဆီးရီးယားအာဏာပိုင်များနှင့် အတိုက်အခံ ထောက်ခံသူများ အပြန်အလှန်စွပ်စွဲနေကြသည်။

ယင်းမှာ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပြီး ဆီးရီးယားနိုင်ငံသားရှစ်ဦး သေဆုံးခဲ့ကြောင်း ဆီးရီးယားအစိုးရကပြောကြားသည်။ ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးချိုးဖောက်မှုစောင့်ကြည့်ရေးအဖွဲ့ကမူ ယင်းတိုက်ခိုက်မှုမှာ သမ္မတအာဆတ်အားသစ္စာခံသောရပ်ကွက်တွင် ဖြစ်ပေါ်ခဲ့ပြီး အစိုးရသည်ဂျာနယ်လစ်များကိုကြောက်ရွံ့သွားအောင် လုပ်နေကြောင်း စွပ်စွဲထားသည်။

ဇန်နဝါရီ ၁၁ ရက် တစ်ရက်တည်းမှာပင် ဆီးရီးယားနိုင်ငံတစ်ဝန်း လူပေါင်း ၂၄ ဦးအထိ သေဆုံးခဲ့ကြောင်း အတိုက်အခံအုပ်စုများကပြောသည်။

—Ref: LA.Times



Photo - AFP

## အီရန်အား အမေရိကန် စစ်ပွဲဆင်နွှဲမည့်အန္တရာယ် အမှန်တကယ်ဖြစ်လာကြောင်း ရုရှားပြောကြား

**မော်စကို၊ ဇန်နဝါရီ - ၁၂**

အမေရိကန်က အီရန်အား တိုက်ခိုက်မည့်အရေး အမှန်တကယ်အန္တရာယ်ရှိလာသည်နှင့် အမျှ အီရန်နိုင်ငံတွင် စစ်ဘက်တည်ဆောက်မှုများ အရှိန်မြင့်တက်လာမည်ဖြစ်ကြောင်း ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး နီကိုလိုင်ပက်ထရူရှက်ဖ်က အင်တာဗျူးတစ်ခုတွင်ပြောကြားသည်။

အနောက်နိုင်ငံများ၏ ကြားဝင်ဖြေရှင်းမှုတွင် အီရန်နှင့် အဆက်ဖြတ်ရန်ငြင်းဆန်နေသည့် ဆီးရီးယားနိုင်ငံလည်း ပစ်မှတ်ဖြစ်လာနိုင်ကြောင်း၎င်းကဆက်လက်ပြောကြားသည်။

"ဒီပဋိပက္ခမှာ စစ်ရေးအရှိန်မြင့်တက်လာနိုင်ခြေရှိပါတယ်။ အဲဒီလိုဖြစ်လာအောင် အစ္စရေးက အမေရိကန်ကို တွန်းအားပေးနေပါတယ်"ဟု ကွန်မာဆန့် နေ့စဉ်သတင်းဝက်ဘ်ဆိုက်၌ တင်ထားသည့်အင်တာဗျူးတွင်မစ္စတာပက်ထရူရှက်ဖ်ကပြောကြားသည်။

"အမေရိကန်က အီရန်ကို စစ်တိုက်မယ့်အန္တရာယ် အမှန်တကယ် ရှိနေပါတယ်"ဟု အကြီးတန်းရုရှားလုံခြုံရေးအရာရှိက ပြောသည်။

လောလောဆယ်တွင် အီရန်နိုင်ငံအား အဓိကပြဿနာအဖြစ် အမေရိကန်က ရှုမြင်နေကြောင်း၊ တီဟီရန်အား ရန်သူအဖြစ်မှ ၎င်းအား ထောက်ခံသော မိတ်ဖက်နိုင်ငံအဖြစ် အမေရိကန်ကပြောင်းလဲလိုကြောင်း၊ ထို့အတွက်လည်း အီရန်တွင် အစိုးရအပြောင်းအလဲဖြစ်ရန် အမေရိကန်က နည်းမျိုးစုံဖြင့် ကြိုးပမ်းနေကြောင်း စီးပွားရေးပိတ်ဆို့တားဆီးမှုနှင့် အတိုက်အခံအင်အားစုများကို အကြီးအကျယ်အကူအညီပေးခြင်းနည်းလမ်းများကိုကျင့်သုံးနေကြောင်း ရုရှားအရာရှိကြီးကပြောသည်။

—Ref: AFP

## အမေရိကန်ဘဏ္ဍာရေးဝန်ကြီး တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး

**ဘေဂျင်း၊ ဇန်နဝါရီ - ၁၁**

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး တင်မိုသီဂိုက်တနာသည် တရုတ်နိုင်ငံသို့ရောက်ရှိ၍ တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးနေသော်လည်း အီရန်နိုင်ငံ၏ ရေနံလုပ်ငန်းအပေါ် အမေရိကန်က ပိတ်ဆို့တားဆီးမှုများပြုလုပ်သည့်ကိစ္စတွင် တရုတ်၏ထောက်ခံမှုရဖွယ်မရှိကြောင်းသိရသည်။

တရုတ်နိုင်ငံသည် အီရန်၏ ရေနံသုံးပုံတစ်ပုံကို ဝယ်ယူပြီး အီရန်ချူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ပိတ်ဆို့တားဆီးမှုများ အသုံးချခြင်းကိုပယ်ချထားသည်။ ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်သော တရုတ်နိုင်ငံက မထောက်ခံပါက အမေရိကန်၏ တားဆီးပိတ်ဆို့ရေးအစီအစဉ်မှာ နှောင့်နှေးသွားဖွယ်ရှိကြောင်းအေအက်ဖ်ပီသတင်းကဖော်ပြသည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးသည် ၎င်း၏ တရုတ်ခရီးစဉ်အတွင်းဝန်ကြီးချုပ်ဝမ်ကြားပေါင်၊ ဒုတိယသမ္မတ စီကျင်ပင်းနှင့် ဒုတိယဝန်ကြီးချုပ် လီကီကင်းတို့နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် တွေ့ဆုံချိန်တွင် အီရန်နိုင်ငံအပေါ် ပိတ်ဆို့တားဆီးခြင်းကိစ္စကို ဆွေးနွေးသွားဖွယ်ရှိကြောင်းသိရသည်။

မစ္စတာဂိုက်တနာသည်ယင်းမတိုင်မီ တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်တစ်ဦးဖြစ်သူ ဝမ်ကီရှန်းတို့နှင့် တွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံရာတွင် ကမ္ဘာ့စီးပွားရေးရာကိစ္စများ၌ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ရန်အရေးကြီးကြောင်း မစ္စတာဂိုက်တနာက ပြောကြားခဲ့သည်။ မစ္စတာဝမ်ကီရှန်းကလည်း ပူးပေါင်းဆောင်ရွက်ရန် ကတိပြုပြောကြားသော်လည်း လက်ရှိကမ္ဘာ့စီးပွားရေးအခြေအနေမှာ အလွန်ရှုပ်ထွေးပြီး အခြေအနေမကောင်းလှကြောင်းပြောကြားသည်။

အမေရိကန်နှင့် ကုန်သွယ်မှုတွင် တရုတ်နိုင်ငံ၏ အသာစီးရရှိမှုမှာ ပိုမိုကျယ်ပြန့်လာပြီး ဒီဇင်ဘာ ၉ ရက်တွင်ထုတ်ပြန်ခဲ့သော ကိန်းဂဏန်းများအရကန်ဒေါ်လာ ၁၇ ဒသမ ၄ ဘီလီယံရှိကြောင်းသိရသည်။

နှစ်သစ်ကူးအကြိုညက အမေရိကန်သမ္မတ အိုဘားမားက အတည်ပြုပေးလိုက်သော အီရန်အပေါ် ပိတ်ဆို့တားဆီးမှုအစီအစဉ်မှာ ထိရောက်မှုမရှိဟု တရုတ်နိုင်ငံက ဝေဖန်ပြောကြားခဲ့သည်။ ဘေဂျင်းသည် အီရန်ချူကလီးယားအစီအစဉ်အပေါ် ကုလသမဂ္ဂ၏ ပိတ်ဆို့တားဆီးမှုများကိုမူ လက်ခံခဲ့သည်။

—Ref: AP








ကမ္ဘာကျော် ချောင်းဆိုးပျောက်ဆေး WOODS'
လည်ချောင်းယား ၍ဆိုးသော
ချောင်းခြောက် ဆိုးခြင်းများအတွက်
WOODS' PEPPERMINT ANTITUSSIVE
plus Antihistamine
ဝု(ဒ်)
ချောင်းဆိုးပျောက်ဆေးရည်
ချွဲသလိပ်ကပ် ၍ဆိုးသော
ချောင်းဆိုးခြင်းများအတွက်
WOODS' PEPPERMINT EXPECTORANT
(၆)နှစ် ကလေးမှစ၍ သောက်နိုင်ပါသည်။




MARK WILLIAMS
Excellence through passion
100% COTTON
100% STRONG
Available at : Ga Mone Pwint (Bo Galay Zay)
Hot Line : 09-73187618

7 DAY NEWS JOURNAL

# International

Vol.10, No.44 • JANUARY 19, 2012




Photo - AFP

## သင်္ဘောတိမ်းမှောက်ရာတွင် ကိုယ်လွတ်ရုန်းသော ကပတိန် တရားစွဲခံရနိုင်

**ဂီဂလီယို၊ ဇန်နဝါရီ - ၁၆**

အီတလီကမ်းရိုးတန်းတွင် သောင်တင် တိမ်းမှောက်သွားသော သင်္ဘော၏ကပ္ပတိန်ကို သင်္ဘောအား စွန့်ခွာခြင်းနှင့် လူသေမှုပြစ်မှုများဖြင့် တရားစွဲဆိုရန် စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း အစိုးရရှေ့နေများက အတည်ပြုပြောကြားသည်။ ထိုအတောအတွင်း သင်္ဘောမှောက်ပြီး ၃၆ နာရီအကြာတွင် ရဟတ်ယာဉ်တစ်စီးက အသက်ရှင်ကျန်သူတစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

တာဝန်ရှိသူများကလည်း ပျောက်ဆုံးနေသူ စာရင်းကို ၁၇ ဦးသို့ လျှော့ချခဲ့သည်။ ကိုစတာ ကွန်ကိုဒီယာသင်္ဘောမှ အီတလီနိုင်ငံသားဝန်ထမ်းကို ကယ်တင်ခြင်းအပြင်ယင်းမတိုင်မီကရေပေါ် ပေါ်နေသော စာ(၄၅)သို့



Photo - Getty Images

## အိမ်နီးချင်း အာရပ်နိုင်ငံများကို အီရန်သတိပေး

**တီဟီရန်၊ ဇန်နဝါရီ - ၁၆**

နိုင်ငံတကာပိတ်ဆို့တားဆီးမှုများနှင့်ရင်ဆိုင်နေရသော အီရန်ရေနံ စိမ်းနေရာတွင် ဝင်ရောက်အစားထိုးရန် ရေနံထုတ်လုပ်မှုတိုးမြှင့်ခဲ့ပါက နောက်ဆက်တွဲအကျိုးများ ခံစားရမည်ဖြစ်ကြောင်း အီရန်နိုင်ငံက အိမ်နီးချင်း အာရပ်နိုင်ငံများကို သတိပေးပြောကြားလိုက်သည်။

စာ(၄၅)သို့

## တရုတ်တိုင်ပေရွေးကောက်ပွဲ လက်ရှိသမ္မတ အောင်ပွဲခံ



Photo - AFP

**တိုင်ပေ၊ ဇန်နဝါရီ - ၁၅**

တရုတ်တိုင်ပေသမ္မတရွေးကောက်ပွဲတွင်လက်ရှိသမ္မတ မာယင်ကျောင်းက မဲအရေအတွက် ၅၁ ရာခိုင်နှုန်းကျော်ဖြင့် ပြိုင်ဘက်နှစ်ဦးအပေါ် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိသမ္မတသည်မဲဆွယ်ပွဲကာလတွင် တရုတ်နိုင်ငံနှင့် ရင်းနှီးသောဆက်ဆံမှုထားရှိရေး ရပ်တည်ချက်ကို အားကိုးအားထားပြုခဲ့ပြီး ရွေးကောက်ပွဲတွင် မဲဆန္ဒပေါင်း ၆ ဒသမ ၆၈ သန်းကျော် ရရှိခဲ့ကာ သမ္မတတာဝန်များကို နောက်ထပ်လေးနှစ် ဆက်လက်ထမ်းဆောင်ခွင့် ရရှိသွားသည်။

"ဒါဟာ ကျွန်တော်တစ်ယောက်တည်းရဲ့ အောင်ပွဲမဟုတ်ပါဘူး။ ဒီအောင်ပွဲဟာ ထိုင်ဝမ်(တရုတ်တိုင်ပေ)နိုင်ငံသားအားလုံးရဲ့ အောင်ပွဲဖြစ်ပါတယ်"ဟု မစ္စတာမာယင်ကျောင်းက ကူမင်တန်ပါတီဌာနချုပ်တွင် ၎င်းအား ထောက်ခံသူများကိုပြောကြားသည်။ စာ(၄၅)သို့

## မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် ပါကစ္စတန် တာလီဘန်ခေါင်းဆောင် သေဆုံးဖွယ်ရှိ

**ပက်ရှ်ဝါ၊ ဇန်နဝါရီ - ၁၆**

ပါကစ္စတန် တာလီဘန်ခေါင်းဆောင် ဟာကီမူလာမေဆွတ်သည် အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်း၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားသည်ဟု ယုံကြည်ရကြောင်း ပါကစ္စတန် ထောက်လှမ်းရေးအရာရှိလေးဦးက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

စာ(၄၅)သို့

## ဘဏ္ဍာရေး ကျပ်တည်းမှုမှသည်...

စာ(၃၆)သို့



7DAY NEWS JOURNAL

# အထူးအချပ်ပို

Vol.10, No.44 · JANUARY 19, 2012



ကိုမင်းကိုနိုင်အား အောင်လံမြို့တွင် ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ခွပ်ဒေါင်းအလံနှင့်အတူ ပြန်လာသူ

**ဥက္ကာကိုကို၊ သန်းဇွေး**

သရက်ထောင်ဘူးဝ၏ ဇန်နဝါရီ ၁၃ ရက် နံနက်ခင်းသည် သတင်းထောက် အချို့၊ အကျဉ်းသားမိသားစုအချို့၊ အာဏာပိုင်အချို့ဖြင့်သာ စည်ကားလျက်ရှိသည်။

ဇန်နဝါရီ၁၂ရက်နေ့ ညနေခင်း သတင်းကြေညာအပြီးတွင် ညတွင်းချင်း ရန်ကုန်မှ ထွက်လာကြသော သတင်းထောက်များ အနေဖြင့် နံနက် ၇နာရီခန့်တွင် သရက်ထောင်သို့ရောက်သည်အထိ သေချာမှု သိပ်မရှိသေးပေ။

သို့သော် တစ်ခဏအတွင်းမှာပင် သရက်အကျဉ်းထောင်မှ အကျဉ်းကျနေသူအချို့နှင့် အကျဉ်းဦးစီးဝန်ထမ်းအချို့ထံမှ သတင်းကောင်းကို ကြားနေရပြီဖြစ်သည်။ ယနေ့ ၂၇ ဦးလွတ်မည်။ 'သူ' ပါသည်။

၁၀နာရီတိတိတွင် ထောင်ဘူးဝ ရှေ့သို့ သုံးဘီးဆိုင်ကယ်တစ်စီး မောင်းဝင်သွားကာ ဘူးဝရှေ့၌ ရပ်လိုက်သည်။ မရှေးမနှောင်းမှာပင် ထောင်တံခါးကြီး နှစ်ချပ်အပြင်သို့ပွင့်လာကာ အတွင်းမှ လူများထွက်လာကြသည်။

ရှေ့ဆုံးမှ ရဲမှူးကြီးတစ်ဦး၊ ရဲအရာရှိများ၊ ထောင်မှူးကြီး၊ နိုင်ငံရေးအကျဉ်းသားရှစ်ဦးတို့ထွက်လာကြပြီးပခုံးပေါ် ငွေကြယ်သုံးပွင့်ရဲအရာရှိတစ်ဦးနှင့်စကားတပြောပြောလျှောက်လာသည့် ပင်နီတိုက်ပုံ၊ ကချင်လုံချည်ဝတ်ဆင်ထားသော သူ့ကို စောင့်ဆိုင်းနေသူများ လှမ်းမြင်ကာ လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။

"ကိုပေါ်ဦး လွတ်ပြီ"

"ကိုမင်းကိုနိုင် . . . လွတ်ပြီ"

"ဟိုမှာ . . ထွက်လာပြီ . . ထွက်လာပြီ" စသည့်အသံများ ပွက်လောညံသွားသည်။ နံနက်၁၀ နာရီ၅မိနစ်တွင် ထောင်ဒဏ် ၆၅နှစ် ကျခံနေရသော အသက်ငါးဆယ်အရွယ် ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုပေါ်ဦးထွန်း(ခ)ကိုမင်းကိုနိုင် သရက်ထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့ပြီဖြစ်သည်။

ထောင်တံခါးရှိရာသို့လမ်းလျှောက်လာကြစဉ် ကိုမင်းကိုနိုင်က စောင့်ဆိုင်းနေသူများကို ပြုံးကာလက်ပြသည်။ ထို့နောက် အစ်မဖြစ်သူ မရီရီညွန့်(ခ) မငယ်အားဖက်၍နှုတ်ဆက်သည်။သတင်းထောက်များမေးမြန်းသည်ကို တစ်ခွန်းနှစ်ခွန်းပြန်ဖြေပြီး နှုတ်ဆက်ပွဲပြုလုပ်မည့်ခြံဝင်းအတွင်းရှိ အဆောင်ငယ်လေးဆီသို့ ဝင်ရောက်သွားသည်။

"နိုင်ငံရေးအရ ဖမ်းခဲ့တာပါ။ ပြန်လွှတ်တဲ့အခါလည်း နိုင်ငံရေးအရ ပြန်လွှတ်လိုက်တာပါ"ဟု သတင်းထောက်များကိုပြောသွားသည်။

၁၀ မိနစ်ခန့်အကြာတွင် အဆောင်တွင်းမှ ပြန်ထွက်လာကြပြီး သူကထောင်အတွင်းရေး ဆွဲထားသည့် ပန်းချီကားကို မြှောက်ပြသည်။

တာဝန်ရှိသူများက သူ့ကို ခေါ်ယူကာ လူများကြားမှတိုး၍ ထောင်ဝင်းအတွင်းသို့ပြန်လည်ခေါ်ယူသွားသည်။တံခါးအနီးတွင် သတင်းသမားများ လမ်းပိတ်ကာမေးမြန်းကြသဖြင့် ရပ်၍ ဖြေဆိုရင်း "ဘုရားဖူးဦးမယ်"ဟုဆိုကာ ထောင်ဝင်းအတွင်းမှပြန်ထွက်သွားပြီး ထောင်အနီးရှိ သတ္တဌာနဘုရားရှိရာသို့ ထောင်အပြင်ဘက်နံရံဘေးလမ်းမှလျှောက်သွားသည်။

သရက်မြို့ သတ္တဌာနဘုရားတွင် အနီးရှိသူငယ်ချင်းဖြစ်သူထံမှ ငွေယူကာ အလှူခံပုံးအတွင်း ထည့်ပြီး ဘုရားရှိခိုးဆုတောင်းသည်။ သတ္တဌာနလမ်းအတိုင်း ဘုရားမှပြန်လည်ထွက်ရှိလာပြီးသံကြိုးလမ်းအတိုင်း လမ်းလျှောက်ကာ ပရိက္ခရာလမ်းသို့ရောက်ရှိရာ လမ်းတစ်လျှောက်တွင် သရက်မြို့ခံလူထုမှ လမ်းတစ်လျှောက်ကြိုဆိုလက်ဆွဲ နှုတ်ဆက်ကြသည်။

လမ်းမတော်လမ်းရှိဆုတောင်းပြည့်ဘုရားကြီးသို့ဝင်ကာ ဘုရားဖူးကန်တော့ပြီး ပြန်အထွက်တွင် ဘုရားရှေ့၌ နှုတ်ဆက်ရန် စောင့်ဆိုင်းနေကြသော သရက်မြို့သူမြို့သား အယောက်လေးရာခန့်ကို နှုတ်ခွန်းဆက်စကားပြောကြားသည်။

**အချပ်ပို(B)သို့**

# ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူ၃၀၂ဦးလွတ်မြောက်

သီဟ

**နေပြည်တော်၊ဇန်နဝါရီ-၁၄**

ဇန်နဝါရီ ၁၃ ရက်က လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့် အကျဉ်းသားများအပြင် ထပ်မံရှိသေး သည်ဆိုပါက စာရင်းတင်ပြနိုင်ပြီး တင်ပြသည့်စာရင်းအပေါ် တွင် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုကပြောသည်။

ယခု စတုတ္ထအကြိမ်မြောက်ပေးသည့် လွတ်ငြိမ်းချမ်းသာခွင့်တွင် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၆၅၁ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်ပြီး ယင်းတို့အထဲမှ ၄၃၀ ဦးသည် အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်မှ တင်ပြသည့် စာရင်းများထဲမှ အကျဉ်းသားများဖြစ်ကြောင်းရင်းကပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှတင်ပြသည့် အကျဉ်းသား ၆၀၄ဦးအား စိစစ်၍ လွှတ်ပေးခဲ့ခြင်းဖြစ်သည်ဟု ပြည်ထောင်စုဝန်ကြီးကပြောသည်။

အဆိုပါ၆၀၄ ဦးတွင် လက်ရှိအကျဉ်းကျခံနေရသူ ၄၂၁ဦးနှင့် အချုပ်သား ၉ဦး စုစုပေါင်း ၄၃၀ဦးသာရှိပြီး ထိုအထဲမှ ၁၀၇ဦးမှာ လွတ်ငြိမ်းသာခွင့်အသီးသီးနှင့် ရက်စေ့၍လွတ်မြောက်သွားသူများဖြစ်သည်။ အလားတူ ၁၃ ဦးမှာ အမည်ထပ်နေပြီး၊၅၁ ဦးမှာအချက်အလက်မပြည့်စုံသဖြင့် စိစစ်မရကြောင်း သိရပြီး သေဆုံးသူ ၁ဦး သာသနာရေးသို့လွှဲပြောင်းပေးခဲ့သူ ၂ ဦးရှိကြောင်းသိရသည်။

ထိုအထဲမှ ၃၀၂ဦးအားလွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပြီး ၁၂၈ ဦးမှာရာဇဝတ်ပြစ်မှုကြီးများကို ကျူးလွန်ထားသူများဖြစ်သဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေး၍မရကြောင်း သိရသည်။ လွတ်မြောက်လာသည့်၆၅၁ဦးတွင် ယခင်တပ်မတော်ထောက်လှမ်းရေးမှ အကျဉ်းကျခံရသူ ၁၀၀ကျော်နှင့် အခြားဆက်စပ်သည့် အရပ်ဘက်အဖွဲ့အစည်းမှ အကျဉ်းကျခံရသူ၁၀၀ကျော်လည်း လွတ်ငြိမ်းချမ်းသာခွင့်ရရှိသွားကြောင်း သိရသည်။

"ယုံကြည်ချက်ကြောင့် ပြစ်မှုကျူးလွန်လို့ အဖမ်းခံရတယ်ဆိုတာ ကျွန်တော်တို့မှာစာရင်းကိုမရှိဘူး၊ဥပဒေလည်းမရှိဘူး။ အရေးယူစဉ်ကတည်းက တည်ဆဲဥပဒေတွေကို ကျူးလွန်လို့ အရေးယူတာပဲရှိတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

## မြန်မာနိုင်ငံနှင့်ပတ်သက် အမေရိကန်သမတ၏ ထုတ်ပြန်ချက်

မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်၏ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသည့် အကျဉ်းသားရာပေါင်းများစွာကို လွှတ်ပေးရန် ဆုံးဖြတ်ချက်သည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် အခိုင်အမာအရေးပါသော တိုးတက်မှုခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ ပြီးခဲ့သည့်နှစ်လခန့်က မိမိသည် ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတဦးသိန်းစိန်တို့နှင့် စကားပြောခဲ့ပြီး အမေရိကန်၏ ထိတွေ့ဆက်ဆံမှုက ဒီမိုကရေစီအပြောင်းအလဲကို မည်သို့ကူညီနိုင်မည်ဖြစ်ကြောင်းနှင့် မိမိတို့နိုင်ငံများအကြား ဆက်ဆံရေးကို မည်သို့တိုးတက်စေနိုင်ကြောင်းကို ဆွေးနွေးခဲ့ပါသည်။

**အချပ်ပို(B)သို့**

# အထူးအချပ်ပို

7DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012

## နိုင်ငံတော်သမ္မတရုံးက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ထံသို့ ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းရန် ညွှန်ကြားစာပို့

**ရန်ကုန်၊ဇန်နဝါရီ ၁၃**

အစိုးရနှင့် KNU (ကရင်အမျိုးသားအစည်းအရုံး) တို့အကြား ၆၃နှစ်အတွင်းပထမဆုံးအကြိမ်အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပြီးနောက် နိုင်ငံတော်သမ္မတက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ထံသို့ ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းရန် ဇန်နဝါရီ ၁၃ရက်တွင် ညွှန်ကြားစာပို့ခဲ့သည်။

ပဏာမအဆင့်သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်၍ နှစ်ဦးနှစ်ဖက်နားလည်မှုတည်ဆောက်နေချိန်တွင် ဆက်စပ်လျက်ရှိသည့် မိမိတပ်စခန်းများနှင့် လှုပ်ရှားစစ်ကြောင်း အသီးသီးတို့အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းထားရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ကိုလိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း ညွှန်ကြားချက်တွင် ဖော်ပြထားသည်။ ဇန်နဝါရီ၁၂ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ဖွဲ့ကပင်ဟိုတယ်၌နှစ်ဖက်တာဝန်ရှိသူများက ပဏာမသဘောတူညီချက် ငါးချက်နှင့်ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် အချက်(၁၁) ချက်ကို ဆက်လက်ဆွေးနွေးရန် သဘောတူခဲ့သည်။ ၁၉၄၇ခုနှစ်တွင် စတင်ဖွဲ့စည်းပြီး ၁၉၄၉ခုနှစ်မှစတင်၍ အစိုးရနှင့် လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့သော KNU နှင့် ယခုအပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ရေးထိုးနိုင်ခြင်းမှာ နှစ်ပေါင်း ၆၃နှစ်အတွင်း ပထမဆုံးနှစ်ဖက်တာဝန်ရှိသူများက စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

## အချပ်ပို-မြန်မာနိုင်ငံနှင့်ပတ်သက် အမေရိကန်သမတ၏ ထုတ်ပြန်ချက် မှ

ထို့နောက် မကြာမီပင် ဝန်ကြီးဟီလာရီကလင်တန်သည်ရာစုနှစ်ဝက်ကာလအတွင်း မြန်မာပြည်သို့ သွားရောက်သည့် ပထမဆုံးသော(အမေရိကန်)နိုင်ငံခြားရေးဝန်ကြီးဖြစ်လာခဲ့ပါသည်။ နေပြည်တော်နှင့် ရန်ကုန်တွင် သူမ၏ တွေ့ဆုံဆွေးနွေးပွဲများ၌သမ္မတဦးသိန်းစိန်၊ အခြားသောခေါင်းဆောင်များနှင့်အတူ မိမိတို့နှစ်နိုင်ငံအကြားစတင်မှုအသစ်တစ်ခုကိုရရှိစေနိုင်မည့်ခြေလှမ်းများ(အကြောင်း)ကို ဆွေးနွေးခဲ့ပါသည်။ အဆိုပါဆွေးနွေးမှု(များ)၏အဓိကအပိုင်းမှာ ယုံကြည်ချက်ကြောင့် ကျခံနေရသော အကျဉ်းသားများကို ခြွင်းချက်မရှိလွှတ်ပေးရန်နှင့် ၎င်းတို့အား ပြည်သူ့ရေးရာနှင့် နိုင်ငံရေးဘဝတွင် အပြည့်အဝ ပါဝင်နိုင်စေရန် ခွင့်ပြုပေးခြင်းတို့လိုအပ်ကြောင်းဖြစ်ပါသည်။

အဆိုပါ ခရီးစဉ်မှစ၍ ဧပြီ ၁ ရက်တွင် ရွေးကောက်ပွဲများကျင်းပမည့်အကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ပါတီအား ပါဝင်ယှဉ်ပြိုင်ခွင့်ပြုရန်ဆုံးဖြတ်ပေးခဲ့ခြင်း အပါအဝင် အပြုသဘောတိုးတက်ဖြစ်ထွန်းမှုများစွာဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် ကရင်အမျိုးသားအစည်းအရုံးကေအန်ယူနှင့် အရေးပါသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ရခဲ့ခြင်းလည်းရှိခဲ့ပြီး ယင်းကို အမေရိကန်ပြည်ထောင်စုကကြိုဆိုခဲ့ပါသည်။ ယနေ့တွင်တော့မိမိသည်သမ္မတဦးသိန်းစိန်၏ ယုံကြည်ချက်အကျဉ်းသားရာပေါင်းများစွာကို လွှတ်ပေးရန်ဆုံးဖြတ်ချက်ကို ဂုဏ်ပြုလိုက်ပါသည်။ ဤကိစ္စမှာ မြန်မာ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ အစိုးရနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် ကြိုးစားနေစဉ်မှာပင် ဒေါ်အောင်ဆန်းစုကြည်က ဤခြေလှမ်းကို ကြိုဆိုခဲ့ခြင်းအပေါ် မိမိ ကျေနပ်မိပါသည်။ ဤဖြစ်စဉ်များနှင့် အားလုံးသောအခြားနိုင်ငံရေးအကျဉ်းသားများကိုပါ နိုင်ငံရေးဖြစ်စဉ်တွင် လွတ်လပ်စွာ အပြည့်အဝပါဝင်ခွင့်ပြုရေးအတွက် ခိုင်မာသေချာစေရန်မြန်မာအစိုးရအား ကျွန်တော်တိုက်တွန်းပါသည်။ အထူးသဖြင့် လာမည့်ကြားဖြတ်ရွေးကောက်ပွဲများတွင် (ပါဝင်စေရေး)နှင့်ကျန်ရှိနေသေးသော ယုံကြည်ချက်အကျဉ်းသားအားလုံး လွတ်မြောက်ရေးတို့ကိုလုပ်ဆောင်ရန်တိုက်တွန်းပါသည်။

အင်ဒိုနီးရှားတွင်ရှိစဉ်မြန်မာပြည်၌ တိုးတက်မှုအရိပ်အယောင်များပေါ်ထွက်လာနေကြောင်း မိမိပြောခဲ့ဖူးပါသည်။ယနေ့တွင်တော့ ထိုအလင်းရောင်မှာ ပိုမိုတောက်ပစွာလောင်ကျွမ်းခဲ့ပြီး ၎င်းတို့မိသားစုများနှင့်(လွတ်မြောက်လာသော)အကျဉ်းသားအားလုံး ပြန်ဆုံစည်းခဲ့သလို လူအများကလည်း ရှေ့ဆက်တိုးတက်မည့် ဒီမိုကရေစီလမ်းကြောင်းကိုမြင်တွေ့နိုင်ပါပြီ။ မြန်မာပြည်သူများ၏ စိတ်ဆန္ဒများနှင့်ကိုက်ညီရန် ဆက်လက်လုပ်ဆောင်စရာအများကြီးကျန်ရှိနေပါသေးသည်။ သို့သော် အမေရိကန်ပြည်ထောင်စုသည်နေပြည်တော်မှ အစိုးရနှင့် မိမိတို့၏ ထိတွေ့ဆက်ဆံမှုကို ဆက်လက်လုပ်ဆောင်ရန် စိတ်ပိုင်းဖြတ်ထားခဲ့ပါသည်။ မိမိသည် ဝန်ကြီး ကလင်တန်နှင့် အစိုးရအဖွဲ့အား မြန်မာအစိုးရ၊ ပြည်သူများနှင့် ယုံကြည်မှုတည်ဆောက်ရေးအတွက် နောက်ထပ်ခြေလှမ်းသစ်များ ပြုလုပ်ရန် ညွှန်ကြားခဲ့ပါသည်။ သို့မှသာ မိမိတို့သည် မျှော်လင့်ချက်ပြည့်ဝသည့် ဤသမိုင်းဝင် အခွင့်အလမ်းကို ဖမ်းဆုပ်နိုင်ပါမည်။

မိမိတို့သည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ယုံကြည်ချက်အကျဉ်းသားများ လွတ်လပ်ခွင့်ရရေးအတွက် လိုအပ်သောထပ်မံဆောင်ရွက်ရမည့်ခြေလှမ်းများကိုလုပ်ဆောင်နေစဉ် ထို(မြန်မာ)အစိုးရကိုထိတွေ့ဆက်ဆံရေးနှင့် (လူသားအားလုံးနှင့် သက်ဆိုင်သော)ယူနီဗာဆယ်အခွင့်အရေးများကို ထောက်ခံအားပေးခြင်းအား မိမိတို့ ဆက်လက်လုပ်ဆောင်သွားပါမည်။

**သမ္မတအိုဘားမား**
**အိမ်ဖြူတော်**
**ပြန်ကြားရေးအတွင်းဝန်ရုံး။**
**ဇန်နဝါရီ-၁၃-၂၀၁၂**

## အချပ်ပို-ခွပ်ခေါင်းအလံနှင့်အတူ ပြန်လာသူ မှ

"အားလုံးအတွက် ဘဝသစ်ဖြစ်တဲ့ ဒီမိုကရေစီရတဲ့အထိ ကျွန်တော်တို့ဆက်ပြီး အလုပ်လုပ်ပါဦးမယ်လို့ ပြည်သူတွေကို ကတိပေးပါတယ်"ဟု သူက ပြောခဲ့သည်။

ကိုမင်းကိုနိုင်အပါအဝင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူ ရှစ်ဦး သရက်ထောင်မှ လွတ်မြောက်လာခြင်း ဖြစ်သည်။ ၎င်းတို့မှာ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်(ခ)ပေါ်ဦးထွန်း၊ သာယာဝတီသပိတ်ခေါင်းဆောင် ဂျော်လီထွန်း၊ သူရအောင်(ခ)ဝဏ္ဏ၊ ကိုကိုလှိုင်(ခ)ညီညီ၊ GW မှ တေးရေးတေးဆို ရဲခေါင်ထွဋ်(ခ)ရဲခေါင်၊ မင်းသိန်းထွန်း(ခ)မင်းမင်း၊ တင်ထွဋ်ပိုင်(ခ)တင်ထွဋ်၊ ဦးပညာစာရတို့ ဖြစ်ကြသည်။

သရက်မြို့ မော်တော်ဆိပ်မှ မော်တော်သုံးစင်းဖြင့် အောင်လံမြို့သို့ ထွက်ခွာသွားသော သူ့အား သရက်မြို့လူထုက လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။ နေ့လယ်၁၂နာရီ၅မိနစ်တွင်အောင်လံမြို့ ရွှေပြောင်ပြောင်မော်တော်ဆိပ်သို့ ဒေါင်းအလံနှင့် ပန်းစည်းများကိုင်ဆောင်ကာ မော်တော်ဦးထိပ်မှ လက်ပြရင်းလိုက်ပါလာသော ကျောင်းသားခေါင်းဆောင်ကို အောင်လံမြို့သူမြို့သားများက ဒေါင်းအလံနှစ်လက်လွှင့်ထူရင်း ကမ်းလုံးညွတ် ကြိုဆိုနှုတ်ဆက်နေကြသည်။

"ကိုမင်းကိုနိုင်ကျန်းမာပါစေ"

ဝိုင်းဝန်းအော်ဟစ်ကြသည်။ ပန်းကုံးဝိုင်းစွပ်ကြသည်။ သပြေပန်းများ၊ ဂန္ဓမာပန်းအဖြူများကို ဝိုင်းပေးကြသည်။ ဖုန်တလုံးလုံးထနေသော ဆိပ်ကမ်းသဲသောင်ပေါ်မှ လူထုကို တိုးဝှေ့ကာ တက်လာသော သူ၏ မျက်နှာက ချွေးဒီးဒီးကျကာ မောပန်းနေသည်။

လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့် ဒေါင်းအလံများလွှင့်ထူကာ စုဝေးလာကြသော အောင်လံမြို့ခံလူထုတစ်ထောင်နီးပါးအား မွန်းလွဲ ၁၂နာရီခွဲ အချိန်တွင် အောင်လံမြို့၊ ဆုတောင်းပြည့် ရွှေပြောင်ပြောင် ဘုရားကြီးဘေးရှိ ၁၂လမ်းအတွင်း ခုံတစ်လုံးပေါ်မတ်တတ်ရပ်ကာ နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားသည်။

"ဒေါင်းအလံဆိုတာ ဘယ်သူကျွန်ပြုတာမှ မခံတဲ့စိတ်ဓာတ်ပါ။ တိုင်းတစ်ပါးကျွန်မခံဘူး။ လက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း ကျွန်ပြုမယ်ဆိုရင် ဒေါင်းအလံကမခံဘူး"ဟု သူက ပြောသွားသည်။

နေ့လယ်ခင်းတွင် အောင်လံမြို့၊ ကန်ကြီးရပ်ရှိ နေအိမ်တစ်အိမ်တွင် ခေတ္တအနားယူပြီး ညနေပိုင်းတွင် အောင်လံ မြို့မှ ပြည်မြို့သို့ ဆက်လက်ထွက်ခွာလာခဲ့သည်။

ည၈နာရီ၅၀မိနစ်တွင်ပြည်မြို့သို့ Turbo Double Cab ၈ည/၁၃၂၂ ကားဖြင့် ဝင်ရောက်လာသော သူ့အား မြို့အဝင်တွင် မြို့ခံအချို့က ကြိုဆိုကြပြီး ပန်းကုံးများစွပ်ကာ ရွှေပေါက်ပင်တောရကျောင်းသို့ သွားရောက်ခဲ့သည်။ ရွှေပေါက်ပင်တောရကျောင်းတွင် သုံးရက်အဓိဋ္ဌာန်ဝင်ရောက်နေသော နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌဦးကျော်သူနှင့် ခေတ္တစကားပြောဆိုကာ ရွှေပေါက်ပင်ဆရာတော်ဘဒ္ဒန္တသောမစာရအား ဖူးမြော်ကန်တော့သည်။ ဆရာတော်က သူ့အား -

"ငါ့လောဘရယ်. . ငါ့ဒေါသရယ်. . ငါ့မောဟရယ် . . . ငါ့မာနရယ်. . . ငါ့ကိုပြန်၍ နှိပ်စက်တယ်"ဟု သုံးခေါက်တိုင်ပေးပြီး လိုက်ဆိုစေကာ တစ်ခေါက် အလွတ်ရွတ်ဆိုစေခဲ့သည်။

ထို့နောက် ရွှေပေါက်ပင်တောရကျောင်းမှ ပြန်လည်ထွက်ခွာ၍ ည ၉ နာရီခွဲမှ ၁၀ နာရီ ၁၅ အထိ ပြည်မြို့အနှံ့ လှည့်လည်ခဲ့ရာ ယာဉ်တန်းရှေ့နောက်ဝဲယာမှ လိုက်ပါလာသော ဆိုင်ကယ်စီး ကျောင်းသားလူငယ်များ၊ မြို့ခံများမှာ ပြည်၊ ဗိုလ်ချုပ်လမ်းပေါ် အရောက်တွင် လမ်းပိတ်ပြည့်ကျပ်သွားသောကြောင့် ထိုနေရာတွင်ပင် ခေတ္တရပ်ကာ ဆိုင်ကယ်တစ်စီးပေါ် မတ်တတ်ရပ်၍ စုဝေးလာသော ပြည်မြို့သူမြို့သား ရာပေါင်းများစွာအား နှုတ်ဆက်စကားပြောကြားခဲ့သည်။

"ဒီညဒီမှာအိပ်မယ်။မနက်ဖြန်အခုလိုပဲ လိုက်ပို့ပေးကြပါ" ဟု သူက နှုတ်ဆက်စကားပြောပြီး ရွှေပေါက်ပင် တောရကျောင်း၌ ညအိပ်အနားယူခဲ့သည်။

ဇန်နဝါရီ၁၄ရက်နံနက်၆နာရီတွင် ပြည်မြို့မှ ပြန်လည်ထွက်ခွာလာသော ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်သည် ရန်ကုန်-ပြည်လမ်းမကြီးတစ်လျှောက်ရှိ မြို့များသို့ ဖြတ်သန်းရာတွင် မြို့ခံပြည်သူလူထုများက တားဆီးနှုတ်ဆက်ကြိုဆိုခဲ့ကြသည်။

ရပ်နားခဲ့ရာ မြို့များတွင် ကြိုဆိုနှုတ်ဆက်ကြသည့် လူထုမှာ ရာပေါင်းများစွာရှိခဲ့သည်။ စောင့်ဆိုင်းနေကြသည့် လူငယ်များက ခွပ်ဒေါင်းအလံ နီနီရဲရဲကို လွှင့်ထူဝှေ့ယမ်းနေကြသည်။ "ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင် ကျန်းမာပါစေ" ဟူသည့် ဆုတောင်းစကားကို သံပြိုင်အော်ဟစ်ကြသည်။

ရွှေတောင်၊ ပေါင်းတည်၊ နတ်တလင်း၊ ဇီးကုန်းမြို့များကို ဖြတ်သန်းကာ လူထုမေတ္တာခံယူပြီးချိန် နေ့လယ်တွင် ကြို့ပင်ကောက်မြို့၌ ရပ်နား၍ နေ့လယ်စာစားသည်။ လက်ပံတန်း၊ သာယာဝတီမြို့များတွင်လည်း လူထုအား ဟောပြောပွဲ ပြုလုပ်ခဲ့သည်။ လူထုကလည်း ပန်းကုံးများ၊ ပန်းစည်းများပေးအပ်ကာ ကျောင်းသားခေါင်းဆောင်ကို လူကြီးလူငယ်မရွေး သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ထို့နောက် တိုက်ကြီးမြို့သို့ ဝင်ရောက်ကာ ပုတာအိုထောင်မှ လွတ်မြောက်လာသည့် ကိုအောင်ကျော်ဦး၏ မိခင်နာရေးသို့ သွားရောက်အားပေးစကား ပြောကြားခဲ့သည်။ ကိုအောင်ကျော်ဦး၏ မိခင်မှာ သားဖြစ်သူလွတ်မြောက်လာပြီးနေအိမ်သို့ပြန်ရောက်သည့် အချိန်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်ဆုံးပါးသွားခြင်း ဖြစ်သည်။

တိုက်ကြီးနှင့် မှော်ဘီသို့ဝင်ရောက်ပြီး ရန်ကုန်မြို့သို့ဆက်လက်ထွက်ခွာလာခဲ့ကာ မြောက်ဥက္ကလာပမြို့နယ်၊ ကန်သာယာလမ်းဆုံ၊ ၈၂-ရပ်ကွက်သို့ ၁၄ ရက် ည ၈ နာရီခန့်တွင် Super Custom ကားဖြင့် ရောက်ရှိခဲ့သည်။ သူ့ကား၏ ရှေ့နှင့်နောက်တွင် ကားတစ်စီးစီ လိုက်ပါပေးသည်။ သုဓမ္မာလမ်းမကြီးပေါ်တွင်စောင့်ဆိုင်းနေကြသောပြည်သူလူထုမှာ တစ်ထောင်ကျော်ဝန်းကျင်ခန့် များပြားလွန်းသဖြင့် ယာဉ်သွားလာမှုပိတ်ဆို့ကာ ရှေ့ဆက်တိုးမရသောကြောင့် သူက ကားပြတင်းပေါက်မှ ကိုယ်တစ်ပိုင်းထွက်ကာ လက်ကိုင်စပီကာဖြင့် စည်းကမ်းရှိကြပါရန်၊ လမ်းပိတ်ဆို့မှုအား ရှင်းလင်းပေးကြပါရန် မေတ္တာရပ်ခံခဲ့သည်။

မြောက်ဥက္ကလာလူထုက ကျောင်းသားခေါင်းဆောင်အား အောင်သပြေပန်းများ၊ ဂန္ဓမာပန်းအဖြူများ၊ နှင်းဆီပန်းနီများ၊ စံပယ်ပန်းကုံးများ ပေးအပ်ကြိုဆိုကြသည်။

ကိုမင်းကိုနိုင်သည် မြောက်ဥက္ကလာ၊ ဘုမ္မာ-၅လမ်းအတွင်း ဝင်ရောက်ခဲ့ရာ လူထုမှာ များပြားလွန်းသောကြောင့် ကားပေါ်မှ ဆင်းမရဘဲ ကားပြတင်းမှ ကိုယ်တစ်ပိုင်းထွက်ကာပင် လက်ကိုင်စပီကာဖြင့် စကားပြောကြားပေးခဲ့ရသည်။

"ပြည်သူလူထုဟာ အရာရာရဲ့ အခရာဖြစ်တယ်။ ပြည်သူလူထုရဲ့ အောင်ပွဲဟာ တစ်နေ့ မုချရကိုရရမယ်"ဟု သူက ပြောရာ လူထုက "ဟုတ်ပါတယ်. . ဟုတ်ပါတယ်"ဟု လက်ခုပ်တဖြောင်းဖြောင်းတီး၍ ထောက်ခံခဲ့ကြသည်။

ဘုမ္မာလမ်းမှနေ၍ မယ်လမုဘုရားသို့ ရောက်ရာတွင် 'ခွပ်ဒေါင်းသခင်. . ပြည့်ရှင်ခွင် သို့ ပြန်လည်ရောက်ရှိလာသော ကိုမင်းကိုနိုင်အား ဝမ်းသာကြိုဆိုပါသည်'ဟူသော စာတန်းကို ကိုင်ဆောင်ထားသည့် ရာပေါင်းများစွာသော လူထုကြီးက အိုးစည်ဗုံမောင်းများတီးမှုတ်ကာ တစ်ခဲနက်ကြိုဆိုခဲ့ကြသည်။

ည၉းနာရီ၁၅မိနစ်ခန့်တွင်သူ့နေအိမ်ဖြစ်သော အမှတ်(၄၇၂-ခ)၊ ဇာနည်၁၃လမ်း၊ ၉ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်သို့ ရောက်ရှိလာခဲ့ကာ အဖေ၊ အမေ အပါအဝင် မိသားစုဝင်များနှင့် ပြန်လည်ဆုံတွေ့ခဲ့ပြီဖြစ်သည်။

"သရက်မြို့က ထွက်လာတဲ့ လမ်းတစ်လျှောက်မှာခွပ်ဒေါင်းအလံတွေ ထူပြီးတော့ လမ်းတစ်လျှောက်မှာ ပိတ်ဆို့ထားတာ။ စင်မြင့်တွေထားပြီးတော့ အသံချဲ့စက်တွေထားပြီးတော့ နောက်ဆုံး ဗျာ ရဲတပ်ဖွဲ့ကတောင် လာပြီးတော့ အကူအညီပေးရတယ်။ ပေးဆပ်ခဲ့လို့ပါ။ ထိုက်ထိုက် တန်တန် ပေးဆပ်ခဲ့ရလို့ ထိုက်ထိုက်တန်တန် ပြန်ရတယ်လို့ ယူဆပါတယ်"ဟု သူက အိမ်ဝင်းနံရံရှေ့မှနေ၍ အိမ်အပြန်ခရီး စကားပြောကြားခဲ့သည်။

ယခု သရက်အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာချိန်တွင် သူနှင့်အတူလက်တွဲ တိုက်ပွဲဝင်ခဲ့ကြသော ကျောင်းသားခေါင်းဆောင်များလည်း ရန်ကုန်မြေသို့ ပြန်လည်ရောက်ရှိနေကြပြီဖြစ်သည်။


သင်းဖွဲ့-၆ ဖြင့် ၅ နှစ်၊ အီလက်ထရွန်နစ် ၃၄(က) လေးမှု၊ တစ်မှုလျှင် ၁၅ နှစ်၊ ရာဇသတ်ကြီး ပုဒ်မ-၂၂၁ ဖြင့် ၆ လ တို့ဖြင့် ၈၈ မျိုးဆက်သစ်ကျောင်းသားများအဖွဲ့ကို ခွင့်ပြုချက်မရရှိဘဲ ဖွဲ့စည်းကာ လှုပ်ရှားမှုပြုခဲ့မှု၊ အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပါတားမြစ်ချက်ကို ဖောက်ဖျက်မှုဟူ၍ စွဲချက်တင်ကာထောင်ဒဏ် ၆၅ နှစ်ချမှတ် ခံထားရသော ကျောင်းသားခေါင်းဆောင်သည် ယနေ့အချိန်တွင် ပြည်သူလူထုရှေ့မှောက်သို့ ပြန်လည်ဝင်ရောက်လာပြီဖြစ်သည်။

"နောက်ဆုံးကျတော့ ကျွန်တော်တို့ မိဘပြည်သူတွေရဲ့ ရင်ခွင်ကို ခွပ်ဒေါင်းအလံနဲ့အတူ အိုးဝေ အိုးဝေ အသံပေးပြီးတော့ (၈၈)က ခွပ်ဒေါင်းတွေပြန်ရောက်ပါပြီ"ဟု ပြည်သူလူထုမျှော်လင့်နေသော ကျောင်းသားခေါင်းဆောင်က မောလျှနွမ်းနယ်နေသည့်ကြားမှ အားမာန်အပြည့်ဖြင့် တည်ငြိမ်စွာပြောကြားလိုက်သည်။

7DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012



# ဖွဲ့နေဝင်းနှင့် တွေ့ဆုံခြင်း



ဓာတ်ပုံ - ဂျော်မောင်မောင်(အမရပူရ)

သတင်းအဖွဲ့

၂၀၀၂ခုနှစ်မှစတင်၍ အစ်ကိုနှစ်ဦး ဖခင်တို့နှင့်အတူ ဖမ်းဆီးခံခဲ့ရပြီး နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ကြောင့် ဖခင်ဖြစ်သူနှင့်အတူ လွတ်မြောက်လာသော ကိုဖွဲ့နေဝင်းနှင့်ဇန်နဝါရီ၁၆ရက်တွင် ၎င်း၏နေအိမ်၌ တွေ့ဆုံမေးမြန်းထားသည်များမှပြန်လည်ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။ ကိုဖွဲ့နေဝင်းမှာ ဗိုလ်ချုပ်ကြီးဟောင်း ဦးနေဝင်း၏မြေး ဒေါ်စန္ဒာဝင်း၏ သားဖြစ်သည်။ ၎င်းလွတ်မြောက်လာသော်လည်း အစ်ကိုဖြစ်သော ကျော်နေဝင်းနှင့် အေးနေဝင်းတို့မှာ လွတ်မြောက်ခြင်း မရှိသေးပေ။

**ကိုဖွဲ့နေဝင်း ထွက်လာပြီး ဘယ်တွေကို သွားပြီးသွားပြီလဲ။**

ကျွန်တော်ပြန်ရောက်ပြီး တော့ အန်ကယ်ဦးခင်ညွန့်ဆီ သွားလိုက်တယ်။ အန်ကယ်ဦးခင်ညွန့်နဲ့လည်းတွေ့တယ်။ ရွှေတိဂုံဘုရား သွားသေးပါတယ်။ ရန်ကုန်မြို့ထဲ နည်းနည်းပါးပါးရောက်တယ်။ ဘယ်သူဘယ်ဝါနဲ့မှတော့ သွားပြီး မတွေ့ရသေးဘူး။

**အတွင်းထဲနေခဲ့တဲ့ အတွေ့အကြုံ ပြန်ပြောပြပေးပါလား။**

အတွင်းထဲနေခဲ့တဲ့ အတွေ့ အကြုံကတော့ ကျွန်တော်ထွေထွေထူးထူးကြီးတော့ ပြောစရာမရှိပါဘူး။ ထောင်စည်းကမ်းနဲ့ နေရင်တော့ ထောင်လိုနေလို့ရတာပေါ့။အိမ်နဲ့ မတူတာတွေပဲရှိပါတယ်။

**လွတ်မယ်လို့ ကြိုပြီးသိထားလား။**

ကြိုပြီးသိထားလားဆိုတော့ ကြေညာလိုက်တဲ့အချိန်မှာ သိသွားတာပေါ့။

**လွတ်ပြီလို့သိတော့ ပထမဆုံးပေါ်လာတဲ့ ခံစားချက်က။**

အဲ့ဒီမှာတုန်းက ခါတိုင်းလည်းဘယ်လောက်ရှိမလဲ။ နိုင်ငံတော်ပေးတာပေါင်း လက်ချိုးရေလို့ မရတော့ဘူး။ နိုင်ငံတော်တွေကျွန်တော်ကြုံခဲ့တာများပြီ။ ဘယ်လိုပြောရမလဲ။ အရေထူတယ်လို့ပဲ ပြောရမလား။ ပါရင်လည်းပါမှာပေါ့လေ။ မပါရင်လည်းမပါဘူးပေါ့လေဆိုပြီးတော့။ ဒါပေမဲ့ ဆုတော့တောင်းပါတယ်။ ပါသင့်ပါထိုက်တဲ့သူတွေ။ ကိုယ့်ထက်ကြာနေတဲ့သူတွေရှိရင်ရှိမယ်ဗျာ။ ကိုယ့်ထက် နေမကောင်းတဲ့သူတွေရှိရင်ရှိမယ်ဗျာ။မြန်မြန်ပါသင့်တဲ့သူတွေလည်း မြန်မြန်ပါကြပါစေပေါ့။ မိသားစုနဲ့ဝေးနေတဲ့သူတွေပေါ့။ အဲ့ဒီတုန်းကတော့ ကျွန်တော် ဆုတောင်းပေးပါတယ်။

**အဲ့ဒီတော့ ၂၀၀၂က အနေအထားနဲ့ ဘုရားလည်းသွားပြီးပြီ၊ ဦးခင်ညွန့်ဆီလည်းသွားပြီးပြီ၊ လမ်းတစ်လျှောက်လည်း နည်းနည်းပါးပါး တွေ့ပြီးပြီဆိုတော့ ရန်ကုန်ကိုဆယ်နှစ်လောက်အတွင်း ဘာတွေပြောင်းလဲသွားတယ်လို့ အစ်ကိုမြင်လဲ။**

ရန်ကုန်မှာကတော့ တိုးတက်တယ်လို့တော့ပြောလို့ရပါတယ်။ နောက် လှသွားတဲ့နေရာတွေလည်းရှိသလို အလှပျောက်သွားတဲ့နေရာတွေလည်းရှိမှာပေါ့လေ။

**စာစောင်တွေ၊ သတင်းစာတွေ၊ ရေဒီယို၊ တီဗီတွေရော ဖတ်ရကြည့်ရလား။**

စာစောင်တွေတော့ ဖတ်ရပါတယ်။ တီဗီလည်း အများနည်းတူကြည့်ရပါတယ်။ သတင်းစာ၊ ဂျာနယ်တွေ။ အဲ့ဒါကပဲ ကျွန်တော်တို့အတွက် အစားအစာတွေလိုပေါ့ အရသာခံလို့ရတဲ့အစားအစာလို ဖြစ်ခဲ့တာပေါ့။

**လူငယ်ဘဝမှာ ဆယ်နှစ်ကျော် ထောင်ထဲမှာ ဖြတ်သန်းခဲ့ရတော့ တစ်နေ့တာ၊ တစ်နေ့တာကို ဘယ်အတွက် အချိန်အများဆုံး အသုံးပြုပါသလဲ။**

များသောအားဖြင့်ကတော့ တရားနဲ့ပါပဲ။ ဘာသာရေးလုပ်ဖြစ်နေတော့ တရားနဲ့ပဲဖြေပါတယ်။ အဲ့ဒါကတော့အကောင်းဆုံးနည်းပါပဲ။

**ဒါဆိုစာစောင်တွေလည်း ဖတ်ရတယ်၊ သတင်းစာတွေလည်းဖတ်ရတယ်ဆိုတော့ လက်ရှိ သမ္မတဦးသိန်းစိန်နဲ့ လက်ရှိအစိုးရအပေါ် ဘယ်လိုမြင်ပါသလဲ။**

ဒါကတော့ ကောင်းပါတယ်လို့ ကျွန်တော်ပထမဆုံးပြောချင်ပါတယ်။ သူလုပ်တာ တစ်နှစ် မပြည့်သေးဘူး။ လွတ်ငြိမ်းချမ်းသာပေးတာ လေးကြိမ်မြောက်ဖြစ်သွားပြီ။ သူ့ရဲ့စေတနာကိုတော့ အသိအမှတ်ပြုရပါတယ်။ သူ့မှာလည်း အခက်အခဲတွေရှိမှာပဲ။ ဒါကြောင့် ပါတဲ့သူလည်းပါတယ်။ မပါသေးတဲ့သူလည်းမပါဘူးပေါ့။ ဒါကိုတော့ နားလည်ပေးရမှာပေါ့။

**လက်ရှိ နိုင်ငံရေးအခြေအနေကိုရော ဘယ်လိုမြင်လဲ။**

နိုင်ငံရေးအနေအထားကတော့ ကြည့်ရတာကောင်းပါတယ်။ကြည့်လို့ကောင်းတယ်ပေါ့။ သမ္မတကြီးက သူလည်းတော်တယ်။ တပ်မှာကတည်းက အစဉ်အလာနဲ့လာတဲ့သူလေ။ သူလည်းတော်တယ်။ တစ်ဖက်မှာလည်း ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ စကားပြောနေပြီဆိုတော့။ ဒါဟာမင်္ဂလာပဲပေါ့။ ကျွန်တော်တို့နိုင်ငံရေးမှာ မင်္ဂလာတွေစဖြစ်နေပြီပေါ့။ ဒါကို ဆက်ပြီး သွားနိုင်ဖို့ပဲ။ ဆက်သွားနိုင်ဖို့က အဓိကပဲ။အဲ့ဒါကို ဝိုင်းလုပ်ရမယ်။ ဝိုင်းလုပ်ရမယ်ဆိုတာမှာ သူပါမှ၊ ကိုယ်ပါမှမဟုတ်ဘူး။ တစ်တိုင်းပြည်လုံးက အဲ့ဒါမျိုးတွေ ဆက်ပြီး ကောင်းအောင်လုပ်သွားရမယ်။

**ဒေါ်အောင်ဆန်းစုကြည်အပေါ် ကိုဖွဲ့နေဝင်းရဲ့အမြင်ကို ပြောပြပေးပါ။**

ဒေါ်အောင်ဆန်းစုကြည်ကတော့ ကျွန်တော်တို့နိုင်ငံမှာ သူကတော့ တကယ်တော်တဲ့ ပုဂ္ဂိုလ်ထဲမှာပါတာပဲ။ နို့မို့ဆို ကျွန်တော်တို့နိုင်ငံကို လူတွေမေ့ချင်မေ့နေမှာ။ ဒေါ်အောင်ဆန်းစုကြည်ရှိနေလို့သာ ကျွန်တော်တို့နိုင်ငံ လူတွေသိနေသေးတာပေါ့။

**ဦးသိန်းစိန်အပေါ်မှာရော ဘယ်လိုမြင်လဲ။**

တိုင်းပြည်အနေအထားက ဒါကတော့လူပေါ့နော်။ သမ္မတကြီးပေါ့။ ဒါကလူကောင်းလို့ တိုင်းပြည်ကောင်းနေတာပေါ့။ သူသာလွန်ခဲ့တဲ့ငါးနှစ်လောက်ကတည်းကဆို အခုတိုင်းပြည်တော်တော်ကောင်းနေပါပြီ။ အဓိကကတော့စေတနာပေါ့နော်။

**မြန်မာနဲ့ နိုင်ငံရေးတကာဆက်ဆံရေးနဲ့ပတ်သက်ပြီးတော့ ဘယ်လိုမြင်လဲ။**

အဲ့ဒါကတော်တော်ကောင်းတဲ့ဟာပါ။ ကျွန်တော်တို့နိုင်ငံက သမ္မတကြီးဦးသိန်းစိန်လက်ထက်မှာ အမေရိကန်နဲ့ ဒီလိုရလာတာ အင်မတန်ကောင်းတဲ့ဟာပါ။ သူ့ရဲ့ကြိုးစားမှုသူ့ရဲ့အောင်မြင်မှုလို့ ပြောလို့ရတာပေါ့။ တစ်ချိန်ကျရင် ကျွန်တော်တို့နိုင်ငံလည်း ကမ္ဘာ့အလယ်မှာ ပြန်ပြီးထောင်လာနိုင်မှာပါပဲ။ သမ္မတကြီးနဲ့အခုလို အမေရိကန်ဆက်သွယ်နိုင်တာမင်္ဂလာရှိတယ်။ အောင်မြင်ပါစေ။ လုပ်နိုင်ပါစေလို့ပြောချင်တယ်။

**ရှေ့ ဘာတွေ ဆက်လုပ်သွားဖို့ စဉ်းစားထားလဲ၊ အစီအစဉ်ရှိလဲ။**

ရှိပါတယ်။ ဒါတွေကတော့ ကျွန်တော်ကတော့ လုပ်စရာတွေ အများကြီးရှိပါတယ်။ တိုင်းပြည်ရဲ့ ကောင်းတဲ့ဟာတွေဆိုရင်တော့ ဘယ်သူနဲ့မဆို အားပေးရမယ်။ ကူညီရမယ်။ ဒါပေမဲ့ကျွန်တော်တစ်ခုတော့ပြောလိုက်မယ်။ ကျွန်တော် အခု Political Area ထဲကိုတော့ ကျွန်တော်မဝင်ပါဘူး။

**ဒါဆို နိုင်ငံရေးတော့ မလုပ်ဘူးပေါ့။**

နိုင်ငံရေးတော့မလုပ်ဘူး။ အဲဒီ Area ထဲတော့ ဝင်ဖို့အစီအစဉ် အစကတည်းကလည်းမရှိပါဘူး။ ဒါပေမဲ့ တိုင်းပြည်ကောင်းဖို့ဆိုရင်တော့ ဘယ်သူ့ကိုမဆိုကူညီရမယ်။ ဒါကျွန်တော်တစ်ယောက်တည်းထားရမယ့်စိတ်မဟုတ်ဘူး။ တစ်တိုင်းပြည်လုံးထားရမယ့်စိတ်ပါ။ ပြည်သူအားလုံးက အဲ့ဒီစိတ်မွေးရင် ကျွန်တော်တို့တိုင်းပြည် မတိုးတက်ဘူးဆိုတာမရှိပါဘူး။ ကောင်းတာလုပ်နေတာရှိရင် ဝိုင်းလုပ်ကြ။ မကောင်းတာလုပ်နေတာရှိရင် ဝိုင်းတားကြပေါ့။

**အစ်ကိုရဲ့မိခင် (ဒေါ်စန္ဒာဝင်း)နဲ့ စတွေ့တဲ့အချိန် ခံစားချက်ကိုပြောပေးပါလား။**

အမေနဲ့မတွေ့တာတောက်လျှောက်ပဲ။ ကိုးနှစ်ကျော်၊ ဆယ်နှစ်လောက်ရှိပြီ။ အမေ့ကိုစတွေ့ချင်းမှာ သနားတယ်။ အစ်ကိုနှစ်ယောက်ကကျန်သေးတယ်လေ။

**အတွင်းထဲမှာကျန်ခဲ့တဲ့ ကိုကျော်နေဝင်းနဲ့ အေးနေဝင်းတို့ရဲ့ အခြေအနေကရော။**

အစ်ကိုတွေက ကျန်းမာပါတယ်။

**ဘာများဖြည့်စွက်ပြောချင်ပါသေးလဲ။**

ကျန်ခဲ့တဲ့သူတွေလည်း အမြန်ဆုံးလွတ်ပါစေလို့ဆုတောင်းပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်ရဲ့လုပ်ကိုင်ဆောင်ရွက်ပုံကို ထောက်ခံပါတယ်

## နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသော ဦးခင်ညွန့်(ဝန်ကြီးချုပ်ဟောင်း)၏ ပထမဆုံးပြောစကားများ

ဝတ်ရည်အောင်၊ မြတ်စုမွန်



၂၀၀၄ ခုနှစ်မှ စတင်ပြီး ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ဦးခင်ညွန့်(နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း) သည် နေအိမ်တွင် ခုနစ်နှစ်ကျော် ထိန်းသိမ်းခံရပြီး ယခုလ ၁၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာပြီဖြစ်သည်။ လွတ်မြောက်လာသည့် ဇန်နဝါရီ ၁၃ ရက် မနက်ပိုင်း ၁၁ နာရီခန့်တွင် နဝဒေးလမ်းသွယ် အမှတ် ၂၇ ရှိ ယင်း၏ နေအိမ်ရှေ့တွင် ပြည်တွင်းပြည်ပသတင်းထောက်များက တွေ့ဆုံမေးမြန်းထားသည်များအား ပြန်လည်ဖော်ပြလိုက်ပါသည်။

**နေကောင်းတယ်မဟုတ်လား အဘ။**

နေကောင်းပါတယ်။ ကျန်းမာရေးလည်း ကောင်းပါတယ်။ စိတ်ထဲမှာလည်းပျော်တော့ ပျော်တာပေါ့။ မိသားစုတွေလည်းပျော်တယ်။ ဆွေမျိုးသားချင်းတွေလည်းပျော်ကြတယ်။ သို့သော်ငြား လည်း ကျန်တဲ့တပည့်တွေရှိသေးတယ်။ မလွတ်သေးတာပေါ့ကွယ်။ နောက်ကျန်ပြီးတော့မှ လွတ်သင့်လွတ်ထိုက်သူတွေ ကျန်သေးတယ်။အားလုံးလွတ်ရင်တော့ ပိုကောင်းတာပေါ့။အားလုံးမိသားစုတွေနဲ့ ဆုံကြတဲ့အချိန်မှာ ကျွန်တော်တို့ချည်းပဲလွတ်မြောက်လာတယ်ဆိုတော့ တစ်ကိုယ်ကောင်းဆန်တယ်လို့တော့ စိတ်ထဲမှာ မထင်စေချင်ဘူး။ အားလုံး လွတ်ပါစေလို့တော့ ဆုတောင်းတယ်။ အချိန်ကာလတစ်ခုအတွင်းမှာ လွတ်လိမ့်မယ်လို့တော့ထင်တယ်။ လက်ရှိအစိုးရကလည်း တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေတာဆိုတော့ လွတ်လိမ့်မယ်လို့ထင်တယ်။

**အဘ လက်ရှိအစိုးရအပေါ် လည်း သုံးသပ်ပေးပါဦး။**

လက်ရှိအစိုးရက ကောင်းတယ်လေ။ ကောင်းတယ်ဆိုတာက ဒေါ်အောင်ဆန်းစုကြည်နဲ့ လည်းတွေ့ပြီးပြီ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေ၊ လက်ရှိသမ္မတကြီးရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေ၊ နှစ်ဦးစလုံးရဲ့ကြိုးပမ်းဆောင်ရွက်မှုတွေဟာ တိုင်းပြည်အနာဂတ်အတွက် ကောင်းမယ်လို့ထင်ပါတယ်။

**ရှေ့ဆက်ပြီး ဘာလုပ်ဖို့ အစီအစဉ်ရှိပါလဲ အဘ။ နိုင်ငံရေးလုပ်မှာလား။**

နိုင်ငံရေးလုပ်ဖို့က အခုထိ မစဉ်းစားရသေးဘူး။ အသက်လည်းကြီးပြီကွယ်။ အဘက အိမ်မှာပဲ မိသားစုတွေနဲ့ အေးအေးဆေးဆေး နေချင်သေးတယ်။ မိသားစုတွေနဲ့ မနေရတာ ခုနစ်နှစ်ကျော်ပြီ။ သားတွေနဲ့လည်း အခုမှ တွေ့ရတာ။

**အခုလိုလွတ်လာတော့ အံ့သြပါသလား။ လွတ်မယ်လို့ ကြိုသိလား။**

မမျှော်လင့်ထားဘူး။ အံ့သြသွားတယ်။ လွတ်မယ်လို့ ကြိုမသိဘူး။

**ဒီကာလပိုင်းမှာ အများအားဖြင့် ဘာတွေလုပ်ဖြစ်ပါလဲ။**

အခု ဘုရား၊ တရားပဲ လုပ်တယ်။ ပြီးတော့ ခြံထဲမှာ မာလီလုပ်တယ်။ ခြံထဲမှာ ပန်းပင်၊ သစ်ပင်တွေစိုက်တယ်။ ပေါင်းပင်စိုက်တယ်။

**ဒေါ်အောင်ဆန်းစုကြည်ရဲ့အခန်းကဏ္ဍနဲ့ပတ်သတ်ပြီးတော့လည်း သုံးသပ်ပေးပါ။**

ဒေါ်အောင်ဆန်းစုကြည်က အခုရွေးကောက်ပွဲဝင်မယ်။ပြီးရင် လွှတ်တော်ထဲရောက်မယ်။ သိပ်ကောင်းတာပေါ့။ လွှတ်တော်ထဲမှာ ဒေါ်အောင်ဆန်းစုကြည်လို ပြောရဲဆိုရဲ၊ ပြောတတ်ဆိုတတ်တဲ့သူ တစ်ယောက်ရောက်သွားရင် နောင်အနာဂတ်မှာ တိုင်းပြည်အတွက် တကယ်အကျိုးရှိတယ်လေ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုပ်ကိုင်ဆောင်ရွက်ပုံကို ထောက်ခံပါတယ်။

**၂၀၁၅ မှာ နိုင်ငံရေးပါတီဖွဲ့ဖို့များ ရှိပါသလား။**

မရှိပါဘူး။

**အခုဆိုရင် KNU နဲ့ Admin Group တွေက မနေ့ကမှ ငြိမ်းချမ်းရေးအတွက် စကားတွေပြောခဲ့ပြီးပါပြီ။ အဲဒီအပေါ် အန်ကယ့်ရဲ့အမြင်လေးပြောပြပေးပါ။**

ငြိမ်းချမ်းရေးရတော့မယ်ဆိုတော့ ကောင်းတယ်။ တိုင်းပြည်အတွက် ကောင်းတာပေါ့။ အဲတော့ ဆက်ပြီး အောင်မြင်ပါစေလို့ ဆုတောင်းတယ်။ လုပ်နေကိုင်နေတဲ့သူတွေလည်း တကယ့်ငြိမ်းချမ်းရေးလိုချင်လို့လုပ်နေကြတာပဲ။ တာဝန်ပေးတဲ့သူတွေကိုလည်း ယုံကြည်တယ်။ ဟိုဘက်ကလည်း အခုငြိမ်းချမ်းရေးလိုချင်တယ်။ နှစ်ဖက်စလုံးက အပြုသဘောဆောင်တဲ့သူတွေ ဆုံမှာဆိုတော့ အောင်မြင်မယ်လို့ ယုံကြည်တယ်။ ဒီတော့ တိုင်းပြည်အတွက် သိပ်ကောင်းပါတယ်။

**တိုင်းပြည်အနာဂတ်အတွက်ငြိမ်းချမ်းရေးရရင် သိပ်ကောင်းပါတယ်။ လိုလားပါတယ်။**

၁၉၈၈ကနေ ၂၀၀၄ကာလအတွင်း အပစ်အခတ် ရပ်စဲရေးမှာ one of the key player အဖြစ်ပါဝင်ခဲ့တဲ့အခါ အဲဒီကာလ အတွေ့အကြုံနဲ့ ဒီဘက်အပိုင်းမှာ ဖြစ်နေတဲ့ ခြားနားချက်လေးကိုလည်း သုံးသပ်ပေးပါ။

အဲဒါတွေက ပြန်လေ့လာရဦးမယ်။ အခုက ဂျာနယ်ဖတ်တာပဲရှိတယ်။ အပြင်နဲ့အဆက်အသွယ်လုံးဝပြတ်နေတာ။ အပြင်မှာ ဘယ်လိုအခြေအနေမျိုးရှိတယ်ဆိုတာ လေ့လာပြီးမှပြောမယ်။ ကျွန်တော်က နိုင်ငံရေးလည်း မလုပ်ပါဘူး။ လုပ်ဖို့လည်း ရည်ရွယ်ချက်မရှိဘူး။ နောင်တစ်ချိန်မှာ တိုင်းပြည်အတွက် ပြည်သူတွေအတွက် ကောင်းတဲ့ဦးတည်ချက်မရှိဘဲ မကောင်းတဲ့ဦးတည်ချက်ဖြစ်လာရင် မီဒီယာကတစ်ဆင့်ပြောမယ်။ ရပ်တည်မှာပါ။

7 DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012

# ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဂျင်မီနှင့် တွေ့ဆုံခြင်း

**အိမ့်ဖြူလွင်**


Photo - AFP

**အခုလိုယုံကြည်ချက်အကျဉ်းသားတွေ လွှတ်ပေးတဲ့အပေါ် ဘာများပြောချင်ပါသလဲ။**

နိုင်ငံရေးခံစားချက်အရနိုင်ငံရေးအကျဉ်းသားလွှတ်ပေးခြင်းဟာ အပေါင်းလက္ခဏာဆောင်တဲ့ လုပ်ရပ်တစ်ခုဖြစ်တဲ့အတွက် အကုန်လုံးကို အမြန်ဆုံးလွှတ်ပေးပါလို့ ကျွန်တော်ပြောချင်ပါတယ်။ အဲဒါ အရေးကြီးဆုံးအချက်ပါပဲ။

**ဒေါ်အောင်ဆန်းစုကြည်နဲ့ ရွေးကောက်ပွဲမှာပါဝင်ဖို့ အစီအစဉ်ရှိပါသလား။**

ဒေါ်အောင်ဆန်းစုကြည်က ကျွန်တော်တို့ ဒီမိုကရေစီခေါင်းဆောင်တစ်ဦးဖြစ်တယ်။ သူ့ရဲ့ သွားနေတဲ့လမ်းကြောင်းကိုလည်း ကျွန်တော်တို့ ထောက်ခံပြီးတော့ ဝိုင်းဝန်းအားပေးနေမှာဖြစ်တယ်။ သို့သော် ၈၈ ကျောင်းသားများအနေနဲ့ ရွေးကောက်ပွဲမှာ ပါဝင်သင့် မပါဝင်သင့်ဆိုတာ ကျွန်တော်တို့၊ မင်းကိုနိုင်တို့၊ ကိုဌေးကြွယ်တို့ စတဲ့ကျွန်တော်တို့သူငယ်ချင်းတွေအားလုံးဆုံပြီး ဆုံးဖြတ်တဲ့အချိန်ကျမှသာ အဖြေတစ်ခုကိုကျွန်တော်တို့ ထုတ်ပြန်မယ်။ လောလောဆယ်မှာ မပြောနိုင်သေးပါဘူး။

**ဒေါ်အောင်ဆန်းစုကြည်နဲ့ သွားတွေ့ဖို့ရှိပါသလား။**

ဟာ ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဆိုတာ ဒီမိုကရေစီခေါင်းဆောင်ဖြစ်သလို ဒီတိုင်းပြည်မှာ မရှိမဖြစ် လိုအပ်နေတဲ့ အရေးကြီးဆုံး အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဦးဆောင်လုပ်ကိုင်ပေးမယ့် လူတစ်ယောက်လည်း ဖြစ်တဲ့အတွက် ကျွန်တော်တို့ဟာ သူနဲ့ အမြဲတမ်း ထိတွေ့ပြီးတော့ သူ့ကို အမြဲတမ်း ထောက်ခံနေမှာပါ။

**သမ္မတကြီးအပေါ် ဘယ်လိုမြင်ပါသလဲ။**

အခု သူ့လုပ်ရပ်တွေနဲ့ပတ်သက်ပြီး ကျွန်တော် ဂျာနယ်တွေမှာဖတ်ရတယ်။ အကောင်းဘက်ဆောင်တဲ့ လုပ်ရပ်တွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ လုပ်စရာတွေလည်း အများကြီး ကျန်နေတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု အရေးကြီးဆုံးအချက်ကို ကျွန်တော်ပြောချင်တယ်။ အဲဒါဘာလဲဆိုတော့ Concept ဒါက Dialogue to National Reconciliation အမျိုးသားပြန်လည်သင့်မြတ်ရေးကိုချဉ်းကပ်တဲ့ အဲဒီ Concept ၊ အဲဒီသဘောထားအယူအဆဟာ ကျွန်တော်တို့၈၈မျိုးဆက်ကျောင်းသားတွေတစ်လျှောက်လုံး နှစ် ၂၀ ကျော်ကိုင်စွဲခဲ့တဲ့ Concept ဖြစ်တယ်။ အဲဒီ Concept ကို ခုလက်ရှိအစိုးရဟာ သဘောတူသွားပြီလို့ ယူဆတဲ့အတွက် အဲဒီ Concept ပေါ်မှာ အခြေခံပြီးတော့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်သွားဖို့အသင့်ရှိတယ်။

**၈၈ မျိုးဆက်ကျောင်းသားတွေမှာ ကိုအေးလွင်တို့က အစပေါ့ သူတို့နဲ့ရော တွေ့ဆုံဆွေးနွေးဖို့ ရှိပါသလား။**

ရှိပါတယ်။

## ယုံကြည်ချက်အကျဉ်းသားများ လွှတ်ပေးခဲ့သည့်အတွက် ကမ္ဘာ့ခေါင်းဆောင်များ၏ ကြိုဆိုမှုများ

“ဒီအရေးပါတဲ့ ဖြစ်ပေါ် တိုးတက်မှုအတွက် မြန်မာခေါင်းဆောင်ပိုင်းကို ချီးကျူးလိုက်ပါတယ်။ ပြီးတော့လည်း အခုလွှတ်ပေးလိုက်တဲ့ သူတွေအားလုံးဟာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဖြစ်စဉ်နဲ့ ဒီမိုကရေစီအားကောင်းရေး၊ တရားဥပဒေစိုးမိုးမှုဖြစ်ပေါ်ရေးတို့မှာ လွတ်လပ်စွာ သယ်ပိုးဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်”

**— ဘန်ကီမွန်း**
**ကုလသမဂ္ဂအထွေထွေအတွင်း ရေးမှူးချုပ်**

“ယုံကြည်ချက်အကျဉ်းသားအားလုံးကို စေလွှတ်ပေးခဲ့မှုဟာ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ကာလရှည်တောင်းဆိုမှုတစ်ခုဖြစ်ပါတယ်။ အခုလို အကျဉ်းသားတွေ လွှတ်ပေးခဲ့တာဟာ အပြောင်းအလဲအတွက် မြန်မာအစိုးရရဲ့ စိတ်ပိုင်းဖြတ်ထားမှုကို ထပ်မံသရုပ်ဖော်လိုက်တာဖြစ်ပြီး ဒီကိစ္စကို ကျွန်တော်ကြိုဆိုလိုက်ပါတယ်”

**— ဝီလီယံဟော့ဂ်**
**ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး**

“ဗမာ(မြန်မာ)ပြည်မှာ ယုံကြည်ချက်ကြောင့် အကျဉ်းခံနေရသူများကိုလွှတ်ပေးခဲ့မှုအပေါ် ကျွန်မတို့ နွေးထွေးစွာကြိုဆိုလိုက်ပါတယ်။ ဒီလွှတ်ပေးခဲ့မှုကို ကျွန်မသုံးသပ်နေဆဲဖြစ်ပေမယ့် စာရင်းမှာ နာမည်ကြီးပုဂ္ဂိုလ်တွေနဲ့ လေးစားထိုက်တဲ့ပုဂ္ဂိုလ်တချို့ ပါဝင်နေတာ သတိထားမိပါတယ်။ ဒါဟာ ရဲဝံ့တဲ့ခြေလှမ်းတစ်ရပ်ဖြစ်ပြီး မြန်မာအစိုးရက ရွေးချယ်ထားတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ထပ်မံအတည်ပြုခြင်းလည်းဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အပစ်အခတ်ရပ်စဲမှု သဘောတူညီချက်ရခဲ့တာတွေကလည်း မြန်မာနဲ့ဆက်ဆံရေး အသစ်ဆီဦးတည်ဖို့ ကျွန်မတို့အတွက် နောက်ထပ်ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်”

**— ကက်သရင်းအက်ရှ်တန်**
**(ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒ အကြီးအကဲ)**

“အခုလွှတ်ပေးခဲ့တဲ့ တက်ကြွလှုပ်ရှားသူတွေဟာ လာမယ့်ရွေးကောက်ပွဲတွေနဲ့ပြည်သူ့ရေးရာကဏ္ဍတွေထဲပါဝင်ဆောင်ရွက်ရာမှာ အတားအဆီးတစ်ခုမှမရှိအောင် မြန်မာအစိုးရအနေနဲ့ သေချာဆောင်ရွက်ပေးသင့်ပါတယ်”

**— နိုင်ငံတကာလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့**
(Human Rights Watch)

*—Ref: un.org, NY Times, AFP, Reuters, AIPMC Presse Release*






7 DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012



# အစိုးရနှင့် KNU အပစ်အခတ်ရပ်စဲရေး သဘောတူ

**အောင်သူရ**

**ဘားအံ၊ ဇန်နဝါရီ - ၁၂**

အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)တို့ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ယနေ့ မွန်းလွဲပိုင်းတွင် ဘားအံမြို့ဇွဲကပင် ဟိုတယ်၌ နှစ်ဖက်တာဝန်ရှိသူများက လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

မြန်မာအစိုးရဘက်မှ ပြည်ထောင်စုဝန်ကြီးများဖြစ်သော ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးခင်ရီ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းအပါအဝင် တာဝန်ရှိသူများ စုစုပေါင်း ၁၉ ဦးတက်ရောက်ပြီး KNU ဘက်မှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမူတူးစေဖိုး ဦးဆောင်ပြီး၊ ဒုတိယခေါင်းဆောင် ပဒိုစောဒေးဗစ်ထောအပါအဝင် အဖွဲ့ဝင် ၁၉ဦးတက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် စတင်ပြီး ၁၀ နာရီ ၂၀ မိနစ်တွင် ခေတ္တရပ်နားကာ နေ့လယ် ၁၂နာရီ ၁၅ မိနစ်တွင် ဒုတိယပိုင်း ဆွေးနွေးမှုကိုစတင်သည်။ နှစ်နာရီဝန်းကျင်ကြာ ဆွေးနွေးမှုများ အပြီးနောက် ပြည်နယ်အဆင့် အပစ် အခတ်ရပ်စဲရန် နှစ်ဖက်တာဝန်ရှိသူများ သဘောတူညီမှုရရှိပြီး လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့အပစ်အခတ်ရပ်စဲရေးသဘောတူနိုင်ခြင်းမှာ နှစ်ဦးနှစ်ဖက် ယုံကြည်မှု၏ ရလဒ်ဖြစ်ကြောင်း နှစ်ဖက်ခေါင်းဆောင်များကပြောသည်။

"အရင် ဆွေးနွေးတုန်းက ကက(ကြည်း)က နောက်ကနေပြီးမှ ခွင့်ပြုနိုင်တာခွင့်ပြုတယ်။ ခွင့်မပြုနိုင်တာကို ခွင့်မပြုဘူး။ အားလုံးကို ကက(ကြည်း)က ဆုံးဖြတ်ပေးတယ်။ ဒီဟာက ကွာသွားတယ်။ အခုကတော့ သမ္မတဆီ တိုက်ရိုက်တင်တယ်။ သမ္မတက ခွင့်ပြုနိုင်တာခွင့်ပြုတယ်။ အဆင့်မများတော့ဘူး"ဟု KNU ဘက်မှ ငြိမ်းချမ်းရေးခေါင်းဆောင် ဖဒိုစောဒေးဗစ်ထောကပြောသည်။

ထို့အပြင် ဝန်ကြီး ဦးအောင်မင်းကလည်း "ရင်ထဲက ရှိတဲ့ စကားပဲပြောတယ်။ ဟန်ဆောင်မပြောဘူး။ သူတို့ ခေါ်တဲ့နေရာလိုက်တယ်။ သူတို့ ခိုင်းတာလုပ်တယ်။ တန်းတူရည်တူ ဆက်ဆံတယ်"ဟုပြောသည်။

အဆိုပါ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲအား ဒေသခံများက အထူးစိတ်ဝင်စားကြသည်။

"အပြင်မှာ စောင့်နေတာ ရင်တောင်ခုန်တယ်"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကရင်ပြည်နယ်တာဝန်ခံ ဒေါ်နန်းခင်ဌေးမြင့်ကပြောသည်။

ထိုကဲ့သို့ အပစ်အခတ်ရပ်စဲရေးသဘောတူနိုင်ခဲ့သဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် အနာဂတ် လူငယ်များအတွက် အခွင့်အလမ်းများစွာ ရရှိနိုင်မည်ဟု ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်သည်။

"ကျွန်တော်တို့ရဲ့ နိမ့်ကျနေတဲ့ဘဝဖြစ်တဲ့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ဘဝလုံခြုံရေးနဲ့ ပြန်လည်ထူထောင်ရေးကို နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းပြီး လုပ်ဆောင်သွားမယ်။ ဒီအသီးအပွင့်တွေပွင့်မှပဲ ပြည်သူက အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးဆိုတာ သူတို့အတွက် အကျိုးရှိပါလားဆိုတာသိမှာ။ မဟုတ်ရင် အခွင့်ထူးခံ လူတန်းစားတွေကပဲ ဒီအပစ်အခတ်ရပ်စဲရေးကိုဖန်တီးပြီးတော့ သူတို့ အကျိုးစီးပွားအတွက် လုပ်သွားပါတယ်ဆိုတဲ့ သမိုင်းမျိုး မရေးခဲ့ချင်ဘူး"ဟု ဖဒိုစောဒေးဗစ်ထောကပြောသည်။

သဘောတူစာချုပ် လက်မှတ်ရေးထိုးရာတွင် KNU မှပြည်နယ်အဆင့် အချက်ငါးချက်နှင့် ပြည်ထောင်စုအဆင့် အချက် ၁၁ ချက်ကို တောင်းဆိုပြီး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင်ဦးအောင်မင်းကသဘောတူခဲ့သည်။ မြန်မာအစိုးရဘက်မှလည်းအချက်လေးချက်ကိုတောင်းဆိုခဲ့ပြီး KNU က သဘောတူခဲ့သည်။

ထို့အပြင် အစိုးရနှင့် KNU အပစ်အခတ်ရပ်စဲရေးပဏာမသဘောတူညီချက်ပြည်နယ်အဆင့် လက်မှတ်ရေးထိုးပြီးနောက် ဆက်ဆံရေးရုံး ၁၁ရုံး ဖွင့်လှစ်ရန် သဘောတူခဲ့ကြသည်။

ယခုကဲ့သို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီနိုင်ရန် ဦးအောင်မင်း ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် KNU မှ တာဝန်ရှိသူများ လေးကြိမ်တိုင် တွေ့ဆုံဆွေးနွေးခဲ့ပြီး ယခုနောက်ဆုံးအကြိမ်တွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင်ဦးအောင်မင်းသည် ရှမ်းပြည်နယ်တပ်မတော်(တောင်ပိုင်း) RCSS/SSA နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိရန်လည်း ဦးဆောင်၍ ကြိုးပမ်းနိုင်ခဲ့သည်။ ဦးအောင်မင်း ဦးဆောင်သောငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့မှာ အပစ်အခတ်ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခြောက်ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ထိုအထဲမှ နှစ်ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အစိုးရနှင့် KNU အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးရာတွင် ထည့်သွင်းသဘောတူညီခဲ့သည့်အချက်များတွင် -**အပစ်အခတ်ရပ်စဲရန်၊ ဆက်ဆံရေးရုံးထားရှိရန်၊ လက်နက်မပါဘဲ တစ်နိုင်ငံလုံး သွားလာရန်၊ ပြည်ထောင်စုအဆင့် ဆက်လက်ဆွေးနွေးရန်** စသောအချက်များ ပါဝင်သည်။



ငြိမ်းချမ်းရေးဆွေးနွေးပွဲမတိုင်မီညက အစိုးရတာဝန်ရှိသူများနှင့် ကေအင်န်ယူမှ တာဝန်ရှိသူများကို ရင်းနှီးစွာတွေ့ရစဉ်



7DAY NEWS JOURNAL

Vol.10, No.44 · JANUARY 19, 2012



## ရွှေသံစဉ် တေးဂီတအဖွဲ့ဂီတမှူး ဦးဝင်းမော်နှင့် တွေ့ဆုံခြင်း

ယုဇနကိုကို

................

ရွှေသံစဉ် တေးဂီတအဖွဲ့၏ ခေါင်းဆောင်ဖြစ်ခဲ့သူ အနုပညာရှင် ဦးဝင်းမော်သည် ခြောက်နှစ်ကြာအကျဉ်းကျခံခဲ့ရသည်။ဦးဝင်းမော်မှာ ၂၀၀၇ နိုဝင်ဘာလတွင်ဖမ်းဆီးခံရပြီး ၂၀၁၂ဇန်နဝါရီ၁၃ရက်တွင်ပြန်လည်လွတ်မြောက်လာသည်။

**■ အကျဉ်းထောင်တွေ အများကြီးကို လေးနှစ်တာကာလအတွင်းမှာ ပြောင်းရွှေ့ခံနေရတော့ စာပေဖတ်ရှုချိန်တွေကရော ရခဲ့ပါရဲ့လား။**

အထဲမှာနေရတဲ့အချိန်တွေကတော့ ရပါတယ်။ သတင်းဂျာနယ်တွေ တော်တော်စုံစုံဖတ်ရတယ်။ အပြင်မှာထွက်တဲ့ရက်ထက်တော့ နောက်ကျတာပေါ့။ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဝယ်ဖတ်ရပါတယ်။နိုင်ငံရေးစာအုပ်တွေလည်းဖတ်ခွင့်ရခဲ့ပါတယ်။ ရေဒီယိုကတော့မရဘူး။ တီဗီလောက်ပဲရတယ်။

**■ လက်ရှိအစိုးရကိုရော ဘယ်လိုသုံးသပ်ချင်ပါသလဲ။ အရင်ကနဲ့ မတူတဲ့ ပြောင်းလဲမှုတွေဖြစ်လာတယ်လို့ရော ထင်ပါသလား။**

အခုအစိုးရကိုသုံးသပ်ရရင်ကောင်းပါတယ်။ အရင်ကထက်စာရင် အများကြီး ပြောင်းလဲမှုတွေဖြစ်လာပါပြီ။ ဒါပေမဲ့ တစ်ခုပဲရှိပါတယ်။ ပြုပြင်ပြောင်း လဲမှုတွေက နှေးနေသေးတယ်။ ဒီတစ်ခုပါပဲ။ ဒီထက်ခပ်မြန်မြန်လေးဆို ကျွန်တော်တို့နိုင်ငံပိုပြီးတော့ ပြုပြင်ပြောင်းလဲမှုအသစ်တွေကြားမှာကောင်းမွန်လာမှာပါ။ မြို့ဇစ်ဥပမာနဲ့ပေးချင်တာက မြို့ဇစ်ရဲ့ အဓိကအသက်ကတိုင်မင်ပဲ။ တိုင်မင်လွဲလို့မရဘူး။ ဒါကြောင့် လုပ်သင့်လုပ်ထိုက်တဲ့ အချိန်မှာလုပ်ရတဲ့ တိုင်ပင်ဆိုတဲ့အကြောင်းအရာကလွဲလို့မရဘူး။ ယုံကြည်မှုတော့ရှိတယ်။ နှေးနေသေးတယ်။

**■ ဒေါ်အောင်ဆန်းစုကြည်ကို သူတစ်ယောက်အနေနဲ့ သူမရဲ့လုပ်ဆောင်ချက်တွေကို ဘယ်လိုမြင်မိပါလဲ။**

ထောက်ခံပါတယ် သူ့ကို။ ကမ္ဘာကြီးကပါထောက်ခံနေတာဆိုတော့။ အမေရိကန်သမ္မတကိုယ်တိုင်ကအစ ထောက်ခံနေကြတယ်လို့သိထားရတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတကြီးသာ အစောပိုင်းထဲက ပေါင်းစည်းမိခဲ့ရင် ပိုပြီးကောင်းမှာ။ စောစောကပြောသလို တိုင်မင်လေးနည်းနည်းနောက်ကျသွားတာပါ။

**■ ရှေ့ဆက်လုပ်မယ့် အစီအစဉ်တွေကို သိချင်ပါတယ်။**

ရှေ့ဆက်ပြီးကတော့ဂီတကိုပဲလုပ်သွားမှာပါ။ အနုပညာနဲ့ပတ်သက်တဲ့ အကူအညီမျိုးကို ဘယ်သူမဆိုအကူအညီတောင်းခံလာရင် အကူအညီပေးမယ်။ အစိုးရမှ မဟုတ်ဘူး။ ဒေါ်အောင်ဆန်းစုကြည်မျိုးမှမဟုတ်ပါဘူး။ နိုင်ငံရေးသီးသန့်လုပ်ဖြစ်မှာ မဟုတ်ပါဘူး။

**■ သမီးငယ်ရဲ့ ဂီတမှူးသမီးတစ်ယောက်၏ သမ္မတကြီးသို့အိတ်ဖွင့်ပေးစာဆိုပြီး အင်တာနက်စာမျက်နှာတွေပေါ်မှာ တင်ခဲ့တာနဲ့ပတ်သက်ပြီး တစ်ခုခုများပြောချင်တာရှိလား။**

သမီးက အဖေကိုထောင်ဝင်စာလာတွေ့တဲ့အချိန် သီတင်းကျွတ်လပြည့်နေ့ယုံကြည်ချက်အကျဉ်းသားတွေလွှတ်ပေးတဲ့ ကြေညာချက်ထွက်လာတဲ့အခါ သူ့အဖေမပါလို့စိတ်ထိခိုက်သွားတာ။ သူ့အနေနဲ့လည်း အဖေနဲ့က ခဏခဏဆိုသလို အဆက်ပြတ်နေတော့ ကျွန်တော်အထဲကနေ စာနဲ့ရေးပြီးဆုံးမတဲ့ ဆုံးမစာတွေနဲ့ အဲဒီစာကိုရေးလိုက်တာလို့သိရတယ်။ အဲ့ဒီအကျိုးဆက်က အဲ့ဒီအကြောင်းသိထားတဲ့ အကျဉ်းဦးစီးက တာဝန်ရှိသူတွေက ကျွန်တော်လွတ်တော့ ကွန်ဂရက်ကျူလေးရှင်းပါဆိုပြီး ပြောကြတယ်။ ဝမ်းသာပါတယ်။



## NLD မနလေးတိုင်းစည်း ုံးရေး အဖွဲ့ဝင်ဟောင်းဒေါ်ဝင်းမြမြနှင့် တွေ့ဆုံခြင်း

ညီညီဇော်

................

ဒေါ်ဝင်းမြမြသည်(NLD ဗဟိုဦးစီးအဖွဲ့ဝင်ဟောင်း၊ မန္တလေးတိုင်းစည်းရုံးရေးအဖွဲ့ဝင် ဟောင်း) ၅/ည ဖြင့် ၁၂ နှစ်ကျခံနေရာမှ လွတ်ငြိမ်းချမ်းသာခွင့်အရ ပူတာအိုအကျဉ်းထောင်မှ လွတ်မြောက်လာသူဖြစ်ပြီး လက်ရှိတွင်ထောင်ဒဏ် ၆၃ နှစ် ကျခံနေရသူဖြစ်သည်။

**■ အထဲမှာ ဘယ်လောက်နေခဲ့ရပါသလဲ။**

လေးနှစ်နဲ့ သုံးလနေခဲ့ရပါတယ်။

**■ လွတ်လာတဲ့အပေါ်မှာ ဘယ်လိုခံစားရပါလဲ။**

ကောင်းတဲ့အလုပ်ကိုလုပ်ပြီး အဖွဲ့ချုပ်ရဲ့တာဝန်ကိုဥပဒေဘောင်ထဲက လုပ်ပြီးတော့မှ ထောင်ထဲရောက်သွားတာပဲလေ။ အဲဒီတော့ လွတ်တဲ့နေ့လွတ်ပြီလို့ပဲ ခံစားရပါတယ်။

**■ လက်ရှိအစိုးရအပေါ်မှာ အမြင်လေးပြောပြပေးပါ။**

သမ္မတဦးသိန်းစိန်သည် လုပ် ကိုလုပ်ရမယ့်အလုပ်တွေ ရဲရဲဝံ့ဝံ့နဲ့ ရှေ့ခြေလှမ်းလှမ်းပြီး လုပ်လာတယ်လို့မြင်တဲ့အတွက် ကျေနပ်ပါတယ်။

**■ ထောင်ထဲမှာ စာတွေဖတ်ရပါသလား။**

ဖတ်ရပါတယ်။ ထွက်သမျှဂျာနယ်တွေကို အိမ်ကလည်း ပို့ပေးပါတယ်။ ထောင်ကလည်းရှိတဲ့စာအုပ်တွေပေးဖတ်ပါတယ်။

**■ လက်ရှိ နိုင်ငံရေးအခြေအနေကို ဘယ်လိုမြင်ပါသလဲ။**

ဒီမိုကရေစီအရေးအတွက်ကို အစလေးပဲ အစပျိုးတယ်လို့မြင်ပါတယ်။ ဘာကြောင့်ဆိုတော့ တိုင်းရင်းသားတွေနဲ့လည်း အပစ်အခတ်အပြီးရပ်စဲတာလည်း မဟုတ်သေးဘူးလေ။ ငြိမ်းချမ်းရေးကိုတရားဝင်ယူကြသေးတာ မဟုတ်ဘူး။ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကိုတော့ အစပျိုးလုပ်ပေးတယ်လို့ထင်ပါတယ်။

**■ ရှေ့ဆက်ပြီးတော့ ဘာတွေလုပ်သွားဖို့ စီစဉ်ထားပါသလဲ။**

နိုင်ငံရေးကတော့ သေတစ်ပန်သက်တစ်ဆုံးလုပ်သွားမယ်။ သို့သော်အသက်က ၆၀ ကျော်သွားပြီဆိုတော့ လူလတ်ပိုင်းနဲ့ လူငယ်ပိုင်းတွေကိုတာဝန်တွေကိုပေးချင်တယ်။ နေရာတော့မယူတော့ဘူး။ ကိုယ်ကတော့ လုပ်စရာရှိတာကို မားမားမတ်မတ်လုပ်ပေးမယ်။ နိုင်ငံရေးကတော့လူတိုင်းပြည်သူတိုင်းမှာ တာဝန်ရှိပါတယ်။ NLD အနေနဲ့ပဲ လုပ်မယ်။ NLD ကို ပံ့ပိုးမယ်။ နေရာတော့ မယူတော့ဘူး။

**■ ဒေါ်အောင်ဆန်းစုကြည်လွှတ်တော်ထဲရောက်မှာကိုရော အမြင်လေးပြောပြပေးပါ။**

တခြားအင်အားကတော့ ကြီးနေတယ်။ ဘာပဲပြောပြော ဒေါ်အောင်ဆန်းစုကြည်လွှတ် တော်ထဲရောက်သွားတာ ကောင်းပါတယ်။ ပြောနိုင်တဲ့လူ၊ ပြောရဲတဲ့လူ၊ ပြောကိုပြောမယ့်လူရောက်သွားတယ် ပြောရမှာပေါ့။



## ဒီငြိမ်းလင်းနှင့် တွေ့ဆုံခြင်း

ကိုသက်(မုံရွာ)

................

လွတ်ငြိမ်းချမ်းသာခွင့်ကြောင့် မုံရွာထောင်မှ လွတ်မြောက်လာသော ဒီငြိမ်းလင်းနှင့် ဇန်နဝါရီ ၁၃ ရက်တွင် တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**■ အကျဉ်းကျခံရစဉ် အတွေ့အကြုံကိုပြောပြပါလား။**

မုံရွာထောင်ကို ၂၀၁၀ ခုနှစ် ခုနစ်လပိုင်းမှာရောက်တယ်။ ကျန်းမာရေးအကြောင်းပြချက်ပေါ့ဗျာ။ ကျွန်တော်က မျက်စိဆေးဝါးကုသဖို့ လိုအပ်တယ်ဆိုပြီး မုံရွာထောင်ကိုရွှေ့လိုက်တာဗျ။

**■ ကျန်းမာရေးအတွက် ဆေးဝါးကုသဖို့ကရော တကယ်လိုအပ်ခဲ့လား။**

ဟုတ်ကဲ့လိုအပ်ပါတယ်။ ဘာလို့လဲဆိုတော့ ခန္တီးမှာက မျက်လုံးနဲ့ပတ်သက်ပြီးတော့ မရှိဘူး။ ကျန်တာအထွေထွေတွေပေါ့ နော်။ အထွေထွေနဲ့ပတ်သက်ပြီး တော့လည်း တော်တော်လေးဆေးဝါးကုသမှုလိုအပ်ပါတယ်။ လိုအပ်မှုတွေအများကြီးရှိပါတယ်။

**■ ဒီနေ့ပဲ တောင်ငူထောင်ကထွက်လာတဲ့ အစ်ကို့အဖေနဲ့ပတ်သက်ပြီး တော့ ဘာများပြောချင်ပါသလဲ။**

ကျွန်တော့်အဖေပေါ် လည်း ဆက်ပြီးတော့ သူတို့တွေကိုင်စွဲထားတဲ့ မူဝါဒအတိုင်း သူတို့တွေတိုင်းပြည်နဲ့ လူမျိုးအတွက် ဆက်လက်ပြီးဆောင်ရွက်စေချင်ပါတယ်။ မိသားစုဝင်တစ်ယောက်အနေနဲ့ အဖေတာဝန်ကျေခဲ့ပါပြီ။ ဒါကြောင့် တိုင်းပြည်နဲ့ လူမျိုးအတွက် အဖေတာဝန်ကျေဖို့ လိုအပ်ပါသေးတယ်လို့ပြောချင်ပါတယ်။

**■ လက်ရှိနိုင်ငံရေး အပြောင်းအလဲထဲမှာရော ဘယ်အခန်းကဏ္ဍက ပါဝင်မယ်လို့ စိတ်ကူးထားလဲ။**

ကျွန်တော်တို့ကျောင်းသားတွေအနေနဲ့ကတော့ လွတ်လပ်ပြီး တရားမျှတတဲ့ အဖွဲ့အစည်း၊ ကြားခံအဖွဲ့အစည်းတစ်ရပ်အနေနဲ့ ဆက်လက်ရပ်တည်ပါမယ်။ အစိုးရဘက်ကရော အတိုက်ခံဘက်ကရောမြင်တာကိုမြင်တဲ့အတိုင်း၊ သိတာကိုသိတဲ့အတိုင်းဆက်လက်ဆောင်ရွက်သွားပါမယ်။

**■ ရွေးကောက်ပွဲတွေမှာရော ဝင်ရောက်ယှဉ်ပြိုင်ဖို့ စိတ်ကူးရှိလား။**

အဲဒီလိုတော့ စိတ်ကူးမရှိပါဘူး။

**■ ပါတီဝင်ဖို့ရော စိတ်ကူးရှိလား။**

အဲဒါလည်း မရှိသေးပါဘူး။ ပြီးတော့ ကျွန်တော်ကျောင်းပြန်တက်ခွင့်ရဖို့လည်း ကြိုးစားရမှာပါ။ ကျွန်တော်က ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ဘူမိဗေဒနောက်ဆုံးနှစ် ကျောင်းသားတစ်ယောက်ပါ။

**■ ထောင်ထဲမှာ စာဖတ်လို့၊ ရေဒီယိုနားထောင်လို့ရလား။**

စာနဲ့ကတော့ မဝေးပါဘူး။ သတင်းဂျာနယ်တွေဖတ်ရတယ်။ ဒါပေမဲ့ ကျွန်တော်တို့နေတဲ့နေရာကို ဂျာနယ်တွေက အပြင်မှာထွက်ပြီးတော့ ဆယ်ရက်လောက် နောက်ကျပြီးမှရောက်တော့ အပြင်လောကက အကြောင်းတွေကိုတော့ ဖြစ်နေတဲ့အချိန်ထက်နောက်ကျပြီးမှသိရပါတယ်။ နိုင်ငံရေးစာအုပ်တွေတော့ ဖတ်ခွင့်မရပါဘူး။ ရေဒီယိုကတော့ လုံးဝနားထောင်လို့မရဘူး။

**■ လက်ရှိအစိုးရအပေါ်မှာရော လူငယ်နိုင်ငံရေးလှုပ်ရှားသူတစ်ဦးအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

လက်ရှိကတော့ ကောင်းပါတယ်လို့ဆိုပေမယ့် ပြုပြင်ပြောင်းလဲမှုတွေက နှေးတော့နှေးနေပါသေးတယ်။ ဒါပေမဲ့ ဒီအတိုင်းဆက်သွားမယ်ဆိုရင်တော့ အခြေအနေတွေ ပိုပြီးပြောင်းလဲလာမယ်လို့ထင်ပါတယ်။ အဓိက ကတော့ ပိုပြီးပွင့်လင်းမြင်သာမှု ရှိတဲ့ဒီမိုကရေစီလမ်းကြောင်းပေါ်ကိုရောက်ဖို့ကတော့ အစိုးရသစ်အပါအဝင် ကျွန်တော်တို့တွေပါ ကြိုးစားရပါမယ်။

**■ ဒေါ်အောင်ဆန်းစု ကြည်ရဲ့ အပေါ် မှာရော ဘယ်လိုသုံးသပ်ပါသလဲ။**

ဟုတ်ကဲ့။ သူ့ရဲ့လှုပ်ရှားမှု တွေကိုလည်း ထောက်ခံပါတယ်။ အခုလို ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ လွတ်လပ်စွာပါဝင်ဆောင် ရွက်လာတဲ့အပေါ် မှာ ဝမ်းသာပါတယ်။ သူ့ရဲ့ဘေးမှာ ကျွန်တော်တို့ဝန်းရံပေးသွားမှာပါ။

7DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012




# ကိုပြုံးချိုနှင့်တွေ့ဆုံခြင်း

ပြည်သိမ်း

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှကျောင်းသားခေါင်းဆောင် ကိုပြုံးချိုနှင့် ဇန်နဝါရီ ၁၄ ရက်တွင် တွေ့ဆုံမေးမြန်းထားသည်များမှကောက်နုတ်ဖော်ပြလိုက်ပါသည်။

**အခုတစ်ခေါက် ထိန်းသိမ်းခံရတဲ့အခြေအနေကို ရှင်းပြပေးပါဦး။**

ဒီတစ်ခေါက်က ၂၀၀၇ မှာပါ။ ပြည်သူတွေ အသိမပေးဘဲ စက်သုံးဆီဈေးတက်တာကိုပြန်ချပေးဖို့ငြိမ်းချမ်းစွာလှည့်လည်ဆန္ဒပြခဲ့တယ်။ အဲဒီ့လိုဆန္ဒပြအပြီးမှာ ၈၈ မျိုးဆက်ကျောင်းသားအားလုံး အထိန်းသိမ်းခံခဲ့ရတယ်။ ၆၅နှစ် ခြောက်လထောင်ချခဲ့တယ်။ ပြီးတော့ မြန်မာနိုင်ငံအနှံ့အပြားကိုခွဲပို့ခဲ့တယ်။ အခု လွတ်လာချိန်မှာ ထောင်ထဲမှာ လေးနှစ်ကျော် နေခဲ့ရတယ်။

**ထောင်ထဲမှာ နေထိုင်စားသောက်မှုအခြေအနေကရော ဘယ်လိုရှိပါသလဲ။**

ကျွန်တော်တို့က သာမန်အကျဉ်းသားတွေနဲ့မတူဘူး။ စားရေးသောက်ရေး နေရေးထိုင်ရေးတွေကို အဆင်ပြေအောင်လုပ-ပေး ပါတယ်။ စာတွေဘာတေ-လည်း ဖတ်လို့ရတယ်။

**လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေအပေါ် ဘယ်လိုမြင်ပါလဲ။**

လက်ရှိ နိုင်ငံရေးအခြေအနေက အကောင်းဘက်ကို ဦးတည်နေတယ်။ ဒီအခြေအနေမျိုးကိုပြည်သူပြည်သားတွေကိုလည်း မျှဝေခံစားစေချင်တယ်။ တိုင်းပြည်ကိုလည်း ကမ္ဘာ့အလယ်မှာ နေရာပြန်ရစေချင်တယ်။ သူများထက် ကြိုးစားနိုင်မှ ကိုယ်ကမီမှာဆိုတော့ အဖက်ဖက်က ကြိုးစားစေချင်တယ်။ ဒါတွေကို လုပ်နိုင်မယ့်အခြေအနေမျိုး နိုင်ငံရေးဖန်တီးမှုအပြောင်းအလဲကိုလည်း အပြည့်အဝဖြစ်စေချင်တယ်။

**ဒေါ်အောင်ဆန်းစုကြည်အပေါ်ရော ဘယ်လိုထင်ပါလဲ။**

အန်တီစုနဲ့ ဆုံခဲ့တဲ့နှစ်က မနည်းတော့ဘူး။ အမြဲတမ်း မတွေ့နေရတောင် ကျွန်တော်တို့ကြားမှာ နိုင်ငံရေးကူးလူးဆက်ဆံမှုတွေ၊ ပေါင်းကူးဆောင်ရွက်မှုတွေရှိတယ်။ တိုင်းပြည်အကျိုးကို ရှေးရှုပြီး အတွေးအခေါ် ဆန္ဒတွေနဲ့ ပူးပေါင်းလုပ်ရတော့ ပြဿနာမရှိပါဘူး။ ပိုပြီးအလုပ်ဖြစ်အောင် လုပ်နိုင်မယ့်အခြေအနေရောက်လာရင်ဝမ်းသာစရာအနေအထားပဲ။

**သမ္မတဦးသိန်းစိန်အပေါ် ဘယ်လိုမြင်ပါသလဲ။**

ဒီမိုကရေစီကို သက်ဝင်ယုံ ကြည်ပြီး ဒီမိုကရေစီစနစ်ကို တကယ်ဖော်ဆောင်နိုင်မယ့် လူ့အဖွဲ့အစည်း၊ ပြည်သူ အကျိုးကျေးဇူးရရှိမယ့်ရလဒ်ကို ဖန်တီးနိုင်မယ်လို့ မျှော်လင့်ရပါတယ်။

# ဦးမင်းဇေယျနှင့်တွေ့ဆုံခြင်း

သိမ့်သိမ့်စိုး



အသက် ၅၀ ကျော်ပြီဖြစ်သော ဦးမင်းဇေယျမှာ ၂၀၀၆ ခုနှစ် ဩဂုတ်လတွင်ဖမ်းဆီးခံခဲ့ရသည်။ အမှု ၂၃ မှုဖြင့် တရားစွဲပြီး ငါးမှုဖြင့် ထောင်၆၅နှစ်ချမှတ်ခဲ့သည်။ ထောင်အတွင်း ငါးနှစ်နေပြီး လွတ်ငြိမ်းချမ်းသာခွင့်အရလားရှိုးထောင်မှ လွတ်မြောက်လာခဲ့သူ ဖြစ်သည်။

**ပြန်လွတ်လာတဲ့အပေါ်မှာ ဘယ်လိုခံစားရလဲ။**

လွတ်လာတာတော့ ဝမ်းသာတာပေါ့။

**လွတ်မှာကို ကြိုပြောခဲ့ပါသလား။**

ဘယ်လိုလုပ် ကြိုသိမလဲ။ ဦးတို့ကို ဘယ် ကြိုပြောမလဲ။ မနက်ကျမှ ထောင်မှူးကိုယ်တိုင်လာပြောမှ ယုံတာ။ ကိုယ့်အချင်းချင်း နောက်ပြောင်နေတော့ မယုံဘူး။လွတ်မယ်ဆိုတာတစ္ဆေခြောက်နေတာကြာပြီ။ နိုင်ငံတော်တစ္ဆေကြီးနဲ့ခြောက်တာက အင်မတန်အန္တရာယ်ကြီးတယ်။ လွတ်မယ်ဆိုတဲ့ မျှော်လင့်ချက်ကြီးပေးထားတာ မကောင်းဘူး။ အကျဉ်းသားတွေက နိုင်ငံတော်ကို အရမ်းမျှော်လင့်ကြတာ။ မျှော်လင့်သလိုမဖြစ်တော့ဘူးလို့ ထင်သွားရင် အခြေခံအားဖြင့် ကြမ်းတမ်းတဲ့နေရာဆိုတော့ ဖြစ်သင့်တာထက်ပိုဖြစ်တယ်။

**ထောင်ထဲမှာ စာဖတ်တာ၊ ရေဒီယိုနားထောင်တာတွေ လုပ်ခွင့်ရပါသလား။**

အထဲမှာ သတင်းစာတွေ၊ ဆောင်းပါးတွေ အများကြီးလည်း ဖတ်ခဲ့ရတယ်။ ရေဒီယိုကိုတော့ အက်ဖ်အမ်တောင်မှနားထောင်လို့မရဘူး။

**လက်ရှိ နိုင်ငံရေးအပေါ် ဘယ်လိုမြင်ပါသလဲ။**

ကောင်းဖို့ လမ်းကို သွားနေတယ်လို့မြင်တယ်။ တစ်ခုတော့ရှိတယ်။ ဘယ်တော့ကောင်းမယ်။ ဘယ်တော့လောက် ကောင်းမယ်ဆိုတာတော့ ပူးပေါင်းလုပ်ဆောင်တဲ့လူတွေ အားလုံးမှာ တာဝန်ရှိတယ်။

**ဘာတွေ ဆက်လုပ်ဖို့ရှိလဲ။**

ဦးတို့က အစကတည်းက လုပ်လာကြတာ။ တောက်လျှောက်ဆက်လုပ်ဖို့ရှိတယ်။ ဒီမိုကရေစီ နိုင်ငံကို သွားဖို့ ဆက်လုပ်သွားမှာပါ။

**ဘယ်သူတွေနဲ့ ပူးပေါင်းဖို့ရှိလဲ။**

ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်တဲ့ လမ်းကြောင်းပေါ်မှာ လုပ်ဆောင်နေတဲ့လူတွေအားလုံးနဲ့ ပူးပေါင်းမှာပါ။

**ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုပ်ဆောင်ချက်အပေါ်ရော ဘယ်လိုမြင်ပါသလဲ။**

ဦးတို့ နားလည်ထားတာက NLD ပါတီအနေနဲ့က ရွေးကောက်ပွဲဝင်ဖို့ လမ်းကြောင်းပေါ်မှာ သွားနေတယ်။ ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ဖို့အတွက် ရွေးကောက်ပွဲဝင်ဖို့လမ်းကြောင်းကိုသွားတာပဲ။

**မိသားစုနဲ့ပတ်သက်ပြီးတော့ရော ဘာတွေ လုပ်ဆောင်တာတွေ၊ ခံစားရတာတွေရှိပါသလဲ။**

မိသားစုတွေက ဒုက္ခရောက်နေတယ်။ စီးပွားရေးတွေလည်း မိသားစုမှာ အဆင်မပြေဖြစ်နေရတယ်။ စီးပွားကပြန်ရှာရမှာပေါ့။ ဦးတို့မရှိတော့ မိသားစုစီးပွားရေး ဒုက္ခရောက်နေပြီလေ။

# ၈၈ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူဦးဇော်ဇော်မင်းနှင့်တွေ့ဆုံခြင်း



အေးမြကျော်

တောင်ငူထောင်တွင် ထောင်ဒဏ်၆၅နှစ် ချမှတ်ခံခဲ့ရသူ ၈၈ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဇော်ဇော်မင်းသည် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသား သမဂ္ဂခေါင်းဆောင် ဒီငြိမ်းလင်း၏ ဖခင်လည်းဖြစ်သည်။ ဇန်နဝါရီ၁၂ရက်တွင် ဦးဇော်ဇော်မင်း တောင်ငူထောင်မှ လွတ်မြောက်လာအပြီးတွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**အခုဒီလွတ်ငြိမ်းချမ်းသာခွင့်နဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။ ယုံကြည်ချက်အကျဉ်းသားတွေတော်တော်များလွတ်လာတာရော ဘယ်လိုမြင်ပါလဲ။**

လွတ်မယ်ဆိုတာ ည ၁နာရီလောက်ကမှသိတာပေ့ါ။ ဝမ်းသာပါတယ်။ အားလုံးတစ်စုတစ်ဝေးတည်းတွေ့ရမယ်ဆိုတော့။ ယုံကြည်ချက်အကျဉ်းသားတွေပါလိမ့်မယ်ဆိုတာ သူတို့ဖတ်ပြတဲ့ကြေညာချက်ကို ကြည့်ပြီးသဘောပေါက်ပါတယ်။ ဦးခွန်ထွန်းဦးပါပါတယ်ဆိုတော့ သူတို့ (မင်းကိုနိုင်၊ ကိုကိုကြီး စသည့် ယုံကြည်ချက်အကျဉ်းသား)တွေပါပါမယ်ဆိုတာ မှန်းဆလို့ရပါတယ်။

**အထဲမှာနေတုန်း အပြင်မှာဘာတွေဖြစ်နေလဲ၊ နိုင်ငံရေးမှာ ဘယ်လိုပြောင်းလဲနေတယ် ဆိုတာ သိရပါသလား။**

သိတယ်။ သိတယ်။ ဂျာနယ်တွေဖတ်ရတယ်။ တီဗီတွေဘာတွေလည်း ကြည့်ရတော့ လွှတ်တော်လုပ်နေတာ။ အန်တီစုနဲ့တွေ့တာ။ အကုန်သိပါတယ်။

**၂၀၁၁ကစလို့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲမှာ ဦးဇော်ဇော်မင်းအားရမိတဲ့ အပြောင်းအလဲရှိရင် ပြောပြပါ။**

အန်တီ(ဒေါ်အောင်ဆန်းစုကြည်) တို့မှတ်ပုံတင်ပြီး ရွေး ကောက်ပွဲဝင်တာပေ့ါ။ ပြည်တွင်းထုတ် ဂျာနယ်တွေဖတ်ရတော့ ဂျာနယ်တွေကတစ်ဆင့်သိရတာပေ့ါ။

**လွတ်လာပြီးနောက် ဘာဆက်လုပ်သွားဖို့ စဉ်းစားထားပါသလဲ။**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့၊ ပြန်လည်တည်ဆောက်ဖို့၊ ပြည်တွင်းငြိမ်းချမ်းရေးရဖို့တွေ ဆက်လုပ်မှာပါ။ ညီအစ်ကိုတစ်တွေအားလုံး တိုင်ပင်ပြီး လုပ်သွားမှာပါ။

**အခုဖြစ်ပေါ်နေတဲ့ နိုင်ငံရေး အနေအထားကိုရော ဘယ်လိုမြင်မိပါသလဲ။**

အခုသွားနေတဲ့ လမ်းကြောင်းက နည်းနည်းနှေးနေတယ်လို့ ထင်တယ်။ ဥပမာ-ငြိမ်း ချမ်းရေးလို ကိစ္စတွေမှာ။

**အခုတောင်ငူထောင်က လွတ်လာတဲ့အထဲမှာ ဦးတို့ ဦးခွန်ထွန်းဦးတို့လို ယုံကြည်ချက် အကျဉ်းသား ၁၁ယောက်နဲ့ အရင်ထောက်လှမ်းရေးက ၁၃ ယောက်လွတ်လာတယ်ကြားရပါတယ်။ သူတို့နဲ့ အထဲမှာနေတုန်းက ဆက်ဆံရေးဘယ်လိုရှိပါသလဲ။**

ယုံကြည်ချက် ခံယူချက်ချင်းမတူပေမယ့် ခင်ခင်မင်မင်ပါပဲ။ ခြင်းလုံးအတူတူ ကစားတယ်။ စကားပြောတယ်။ သူတို့လည်း အရင်တုန်းကလို မဟုတ်တော့ပါဘူး။

# နေဘုန်းလတ်နှင့် တွေ့ဆုံခြင်း

အောင်သူရ

**ကိုနေဘုန်းလတ်မှာ အသက် ၃၂နှစ်သာရှိသေးပြီး B.E (Civil) ဖြင့် ဘွဲ့ရခဲ့သည်။ ၂၀၀၈ခုနှစ် ဇန်နဝါရီလက အဖမ်းခံရပြီး ထောင်ဒဏ်အနှစ် ၂၀ ပြစ်ဒဏ်ချမှတ်ခဲ့ပြီးနောက် ယခုလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဘားအံထောင်မှပြန်လွတ်လာသည်။**

**အရင်ဆုံးထောင်ထဲမှာတွေ့ခဲ့ရတဲ့ အတွေ့အကြုံလေးပြောပြပေးပါ။**


ထောင်ထဲက အတွေ့အကြုံက ပထမ အင်းစိန်မှာ နည်းနည်းပြဿနာရှိတာက သူတို့ မပြောမဆိုဘဲ ဘာအကြောင်းပြချက်မှ မရှိဘဲတိုက်ရွှေ့တာက တော်တော်ဆိုးတယ်။

**ရှေ့ဆက်ပြီး ဘာဆက်လုပ်ဖို့ စဉ်းစားထားပါလဲ။**

ဘလော့ဂ်ဂါတစ်ယောက်အနေနဲ့ ဘလော့ဂ်ဆက်ရေးမယ်။ မနေ့ကတောင် ကဗျာတစ်ပုဒ်တင်လိုက်သေးတယ်။ အရင်တုန်းက ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ နည်းနည်းပဲရေးဖြစ်တယ်။ အရင်ကထက် ပိုရေးသွားဖို့စဉ်းစားထားပါတယ်။

**လက်ရှိ နိုင်ငံရေးအပေါ် ဘယ်လိုသုံးသပ်ပါလဲ။**

အကောင်းဘက်ကို ရွေ့နေတယ်။ ဒါပေမဲ့ တချို့ အားမရစရာတွေရှိတယ်။ ဒီတစ်ခေါက် ခြေလှမ်းကိုတော့ အားရတယ်။ ဒါပေမဲ့လည်း ဆက်လှမ်းရမယ့် ခြေလှမ်းတွေရှိနေသေးတယ်။ အရင်တုန်းက လှမ်းခဲ့တာတွေကလည်း တို့တိတို့တိနိုင်တယ်။ အခုလိုမျိုး ခြေလှမ်းကျဲကျဲကြီးလှမ်းတာကိုကြိုဆိုတယ်။ အားလုံးအတွက် အကျိုးရှိတယ်။ အီးယူတို့၊ အမေရိကန်တို့က ပြောင်းလဲမှုတွေ စတွေ့နေရပြီး ဒီတစ်လှမ်းလှမ်းပေးလိုက်တာနဲ့ ရှေ့လျှောက်ခြေလှမ်းတွေကို မှန်မှန်ကန်ကန်နဲ့ ရဲရဲဝံ့ဝံ့လှမ်းစေချင်တယ်။ ရွေ့နေတယ်ဆိုပေမယ့် စိုးရိမ်စရာရှိတာက တန့်သွားနိုင်တာ၊ နောက်ပြန်ဆုတ်သွားနိုင်တာမျိုးတွေဆိုတာပြောလို့မရဘူး။ ဖွဲ့စည်းပုံမှာကိုက နည်းနည်းပြဿနာရှိတာကိုး။ ဒီအလားအလာလေးကို သတိမပြတ်ဘဲအခုလက်ရှိတာဝန်ရှိပုဂ္ဂိုလ်တွေရော သမ္မတတို့၊ လွှတ်တော်တို့၊ ဥက္ကဋ္ဌတာဝန်ရှိသူတွေ၊ NLD ပါတီအပါအဝင် တခြားပါတီတွေရော၊ မီဒီယာတွေရော အရပ်ဘက်အဖွဲ့အစည်းတွေရော ပြည်သူလူထုအားလုံး သတ္တိရှိရှိနဲ့ လိမ်လိမ်မာမာ ဆက်ပြီးကြိုးစားမယ်ဆိုရင် ပိုလည်းမြန်လာမယ်။ ကျွန်တော်တို့ လိုချင်တဲ့ပန်းတိုင်လည်းရောက်မယ်။



**အခုဒေါ်အောင်ဆန်းစုကြည် ရွေးထားတဲ့လမ်းကြောင်းကိုရောဘယ်လိုသုံးသပ်ပါလဲ။**

ကျွန်တော်က ရွေးကောက်ပွဲဝင်တာကို လက်ခံတယ်။ ရွေးကောက်ပွဲလမ်းကြောင်းက မဖြစ်မနေ သွားရမယ်။ ဒီမိုကရေစီနိုင်ငံဆို ရွေးကောက်ပွဲကတစ်ဆင့် သွားရတာ။ အန်တီဝင်တာကိုလည်း ထောက်ခံတယ်။

**ပါတီနိုင်ငံရေးလုပ်ဖို့ရော အစီအစဉ်ရှိလား။**

အန်တီတို့၊ အဘဦးဝင်းတင်တို့၊ ကိုမင်းကိုနိုင်တို့ အားလုံးနဲ့ တိုင်ပင်ပြီးမှ ဆုံးဖြတ်မှာပါ။ အခုထိတော့ မဆုံးဖြတ်ရသေးဘူး။

**လူငယ်တစ်ဦးအနေနဲ့ တခြားလူငယ်တွေကို ဘာများ ပြောချင်ပါသလဲ။**

နိုင်ငံရေးအခြေအနေကို လူငယ်တွေကို လေ့လာစေချင်တယ်။ ပြောင်းလဲလာတဲ့ ပြောင်းလဲမှုမှာ ငါတို့ ဘာလုပ်လို့ရမလဲ။ ပြောင်းလဲမှုကို အရှိန်မြှင့်ဖို့အတွက် ငါတို့တစ်တပ်တအားအနေနဲ့ ဘာတွေ ဝင်ပါနိုင်မလဲ။ ဒါတွေကို လူငယ်တွေကို စဉ်းစားစေချင်တယ်။ အခု အခွင့်အလမ်းတွေအများကြီးပွင့်နေပြီ။ ပါတီမှာ ဝင်လုပ်မလား။ အရပ်ဘက်အဖွဲ့အစည်းတွေမှာ ဝင်လုပ်မလား။ လုပ်စရာအများကြီးပဲ။

7 DAY NEWS JOURNAL
Vol.10, No.44 • JANUARY 19, 2012



## ဦးခွန်ထွန်းဦး၏ ပထမဆုံးပြောစကားများ

ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ခေါင်းဆောင်ဦးခွန်ထွန်းဦး ဇန်နဝါရီ၁၃ ရက် နံနက်ပိုင်းကသရက်အကျဉ်းထောင်မှ လွတ်မြောက်လာရာသတင်းထောက်များ၏ မေးမြန်းမှုကို ဦးခွန်ထွန်းဦးက ပြန်လည်ဖြေကြားမှုအား ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**အိဖြူလွင်**

**■ ၁၂ ရက်က လုပ်သွားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကိုဘယ်လိုမြင်ပါသလဲ။**

ဆွေးနွေးတာတော့ ကောင်းတာပေါ့ဗျာ။ အားလုံးကပါဝင်နိုင်တဲ့ဆွေးနွေးမှုမျိုးဖြစ်စေချင်တယ်။ အဓိကအရေးကြီးဆုံးကဘာလဲဆိုရင် အပစ်ရပ်စဲမှုကအားလုံးအပေါ်မှာ သက်ဝင်သင့်တယ်။ ဒီကိစ္စက နှစ်ပေါင်း ၅၀ ကျော်၊ ၆၀ ရှိနေပြီ။ မူလ Main Principle ကတော့ ပါဝင်ပတ်သက်တဲ့သူတွေအားလုံး သဘောရိုးဖြစ်ရမယ်။ စိတ်တူရမယ်။ အားလုံးပူးပေါင်းလုပ်မယ်ဆိုရင် ဒီဟာကအောင်မြင်ဖို့အလားအလာကျွန်တော်မြင်တယ်။ ငြိမ်းချမ်းရေးယူမယ်။ အပစ်အခတ်ရပ်စဲမယ်ဆိုတာလက်နက်ကိုင်တဲ့တိုင်းရင်းသားတွေအားလုံးအတွက်ဖြစ်ရမယ်။

**■ ဆိုလိုတာကကချင်နဲ့ပတ်သက်တာကို ပြောချင်တာလား။**

ဒါခင်ဗျားတို့တွေ ပိုသိပါတယ်ဗျာ။

**■ SNLD က တရားဝင်ပါတီအဖြစ် ပြန်လည်ရပ်တည်မှာလား။**

ဒါလုပ်ရမှာပေါ့ဗျာ။ သူကလည်းလုပ်ဖို့ပဲလွှတ်ပေးလိုက်တာပဲ၊ ကျွန်တော်တို့မြင်တာတော့။

**■ ကြားဖြတ်ရွေးကောက်ပွဲမှာ ပါတီကိုပြန်ပြီး မှတ်ပုံတင်ဖို့ မမီနိုင်တော့ဘူးဆိုရင် ဘယ်လိုလုပ်ဖို့ရှိပါသလဲ။**

ဒါကတော့အခြေအနေအရပဲလေ။ မမီနိုင်တော့ဘူးလို့ ကျွန်တော်မထင်ဘူး။ သူတို့အချိန်ပေးပါလိမ့်မယ်လို့တော့ ကျွန်တော်ထင်တယ်။ ပြောကတည်းကကို All Including ဖြစ်အောင်။ ကျွန်တော်တို့ပါတီကမဝင်ရဘူးဆိုရင် ကျွန်တော်က All Inclusible မှာမပါရဘူးဖြစ်သွားမှာပေါ့။

**■ ပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ရော လွှတ်တော်ထဲသွားဖို့ ရည်ရွယ်ချက်ရှိလား။**

တစ်သီးပုဂ္ဂလအနေနဲ့တော့ မရှိပါဘူး။ ပါတီကိုပဲ ပြန်မေးရပါမယ်။ ပါတီပေါ်ပဲမူတည်ပါတယ်။ ကျွန်တော်ကတော့ စုပေါင်းဆုံးဖြတ်မှုနဲ့ပဲလုပ်ရမှာပါ။

**■ လက်ရှိ နိုင်ငံရေးအခင်းအကျင်းပေါ်မှာဘယ်လိုမြင်ပါသလဲ။**

နိုင်ငံရေး အခင်းအကျင်းအနေနဲ့ အခင်းအကျင်းကတော့ ရှင်းရှင်းပြောရရင် ယခင်ထက်စာရင်တော့ ဒီမိုကရေစီဘက်ကို ဦးတည်နေပြီလို့ ကျွန်တော်ပြောလို့ရတယ်။

**■ လွတ်ငြိမ်းချမ်းသာခွင့်အတွက် ခံဝန်လက်မှတ်ထိုးရတာမျိုးကော ရှိပါသလား။**

ကျွန်တော်တို့ကို ၄၀၁ နဲ့ လွှတ်တယ်။ ဒါပေမဲ့ ၄၀၁ နဲ့ ကျွန်တော်တို့ လက်မှတ်မထိုးရဘူး။

**■ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရာမှာ ဘယ်ဟာတွေက အဟန့်အတားဖြစ်နိုင်မယ်လို့ ထင်ပါသလဲ။**

အားလုံးလည်းသိနေတာပဲ။ ဘယ်သူကပဲတိုက်တိုက်။ ဘယ်သူ့ကိုလို့ ကျွန်တော် ဦးတည်မပြောဘူး။ ရှင်းရှင်းပြောရရင် ကျွန်တော်ပြောချင်တာက ရိုးသားပွင့်လင်းဖို့လိုတယ်။ စေတနာပါပါနဲ့လုပ်မယ်ဆိုရင် ဒီငြိမ်းချမ်းရေးလုပ်ဆောင်ချက်က မုချအောင်မြင်ရမယ်။

**■ ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲဝင်တဲ့အပေါ် ဘယ်လိုမှတ်ချက်ပေးချင်ပါသလဲ။**

ကျွန်တော့်အနေနဲ့ကတော့ သူလုပ်သင့်လုပ်ထိုက်တာတွေ ရှိလို့လုပ်တာပဲပေါ့လေ။ ကျွန်တော့်အနေနဲ့ကတော့ အဲဒီဟာကို မှတ်ချက်ပေးဖို့ စောသေးတယ်လို့ပဲ ကျွန်တော်မြင်ပါတယ်။

**■ ငြိမ်းချမ်းရေးဆွေးနွေးမှုအပိုင်းမှာ အန်ကယ့်အနေနဲ့ ဘယ်လိုပါဝင်ဖို့စဉ်းစားထားပါသလဲ။**

ကျွန်တော့်အနေနဲ့ဆိုတာ ဒါကတော့ ကျွန်တော့်ပါဝင်မှုက နိုင်ငံတော်အစိုးရပေါ်မူတည်တယ်။ သူကလည်း All Including ဖြစ်အောင်လုပ်မယ်။ အဲလိုမျိုး လူစုံတက်စုံပါပြီးတော့ ဆွေးနွေးရင် ပိုပြီးကောင်းလိမ့်မယ်လို့ ကျွန်တော်မှတ်ချက်ပေးချင်တယ်။ တိုင်းရင်းသားဆိုတာ နှစ်မျိုးပဲရှိတယ်။ လက်နက်ကိုင်တိုင်းရင်းသားနဲ့ ပါတီတိုင်းရင်းသားပဲ။ လိုရင်းကလည်း တန်းတူညီတူမှုနဲ့ ကိုယ်ပိုင်ရပိုင်ခွင့်ပဲ။ အဲဒီထက်မြင့်လို့ရှိရင် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးပဲ။ အဲဒီထက်အခုက အစိုးရလည်းစေတနာမှန်မှန်နဲ့လုပ်နေပြီဆိုတော့အဲဒီဦးတည်ချက်ကတော့ ရောက်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်။



## ကျောင်းသားခေါင်းဆောင်ကိုကိုကြီးနှင့်တွေ့ဆုံခြင်း

ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော ကိုကိုကြီးနှင့် တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ပြည်သိမ်း**

**■ ပထမဆုံး ထိန်းသိမ်းခံရတဲ့အခြေအနေကို ပြောပြပေးပါဦး။**

၂၀၀၇ ဩဂုတ်လက ထိန်းသိမ်းခံရတယ်။ ထိန်းသိမ်းခံရပြီးတော့ အီလက်ထရွန်နစ်ဥပဒေ၊ အသင်းဖွဲ့ဖွဲ့စည်းတဲ့ဥပဒေ၊တရားရုံး မထီမဲ့မြင်ပြုမှုနဲ့ စုစုပေါင်း နှစ်ပေါင်း ၆၅နှစ်နဲ့ခြောက်လထောင်ကျခဲ့တယ်။ အင်းစိန် ထောင်တွင်းတစ်ရုံးမှာတော့ တရားရုံး မထီမဲ့မြင်ပြုမှုကိုချမှတ်ခဲ့တယ်။ မအူပင်မှာက၆၅နှစ်ထပ်ချတယ်။ပြီးတော့ အဲဒီ့ကနေ အင်းစိန်ပြောင်း၊ အင်းစိန်ကနေကျိုင်းတုံပြောင်း၊ဒီကမှမိုင်းဆတ်ကိုထပ်ပြောင်းခဲ့ရတယ်။မိုင်းဆတ်ကနေ ပြန်လွတ်လာတာပဲ။

**■ ထောင်ထဲမှာ စားရေးနေရေး အခြေအနေကရော ဘယ်လို အခြေအနေရှိပါသလဲ။**

ရပ်ဝေးထောင် ဆိုတော့ ထောင်ဝင်စာက ခက်တယ်။ လမ်းပန်းဆက်သွယ်ရေးကလည်း ခက်တယ်။ တစ်လ တစ်ကြိမ်မလာနိုင်ဘူး။ အဓိက လမ်းပန်းဆက်သွယ်ရေးကလည်း လေယာဉ်ပဲ အားကိုးနေရတယ်။ ရောက်စတုန်းကဆို တစ်လတစ်ခေါက်တောင် လေယာဉ်က မဆင်းဘူး။ အခုတော့ တစ်ပတ် နှစ်ခါဆင်းတယ်။ အခုတော့ အိမ်က money order နဲ့ငွေလွှဲပြီး နှစ်ပတ်တစ်ခါ ဈေးဝယ်ပြီးစားသောက်ရပ်တည်ခဲ့ရတယ်။

**■ ထောင်ထဲမှာ စာအုပ်တို့၊ ဂျာနယ်တို့၊ ရေဒီယို၊ တီဗီတို့ရော ဖတ်လို့၊ ကြည့်လို့ရလား။**

သတင်းစာ၊ ဂျာနယ်၊ စာအုပ်စာတမ်းဖတ်ခွင့်ရှိတယ်။ ဒါပေမဲ့လည်း မိုင်းဆတ်က အရမ်းခေါင်တဲ့ မြို့လေးဖြစ်နေတော့ သတင်းစာဆို တစ်ခါတလေဆို တစ်လလောက်တောင်ကြာတယ်။ ဂျာနယ်လည်း မြို့မှာရှိတဲ့ စာအုပ်ဆိုင်တွေမှာ မှာလို့မရဘူး။ အထူးသဖြင့် ဘောလုံးဂျာနယ်လောက်ကို ပုံမှန်ရတယ်။ တခြားဂျာနယ်တွေက ပြောက်ကျားပြောက်ကျားပဲရတယ်။ အိမ်ကနေ ပါဆယ်ထည့်ပေးလိုက်တယ်။ စာစောင်ဂျာနယ်တွေတော့ဖတ်ရတယ်။ ပုံမှန်တော့မဟုတ်ဘူး။

**■ လက်ရှိနိုင်ငံရေးအပေါ်မှာရော ဘယ်လိုများမြင်ပါသလဲ။**

ပုံသဏ္ဌာန် ပြောင်းလဲလာတာတော့ သတိထားမိပါတယ်။ အရင်ဆုံး လေဆိပ်မှာကြုံခဲ့ရတဲ့မြင်ကွင်းက မီဒီယာပွင့်လင်းလာမှုပါ။ မီဒီယာသမားတွေထဲမှာလည်း လူငယ်တွေများလာတော့ အရမ်းကိုအားရတယ်။ မျှော်လင့်ချက်ထား၊ မီဒီယာပွင့်လင်းလာခြင်းက နိုင်ငံရဲ့ ဒီမိုကရေစီပွင့်လင်းလာမှုရဲ့အခြေခံအုတ်မြစ်တစ်ခုပဲ။ ဒီအခြေအနေမျိုးကို ဆက်ထိန်းသိမ်းပြီး ပိုပြီးမြှင့်တင်သွားနိုင်မယ်လို့မျှော်လင့်ပါတယ်။

**■ ဒေါ်အောင်ဆန်းစုကြည်ပေါ်မှာရော ဘယ်လိုမြင်ပါသလဲ။**

ဒေါ်စုက နိုင်ငံတကာရဲ့ ထောက်ခံလေးစားမှု၊ ချီးကျူးဂုဏ်ပြုမှုတွေရော၊ပြည်တွင်းကပြည်သူတွေရော ထောက်ခံအားပေးမှုရထားတဲ့ခေါင်းဆောင်တစ်ယောက်ပါ။ တကယ့်ကို ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုမှာသာ အရေးပါတဲ့ ဒေါက်တိုင်တစ်ခုဖြစ်ပါတယ်။

**■ လက်ရှိ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အပေါ်မှာ အစ်ကို့ရဲ့အမြင်ကိုလည်း ပြောပြပေးပါဦး။**

ကျွန်တော်တို့က သမ္မတကြီးနဲ့ လူပုဂ္ဂိုလ်ချင်း တွေ့ဆုံခွင့်မရသော်လည်း သတင်းစာထဲကတစ်ဆင့် သမ္မတကြီးရဲ့ ပြောကြားချက်တွေဖတ်ရှုရတယ်။ ဖတ်ရတဲ့အခါမှာတော့ အထူးသဖြင့် ကျွန်တော့်စိတ်ထဲမှာ အလွန်တန်ဖိုးထားတဲ့ ကောင်းမွန်တဲ့အစိုးရတစ်ရပ်ဖြစ်ဖို့ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ဖို့ဆိုတာ မဖြစ်မနေလုပ်ရမယ့် အခြေခံကျတဲ့အချက်တွေပဲ။ အဲဒီ့သဘောထားကို လက်တွေ့ခံစားနိုင်အောင်၊ ကျွန်တော်တို့ နိုင်ငံသားတွေခံစားနိုင်အောင်လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့လိုတယ်လို့ထင်ပါတယ်။

**■ ရှေ့မှာ နိုင်ငံရေးဆက်လုပ်မှာလား။**

၈၈ မျိုးဆက်ကျောင်းသားတွေအားလုံး ဆုံပြီးတော့မှ ဒီကိစ္စကိုဆွေးနွေးညှိနှိုင်းပြီးပြောပါ့မယ်။

**■ အစ်ကို့ကိုဗိုလ်ချုပ်အောင်ဆန်းနဲ့ ရုပ်ချင်းဆင်တူတယ်လို့ပြောကြတယ်။ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိရိုက်ဖို့ ကမ်းလှမ်းလာရင် လက်ခံမလား။**

ကျွန်တော်ကိုယ်တိုင်တော့ ဘာမှမကြားရသေးပါဘူး။ နောက်တစ်ခုကလည်း သူတို့ သင့်တော်တဲ့လူတွေကို သမိုင်းရှုထောင့်ကရော အနုပညာရှုထောင့်ကရော စဉ်းစားကြမှာပါ။ ကျွန်တော်က နိုင်ငံရေးထဲ ရောက်ခါမှ ကင်မရာတို့ ဘာတို့နဲ့ဆုံဖူးတာဆိုတော့ အတွေ့အကြုံသိပ်မရှိပါဘူး။



## ကိုမြအေးနှင့် တွေ့ဆုံမေးမြန်းခြင်း

၈၈နိုင်ငံရေးလှုပ်ရှားမှုများတွင် ထဲထဲဝင်ဝင်ပါဝင်ခဲ့သည့် နိုင်ငံရေးလှုပ်ရှားသူ ဦးမြအေးသည် ၁၉၈၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ရုတ်နှစ်တိတိ ဖမ်းဆီးထိမ်းသိမ်းခြင်းခံခဲ့ရသည်။ ၁၉၉၆ ဧပြီ၊ ၁ရက်တွင် လွတ်ရက်စေ့သဖြင့် ပြန်လည်လွတ်မြောက်လာခဲ့ပြီးနောက် ၂၀၀၇ ခုနှစ်တွင် ဒုတိယအကြိမ်ပြန်လည်ထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။

နိုင်ငံတော်ကိုအကြည်ညိုပျက်မှုဥပဒေပုဒ်မအရ ထောင်ဒဏ်၆၅ နှစ်နှင့် ၆ လကျခံရန် အမိန့်ချမှတ်ခံခဲ့ရသည့် ဦးမြအေးသည် လေးနှစ်ကျော်ကြာ အကျဉ်းကျခံခဲ့ရပြီးနောက် ၂၀၁၂၊ ဇန်နဝါရီ ၁၃ တွင် လွတ်မြောက်လာခဲ့သည်။

**ယုဇနကိုကို**

**■ အပြင်လောကနဲ့ အဆက်ပြတ်နေတဲ့အချိန်မှာ စာဖတ်ခွင့်၊ ရေဒီယိုနားထောင်ခွင့် တွေရခဲ့ပါသလား။ ရခဲ့ရင် ဘယ်လိုစာပေမျိုးတွေကို ဖတ်ခွင့်ရခဲ့ပါသလဲ။**

ဒီတစ်ခေါက်ကတော့ အရင်လိုမဟုတ်ဘဲ စာပေတွေဖတ်ရှုခွင့်ရခဲ့ပါတယ်။ နေ့စဉ်ထုတ်နဲ့ အပတ်စဉ်ထုတ်သတင်းဂျာနယ်တွေ၊ နိုင်ငံရေးမဂ္ဂဇင်းတွေကအစ လွတ်လွတ်လပ်လပ် ဖတ်ရှုခွင့် ရခဲ့ပါတယ်။

**■ ဒါဆိုရင် အပြင်ဘက်နဲ့ အဆက်အသွယ်မပြတ်ဘူး၊ အပြင်မှာဖြစ်နေတဲ့ သတင်းတွေမှန်သမျှ သိနေတယ်လို့ဆိုလိုတာပါလား။**

ဟုတ်ပါတယ်။ ဒီတစ်ခေါက်က အပြင်နဲ့သိပ်ပြီး အဆက်အသွယ်မပြတ်ဘူး။ အပြင်မှာဖြစ်နေတာတွေကို အထဲကနေ အကုန်သိခွင့်ရခဲ့ပါတယ်။

**■ အခုလက်ရှိ ဦးသိန်းစိန်အစိုးရအပေါ်ကို ဘယ်လိုထင်မြင်သုံးသပ်ပါသလဲ။**

ကောင်းပါတယ်။ အခုလက်ရှိကတော့အရင်နဲ့မတူတဲ့ ပွင့်လင်းမြင်သာမှုအချို့တွေကို ဆက်တိုက်တွေ့မြင်နေရပါတယ်။

**■ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လက်ရှိလှုပ်ရှားမှုတွေနဲ့ သူ့အပေါ်ကိုရော ဘယ်လိုများသုံးသပ်ရှုမြင်ပါသလဲ။**

ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုပ်ရပ်တွေကိုတော့ ထောက်ခံပါတယ်။ သူလျှောက်နေတဲ့လမ်းကိုလည်းယုံကြည်ပါတယ်။ နောက်ပိုင်းမှာတော့ကျွန်တော်တို့လည်းတတ်နိုင်သလောက် သူ့ရဲ့အားလုံးအတွက် လှုပ်ရှားမှုတွေကိုပံ့ပိုးပေးသွားပါမယ်။

**■ အခုလက်ရှိ လွတ်ငြိမ်းခွင့် အပေါ်မှာ အစိုးရနဲ့ နှစ်ဖက်ညှိနှိုင်းထားရတဲ့ ကတိတွေ၊အချက်တွေရောရှိပါသလား။**

အဲဒီလိုလုံးဝမရှိပါဘူး။ အခု ကျွန်တော်တို့က (၄၀၁)၊ အပိုဒ်(၁) အရ လွတ်လာတာ။ အဲ့ဒီပုဒ်မက နောက်တစ်ကြိမ် ဒီလိုအလားတူ ဖြစ်ခဲ့ရင် အရင်ကျန်တဲ့ ပြစ်ဒဏ်နဲ့ ပေါင်းပြီးခံရမယ့်သဘောပါ။

**■ ဒါဆိုရင် ရှေ့ဆက်လုပ်မယ့် အလုပ်တွေအတွက် ဒီ(၄၀၁)၊ အပိုဒ်(၁) က ဦးမြအေးကို စိုးရိမ်စိတ်တစ်ခုခုကိုများ ဖြစ်ပေါ်စေပါသလား။**

အဲ့ဒါ ကျွန်တော်တို့ စိုးရိမ်ရမယ့်အပိုင်း မဟုတ်ပါဘူး။ နိုင်ငံတော်က စိုးရိမ်ရမယ့်အပိုင်းလို့ ထင်ပါတယ်။ကျွန်တော့်ရဲ့ရှေ့လုပ်ငန်းစဉ်တွေအတွက် ဒီလိုအကြွေးကျန်သဘောမျိုးကိစ္စအတွက် မပူပါဘူး။

**■ အင်္ဂလန်နိုင်ငံရောက် သမီးဖြစ်သူ ဝေနှင်းပွင့်သုန်နဲ့ပတ်သက်ပြီး မေးချင်ပါတယ်။ သမီးဖြစ်သူနဲ့အဆက်အသွယ်ရပါပြီလား။**

မနေ့ညက ဖုန်းပြောရပါတယ်။

**■ သမီးဖြစ်သူကိုရော ဖခင်တစ်ဦးအနေနဲ့ ဒီနိုင်ငံကိုပြန်လာစေချင်သလား။ ဒါမှမဟုတ် ဟိုမှာပဲ နေမြဲတိုင်းနေစေချင်သလား။**

သမီးက အခုအသက် ၂၂ နှစ်ဆိုတော့ သူ့ဘဝကိုသူဆုံးဖြတ်ရွေးချယ်နိုင်နေပါပြီ။ သူ့ကို ကျွန်တော်က နိုင်ငံရေးလုပ်ပါလို့လည်း မတိုက်တွန်းထားဘူး။ တားလည်း မတားထားဘူး။ ဒါကြောင့် သမီးကိုလာဖို့မလာဖို့နဲ့ ဟိုမှာပဲနေဖို့ဆိုတာကလည်း သူ့ရဲ့ဆုံးဖြတ်ချက်အတိုင်းပါပဲ။ အမှန်အတိုင်းဆို သမီးက ဟိုမှာနေပြီး နိုင်ငံရေးနဲ့အလုပ်ကိုတွဲလုပ်နေတာပြဿနာမရှိဘူး။

ကျွန်တော်တို့ ၈၈အဖွဲ့တွေကိုပြန်စုစည်းပြီး နိုင်ငံအတွက် အကောင်းဆုံးလမ်းကိုလျှောက်ပါမယ်။ အတတ်နိုင်ဆုံး အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် လုပ်သွားပါမယ်။

